www.burmeseclassic.com

ကလေးများအတွက်

# ၃၈ ပါး မင်္ဂလာတရား

ပုံပြင်ဇာတ်ဝတ္ထုများ

BURMESE CLASSIC

နန္ဒာမိုးကြယ် ၊ပြုစုသည်၊



WIN NAING

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၀၀ ကျပ်

အဖုံးနှင့်အတွင်းဒီဇိုင်း - ဝင်းနိုင် A-7

အတွင်းဖလင် - A-7 Group (၅၅၊ ၃၈လမ်းအောက်)

စာအုပ်ချုပ် - ပန်းဝေဝေ

ထုတ်ဝေသူ - ဦးစိုးတင့်
ရွှေပြည်သာစာပေ၊
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာ။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် - ၁၅၀၊ ၄၇ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၂၉၄.၃

နန္ဒာမိုးကြယ်

၃၈ - ပါး မင်္ဂလာတရား(ပုံပြင်ဝတ္ထုများ) / နန္ဒာမိုးကြယ်။ ရန်ကုန်။
ရွှေပြည်သာစာပေ၊ ၂၀၁၂။

၂၃၆ - စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။

(၁) ၃၈ - ပါး မင်္ဂလာတရား(ပုံပြင်ဝတ္ထုများ)


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- စကားဦး — က
- မင်္ဂလာဟူသည် — ဂ
- ၃၈-ပါး မင်္ဂလာတရား — င
၁။ မလိမ့်တစ်ပတ် လူမိုက် — ၁
၂။ ပညာရှိ လှည်းမှူး — ၇
၃။ ပူဇော်ထိုက်သူ ပူဇော်ပါ — ၁၂
၄။ ကိုယ့်နေရာနှင့် ကိုယ့်ဒေသ — ၁၇
၅။ မင်္ဂလာရှိသော ကောင်းကျိုးရလဒ် — ၂၁
၆။ ရသေ့ပျက် — ၂၇
၇။ အကြားအမြင်များစွာ မင်္ဂလာ — ၃၂
၈။ ပန်းဘဲဆရာနှင့် အသည်းကညာ — ၃၆
၉။ အလိမ္မာကြီးစွ သမင်မ — ၄၂
၁၀။ ဝါစာပီယ နှစ်လိုကြ — ၄၈
၁၁။ တုံ့ပြန်ပုံတင် — ၅၄
၁၂။ သဖန်းပင်က အသည်းနှလုံး — ၆၀
၁၃။ တစ်လွဲမာန — ၆၆

www.burmeseclassic.com


| | | |
|---|---|---|
| ၁၄။ | ဆွမ်းတစ်နပ်၏ အနဂ္ဃတန်ဖိုး | ၆၉ |
| ၁၅။ | သူစရိုက်ဆိုတာ မင်္ဂလာ | ၇၈ |
| ၁၆။ | ပေါင်းစည်းခြင်း၏ ရလဒ် | ၈၇ |
| ၁၇။ | သူ့အကြောင်းတရားနဲ့သူ | ၉၂ |
| ၁၈။ | သူတော်ကောင်းတို့၏ သဘော | ၉၇ |
| ၁၉။ | အသက်တစ်ချောင်း | ၁၀၃ |
| ၂၀။ | ဝေးစွာရှောင်ပါ အို... သူရာ | ၁၀၇ |
| ၂၁။ | မမေ့လျော့တဲ့ တရား | ၁၁၃ |
| ၂၂။ | ရှိသေထိုက်သူ ရှိသေပါ | ၁၁၆ |
| ၂၃။ | အမြတ်ဆုံးတရား | ၁၂၀ |
| ၂၄။ | တင်းတိမ်ရောင့်ရဲခြင်း၏ ရလဒ် | ၁၂၅ |
| ၂၅။ | သူ့တန်ဖိုးနဲ့... သူ | ၁၂၉ |
| ၂၆။ | တရားနာကြား အကျိုးများ | ၁၃၉ |
| ၂၇။ | သည်းခံခြင်းသာ အောင်နိုင်ရာ | ၁၄၃ |
| ၂၈။ | နာကြားလွယ်တာ မင်္ဂလာ | ၁၅၄ |
| ၂၉။ | ငါးပါးအာရုံ ကာမဂုဏ် | ၁၅၉ |
| ၃၀။ | အခွင့်မျှော် သင့်လျော်တဲ့တရား | ၁၇၄ |
| ၃၁။ | ခြိုးခြိုးခြံခြံ အမြိုက်နိဗ္ဗာန် | ၁၈၁ |
| ၃၂။ | ကျောက်သားပမာ စိတ်ဓာတ်လွှာ | ၁၈၆ |
| ၃၃။ | ကိသာဂေါတမီ | ၁၈၉ |
| ၃၄။ | ပဋာစာရီ | ၁၉၄ |
| ၃၅။ | အလိမ္မာကြင်ယာတော် | ၂၀၂ |


www.burmeseclassic.com

www.burmeseclassic.com

၃၆။ ခေါင်းဆောင်ကောင်း ငါးမင်း ၂၀၇
၃၇။ အလိုနည်းပါး မြတ်တရားရှင် ၂၁၁
၃၈။ ဥပါယ်တံမျဉ် အေးကင်းစင် ၂၁၈
– ၃၈ ဖြာ မင်္ဂလာနှင့် ပြည့်စုံသည့် မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ ၂၂၂
– မင်္ဂလသုတ် ပါဠိတော် ၂၂၇
– မင်္ဂလသုတ် ပါဠိမြန်မာပြန် ၂၃၁

(ဤတွင် ပြီး၏။)

www.burmeseclassic.com

www.burmeseclassic.com

# စကားဦး

ဤ ၃၈–ပါး မင်္ဂလာတရား ပုံပြင်ဝတ္ထုများကို လူငယ်ထုပရိသတ်တို့အတွက် ရည်ရွယ်ပြီး ရေးသားထားခြင်းဖြစ်ပါသည်။

ထိုသို့ရေးသားရာ၌ ကလေးလူငယ်များအကြိုက် ပုံဝတ္ထုကလေးများကို မင်္ဂလာတရားမှ တစ်ပါးချင်းအလိုက် စုစုပေါင်း (၃၈) ပုဒ်ကို ရွေးထုတ် ရေးသားထားပါသည်။ ထိုဇာတ်ဝတ္ထုများအား ဓမ္မပဒ၊ ငါးရာ့ငါးဆယ် နိပါတ်တော်များမှ ကောင်းနိုးရာရာ၊ သင့်နိုးရာရာ ဇာတ်တို့အား ထုတ်နုတ်လျက် ပုံပြင်ပြောသလိုမျိုး ကြိုးစားအားထုတ် ရေးသားထားပါသည်။ အတတ်နိုင်ဆုံးပါဠိစကားလုံးများကို ရှောင်ကြဉ်၍ အလွယ်တကူ နားလည်လွယ်မည့် စကားပြေအရေးအသားဖြင့် ရေးသားထားခြင်းလည်း ဖြစ်ပါသည်။

ဤစာအုပ်အား လူငယ်ထုအတွက် ယဉ်ကျေးလိမ္မာလာကြစေရန်၊ မင်္ဂလာရှိသော မောင်မယ်များ ဖြစ်ကြစေရန် ရေးသားပြုစုခြင်းဖြစ်ပေရာ ဤစာအုပ်ကို ဖတ်ရှုပြီးသည့်နောက် ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



တရားအပေါ် သက်ဝင်ယုံကြည်ပြီး ယဉ်ကျေးလိမ္မာလာကြပြီဆိုလျှင် ဤစာအုပ်ရေးသားပြုစုရခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိမှာ အမှန်ပါတည်း။

(မင်္ဂလာရှိကြပါစေ)
နန္ဒာမိုးကြယ်
(၁၁၊၈၊၂၀၁၂)
စနေနေ့။

www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာဟူသည်

'မင်္ဂလာ' ဟူသော ဝေါဟာရစကားသည် မိမိတို့နှင့် ကျွမ်းဝင်ရင်းနှီးပြီးသား ဖြစ်ပါသည်။ မင်္ဂလ–ဟူသော ပါဠိ ဘာသာစကားမှ ဆင်းသက်လာပြီး တိုးတက်ကြီးပွားကြောင်း တရား၊ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း ဟူ၍ မြန်မာအဘိဓာန်က ဖွင့်ဆိုထားပါသည်။

ဗုဒ္ဓဘာသာဝင်များအဖို့ ဘုရားရှင်ကို လေးမြတ်ကြည်ညို ကြသည်နှင့်အမျှ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် မင်္ဂလာ တရားတော်များကို လိုက်နာကျင့်သုံးကြကုန်၏။ ထိုသို့လိုက်နာ ကျင့်သုံးခြင်းဖြင့် ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝတို့၌ အောင်မြင်ခြင်း၊ ကြီးပွားတိုးတက်ခြင်း၊ ဘေးအန္တရာယ်တို့ ကင်းရှင်းခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ ကျန်းမာချမ်းသာခြင်း၊ ကုသိုလ်တရားတို့ ဖြစ်ထွန်းခြင်းစသည့် လောကီချမ်းသာခြင်းတို့နှင့်လည်း ပြည့်စုံ စေနိုင်၏။ ထိုမှတစ်ဆင့် လောကုတ္တရာချမ်းသာအဖြစ် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဝင်တို့သည် မွေးနေ့ကျရောက်သောအခါတွင်လည်းကောင်း၊ အိမ်သစ်အိုးသစ် ဆောက်လုပ်ပြီးစီး၍ အိမ်သစ်တက်သောအခါတွင်လည်းကောင်း၊ မင်္ဂလာဆွမ်းကျွေးသောအခါတွင်လည်းကောင်း၊ နှစ်သစ်ကူးသမယသို့ ရောက်ရှိသည့်အခါတွင် လည်းကောင်း၊ ရဟန်းသံဃာတော်များကို ပင့်ဖိတ်၍ဆွမ်းကျွေးအလှူပြုကာ မင်္ဂလာသုတ် ပရိတ်တရားတော်တို့ကို နာကြားလေ့ရှိကြပါသည်။ သို့တည်းမဟုတ် တိပ်ခွေများဖွင့်၍လည်း၊ ရေဒီယိုမှ ထုတ်လွှင့်သည်ကိုလည်းကောင်း နာကြားလေ့ရှိသကဲ့သို့ မိမိကိုယ်တိုင်လည်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများပြုလုပ်လေ့ ရှိကြပါသည်။

ထိုသို့ပြုလုပ်သည့်အတွက် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံခြင်း၊ ဘေးဘယာတို့ဝေးကွာခြင်း၊ အကြံအစည်တို့အောင်မြင်ပြီးမြောက်ခြင်း၊ လိုရာဆန္ဒတို့နှင့် ပြည့်စုံခြင်း စသောအကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု လက်ခံယုံကြည်ထားကြပါ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

# ၃၈-ပါး
# မင်္ဂလာတရား

၁။ လူဆိုးလူမိုက်ကို မမှီဝဲ၊ မပေါင်းသင်းခြင်း
၂။ ပညာရှိ လူလိမ္မာကို မှီဝဲဆည်းကပ်ပေါင်းသင်းခြင်း
၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း
၄။ သင့်လျော်လျောက်ပတ်သော အရပ်၌နေခြင်း
၅။ ရှေး၌ပြုဖူးသော ကောင်းမှုအထူးရှိခြင်း
၆။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို စောင့်ထိန်းခြင်း
၇။ အကြားအမြင် ဗဟုသုတများခြင်း
၈။ စက်မှုလက်မှုအတတ်တို့ကို တတ်မြောက်ခြင်း
၉။ လူ့ကျင့်ဝတ်ကို ကောင်းစွာ သင်ကြားနားလည်ခြင်း
၁၀။ အပြောအဆို ချိုသာယဉ်ကျေးခြင်း
၁၁။ အမိအဖတို့အား လုပ်ကျွေးပြုစုခြင်း
၁၂။ ဇနီးနှင့် သားသမီးတို့ကို လုပ်ကျွေးပြုစုခြင်း
၁၃။ ရှုပ်ထွေးမှုကင်းလျက် စနစ်တကျ ကြိုးစားစူးစိုက် လုပ်ကိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



၁၄။ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း
၁၅။ ကောင်းသော အကျင့်တရားတို့ကို ကျင့်ခြင်း
၁၆။ ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း
၁၇။ အပြစ်ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်း
၁၈။ မကောင်းမှုကို စိတ်ဖြင့်ရှောင်ခြင်း
၁၉။ မကောင်းမှုကို ကိုယ်, နှုတ်ဖြင့် ရှောင်ခြင်း
၂၀။ မူးယစ်သေစာကို မသောက်စားခြင်း
၂၁။ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း
၂၂။ ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း
၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း
၂၄။ တင်းတိမ်ရောင့်ရဲခြင်း
၂၅။ သူတစ်ပါး၏ ကျေးဇူးကိုသိခြင်း
၂၆။ သင့်လျော်သောအခါ တရားနာခြင်း
၂၇။ သည်းခံခြင်း
၂၈။ ဆိုဆုံးမလွယ်သူဖြစ်ခြင်း
၂၉။ ရဟန်းသူမြတ်တို့ကို ဖူးမြော်ခြင်း
၃၀။ သင့်လျော်သောအခါ၌ တရားစကားဆွေးနွေးမေးမြန်းခြင်း
၃၁။ ခြိုးခြံသောအကျင့်ကို ကျင့်ခြင်း
၃၂။ မြတ်သောအကျင့်ကို ကျင့်ခြင်း
၃၃။ သစ္စာလေးပါးတရားကို သိမြင်ခြင်း
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း
၃၅။ လောကဓံတရားနှင့် တွေ့သောအခါ စိတ်မတုန်လှုပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



၃၆။ ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်းနှင့် တွေ့ကြုံရသော အခါ စိုးရိမ်ပူဆွေးမှု မရှိခြင်း

၃၇။ လိုချင်တပ်မက်ခြင်း၊ ရာဂစသော မြူအညစ်အကြေးတို့ မရှိခြင်း

၃၈။ စိတ်ကို ပူပန်စေသော ကိလေသာမှ လွတ်ကင်းရာ ဘေး မရှိခြင်း

❒

www.burmeseclassic.com

www.burmeseclassic.com

(၁)

# မလိမ့်တစ်ပတ် လူမိုက်

**အသေဝနာ စ ဗာလာနံ**
**တော် မင်္ဂလ မုတ္တမံ။**

*လူမိုက်တို့ကို*
*မမှီဝဲခြင်း၊ မပေါင်းသင်းခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေး... လွန်လေပြီးတဲ့ကာလ။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံစဥ်အခါတုန်းက ဖြစ်ပါတယ်။

အဲသည်ဗာရာဏသီပြည်မှာ လုပ်ငန်းစပ်တူလုပ်ကြမယ်ဆိုပြီး မိတ်ဖွဲ့လိုက်ကြတဲ့ ကုန်သည်နှစ်ဦးရှိပါတယ်။

တစ်ဦးရဲ့အမည်က 'ပဏ္ဍိတ'။

ကျန်တစ်ဦးရဲ့ အမည်က 'အတိပဏ္ဍိတ' တဲ့။

ဟိုးအရင်တုန်းကတော့ သီခြားစီ ကုန်ရောင်းကုန်ဝယ် လုပ်ခဲ့ကြတာပါ။ အခုလို ပေါင်းစည်းမိကြတာက နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်လိုက်ရင် အရင်းအနှီးများလာမယ်။ ဦးခေါင်းတစ်လုံး အစား ဦးခေါင်းနှစ်လုံးနဲ့ တိုင်ပင်ညှိနှိုင်း ဖြေရှင်းလိုက်ကြမယ် ဆိုရင် ပိုမိုကောင်းလာမှာပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ နှစ်ဦးသား ပေါင်းစည်းမိကြတာပါ။

သည်လိုနဲ့ သူတို့နှစ်ဦးသား အချိုးကျရင်းနှီးထည့်ဝင်ငွေနဲ့ ကုန်ရောင်းကုန်ဝယ် ပြုခဲ့ကြပါတယ်။ အမြတ်အစွန်း တော်တော် များများ ရရှိလာပြီး အညီအမျှခွဲဝေကြဖို့ရာ တိုင်ပင်ပြောဆိုရင်းနဲ့ ဇနပုဒ်ဒေသတွေကနေ ဗာရာဏသီကို ပြန်ရောက်လာခဲ့ကြတယ်။ ကံတူအကျိုးပေးလို့ ဆိုရမလားမသိဘူး။ နှစ်ဦးသားပေါင်းစပ်ပြီး လှည်းငါးရာနဲ့ တင်ဆောင်သွားတဲ့ ကုန်စည်တွေဟာ ခါတိုင်းလို တစ်လသေသေ၊ တစ်လဆန်းဆန်းတောင် ရောင်းမနေရဘူး။ သီတင်းပတ် အနည်းငယ်ထဲနဲ့တင် ကုန်သွားတယ်ဆိုတော့ နှစ်ဦး သား ဝမ်းမြောက်ဝမ်းသာဖြစ်ကြတာ ဘာပြောကောင်းမလဲ။

ဒါနဲ့ အမြတ်အစွန်းတွေ ခွဲဝေကြတဲ့အခါ အတိပဏ္ဍိတက အစုသုံးစု စုလိုက်ပြီး–

"ငါက အမြတ်ဝေစု နှစ်စုရထိုက်တယ်။ ဒါကြောင့် နှစ်စု ယူမယ်"

လို့ ပြောရင်း ငွေအသပြာတွေကို ကြုံးယူမယ်အလုပ်မှာ ပဏ္ဍိတ က အတိပဏ္ဍိတရဲ့လက်ကို ကာဆီးထားရင်း မေးလိုက်ပါသတဲ့။

"အို... နေပါဦး အတိပဏ္ဍိတရယ်၊ နှစ်ယောက်စပ်တူ လုပ်တဲ့ဥစ္စာ နှစ်ပုံခွဲပြီး တစ်ပုံစီ ရရမှာပေါ့၊ သုံးပုံခွဲပြီး အသင်က နှစ်ပုံယူမယ်ဆိုတော့ မဟုတ်သေးဘူးလို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်နော်။ ကိုင်း ရှင်းစမ်းပါဦး။ သင်က ဘာကြောင့် နှစ်ပုံရထိုက်သလဲဆိုတာ"

"ယူရမယ်လေ ယူထိုက်လို့... ယူကို ယူရမယ်။ ဘာကြောင့်ဆိုတော့ ငါ့ရဲ့နာမည်က 'အတိပဏ္ဍိတ' လေ။ သင့်ရဲ့နာမည်က 'ပဏ္ဍိတ'။ သည်တော့ သင့်ထက် ငါက နာမည်မှာ 'အတိ' ဆိုတဲ့ နှစ်လုံးပိုနေတယ်။ ဒါကြောင့် ငါက နှစ်စု၊ သင်က တစ်စု၊ ဟုတ်ဘူးလား"

"မဟုတ်သေးဘူးထင်တယ်"

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ"

"ဘာဖြစ်လို့ဆို သင်နဲ့ငါ အရင်းအနှီးစိုက်ထုတ်ကြတာ အညီအမျှပဲ မဟုတ်လား။ ရောင်းရေးဝယ်တာမှာလည်း နှစ်ယောက်အတူတူ အားထုတ်ခဲ့ကြတာပဲ။ သည်တော့ အညီအမျှပဲ ဝေစုခွဲရပေမပေါ့"

အဲသည်လို ပြောဆိုရင်းက နှစ်ယောက်သား အငြင်းပွားကြပါတော့တယ်။ အဲသည်အချိန်မှာ အတိပဏ္ဍိတရဲ့ခေါင်းထဲကို အကြံတစ်ခုက ဖျတ်ခနဲ ဝင်လာတယ်။

"ဒါဆို ခဏနေဦး။ ပြီးတော့မှ ဝေစုခွဲကြမယ်"

လို့ ဆိုပြီး သူ့အိမ်ကို ပြန်သွားခဲ့တယ်။ အိမ်ပြန်ရောက်တဲ့ အခါ သူ့ဖခင်နဲ့တွေ့ပြီး...

"အို... ဖခင်၊ ဖခင်ဟာ ရက္ခစိုးအယောင်ဆောင်ပြီး ရွာထိပ်က သစ်ခေါင်းရှိတဲ့ အပင်ထဲကို ဝင်နေရစ်ပါ။ ကျွန်တော်နဲ့ ပဏ္ဍိတတို့ ရောက်လာတဲ့အခါ ကျွန်တော်က အမေးပြုလာရင်...

www.burmeseclassic.com

www.burmeseclassic.com



'အတိပဏ္ဍိတ၊ သင်ဟာ ပဏ္ဍိတထက် အမည်နှစ်လုံး ပိုနေတဲ့အတွက် အစုနှစ်စု ရသင့်တယ်' လို့ ဆုံးဖြတ်ပေးပါ"

လို့ အချိတ်အဆက်လုပ် စည်းဝါးကိုက်ခဲ့တယ်။ ဖခင်ဖြစ်သူဟာ သူ့သားလူမိုက်ရဲ့ လုပ်ရပ်မှားနေတာကို သိပေမဲ့ လူမိုက်ဖက်ကို အားသာနေတော့ သဘောတူခဲ့တာပေါ့။

မကြာခင်မှာပဲ အတိပဏ္ဍိတဟာ ပဏ္ဍိတဆီ ပြန်ရောက်လာတယ်။

"ပဏ္ဍိတ၊ သင်နဲ့ငါ အငြင်းပွားနေတဲ့ကိစ္စ ပြေလည်သွားရလေအောင် ရွာထိပ်က ရက္ခစိုးနေတဲ့ သစ်ပင်ကြီးဆီ သွားပြီး အဆုံးအဖြတ် ခံကြရအောင်"

သည်လိုပြောလာတော့ ပဏ္ဍိတလည်း သဘောရိုးမှတ်ပြီး အတိပဏ္ဍိတနဲ့အတူ ရက္ခစိုးနေတဲ့ ရွာထိပ်သစ်ပင်ကြီးဆီ လိုက်ခဲ့တာပေါ့။

အတိပဏ္ဍိတလည်း သူကြိုတင် စီစဉ်ထားခဲ့တဲ့အတိုင်း ရွာထိပ်ညောင်ပင်ကြီးဆီရောက်တော့ အမွှေးနံ့သာတွေနဲ့ ပသပြီး

"အို...အရှင်ရက္ခစိုးမင်း၊ အကျွန်ုပ်သည် အတိပဏ္ဍိတဖြစ်ပါ၏။ အကျွန်ုပ်နှင့် ပါလာသူမှာ ပဏ္ဍိတဖြစ်ပါ၏။ အကျွန်ုပ်တို့နှစ်ဦးသား ကုန်သွယ်ကြရာမှ မြတ်စွန်းလာသော အမြတ်ငွေတို့အား ဝေစုခွဲရာတွင် အငြင်းပွားနေကြရပါ၏။

သို့ဖြစ်ပါ၍ အရှင်ရက္ခစိုးမင်းအနေဖြင့် မည်သူက

www.burmeseclassic.com

www.burmeseclassic.com



မည်မျှ အမြတ်ဝေစု ယူသင့်ပါကြောင်း ဆုံးဖြတ်ပေးတော်မူပါခင်ဗျား”

လို့ တောင်းပန်လျှောက်ထားလိုက်ပါတယ်။ အဲသည်အချိန်မှာပဲ သစ်ခေါင်းထဲက အသံထွက်ပေါ်လာပါတယ်။

“ပဏ္ဍိတသည် ဝေစုတစ်စုသာ ယူထိုက်၏။ အတိပဏ္ဍိတမှာမူ နာမည်အရေအတွက် နှစ်လုံးပိုသဖြင့် ဝေစုနှစ်စုကို ရယူစေ”

အဲသည်လို သစ်ခေါင်းထဲက ဆုံးဖြတ်တဲ့အသံကို ကြားလေတော့ ပဏ္ဍိတလည်း သံသယဝင်သွားခဲ့တယ်။ ရက္ခစိုးက ခုလိုမျိုး ပြောဆိုတာ ကြားမှ မကြားဖူးပါဘဲကိုး။

“ကေန္တ သစ်ခေါင်းထဲမှာ လူတစ်ယောက်ဝင်ပြီး ပြောဆိုတာ ဖြစ်လိမ့်မယ်။ ရက္ခစိုးအစစ်တော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး”

လို့ တွေးမိလျှင်တွေးမိချင်းပဲ အနီးအပါးမှာ ရှိတဲ့ ကောက်ရိုးတွေ၊ သစ်ရွက်ခြောက်တွေကို ပွေ့လို့သစ်ခေါင်းထဲကို ထည့်ပြီး မီးရှို့လိုက်တော့တယ်။ မီးတောက်မီးလျှံတွေ ထလာတဲ့ အချိန်မှာ သစ်ခေါင်းထဲမှာရှိနေတဲ့ အတိပဏ္ဍိတရဲ့ ဖခင်ဟာလည်း မခံနိုင်တော့ဘဲ မီးစွဲတဲ့ဒဏ်ရာတွေနဲ့ အပြင်ကို ထွက်လာရတော့တယ်။ အပြင်ရောက်တော့ ငိုကြီးချက်မနဲ့ အော်ဟစ်ပါလေရော။

“အချင်းတို့ သည်လောကမှာ ပဏ္ဍိတဆိုတာဟာ ပညာရှိဖြစ်ပြီး ကောင်းမွန်မြင့်မြတ်လှပါတယ်။ ကျုပ်သား

www.burmeseclassic.com

www.burmeseclassic.com



အဝိပဏ္ဍိတ ဟာဖြင့် လူကောင်းမဟုတ်။ ကောက်ကျစ်စဉ်းလဲတဲ့ လူမိုက်သာဖြစ်ပါတယ်။ ကျုပ်ဟာ လူမိုက်ဖြစ်တဲ့ အတိပဏ္ဍိတစကားကို နားယောင်မိလို့၊ သူ့ကို မှီဝဲမိလို့ ခုတော့ မီးလောင်ခံရပါပေါ့လား”

လူအများဝိုင်းအုံလာကြပြီး အဖြစ်မှန်ကို သိရတဲ့အခါမှာတော့ ကောက်ကျစ်စဉ်းလဲတဲ့ လူမိုက်ကုန်သည် အတိပဏ္ဍိတဟာ သူ့အမှားကို သူဝန်ခံပြီး အမြတ်ငွေတစ်ဝက်တိတိ၊ ပဏ္ဍိတကို ခွဲဝေပေးလိုက်ရပါတော့တယ်။

လူမိုက်ကို ပေါင်းဖော်မှီဝဲခြင်းရဲ့ ရလဒ်ကို ဖခင်ခမျာ ရရှိသွားတာဟာဖြင့် သင်ခန်းစာယူဖွယ် ကောင်းလှပါတော့တယ်။

□

www.burmeseclassic.com

www.burmeseclassic.com

# (၂)

# ပညာရှိလှည်းမှူး

**ပဏ္ဍိတာနဉ္စ သေဝနာ**
**ဧတံ မင်္ဂလ' မုတ္တမံ။**

*ပညာရှိသူအား*
*ရှိသေစွာ ဆည်းကပ်ခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးလွန်လေပြီးတဲ့ အခါတုန်းကပေါ့။

ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူပါတယ်။ အဲသည်ကာလမှာ လှည်းမှူးတစ်ဦးရှိပါတယ်။ အဲသည် လှည်းမှူးဟာ သတိရှိတယ်၊ ဉာဏ်ပညာ အမြော်အမြင်ရှိတယ်။ ဗဟုသုတတွေနဲ့ ပြည့်စုံတယ်။ တစ်နည်းအားဖြင့် ပညာရှိသူတစ်ဦးပဲပေါ့။

တစ်နေ့မှာတော့ ပညာရှိလှည်းမှူးဟာ ကုန်စည်ကူးသန်းဖို့ရာ လှည်းငါးရာကို ပြင်ဆင်ပါတယ်။ အားလုံးပြည့်စုံပြီဆိုတာနဲ့ လှည်းသားတွေကို ဦးဆောင်ပြီး အနောက်ဘက်အရပ်ကို ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြပါတယ်။ သည်လိုနဲ့ တောအုပ်တစ်ခုရှိရာကို ရောက်ခဲ့ကြတယ်။ သည်အခါ ပညာရှိလှည်းမှူးလည်း တောအုပ်ရဲ့အခြေအနေကို လှည့်လည်အကဲခတ်လိုက်တယ်။ ပြီးတော့ လှည်းသားအားလုံးကို ခေတ္တစခန်းချဖို့ အမိန့်ပေးလိုက်တယ်။ သည့်နောက် လှည်းသမားတွေကို ခေါ်ယူစုဝေးစေလိုက်ပြီး–

"အမောင်တို့၊ ငါတို့ အခုရောက်နေတဲ့ တောအုပ်ကြီးမှာ အဆိပ်ပင်တွေ ရှိသလို အဆိပ်သီးတွေလည်း အများကြီး ရှိနေကြတယ်။ ငါ လှည့်လည်အကဲခတ်ပြီးပြီ။

အဲသည်တော့ အမောင်တို့အနေနဲ့ ထင်းခြောက်အရှာထွက်တဲ့အခါ ကိုယ်မစားဖူးတဲ့အသီးကို တွေ့ခဲ့ရင် ငါ့ကို မေးမြန်းခြင်းမပြုဘဲနဲ့ မစားကြပါနဲ့"

ဆိုပြီး သတိပေးစကား ပြောကြားထားခဲ့ပါတယ်။

သည်လို လှည်းသမားတွေဟာ ခေတ္တစခန်းချတုန်း ချက်ပြုတ်ဖို့ရာ ထင်းခြောက်တွေအလိုရှိတာနဲ့ တောအုပ်ထဲဝင်ပြီး ထင်းခြောက်တွေကို ရှာဖွေကြပါတယ်။ အဲသည်အခါ အပင်ကြီးတစ်ပင်ကို တွေ့ရတယ်။ အဲသည်အပင်ကြီးမှာ သီးနေတဲ့ အသီးတွေဆိုတာ သရက်သီးတွေလိုပဲ၊ ခိုင်ညှာပွွတ်တွဲပြီး အသီးတွေဆိုတာ ဝင်းဝင်းကို ဝါလို့ပဲပေါ့။

"ဟော့ အဲဒါ သရက်သီးမှည့်တွေ မဟုတ်လား"

အပင်ပေါ်တက်ပြီး ခူးလာလို့ တစ်ယောက်က မေးလိုက်တယ်။

"သရက်သီးလို့ ထင်တာပဲ။ ဘယ်အမျိုးအစားလည်း

www.burmeseclassic.com

www.burmeseclassic.com



တော့ မပြောတတ်ဘူး။ ပင်စည်တွေ၊ အကိုင်းအခက်တွေ၊ အရွက်အလက်တွေ၊ အပွင့်အသီးတွေကတော့ သရက်ပင်မှ သရက်ပင်အတိုင်းပဲ။ ရူးလာတဲ့အသီးကို မွှေးကြည့်စမ်းပါဦး"

"အေး ဟုတ်တယ်။ သရက်သီးအနံ့မှ တကယ့်ကို သရက်သီးအနံ့ပဲ"

"ဒါဆို ခွဲကွာ၊ ငါက သရက်သီးဆို ကြိုက်မှကြိုက်"

"ကြိုက်ရမှာပေါ့ကွာ မကြိုက်တဲ့သူဟာ လူမိုက်ပဲ။ စကားတောင် ရှိသေးမဟုတ်လား၊ 'အရွက်တွင် လက်ဖက်၊ အသားတွင် ဝက်၊ အသီးတွင် သရက်' တဲ့"

တကယ်တော့ သူတို့ကသာ သရက်သီးလို့ ထင်မှတ်နေကြတာပါ။ မဟုတ်ပါဘူး။ အဆိပ်ပင်က သီးလာတဲ့ အဆိပ်သီးပါပဲ။ ဒါကို မသိတဲ့၊ ပညာမဲ့တဲ့ လှည်းသမားအချို့ကတော့ စားရကံကြုံလို့ စားခွင့်ရတယ်ဆိုပြီး ရူးဆွတ်ကြ၊ ခွဲစိတ်ကြ၊ စားသောက်ကြနဲ့။ အချို့သံသယစိတ်ဝင်တဲ့ လှည်းသမားတွေက ရူးဆွတ်ခဲ့ကြပေမဲ့ ခွဲစိတ်မစားသောက်ကြပါဘူး။ ပညာရှိလှည်းမှူးကို ပြသမေးမြန်းရမယ်ဆိုပြီး ယူခဲ့ကြပါတယ်။

အဲသည်အချိန်မှာ ပညာရှိလှည်းမှူးလည်း ထင်းအရာထွက်သူ အချို့ ပြန်လာချိန်မလာကြတဲ့အတွက် လိုက်သွားတဲ့အခါ အဆိပ်ပင်အောက်မှာ အဆိပ်မိနေတဲ့သူတွေကို တွေ့ရပါတယ်။ ဒါနဲ့ပဲ အော့အန်စေတဲ့ ဆေးတွေတိုက်ကျွေးပြီး အော့အန်စေပါတယ်။ အဆမတန်စားမိပြီး ဆေးမတိုးတဲ့သူ အချို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးကြတာပဲပေါ့။ မစားမသောက်ရသေးတဲ့ သူ့ရဲ့ လက်ထဲက အဆိပ်သီးတွေကိုလည်း စွန့်ပစ်စေပါတယ်။

"အမောင်တို့... အဲဒါကြောင့် ငါ သတိပေးခဲ့တာပေါ့။ အမောင်တို့ စဉ်းစားကြည့်ပါ။ သရက်ပင်နဲ့တူတဲ့ အဆိပ်ပင်ဟာ တကယ်သာ သရက်ပင်ရှိမယ်ဆိုရင် လူတွေနေတဲ့ အရပ်ဒေသနဲ့ သိပ်ဝေးကွာလှတာ မဟုတ်တဲ့အတွက် ခုလို အသီးတွေ သီးပြီဆိုရင် လာရောက်ဆွတ်ယူကြမှာပေါ့။

အကိုင်းအခက်၊ အရွက်အလက်တွေလည်း ကျိုးတန်ကျိုး၊ ပွဲတန်ပွဲကုန်မှာပေါ့။ ဒါပေမဲ့ အကိုင်းအခက်၊ အရွက်အလက်တွေကလည်း ပြည့်ပြည့်စုံစုံ၊ အသီးတွေကလည်း ပြည့်ပြည့်စုံစုံ၊ အသီးတွေကလည်း အရာမယွင်း၊ ခူးမယ့်သူ နတ္ထိဆိုတော့ စဉ်းစားစရာမကောင်းဘူးတဲ့လား။ လူတွေ မဆိုထားနဲ့။ ကျေးငှက်တွေ၊ ရှဉ့်တွေ၊ လင်းဆွဲတွေ၊ လင်းနို့တွေတောင်မှ မတို့မဆိတ်၊ မစားမသောက်ကြဘူးဆိုတော့ စားမကောင်းတဲ့အသီး ဖြစ်လို့ပေါ့။ အဆိပ်သီးတွေ ဖြစ်နေလို့ပေါ့"

ပညာရှိလှည်းမှူးရဲ့ တွေးခေါ်စဉ်းစားမှုဟာ တိကျမှန်ကန်လှပါတယ်။ အဲသည်အခါ လှည်းသားအပေါင်းတို့ကလည်း

"အရှင်လှည်းမှူး၊ အရှင်ဟာ ပညာရှိပီသပါပေတယ်။ ပညာရှိကို အမှီသဟဲ ပြုခွင့်ရလို့၊ မှီဝဲဆည်းကပ်ပေါင်းသင်းရလို့ ကျွန်တော်တို့ဟာ အသက်ချမ်းသာရာ ရခဲ့ရပြီ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောဆိုပြီး ဦးခိုက်ပူဇော်ကြပါတယ်။

အဲသည်နောက်မှာတော့ ပညာရှိလှည်းမှူးလည်း ကွယ်လွန်သူအချို့ကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီး ခရီးရှေ့ဆက်ထွက်ခွာလာပါတော့တယ်။

ပညာရှိနဲ့ ပေါင်းဖော်မွေ့လျော်ရတဲ့ ကျေးဇူးဂုဏ်အင်ဟာ အတိုင်းမသိ ကြီးမားလှပါ ကလား။

❐

www.burmeseclassic.com

www.burmeseclassic.com

(၃)

# ပူဇော်ထိုက်သူ ပူဇော်ပါ

**ပူဇာစ ပူဇနေယျာနံ၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**
*ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည်*
*မြတ်သောမင်္ဂလာမည်၏။*

သာဝတ္ထိပြည်မှာ 'အဒိန္နပုဗ္ဗက' ဆိုတဲ့ သူဌေးကြီးတစ်ဦး ရှိပါတယ်။ သူဟာ သိပ်ကိုပဲ နှမျောတွန့်တို စေးနည်းသူဆိုပဲ။ သူ့ဘဝမှာ မည်သူ တစ်ဦးတစ်ယောက်ကိုမှ ပစ္စည်းတစ်စုံတစ်ရာ မပေးခဲ့ဖူးတဲ့အတွက်ကြောင့် အဒိန္နပုဗ္ဗကရယ်လို့ အမည်ရလာခြင်း ဖြစ်ပါသတဲ့။

သူဌေးကြီးမှာ သားတစ်ယောက်ရှိပါတယ်။ သူဌေးကြီး လည်း တစ်ဦးတည်းသောသား ဖြစ်တဲ့အတွက် သိပ်ကို ချစ်ရှာ တယ်။ ချစ်ရှာလွန်းလို့ နားဒောင်းကို ဆင်ပေးချင်ပေမဲ့လည်း ပန်းထိမ်လက်ခပေးရမှာ နှမျောတွန့်တိုလှတဲ့အတွက် သူကိုယ်တိုင် ပဲ နားဒောင်းလုပ်လို့ သားဖြစ်သူကို ဆင်မြန်းပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


သူ့ရဲ့လက်ရာဟာ ပုံပန်းမကျတဲ့အတွက် သူ့သားရဲ့ အမည်ဟာ 'မဋ္ဌကုဏ္ဍလီ' လို့ အမည်တွင်ပါသတဲ့။

မဋ္ဌကုဏ္ဍလီ တစ်ဆယ့်ခြောက်နှစ်သားအရွယ်ကို ရောက်တော့ ပြင်းထန်စွာ နာမကျန်းဖြစ်ပါတယ်။ သည်အခါ ဖခင်သူဌေးကြီးဟာ ဆေးဖိုးဝါးခကုန်ကျမှာကို နှမျောတွန့်တိုလှတာမို့ တတ်သမျှ၊ မှတ်သမျှ ဆေးမြီးတိုတွေနဲ့ ကုသပါသတဲ့။ လူမမာလာမေးကြတဲ့အခါ ကွမ်း၊ ဆေးတို့ ကုန်ကျမှာ စိုးတဲ့အတွက် သားဖြစ်သူကို အိမ်ထဲမှာပဲ ထားပါတယ်။ သူဌေးကတော်ကြီးဟာ သားဖြစ်သူ မချိမဆန့် ဝေဒနာခံစားနေရတာကို တွေ့တဲ့အခါ မရှုရက်၊ မမြင်ရက်တဲ့အတွက် လင်ဖြစ်သူ သူဌေးကြီးကို–

"အရှင် ဆေးဆရာ၊ သမားတော်တွေကို ပင့်ပြီး ကုသပေးပါ" လို့ တောင်းပန်ပြောဆိုပါတယ်။ သည်တော့ သူဌေးကြီးက–

"ရှင်မ သင်ဟာ ငါ့ရဲ့စည်းစိမ်ဥစ္စာတွေ ကုန်အောင် ပြောဆိုရသလား" ဆိုပြီး ကြိမ်းတောင် ကြိမ်းမောင်းလိုက်ပါသေးတယ်။

သားဖြစ်တဲ့ မဋ္ဌကုဏ္ဍလီဟာ ထိရောက်တဲ့ ဆေးဝါးကုသမှုကို မခံယူရတာမို့ တစ်နေ့ထက်တစ်နေ့ ဝေဒနာတွေ တိုးတိုးလာနေလေတော့ သူဌေးကြီးဟာ အကြံတစ်ခုရလာပါတယ်။ ဒါကတော့ ဆေးဆရာအိမ်တွေသွားပြီး မသိမသာ ဆေးနည်းတွေ စုံစမ်းပါတယ်။ လူနာကို အပ်လိုက်ရင် ငွေကုန်ကြေးကျများမှာလည်း စိုးရိမ်သေးတယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ သည်လိုမျိုးရောဂါဝေဒနာ ခံစားနေရရင် ဘယ်လိုမျိုးဆေးချက်နဲ့ ကုသရပါမလဲ"

ဆေးဆရာတွေကလည်း သူဌေးကြီးပြောတဲ့ရောဂါဟာ သာမန်ဆေးချက်လောက်နဲ့တင် ကုသလို့ မရတာမို့ တော်စွ လျော်စွ ဆေးနည်းတွေပဲ ပေးလိုက်ပါတယ်။ ဒါနဲ့သူဌေးကြီး လည်း ဆေးဆရာတွေပြောတဲ့ ဆေးနည်းအတိုင်း သစ်မြစ်၊ သစ်ခေါက်တွေ ရှာဖွေထုထောင်းပြီး သား လူမမာကို တိုက်ကျွေး ပါတယ်။ ဒါပေမဲ့ သားရဲ့ရောဂါဝေဒနာဟာ သက်သာလာခြင်း မရှိပါဘူး။ တိုးသည်ထက် တိုး တိုးလာလေတော့ မတတ်နိုင် တဲ့ အဆုံးကျကာမှ သူဌေးကြီးဟာ ဆေးဆရာတွေကို ပင့်ပါ တော့တယ်။

ဆေးဆရာတွေဟာ မဋ္ဌကုဏ္ဍလီရဲ့ ရောဂါဝေဒနာကို စမ်းသပ်ကြပါတယ်။ ဒါပေမဲ့လည်း မရတော့ဘူးဆိုတာကို ရိပ်စားမိကြတာနဲ့–

"သူဌေးကြီး ကျုပ်တို့မှာ သွားစရာကိစ္စလေးတွေ ရှိ နေပါသေးတယ်။ တခြားဆေးဆရာတွေကို ပင့်ပါ"

လို့ ကြည့်ကောင်းအောင် ပြောဆိုပြီး ပြန်သွားကြပါတယ်။ သည်ကတည်းက သူဌေးကြီးဟာ သားရဲ့ အခြေအနေ မဟန် တော့ဘူးဆိုတာကို သိလိုက်ပါပြီ။

"ငါ့သားဟာ အိမ်တွင်းမှာ သေခဲ့ရင် လာရောက်ကြ မယ့် မိတ်ဆွေသင်္ဂဟ အိမ်နီးချင်းတွေဟာ ငါပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်း ပရိဘောဂတွေကို မြင်တွေ့သွားကြတော့မယ်"

www.burmeseclassic.com
F-2B

www.burmeseclassic.com



သည်လိုမျိုး တွေးတောမိပြီးတဲ့နောက် သားမသေခင်မှာ အိမ်ပြင်လွင်တီးခေါင်ပြင်ကို ထုတ်ထားလိုက်ပါတော့တယ်။

အဲသည့်ညဟာ တဖြည်းဖြည်းကုန်လွန်လို့ မိုးသောက်ယံရောက်တဲ့အခါကျတော့ ဂေါတမမြတ်စွာဘုရားရှင်ဟာ ကရုဏာသမာပတ်က ထတော်မူပြီး ကယ်တင်ရမယ့်သူတွေကို ကြည့်ရှုတဲ့အခါ မဋ္ဌကုဏ္ဍလီသူဌေးသားကို မြင်တော်မူပါတယ်။

"နံနက်မိုးသောက်တဲ့အခါ ဤသတို့သားဟာ ငါ့ကို မြင်တွေ့ပြီး ပူဇော်ထိုက်သူကို ပူဇော်ခြင်းအမှုပြုခဲ့မယ်ဆိုရင် တာဝတိံသာနတ်ပြည်မှာ နတ်စည်းစိမ်ချမ်းသာကို ခံစားရပေလိမ့်မယ်"

အဲသည်လို မြင်မက်ပြီးတဲ့နောက်မှာတော့ သတ္တဝါဝေနေယျတွေအပေါ် ကရုဏာတရားကြီးမားတော်မူတဲ့ မြတ်စွာဘုရားရှင်ဟာ သံဃာတော်အပေါင်းခြံရံလို့ သာဝတ္ထိပြည်တွင်းကို ဆွမ်းခံကြွဝင်တော်မူပါတယ်။ အဒိန္နပုဗ္ဗကသူဌေးကြီးရဲ့ အိမ်ရှေ့ကို ရောက်တော့ ရောင်ခြည်တော်တွေကို လွှတ်တော်မူပါတယ်။

အဲသည်အချိန်မှာ မဋ္ဌကုဏ္ဍလီသူဌေးသားဟာ ရောင်ခြည်တော်လာရာကို လှမ်းမျှော်ကြည့်မိသွားပါတယ်။ အဲသည်အခါ ဘုရားရှင်မှန်းသိသွားပြီး ဘုရားရှင်ကို လဲလျောင်းနေရာကနေ လက်အုပ်ချီမိုးပြီး ရှိခိုးပူဇော်ရင်း ဘုရားရှင်အပေါ် ကြည်ညိုစိတ်နဲ့ပဲ သေလွန်ခဲ့ပါတော့တယ်။

မဋ္ဌကုဏ္ဍလီက ဘုရားရှင်ကို ပူဇော်ထိုက်သူအဖြစ် သိရှိပြီး ကြည်ညိုသဒ္ဓါစိတ်နဲ့ ပူဇော်ခဲ့တာကြောင့် တာဝတိံသာနတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



က ယူဇနာတစ်ဆယ်ရှိ နတ်ဗိမာန်မှာ နတ်သားဖြစ်သွားခဲ့ပါသတဲ့။

ဒါဟာ ပူဇော်ထိုက်သူကို ပူဇော်တဲ့ မင်္ဂလာကြောင့် ကောင်းမြတ်တဲ့အကျိုးရလဒ်ကို ရရှိခံစားခဲ့ရတဲ့ သာဓကတစ်ခုပါပဲ။

❒

www.burmeseclassic.com

www.burmeseclassic.com

(၄)

# ကိုယ့်နေရာနဲ့ ကိုယ့်ဒေသ

**ပတိရူပ ဒေသဝါသော စ၊**

**ဧတံ မင်္ဂလ' မုတ္တမံ။**

*သင့်တင့်လျော်ကပ်ပတ်သောအရပ်၌*

*နေရခြင်းသည်*

*မြတ်သော မင်္ဂလာမည်၏။*

လွန်လေပြီးသော ရှေးသရောအခါ ကာလတုန်းကပေါ့။

ဟိမဝန္တာအရပ်မှာ 'ခဒိရ' လို့ အမည်ရှိတဲ့ ငှက်တောက်လောက် အမျိုးအစား ငှက်ကလေးတစ်ကောင်ရှိပါတယ်။ သူကျင်လည်ကျက်စားတာ ရှားတောအရပ်ဒေသမှာပါ။ သူ့မှာ အဆွေခင်ပွန်းဖြစ်တဲ့ ငှက်ကလေးတစ်ကောင်ရှိပါတယ်။ 'ကလန္ဒ' လို့ အမည်ရပြီး ငှက်တောက်လောက်အနွယ်ဝင်ဖြစ်ပါတယ်။ သူကျင်လည်ကျက်စားတာက ကသစ်တော၊ လက်ပံတောတို့မှာပါ။

တစ်နေ့မှာတော့ ကလန္ဒဟာ သူကျင်လည်ကျက်စားတဲ့ ကသစ်တော၊ လက်ပံတောကနေ ရှားတောအရပ်မှာ ကျင်လည်

www.burmeseclassic.com

www.burmeseclassic.com



ကျက်စားနေတဲ့ ခဒိရထံကို အလည်လာခဲ့ပါသတဲ့။ သည်တော့ ခဒိရလည်း ရွှင်လန်းဝမ်းမြောက်စွာနဲ့

"ငါ့ရဲ့ အဆွေခင်ပွန်းဟာ ငါ့ထံကို အလည်လာရှာတယ်"

ဆိုပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ပြီးတော့ မိမိတို့ ကျင်လည်ကျက်စားရာ ရှားတောထဲက ရှားပင်တုံးကို နှုတ်သီးနဲ့ ပေါက်ပြီး ပိုးတွေကို ထုတ်ယူလို့ ကလန္ဒကို ညှော်ခံကျွေးမွေးပါသတဲ့။ ကလန္ဒလည်း ခဒိရနှုတ်သီးနဲ့ ပေါက်ထုတ်လို့ရလာတဲ့ ပိုးကောင်အစာတွေကို ဝမ်းသာအားရမြိန်ရှက်စွာ စားသုံးပါတယ်။

အဲသည်လို စားသောက်နေရင်းက ကလန္ဒလည်း စိတ်ထဲမှာ အကြံကစ်ခု ပေါ်လာခဲ့ပါတယ်။

"ခဒိရဟာလည်း ငှက်တောက်လောက်ပဲ ငါလည်း ငှက်တောက်လောက်ပဲ။ သူကျွေးတာချည်း စားနေရတာ အဆင်မပြေပါဘူး။ ငါလည်း သူ့လိုပဲ ရှားသားတုံးကို ပေါက်ပြီး အစာရှာစားရရင် ကောင်းလိမ့်မယ်"

ကလန္ဒဟာ အမျိုးတူငှက်ချင်း သူတောင် အစာရှာနိုင်သေးတာ ငါလည်း ဘာဖြစ်လို့ မရှာနိုင်ရမှာလဲလို့ မာနစိတ်နဲ့–

"အဆွေ ခဒိရ၊ ခုအချိန်ကစလို့ အဆွေဟာ ငါ့အတွက် အစာရှာမပေးပါနဲ့တော့။ ငါကိုယ်တိုင် သင့်လို ရှားတောမှာ အစာရှာဖွေစားသောက်ပါ့မယ်"

လို့ ပြောလိုက်ပါတယ်။ အဲသည်အခါ ခဒိရလည်း မိတ်ဆွေကောင်းတို့ရဲ့ စေတနာနဲ့

"အဆွေ ကလန္ဒ၊ သင်ဟာ အနှစ်မရှိတဲ့ ကသစ်တော၊

www.burmeseclassic.com

www.burmeseclassic.com



လက်ပံတောတွေမှာသာ ကျင်လည်ကျက်စားရတဲ့ ငှက်အမျိုးအစားပါ။ ငါကျင်လည်ကျက်စားနေတဲ့ ရှားတောမှာဆိုရင် ရှားပင်တွေဟာ အနှစ်အပြည့်အဝ ရှိကြလေရဲ့။ ရှားသားဆိုတာမျိုးဟာ အင်မတန်မှ မာကျောလှပါပေရဲ့။ သံတုံး၊ သံမဏိအလား မာကျောတာကြောင့် သင့်နှုတ်သီးတွေကို ဒုက္ခပေးပါလိမ့်မယ်”

လို့ ပြောဆို တားမြစ်သတိပေးပါတယ်။ ဒါပေမဲ့ ကလန္ဒဟာ နားမဝင်ခဲ့ပါဘူး။

“အဆွေ ခဒိရ၊ ငါဟာ သင့်လို ငှက်အမျိုးအစားပါပဲ။ ဘာလို့ ဒုက္ခရောက်ရမှာတဲ့လဲ”

လို့ ပြောဆိုပြီး နေရာက ရုတ်ခနဲ ထပျံသွားရင်း ခဒိရရဲ့ အတုကို ယူလို့ ရှားပင်တုံးကို နှုတ်သီးနဲ့ ပေါက်ပါတော့တယ်။ အဲသည်အခါ အရှိန်နဲ့ပေါက်တာ ဖြစ်တဲ့အတွက် မာကျောလှတဲ့ ရှားသားအနှစ်ကြောင့် ကလန္ဒရဲ့ နှုတ်သီးဟာ သွင်သွင်ကျိုးသွားပါတော့တယ်။ မျက်လုံးအစုံလည်း ပြူးထွက်လာပါတော့တယ်။ အဲသည်နောက် ရပ်တည်မနေနိုင်တော့ဘဲ အရှိန်နဲ့ဆောင့်မိလို့ ဦးခေါင်းကွဲအက်ပြီး မြေပြင်ပေါ်ကို ဖုတ်ခနဲ ပြုတ်ကျသွားပါလေရော။ အဲသည်အချိန်မှာ ခဒိရ ရောက်လာတာနဲ့ အားယူလို့ ခေါင်းထောင်ထရင်း–

“အဆွေ ခဒိရ၊ ငါဟာ နှုတ်သီးနဲ့ တစ်ချက်တည်းသာ ပေါက်ရပါသေးတယ်။ အဲသည်လောက် ကလေးနဲ့တင် ငါ့နှုတ်သီးတွေဟာ သွင်သွင်ကြီးကို ကျိုးရပါပကောလား။

www.burmeseclassic.com



ဒါအပြင်ဆောင့်မိလို့ဦးခေါင်းလည်းကွဲရပြန်ပါသေးတယ်။ သည်အပင်ဟာ ဆူးတွေလည်းရှိတယ်။ သေးယေ်တဲ့ အရွက်ကလေးတွေလည်း ရှိနေတယ်။ မာကျောလိုက်တာကလည်း လွန်ပါရောလား။ ငါ ကျင်လည်ကျက်စားတဲ့ အရပ်ဒေသက ကသစ်ပင်တို့လို၊ လက်ပံပင်တို့လို မဟုတ်ပါလား။ အဲဒါ ဘာအပင် ဖြစ်ပါသလဲ ခဒိရ”

လို့ မေးပါတယ်။ သည်တော့ ခဒိရလည်း–

“အဆွေ ကလန္ဒ၊ ငါနဲ့ ငှက်အမျိုးအစားတူပေမဲ့ သင်နဲ့သင့်လျော်လျောက်ပတ်တဲ့ အရပ်ဒေသမဟုတ်တဲ့ဆီမှာ သင်က အစွမ်းပြတော့ ဒုက္ခဖြစ်ရတာပေါ့။ သင်ဟာ အနှစ်မရှိတဲ့ ကသစ်တော၊ လက်ပံတောတွေမှာသာ ကျင်လည်ကျက်စားဖူးတာပါ။

ယခု သင်ကြုံတွေ့ရတဲ့အပင်ဟာ အနှစ်ရှိပြီးအင်မတန် မာကျောတဲ့ ရှားပင်ပါပဲ။ ဒါ့ကြောင့် သင့်ရဲ့ နှုတ်သီးကျိုးရတာပေါ့။ သင့်ရဲ့ ဦးခေါင်းကွဲရတာပေါ့။

အဆွေ ကလန္ဒ၊ လောကမှာ ဘယ်သူဘယ်ဝါ ဘယ်သတ္တဝါမဆို ကိုယ်နဲ့ သဟဇာတဖြစ်တဲ့၊ သင့်လျော်လျောက်ပတ်တဲ့ အရပ်ဒေသမှာ နေရပါတယ်။ ကျင်လည် ကျက်စားရပါတယ်”

ခဒိရ အဲသည်လို ပြောဆုံးနေတုန်းမှာပဲ ကလန္ဒဟာ မရှုမလှ သေပွဲဝင်သွားခဲ့ရပါပြီကောလေ။

❒

www.burmeseclassic.com

www.burmeseclassic.com

# (၂)
# မင်္ဂလာရှိသော ကောင်းကျိုးရလဒ်

**ပုဗ္ဗေ စ ကတပုညတာ၊**
**စေတံ မင်္ဂလ’ မုတ္တမံ။**

*ရှေး၌ ပြုဖူးသော*
*ကောင်းမှုကံ အထူးရှိခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးတုန်းက သာဝတ္ထိပြည်ကြီးမှာ တရားစောင့်ကြတဲ့ ဓမ္မိက အမည်ရှိ ဥပါသကာတို့ဟာ ငါးရာမျှလောက် ရှိကြပါသတဲ့။ အဲသည် ဥပါသကာတွေမှာ တစ်ဦး တစ်ဦးကို ငါးရာမျှလောက် ဥပါသကာအခြံအရံတွေ ရှိကြတယ်ဆိုပဲ။ ဥပါသကာအားလုံးရဲ့ အကြီးအကဲကတော့ ‘မဟာဓမ္မိက’ ဆိုသူ ဖြစ်ပါတယ်။

အဲသည် မဟာဓမ္မိက ဥပါသကာမှာ သားခုနစ်ယောက်၊ သမီးခုနစ်ယောက်တို့ ရှိကြပါတယ်။ ဥပါသကာကြီးရဲ့ မယား နဲ့တကွ သားသမီးတစ်ဆယ့်လေးယောက်၊ ဥပါသကာကြီးအပါ အဝင် မိသားစု တစ်ဆယ့်ခြောက်ယောက်စလုံးဟာ သံဃာတွေရဲ့

www.burmeseclassic.com



ဝတ်ကို အလှည့်ကျ ဆောင်ရွက်ကြပါသတဲ့။ မဟာဓမ္မိကဟာ ဇနီးမယား၊ သမီးသားတို့နဲ့အတူ သံဃာ့ဝတ်များ ဆောင်ရွက်ရင်း ဒါန၊ သီလ၊ ဘာဝနာတွေ ပွားများလာလိုက်တာ တစ်နေ့မှာတော့ မမျှော်လင့်ဘဲ ရောဂါဝေဒနာ စွဲကပ်ခံစားရပြီး ပြင်းထန်လှလွန်းတဲ့အတွက်–

"ငါဟာ သည်ရောဂါဝေဒနာကြောင့် အသက်ရှင်လမ်း မရှိတော့ဘူး"

လို့ သူကိုယ်သူ သိလိုက်ပါပြီ။ သည့်အတွက် ဘုရားရှင်ထံ ရဟန်းတွေ စေလွှတ်ပေးဖို့ရာ လူလွှတ်ပြီး လျှောက်ထားတောင်းခံစေခဲ့ပါတယ်။ ဘုရားရှင်စေလွှတ်တဲ့ ရဟန်းတော်တွေ ရောက်လာကြတဲ့အခါ

"အရှင်ရဟန်းတို့၊ တပည့်တော်ကို သုတ္တန်ဒေသနာတော်ကို ရွတ်ဖတ် ချီးမြှောက်ပေးတော်မူကြပါဘုရား"

လို့ လျှောက်ကြား တောင်းပန်တော်မူပါသတဲ့။

သည်အခါ ရဟန်းတို့လည်း သတိပဋ္ဌာန်သုတ္တန်ဒေသနာတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြပါတယ်။

အဲသည်တုန်းမှာပဲ နတ်ပြည်ခြောက်ထပ်ကနေ သိန္ဓဝတ် နတ်မြင်းတစ်ထောင်ကတဲ့ နတ်ရထားခြောက်စင်းတို့ဟာ မဟာဓမ္မိက ဥပါသကာရဲ့ အိမ်ကောင်းကင်ထက်မှာ ရပ်ခဲ့ကြတယ်။ ပြီးတော့ ရထားထိန်းနတ်သားတို့ဟာ မဟာဓမ္မိက ဥပါသကာထံ လာရောက်လို့ နတ်ပြည်လိုက်ခဲ့ဖို့ရာ ပင့်ဆောင်ကြပါတယ်။ နတ်သားတွေကလည်း နတ်ပြည်ရဲ့ သာယာပုံ အစုံစုံကို ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



ကြပြီး သူ့ရထားပေါ်တက်ပါ၊ ငါ့နတ်ရထားပေါ်တက်ပါနဲ့ မဟာခမ္မိကဥပါသကာကြီးကို ပင့်ဆောင်ကြပါတယ်။ သည်အချိန်မှာ မဟာခမ္မိကလည်း တရားနာယူနေတုန်း အနှောင့်အယှက်မဖြစ်လိုတာနဲ့ ရထားထိန်းနတ်သားတွေကို–

"အို… ခဏနေပါဦး။ ခဏလောက် နေစမ်းပါဦး"

လို့ နှုတ်ကနေ စကားသံ လွှတ်ခနဲ ထွက်သွားမိပါတယ်။

သည်လိုမျိုး မဟာခမ္မိကရဲ့ နှုတ်ကနေ လွှတ်ခနဲ ထွက်လာတဲ့ စကားသံကို ကြားရတော့ ရဟန်းတွေကလည်း သူတို့ ရွတ်ဖတ်ချီးမြှောက်နေမှုကို ရပ်ခိုင်းတယ်ထင်မှတ်ပြီး ဆက်လက်မရွတ်ဖတ်တော့ဘဲ ရပ်နားလိုက်ကြပါတယ်။ သည်အခါ သားသမီးအပေါင်းက–

"ငါတို့ရဲ့ ဖခင်ကြီးဟာ ရှေးက ပြုဖူးတဲ့ ကောင်းမှုအထူးရှိခဲ့သူဖြစ်ပါတယ်။ ဒေသနာတော် ရွတ်ဖတ်ပြီဆိုရင် နာကြားရတာကို ဘယ်အခါမှ ရောင့်ရဲနိုင်ခြင်း မရှိခဲ့ပါဘူး။ ခုတော့ ဖခင်ကြီးကိုယ်တိုင် ရွတ်ဖတ်စေခြင်း ဖြစ်ပါလျက် ရုတ်ချည်းနှုတ်က အသံထွက်လို့ တားမြစ်တာဟာ သေဘေးကို ထိတ်လန့်ကြောက်ရွံ့လို့ပဲ ဖြစ်လိမ့်မယ်"

ရယ်လို့ တွေးတောမိပြီး ဝမ်းပမ်းတနည်း ငိုကြွေးကြပါတယ်။ သည်လို အနေအထားကြောင့် ရဟန်းတော်တွေလည်း ကျောင်းကို ပြန်ကြွသွားခဲ့ကြတာပေါ့။ အဲသည်အချိန်မှာ မဟာခမ္မိကဟာ ရုတ်တရက် သတိပြန်လည်လာခဲ့တယ်။ သည်အခါ သားသမီးတွေ ငိုကြွေးနေကြတာကို တွေ့ရတော့–

www.burmeseclassic.com

www.burmeseclassic.com



"အို... သားတို့၊ သမီးတို့၊ ဘာကြောင့် ငိုကြွေးနေကြတာလဲကွယ်။ ဖခင် ပင့်ဖိတ်ထားတဲ့ ရဟန်းတွေလည်း မရှိကြတော့ပါကလား"

လို့ မေးလိုက်တယ်။

သည်တော့ သားသမီးအပေါင်းတို့က–

"အို... ဖခင်၊ ဖခင်ဟာ ရဟန်းတော်တို့ ရွတ်ဖတ်သရဇ္ဈာယ်နေကြတာကို 'ခဏလေးနေပါဦး၊ ခဏလောက်နေစမ်းပါဦး' လို့ တားမြစ်တဲ့အတွက် ရဟန်းတော်တွေလည်း ရွတ်ဖတ်သရဇ္ဈာယ်ရာကနေရပ်ပြီး ကျောင်းတော်ကို ပြန်ကြွသွားပါပြီ"

"အို... လွဲကုန်ပြီ၊ လွဲကုန်ပြီ ဖခင်ဟာ ရဟန်းတော်တွေ ရွတ်ဖတ်နေတာကို ခဏနေပါဦးလို့ တားမြစ်တာ မဟုတ်ရပါဘူးကွယ်"

"အို... ဖခင်၊ ဒါဆိုရင် ဖခင်ဟာ ဘယ်သူတွေကို တားမြစ်နေရတာတဲ့လဲ ဘယ်သူတွေနဲ့ စကားပြောနေရတာတဲ့လဲ"

သားသမီးတွေဟာ ဖခင်ကြီး မဟာဓမ္မိကအပေါ် အထင်လွဲနေကြတယ်။ သည်တော့ မဟာဓမ္မိကလည်း အဖြစ်မှန်ကို ရှင်းပြပါတော့တယ်။

"သားတို့ သမီးတို့... ဖခင်တို့အိမ်ရဲ့ ကောင်းကင်ထက်မှာ နတ်ပြည်ခြောက်ထပ်က လာတဲ့ နတ်ရထားခြောက်စင်းတို့ ရပ်တံ့နေကြပါတယ်။ အဲသည်မှာ နတ်

www.burmeseclassic.com



ရထားထိန်းတို့ဟာ ဖခင်ကို သူတို့နဲ့ ပတ်သက်တဲ့ နတ်ပြည် အထပ်တွေကို လုယက်ခေါ်ငင်နေလို့ ဖခင်က တရားနာ နေတာ မပြတ်သေးတာမို့ ခဏနေပါဦး ခဏကလေး ဆိုင်းပါဦးလို့ ပြောဆိုမိတာပါ”

သား၊ သမီးတွေဟာ အိမ်အပြင်ဘက်ထွက်ပြီး ကောင်းကင် ထက် ကြည့်ကြတော့ ဘာဆိုဘာမျှ မမြင်ကြ၊ မတွေ့ကြပါဘူး။

“အို... ဖခင်၊ နတ်ရထားတွေကို မတွေ့မမြင်ရပါဘူး။ သူတို့ ဘယ်မှာရှိကြလို့လဲ”

“သားတို့၊ သမီးတို့ ကောင်းကင်ထက်မှာ ရှိနေပါ တယ်။ သားတို့သမီးတို့ မယုံကြည်ကြဘူးဆိုရင် လက်တွေ့ ပြပါမယ်။ သားတို့မှာ ပန်းကုံးတွေ ရှိကြပါသလား”

“ရှိပါတယ် ဖခင်”

“ဟုတ်ပြီ သည်လိုဆိုရင် နတ်ပြည်ခြောက်ထပ်မှာ ဘယ်နတ်ပြည်ဟာ အကောင်းဆုံးဖြစ်သလဲကွယ်”

“အို... ဖခင်၊ တုသိတာနတ်ပြည်ဟာ နတ်ပြည် ခြောက်ထပ်မှာ အကောင်းဆုံးဖြစ်ပါတယ်”

“သားတို့သမီးတို့၊ အဲသလိုဆိုရင် ‘တုသိတာနတ်ပြည် မှလာသော ရထားဦး၌ ဤပန်းကုံးသည် ငြိပါစေသတည်း’ လို့ အဓိဋ္ဌာန်ပြီး စေလွှတ်ကြပေတော့၊ ကောင်းကင်မှာ ပန်းကုံးကြီး တွဲလွဲချိတ်တဲ့ နေရာဟာ တုသိတာနတ်ပြည် က လာတဲ့ နတ်ရထားရဲ့ နေရာပဲဖြစ်ပါတယ်”

သည်လိုလည်း ဆိုလိုက်ရော သားသမီးအပေါင်းတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com



အမိဋ္ဌာန်ပြုလို့ ပန်းကုံးကို ကောင်းကင်ထက် လွှတ်တင်လိုက်ပါတယ်။ ပန်းကုံးဟာ ကောင်းကင်ထက် တစ်နေရာကိုရောက်တော့ တွဲလွဲဆွဲလို့ နေပါသတဲ့။ နတ်ရထားကိုတော့ မမြင်ကြရပါဘူး။ သည်မှာတင် ဖခင်ကြီး မဟာဓမ္မိက ဥပါသကာက–

"သားတို့၊ သမီးတို့ ဖခင်ဟာ တုသိတာနတ်ပြည်ကို လိုက်ပါသွားပါတော့မယ်။ စိုးရိမ်ပူဆွေးငိုကြွေးခြင်း မဖြစ်ကြပါနဲ့။ ငါ ဖခင်လိုပဲ ကောင်းမှုအထူးကို ပြုကြပါ။ ရှေး၌ ပြုဖူးတဲ့ ကောင်းမှုအထူးရှိသူဟာ ကျက်သရေမင်္ဂလာရှိတာနဲ့ အမျှ ကောင်းကျိုးရလဒ်ကို ခံစားရတတ်ပါတယ်။ ဖခင်ကို သာဓကေယူပါ"

လို့ ပြောဆိုပြီး ကွယ်လွန်ခဲ့ပါတယ်။

မဟာဓမ္မိကဥပါသကာလည်း တုသိတာနတ်ပြည်ရောက်တဲ့အခါ လှပတင့်တယ်တဲ့ အဆင်းအသွင်နဲ့ နတ်သမီးတစ်ထောင် ခြံရံပြီး ယူဇနာနှစ်ရာ့ငါးဆယ်ရှိ ရတနာခုနစ်ပါးစီခြယ်ရာ ဘုံဗိမာန်ကြီးမှာ စံစားနေရပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

# (၆)

# ရသေ့ပျက်

**အတ္တသမာ ပဏိဓိစ၊**
**ဧတံ မင်္ဂလ' မုတ္တမံ၊**
*မိမိ၏ ကိုယ်, စိတ်နှစ်ပါးကို*
*ကောင်းစွာစောင့်ထိန်းနိုင်ခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးအခါတုန်းက တောအရပ်မှာရှိတဲ့ ဂူတစ်ဂူမှာ ခိုမင်းဟာ ခိုအပေါင်းတို့ ခြံရံပြီးနေပါတယ်။

သည်အချိန်မှာ မထင်မရှားတဲ့ ရသေ့တစ်ပါးဟာလည်း ခိုမင်းနဲ့တကွ ခိုအပေါင်းတို့နေကြတဲ့ ဂူနဲ့ မနီးမဝေးမှာ ပစ္စန္တရာဇ် ရွာတစ်ရွာကို အမှီပြုပြီး ကျောင်းသခ်မ်းဆောက် နေထိုင်ပါတယ်။

ခိုမင်းဟာ ရံဖန်ရံခါ ရသေ့ထံသွားလို့ ဖူးမြော်ရင်း တရားနာယူလေ့ ရှိပါတယ်။ အဲသည်ရသေ့ဟာ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်သူဖြစ်လို့ လူအပေါင်းက

www.burmeseclassic.com

www.burmeseclassic.com



သာမက တောတွင်းနေ ခိုမင်းအပါအဝင် ကျေးငှက်တိရစ္ဆာန် အပေါင်းကလည်း ကြည်ညိုကြတာပေါ့။ ရသေ့လည်း ကာလ အတန်ကြာ သီတင်းသုံးပြီးတဲ့နောက် အရပ်တစ်ပါးကို ထွက်ခွာ သွားခဲ့တာ ပြန်ရောက်မလာတော့ပါဘူး။

တစ်နေ့မှာတော့ ရှင်ရသေ့ နေထိုင်သီတင်းသုံးခဲ့တဲ့ ကျောင်း သင်္ခမ်းရှိရာကို ရသေ့တစ်ပါး ရောက်လာခဲ့ပါတယ်။ အဲသည် ရသေ့ဟာ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်းနိုင်သူ မဟုတ်တဲ့အပြင် သီလကင်းမဲ့ပြီး ကောက်ကျစ်စဉ်းလဲသူလည်း ဖြစ်ပါတယ်။ ဒါကို မသိသေးတဲ့အတွက် ခိုမင်းလည်း ခိုအပေါင်း ခြံရံလို့ အဲသည်ရသေ့ရဲ့ ကျောင်းသင်္ခမ်းကို သွားရောက်ပြီး ဆည်းကပ်ပါတယ်။ နောက် ကျောင်းသင်္ခမ်း ဝန်းကျင်မှာ ကျင်လည်ကျက်စား အစာရှာဖွေစားသောက်ပြီး မိမိတို့နေထိုင် ရာဂူကို ပြန်ပါတယ်။

ကောက်ကျစ်စဉ်းလဲတဲ့ရသေ့လည်း အဲသည်ကျောင်းသင်္ခမ်း မှာ နေလာခဲ့တာ ကာလအတော်တောင် ကြာမြင့်ခဲ့ပါပြီ။

တစ်နေ့မှာတော့ ရွာသူရွာသားတွေဟာ ခိုသားကိုကောင်းမွန် စွာ ချက်ပြုတ်လို့ ရသေ့ကို လာရောက်လှူဒါန်းကြပါတယ်။ ရသေ့လည်း ခိုသားမှန်းမသိ စားသောက်ကြည့်တော့ အင်မတန် ကို စွဲလမ်းနှစ်သက်သွားပါတော့တယ်။

"ဒါယကာတို့ ငါ့ကို ကပ်လှူတဲ့ အသားဟာ ဘာ အသားပါလိမ့်"

"ရှင်ရသေ့ အဲဒါ ခိုသားဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရသေ့လည်း ဒကာတွေ ပြောဆိုတာကို မှတ်ထားပြီး စိတ်ထဲမှာလည်း

"ငါ့ရဲ့ ကျောင်းသင်္ခမ်းကို ခိုတွေ လာရောက်ကျက်စားလေ့ရှိကြတယ်။ ဒီခိုတွေကို ရိုက်သတ်ပြီး စားသောက်ရရင်တော့ သိပ်ကို ကောင်းလိမ့်မယ်"

လို့ ကြံစည်မိခဲ့ပါတယ်။ ဒါနဲ့ပဲ ဆန်၊ နို့ဓမ်း၊ နို့ရည်စတာတွေကို ယူဆောင်ခဲ့ပြီး ကျောင်းသင်္ခမ်းတစ်ဝိုက် သင့်လျော်နေရာအချို့မှာ ထားပါတယ်။ လက်ရိုက်တံတုတ်ကို သင်္ကန်းနဲ့ ဖုက်ပြီး ခိုတွေအလာကို ကျောင်းအဝမှာ စောင့်ဆိုင်းနေပါတော့တယ်။

ခိုမင်းဟာ ထုံးစံအတိုင်း ခိုအပေါင်းကိုခြံရံပြီး ကျောင်းသင်္ခမ်းကို သွားတဲ့အခါ ကောက်ကျစ်စဉ်းလဲတဲ့ရသေ့ရဲ့ အမူအရာပျက်နေပုံကို အကဲခတ်မိပါတယ်။

"သည်ရသေ့ရဲ့ အမူအရာဟာ ခါတိုင်းနဲ့ မတူတာအမှန်ပဲ။ အမူအရာတွေ ပျက်နေတယ်။ ငါတို့ရဲ့ အသားကိုစားဖို့ ကြံစည်နေသလား မသိဘူး။ အကဲခတ်စုံစမ်းရမယ်"

လို့ဆုံးဖြတ်ပြီး ခိုအပေါင်းကို ခေါ်ယူလို့ ကျောင်းသင်္ခမ်းဝန်းကျင်က ပြန်ထွက်သွားပါတယ်။

ရသေ့ပျက်ဟာ ခိုတွေကို မတွေ့မမြင်ရလေတော့ ခိုတွေနဲ့ အကျွမ်းဝင်အောင် ကြံဆောင်ပြီး အနားကိုကပ်လာရင် သတ်စားမယ်ဆိုတဲ့ အကြံနဲ့–

"အို... သန္တာရောင်အဆင်းနဲ့ တူတဲ့ မျက်စိပိုင်ရှင် ခိုအပေါင်းတို့...

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ နှစ်ကာလ ရှည်လျားကြာမြင့်တဲ့တိုင်အောင် သည် ကျောင်းသင်္ခမ်းမှာ နေထိုင်သီတင်းသုံးခဲ့ပါတယ်။ ရှေးအခါက အသင်ခိုအပေါင်းတို့ဟာ ယုံမှားသံသယမရှိဘဲ ငြိမ်သက်စွာနဲ့ ငါလက်လှမ်းမီရာထိတိုင် လာခဲ့ကြလေရဲ့၊ ခုအခါကျတော့ အသင်ခိုတို့ဟာ ဘာအကြောင်းကိစ္စကို မြင်လို့ အရပ်တစ်ပါးကို ပျံသန်းသွားကြပါသလဲ။

အသင်ခိုအပေါင်းတို့၊ သင်တို့ဟာ ငါ့ကို ရှေးကလို မမှတ်ကြတော့ဘူးလား။ ငါနဲ့ ကြာမြင့်စွာနေခဲ့ကြပြီးမှ ငါ့ကို မသိသယောင် ဘာလို့များ ပြုကြပါလိမ့်”

အဲသည်လို ပြောဆိုပြီး ခိုတွေ ကျက်စားနေရာနောက်ကို လိုက်ခဲ့ကြပါတယ်။ ရသေ့ရဲ့ ပြောဆိုတဲ့ စကားကို ကြားရတော့ ခိုမင်းလည်း–

“အို… ကောက်ကျစ်စဉ်းလဲတဲ့ ရသေ့ပျက်။ ငါတို့ဟာ သင့်စိတ်ဓာတ်ကို သိကြရပါပြီ။ သင်ဟာ ရှေးအရင် သူတော်စင်ရသေ့လို ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းတဲ့သူ မဟုတ်ဘူး။ ငါတို့ဟာ မိုက်မဲတွေဝေကြတဲ့ ခိုတွေ မဟုတ်ဘူး။ သင်နဲ့ ကြာရှည်နေလာတာနဲ့အမျှ သင့်အကြောင်းကို တစ်စ တစ်စ သိလာကြပြီပဲ။ သင်ဟာ ငါတို့ ခိုအမျိုးတွေ စိတ်နဲ့ပြစ်မှားခဲ့တယ်။ ဒါ့ကြောင့် သင့်ကို ငါတို့ ကြောက်လန့်ပြီး ဖယ်ခွာလာခဲ့ကြတာပေါ့”

လို့ ပြောလိုက်ပါတယ်။ သည်အခါ ရသေ့ပျက်လည်း သူ့ရဲ့ ကောက်ကျစ်စဉ်းလဲမှုကို ခိုအပေါင်းတို့ သိသွားကြပြီ

www.burmeseclassic.com



ဖြစ်တဲ့အတွက် သင်္ကန်းနဲ့ ဖုံးအုပ်ထားတဲ့ လက်ရိုက်တံတုတ်ကို ဆွဲထုတ်လို့ ခိုအုပ်ထဲကို လှမ်းပစ်လိုက်ပါတော့တယ်။ သတိဝီရိယ ရှိတဲ့ ခိုအပေါင်းလည်း ကျွမ်းကျင်စွာနဲ့ ရှောင်တိမ်းလိုက်ကြပါ တယ်။ သည်အခါ ခိုမင်းလည်း–

"ဟယ်... ယုတ်မာကောက်ကျစ်တဲ့ ရသေ့ပျက်၊ သင် ပစ်လိုက်တဲ့ လက်ရိုက်တံတုတ်ဟာ လွဲချော်သွားခဲ့ပါပြီ။ ဒါပေမဲ့ သင်ဟာ အပါယ်ငရဲနဲ့တော့ လွဲချော်လိမ့်မှာ မဟုတ် ပါဘူး။ တကယ်လို့ သင်ဟာ သည်ကျောင်းသခ်မ်းမှာ ဆက်နေဦးမယ်ဆိုရင် ရွာသူရွာသားတို့ကို သင့်ရဲ့ယုတ်မာ ကောက်ကျစ်မှုအပေါင်းကို ပြောဆိုပြီး သင့်ကို သတ်စေရပါ လိမ့်မယ်"

လို့ ခြောက်လှန့်ပြောဆိုလိုက်ပါတယ်။

သည်အခါ ကောက်ကျစ်စဉ်းလဲတဲ့ ရသေ့ပျက်လည်း ကြောက်ရွံ့ထိတ်လန့်ပြီး ကျောင်းသခ်မ်းမှာ ဆက်မနေဝံ့တော့ဘဲ အရပ်တစ်ပါးကို ထွက်ပြေးရပါတော့တယ်။

တကယ်တော့ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထိန်းသိမ်း ခြင်း မရှိတဲ့သူဟာ အများရဲ့ စက်ဆုတ်ရွံ့ရှာမှုကို ခံရမယ်ဆိုတဲ့ သာဓကပါပဲ။

❐

www.burmeseclassic.com

## (၇)
## အကြားအမြင်များစွာ မင်္ဂလာ

**ဗာဟုသစ္စဉ္စ၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**
*အကြားအမြင်*
*ဗဟုသုတများပြားခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးသရောအခါ ကာလတစ်ခုတုန်းက ဖြစ်ပါတယ်။

ပုဏ္ဏားလုလင်တစ်ယောက်ဟာ အရွယ်ရောက်လာတော့ တက္ကသိုလ်ပြည်ရှိရာကိုသွားပြီး ဒိသာပါမောက္ခဆရာကြီးထံမှာ အတတ်ပညာတွေကို သင်ယူခဲ့ပါတယ်။ ပညာစုံတဲ့အခါ မိမိရဲ့ အရပ်ဒေသကိုပြန်ပြီး အိမ်ရာထူထောင်ပါသတဲ့။

သည်လိုနဲ့ နှစ်ပရိစ္ဆေဒ အတော်ကလေးကြာညောင်းတော့ လူ့ဘောင်ကို ငြီးငွေ့လာခဲ့တဲ့အတွက် တောထွက်ပြီး ရသေ့ရဟန်း ပြုပါတယ်။

ကမ္မဋ္ဌာန်းတရားတွေကို ကြိုးစားပြီး အားထုတ်တဲ့အခါမှာ တော့ ဈာန်၊ အဘိညာဉ်တို့ ရခဲ့ပါသတဲ့။ ဟိမဝန္တာအရပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ခြင်း၊ သွားခြင်းဆိုတဲ့ ဣရိယာပုတ်နှစ်ခုနဲ့ပဲ အချိန်တွေကုန်လွန်စေပြီး ညဥ့်အခါမှာ အိပ်စက်ခြင်းမပြုပါဘူး။ စင်္ကြံပဲ သွားလေ့ရှိပါတယ်။

ရှင်ရသ့စင်္ကြံလျှောက်လေ့ရှိတဲ့အနီးမှာ သစ်ပင်ကြီးတစ်ပင်ရှိပြီး အဲသည်သစ်ပင်ကြီးမှာ ရုက္ခစိုးနတ်သမီးတစ်ပါး နေထိုင်ပါတယ်။ ရုက္ခစိုးနတ်သမီးဟာ သီလသမာဓိရှိရုံမက 'အကြားအမြင် ဗဟုသုတ' များတဲ့ ရသေ့ကို လွန်စွာမှ ကြည်ညိုပါသတဲ့။

တစ်နေ့မှာတော့ ရုက္ခစိုးနတ်သမီးဟာ ရှင်ရသ့စင်္ကြံကြွလာတဲ့နေရာကို ရောက်ရှိသွားပြီး–

"အို... ရှင်ရသေ့ တပည့်တော်မ သိချင်တာတွေရှိလို့ မေးလျှောက်ပါရစေဘုရား" လို့ ပဋိသန္ဓာရစကားကိုဆိုရင်း

"အရှင်ရသေ့... အဘယ်သူဟာ နိုးနေပါသလဲ။ တပည့်တော်မ မေးတဲ့ပြဿနာကို သိပါရင် ဖြေကြားပေးတော်မူပါဘုရား"

လို့ လျှောက်ထားမေးမြန်းတော်မူပါသတဲ့။ သည်အခါမှာ အကြားအမြင် ဗဟုသုတများတဲ့ ရှင်ရသေ့ဟာ–

"အို... ရုက္ခစိုးနတ်သမီး၊ ငါဟာ နိုးနေတဲ့ ရဟန္တာတွေထဲမှာ အိပ်ပျော်နေတဲ့သူ ဖြစ်ပါတယ်။ အိပ်ပျော်နေတဲ့ ပုထုဇဉ်တွေထဲမှာ နိုးနေတဲ့သူ ဖြစ်ပါတယ်။ ဒါဟာ သင်မေးတဲ့ ပြဿနာရဲ့ အဖြေပါပဲ ရုက္ခစိုးနတ်သမီး"

လို့ ဖြေကြားတော်မူပါတယ်။ အဲသည်အခါ ရုက္ခစိုးနတ်သမီးလည်း ထပ်မံမေးလိုတဲ့အတွက်–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ရသေ့… အရှင်ရသေ့ဟာ နိုးနေတဲ့သူတွေထဲမှာ ဘာကြောင့်အိပ်ပျော်နေတဲ့သူ ဖြစ်ရပါသလဲ။ အိပ်ပျော်နေတဲ့သူ တွေထဲမှာ ဘာကြောင့်များ နိုးနေတဲ့သူဖြစ်ရပါသလဲ။

အရှင်ရသေ့… အရှင်ရသေ့ဟာ ဘာကြောင့် တပည့်တော်မ မေးတဲ့ပြဿနာကို သိရပါသလဲ။ ဘာကြောင့် တပည့်တော်မရဲ့ ပြဿနာကို ဖြေဆိုနိုင်ပါသလဲ"

ဆိုပြီး မေးမြန်းတော်မူပါတယ်။

"အို… ရက္ခစိုးနတ်သမီး၊ မင်္ဂဖြင့်လာတဲ့သီလ၊ ဣန္ဒြိယသံဝရသီလ၊ လောကုတ္တရာကိုးပါးကို မသိတဲ့ပုထုဇဉ်တွေဆိုတာ အိပ်ပျော်ခြင်းဖြင့် မေ့လျော့နေသူတွေ ဖြစ်ကြပါတယ်။ အဲသည်လူတွေထဲမှာ ငါဟာ နိုးနေတဲ့သူပဲပေါ့။

အို… ရက္ခစိုးနတ်သမီး၊ ရာဂ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတွေ ကင်းစင်ကုန်တဲ့ ရဟန္တာတွေဆိုတာ နိုးတဲ့သူတွေဖြစ်ကြပါတယ်။ သည်လို နိုးနေကြတဲ့ ရဟန္တာတွေထဲမှာ ငါဟာ အိပ်ပျော်နေတဲ့သူပါ။ အိပ်ပျော်နေကြတဲ့ ပုထုဇဉ်တွေအထဲမှာတော့ ငါဟာ နိုးကြားနေတဲ့သူပေါ့။ သည်လိုနဲ့ ငါဟာ သင်မေးတဲ့ပြဿနာကို သိပါတယ်။ သည်လိုနဲ့ ငါဟာ သင်မေးတဲ့ပြဿနာကို ဖြေဆိုနိုင်ပါတယ်"

သည်သို့သော အဖြေစကားကို ကြားရလေတော့ ရုက္ခစိုးနတ်သမီးအဖို့ လွန်စွာမှ နှစ်သက်သွားခဲ့တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အို… ပညာရှိ အရှင်ရသေ့။ ကောင်းလှပါပေရဲ့။ အကြားအမြင်ဗဟုသုတများပြီး မင်္ဂလာရှိလှပါပေရဲ့။ အရှင်ရသေ့ဟာ နိုးနေတဲ့ ရဟန္တာတွေထဲမှာ အိပ်စက်နေတယ်။ အိပ်ပျော်နေတဲ့ ပုထုဇဉ်တွေထဲမှာ နိုးကြားနေတယ်။ လွန်စွာမှ နှစ်သက်ဖွယ် ကောင်းလှတဲ့ အဖြေပါပဲဘုရား"

ရက္ခစိုးနတ်သမီးလည်း အကြားအမြင် ဗဟုသုတများပြားတဲ့ ပညာရှိရှင်ရသေ့ကို ကြည်ညိုစွာ ဖူးမြင်ပြီးတဲ့နောက် မိမိရဲ့ဂူဗိမာန်တွင်းကို ပြန်လည်ဝင်သွားပါတော့တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

(၈)

# ပန်းဘဲဆရာနှင့် အသည်းကညာ

**သိပ္ပဉ္စ၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**
*စက်မှု၊ လက်မှု*
*အတတ်ပညာတို့ကို တတ်မြောက်ခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးတုန်းက ရွာငယ်ကလေးတစ်ရွာမှာ ဆင်းရဲတဲ့ ပန်းဘဲသမားလင်မယားနှစ်ယောက် ရှိကြပါတယ်။ သူတို့မှာ သားတစ်ယောက် ထွန်းကားလာပါတယ်။ သားလုလင်ဟာ အရွယ်ရောက်လာတဲ့အခါမှာ ပန်းဘဲအတတ်ကို သင်ယူပါသတဲ့။

လုလင်ဟာ ပန်းဘဲပညာကို အခြားသူတွေနဲ့မတူ၊ အထူးကိုကြိုးစားသင်ယူတဲ့အတွက် ပန်းဘဲပညာမှာတော့ အတော့်ကိုထူးချွန်သူဖြစ်ပါတယ်။ သူ့လက်က ထွက်တဲ့လက်ရာတွေဆိုရင် မနှစ်သက်တဲ့သူ ဘယ်သူမှမရှိဘူးတဲ့။ ဓား၊ လှံတွေကအစ အပ်တိုအထိ သံထည်ပစ္စည်းအမျိုးမျိုးတို့ကို ခိုင်ခိုင်ခံ့ခံ့၊ လက်ရာမြောက်၊ ထူးကဲစွာ ပြုလုပ်နိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဘဲလုလင်နေထိုင်ရာ ရွာအနီးမှာတော့ အိမ်ခြေတစ်ထောင်ရှိတဲ့ ပန်းဘဲရွာကြီးရှိပါတယ်။ အဲသည်ရွာရဲ့ အကြီးအကဲ ပန်းဘဲဆရာကြီးမှာ သမီးပျိုကလေးတစ်ယောက် ရှိပါတယ်။ အဆင်းကလည်းလှပ၊ အပြောအဆို၊ အနေအထိုင်၊ အမူအရာ တွေကလည်း ယဉ်ကျေးလေတော့ မိန်းမပျိုကလေးရဲ့ ဂုဏ်သတင်းကောင်းဟာ ပျံ့နှံ့လို့နေတာပေါ့။ သည်သတင်းအကြား နဲ့တင် လုလင်ပျိုဟာ မိန်းမပျိုကလေးအပေါ်ကို မေတ္တာသက်ဝင်ချစ်ခင်စိတ်တွေ ဝင်နေမိတယ်ဆိုပဲ။ ဒါ့ကြောင့်လည်း သူဟာ

"ငါ့အနေနဲ့ ငါရဲ့ပညာအစွမ်းကိုပြလို့ မိန်းမပျိုကို ရအောင် ဆောင်ကြဉ်းရမယ်"

လို့ ကြံစည်နေမိပါတော့ တယ်။

အဲဒါနဲ့ သူဟာ အလွန်ကောင်းတဲ့သံနဲ့ အလွန်တရာသေးငယ်တဲ့ အပ်တစ်ချောင်းကို ပြုလုပ်ပါတော့တယ်။ အပ်မှာ နဖားထွင်းပြီး ရေပေါ်မှာ ပေါ်အောင် စီမံပြုလုပ်ပါတယ်။ အဲသည်နောက် အဆိုပါအပ်နဲ့အလားတူတဲ့ အပ်ထည့်တဲ့ အပ်အိမ်ကို ပြုလုပ်ပြန်ပါတယ်။ အပ်အိမ်ပြီးစီးသွားတဲ့အခါ အပ်ကို အပ်အိမ်ထဲ ထည့်ပါတယ်။

ပထမအပ်အိမ်ကို ဒုတိယအပ်အိမ်အတွင်း ထည့်ပါတယ်။ သည်လိုနဲ့ အပ်အိမ်များစွာ ပြုလုပ်တဲ့အခါ အပ်အိမ်ပေါင်း ခုနစ်ခုတောင် ဖြစ်လာတယ်ဆိုပဲ။ အားလုံးပြီးပြီဆိုတာနဲ့ အပ်အိမ်ကို အပ်ကျည်တောက်တွင်းမှာထည့်လို့ ပန်းပဲရွာကြီးရှိရာ ထွက်လာခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျိုဟာ ပန်းဘဲရွာကိုဝင်ပြီး ပန်းဘဲဆရာကြီးရဲ့ အိမ်ရှေ့ကို ရောက်တော့–

"အပ်ရောင်းဖို့ပါတယ် အပ်ရောင်းဖို့ပါတယ်"

လို့ အဆက်မပြတ် အော်ဟစ်ပါလေရော။

သည်အချိန်မှာ မိန်းမပျိုလေးဟာ ဖခင်ပန်းဘဲဆရာကြီး အနားမှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး ယပ်ခပ်ပေးနေပါတယ်။ အိမ်ရှေ့က တစာစာ အပ်ရောင်းမယ့်အကြောင်း ကြားနေရတော့ မိန်းမပျိုလေးဟာ အသာထသွားပြီး ချိုချိုသာသာပြောဆိုလိုက် ပါသတဲ့။

"အို… မောင်ကြီးရှင့်၊ သည်ရွာဟာ ပန်းဘဲရွာဆိုတာ မသိဘူးလား။ အခြားရွာတွေက အပ်အလိုရှိတယ်ဆိုရင် သည်ရွာကိုလာပြီး အပ်ဝယ်ကြရပါတယ်။ သည်တော့ မောင်ကြီးရဲ့အပ်ကို တခြားရွာတွေ သွားပြီးရောင်းဖို့ မသင့် ဘူးလားရှင်"

"အို… နှမငယ်၊ သည်ရွာမှာ ကျွမ်းကျင်တဲ့ ပန်းဘဲ သမားတွေ နေထိုင်ကြတယ်ဆိုတာ မောင်ကြီးကောင်းစွာ သိပါတယ်။ ဒါပေမဲ့ မောင်ကြီးရဲ့အပ်ဟာ နှမငယ်တို့ ပန်းဘဲရွာက အပ်တွေနဲ့ လုံးဝမတူပါဘူး။ သိပ်ကို ထူးခြား လှပါတယ်။ ဒါ့ကြောင့်လည်းပဲ နှမငယ်တို့ရွာကို လာပြီး ရောင်းရဲတာပေါ့။ မောင်ကြီးရဲ့အပ်ကို နှမငယ်ရဲ့ဖခင် ပန်းဘဲဆရာကြီးသာ တွေ့မြင်လိုက်ရရင် မောင်ကြီးရဲ့ပညာ ကို ချီးမွမ်းပြီး နှမငယ်နဲ့တောင် လက်ဆက်ပေးလိမ့်ဦးမယ် ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လုလင်ပျို့နဲ့ မိန်းမပျိုတို့ အချီအချပြောဆိုနေကြတဲ့ စကားကို ပန်းဘဲဆရာကြီးကြားသွားတော့ လုလင်ပျိုကို အိမ်ထဲ ခေါ်စေလိုက်ပါတယ်။ လုလင်ပျိုရောက်လာတဲ့အခါ–

"အမောင် သင့်ရဲ့ အပ်ကိုပြပါ"

လို့ ဆိုလိုက်တယ်။

"အို... ဖခင်၊ ဖခင်တစ်ဦးတည်း ကြည့်ရှုအကဲခတ်တာထက် အခြားပန်းဘဲဆရာတွေကို ခေါ်ပြီး ကြည့်ရှုအကဲခတ်တာ ကောင်းပါလိမ့်မယ်"

ဒါနဲ့ပဲ ဆရာကြီးဟာ အနီးအပါးမှာရှိကြတဲ့ ပန်းဘဲဆရာတွေကို ခေါ်လိုက်တယ်။ အိမ်တစ်အိမ်လုံး ပန်းဘဲဆရာတွေ ပြည့်သွားတဲ့အခါမှာတော့ လုလင်ပျိုလည်း အပ်ကျည်တောက်ကို ဆရာကြီး လက်ထဲ ထည့်လိုက်ပါတယ်။ ပန်းဘဲဆရာကြီးဟာ ကျည်တောက်ထဲကနေ အိပ်အိမ်ငယ်ကို ထုတ်လိုက်တယ်။

"အမောင်... ဒါဟာ အပ်လားကွယ့်"

"အပ် မဟုတ်သေးပါ ဖခင်၊ အပ်အိမ်မျှသာ ဖြစ်ပါတယ်"

ပန်းဘဲဆရာကြီးနဲ့တကွ ပန်းဘဲဆရာ အပေါင်းလည်း အပ်အိမ်ကို သေချာစွာ ကြည့်ရှုစစ်ဆေးလိုက်ကြတယ်။ အားလုံးရဲ့ မျက်နှာတွေမှာ အံ့ဩနေတဲ့ အမူအရာတွေဆိုတာ အထင်းသားပါပဲ။ အပ်အိမ်ဟာ နဖားပါနေတဲ့အတွက် အပ်အိမ်နဲ့ မတူပါဘူး။ အပ်လို့ပင် ထင်မှတ်ရတယ်။ ဒါ့အပြင် အပ်အိမ်လို့ ဆိုရလောက်အောင်လည်း အဖုံးကို မတွေ့ရပါဘူး။ အဆက်၊ အရာ၊

www.burmeseclassic.com



အကြောင်းတွေကိုလည်း မတွေ့ရတော့ တော်တော်လေးကို တအံ့တဩ ဖြစ်နေကြတာပေါ့။

အဲသည်အခိုက်မှာ လုလင်ပျိုဟာ ပန်းဘဲဆရာကြီးလက်ထဲက အပ်အိမ်ကို ယူပြီး လက်သည်းနဲ့ ခြစ်လိုက်ပါတယ်။ အပ်အိမ် ခုနစ်ခုကို တစ်ခုပြီးတစ်ခု ချွတ်ပြတယ်။ နောက်ဆုံးမှာမှ အပ်ငယ်ဟာ ပေါ်ထွက်လာတော့တယ်။

"အို... ဖခင်၊ ဒါဟာ အပ်ပါပဲ"

သည်တော့ အားလုံးဟာ "အို..." "ဟာ..." "ဟင်..." "ဟယ်..." "အလိုလေး..." ဆိုပြီး အံ့အားတသင့် အမေဒိုက်သံတွေ ဖြစ်လာကြတယ်။ လုလင်ပျိုဟာ သည်မျှနဲ့ ရပ်မတံ့ပါဘူး။ မိမိရဲ့ အပ်အစွမ်းကို ပြဖို့အတွက်–

"အို... နှမငယ်၊ မောင်ကြီးကို ပေခုံရယ်၊ ရေအပြည့် ထည့်ထားတဲ့ ကြေးခွက်ရယ်ကို ယူလာပေးပါ"

လို့ တောင်းခံလိုက်တယ်။ တောင်းခံတဲ့ ပစ္စည်းတွေ ရောက်လာတဲ့အခါ လုလင်ပျိုက ပန်းဘဲဆရာတစ်ဦးကို

"နောင်ကြီး ပေခုံကို ကိုင်ထားပေးပါ။ ကျန်တစ်ဦးက ပေခုံရဲ့ အောက်မှာ ကြေးခွက်ကို ခံထားပေးပါ"

လို့ ပြောဆိုလိုက်တယ်။ အားလုံး အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ လုလင်ပျိုဟာ သူ့အပ်ကို ပေခုံမှာစိုက်လို့ တူနဲ့ တအားထုချလိုက်တယ်။ သည်အခါ အပ်ဟာ ပေခုံကို ထုတ်ချင်းပေါက် ဖောက်ထွင်းပြီး ရေခွက်ထဲကို ထောက်ခနဲ ကျသွားတော့တယ်။ ကျတဲ့နေရာမှာလည်း ရေအောက်ကို ရောက်မသွား၊ ရေမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပြင်မှာလည်း ပေါ်မနေ ရေအလယ်တည့်တည့်မှာပဲ နေပါသတဲ့။ သည်အခါမှာ ပန်းဘဲဆရာအပေါင်းက–

"အဆွေတို့... ငါတို့ဟာ သည်မျှလောက်ကောင်းမွန်တဲ့ အစွမ်းထက်လှတဲ့ အပ်မျိုးကို လုပ်တတ်ဖို့ဝေးလို့ မြင်တောင်မှ မြင်ဖူးကြတာ မဟုတ်ဘူး။ ခုမှသာ ကံကောင်းလို့ မြင်တွေ့ကြရတယ်"

လို့ ဝန်ခံပြောဆိုပြီး လုလင်ပျိုကို ချီးမွမ်းထောမနာပြုကြပါတယ်။ လက်ပမ်းပေါက်ခတ်ပြီး ဂုဏ်တင်ပြောဆိုကြပါတယ်။ ပန်းဘဲဆရာကြီးလည်း လုလင်ပျိုရဲ့ တည်ကြည်မြင့်မြတ်တဲ့ ဥပဓိရုပ်၊ ပညာအစွမ်းကို နှစ်သက် သဘောကျမိလို့ သမီးပျိုနဲ့ ကြည်ကြည်ဖြူဖြူ လက်ဆက်ပေးလိုက်ပါသတဲ့။

ဒါ့ကြောင့် စက်မှုလက်မှုအတတ်ကို ထူးချွန်စွာတတ်မြောက်ထားခြင်းဟာ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးလို့ ဆိုကြတာပဲ မဟုတ်ပါလား။

❐

www.burmeseclassic.com

www.burmeseclassic.com

(၉)

## အလိမ္မာကြီးစွ သမင်မ

**ဝိနယော စ သုသိက္ခိတော၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**

*လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို*
*ကောင်းစွာသင်ကြား၊ လိုက်နာခြင်းသည်*
*မြတ်သော မင်္ဂလာဖြစ်၏။*

လွန်လေပြီးသော ရှေးသရောအခါကာလတုန်းက တောအုပ်တစ်ခုမှာ သမင်ရှစ်သောင်းတို့ကို ကြီးမှူးအုပ်ချုပ်တဲ့ သမင်မင်း ရှိပါတယ်။

သမင်မင်းဟာ အဆင်းသဏ္ဌာန်လှပပြီး ကြည်ညိုဖွယ် အဆင်းရှိပါတယ်။ အဲသည်လိုပဲ သမင်မင်းရဲ့ မယားသမင်မ ဟာလည်း နုပျိုလှပပြီး ကြည်ညိုဖွယ် ရှုချင်ဖွယ်ဖြစ်ပါသတဲ့။

တစ်နေ့မှာတော့ဖြင့် တောလိုက်မုဆိုးတွေဟာ သမင်တွေကို ဖမ်းယူဖို့ရာအတွက် သမင်တို့သွားရာလမ်းမှာ ကျော့ကွင်းကို ထောင်ထားကြပါတယ်။ အဲသည်ကာလမှာပဲ သမင်မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



သမင်အပေါင်းတို့ရှေ့ကနေ ဦးဆောင်သွားတဲ့အခါမှာ မမျှော်လင့်ဘဲ ခြေကို ကျော့ကွင်းမိပါတော့တယ်။ သည့်အတွက် ကျော့ကွင်း ပြတ်တောက်ဖို့အရေး ဆွဲငင်ရုန်းကန်ကြည့်ပါတယ်။ မရပါဘူး။ အရေပြားတွေသာ လန်ပြီး ပြတ်ထွက်လာကြတယ်။ ခွဲမလျှော့သေးဘဲနဲ့ နောက်တစ်ခါ ဆွဲငင်ရုန်းကန်ကြည့်တဲ့အခါ အကြောတွေဟာ ပြတ်ထွက်ကုန်ပါတယ်။ ဒါ့ကြောင့် ကျော့ကွင်းမှ လွတ်လိုလွတ်ငြား ထပ်မံပြီး ဆွဲငင်တဲ့အခါ အရိုးကို ထိပြန်တယ်။

သမင်မင်းအဖို့ ကျော့ကွင်းက လွတ်မြောက်အောင် ဘယ်လိုမှ မတတ်နိုင်တာမို့ သေရမယ့်ဘေးက ထိတ်လန့်ပြီး–

"သမင်အပေါင်းတို့ ပြေးကြလွှားကြလော့။ ငါ့ကို ကျော့ကွင်းမိနေပြီ"

လို့ အော်ဟစ်သတိပေးပါတော့တယ်။ သမင်အပေါင်းတို့လည်း သမင်မင်းရဲ့ အော်ဟစ်သတိပေးသံကို ကြားတာကြောင့် ကြောက်ရွံ့ထိတ်လန့်စွာနဲ့ ဘေးလွတ်ရာကို ပြေးလွှားရှောင်တိမ်းကြပါတော့တယ်။ အဲသည်အခါ မယားသမင်မလည်း ပြေးလွှားနေကြတဲ့ သမင်တွေကို ကြည့်လိုက်တဲ့အခါမှာ လင်ယောကျ်ားသမင်မင်းကို မတွေ့မမြင်ရလေတော့–

"သေဘေးနဲ့ တွေ့ကြုံနေရသူက ငါ့ချစ်လင်သမင်မင်းပဲ ဖြစ်ရမယ်"

လို့ တွေးဆပြီး ကျော့ကွင်းမှာ မိနေတဲ့ သမင်မင်းရှိရာကို ပြေးသွားပါတော့တယ်။ ချစ်လင် သမင်မင်းနား ရောက်တဲ့အခါမှာတော့–

www.burmeseclassic.com

www.burmeseclassic.com



"ချစ်လင်... သမင်မင်း၊ ကျော့ကွင်းမှ ရုန်းထွက်နိုင်ဖို့ရာ ဆွဲပါလော့ ဖြတ်ပါလော့။ ချစ်လင် မရှိဘဲနဲ့တော့ အကျွန်ုပ်အဖို့ ဤတောဌ် တစ်ကောင်ထီးတည်း ပျော်မွေ့သက်ရှင်မနေနိုင်ပါဘူး"

လို့ ပြောဆိုတိုက်တွန်း အားပေးပါတယ်။ အဲသည်အခါ သမင်မင်းလည်း–

"ရှင်မ...ငါဟာ သင်ပြောဆိုတဲ့အတိုင်း ကျော့ကွင်းက လွတ်မြောက်ဖို့ရာအတွက် ဆွဲပါတယ်၊ ရုန်းပါတယ်။ ဒါတင်မက ပြင်းထန်တဲ့ အားအင်တွေသုံးပြီး မြေပြင်ကို ကန်ကျောက်ကြည့်ပါသေးတယ်။

ရှင်မ... အဲသည်အခါမှာ ငါ့ခြေထောက်က အရေတွေ အသားတွေ၊ အကြောတွေဟာ စုတ်ပြတ်ပြီး အရိုးထိတိုက် အသည်းခိုက်မျှကို နာကျင်မှုဝေဒနာပြင်းပြလွန်းလှပါက လားကွယ်"

လို့ ပြောဆိုပါတယ်။

"အရှင်... သည်လိုဆို မစိုးရိမ်ပါနဲ့တော့။ အကျွန်ုပ်ဟာ 'လူနဲ့ဆိုင်တဲ့ ကျင့်ဝတ်တွေ' ကို ကောင်းစွာလေ့လာ သင်ကြား တတ်မြောက်ထားပါတယ်။ သည့်အတွက် ကိုယ်စွမ်း ဉာဏ်စွမ်းတွေ အသုံးချပြီး မုဆိုးလက်က အရှင့် အသက်ကို ချမ်းသာရာ ရစေပါ့မယ်။ တကယ်လို့ မရခဲ့ဘူးဆိုရင်တောင်မှ အရှင်ရှေ့ကနေ အကျွန်ုပ် ရဲရဲကြီး သေပွဲဝင်ပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သမင်မလည်း အဲသလို ပြောဆိုပြီးတဲ့နောက် သမင်မင်းကို မှီစေပါတယ်။ သမင်မင်းလည်း သမင်မကို မှီထားရင်းကနေ အန္တရာယ်ကို စောင့်ကြိုနေပါတော့တယ်။

မကြာခင်မှာပဲ မုဆိုးဟာ ဓားလှံတို့ကို ကိုင်ဆောင်ရင်း ကျော့ကွင်းထောင်ထားရာဆီကို လာနေခဲ့ပါပြီ။

သည်မြင်ကွင်းကို မြင်တွေ့လိုက်ရတဲ့ သမင်မဟာ သမင်မင်းကို ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိရအောင် အားပေးစကားဆိုပြီးတဲ့နောက် လူနဲ့ဆိုင်တဲ့ကျင့်ဝတ်တွေကို ကောင်းကောင်းကြီး အသုံးချပါတော့တယ်။ အနားကို မုဆိုးရောက်လာပြီဆိုတာနဲ့ လူတွေ ခရီးဦးကြိုသလိုမျိုး ကြိုဆိုပြီး ဝပ်စင်းရှိခိုးလိုက်တယ်။

"အရှင်မုဆိုး၊ အရှင့်ရဲ့ ကျော့ကွင်းမှာ အမိခံနေရတဲ့ ရွှေသမင်မင်းဟာ အကျွန်ုပ်ရဲ့လင်ဖြစ်ပြီး အကျင့်သီလနဲ့ ပြည့်စုံပါတယ်။ ရှစ်သောင်းလေးထောင်ကုန်သော သမင်အပေါင်းတို့ရဲ့ မင်းလည်းဖြစ်ပါတယ်။ သည့်အတွက် အကျွန်ုပ်ရဲ့ လင်ကို အသက်ချမ်းသာပေးတော်မူပါ။

အရှင်မုဆိုး... အကျွန်ုပ်ရဲ့လင် အသက်သေရမယ်ဆိုရင်ဖြင့် ပေါက်ဖက်တွေကို ခင်းလိုက်ပါ။ အကျွန်ုပ်လည်း ခင်းပေးပါ့မယ်။ ဓားကိုထုတ်ပြီး အကျွန်ုပ်ကို ဦးစွာ သတ်ပါ အရှင်"

သမင်မဟာ လူတို့ဘာသာစကားနဲ့ ပြောဆိုတယ်ဆိုရင်ပဲ မုဆိုးဟာ အံ့အားတသင့် ဖြစ်သွားရတယ်။ စိတ်ထဲမှာလည်း—

"လူဖြစ်တဲ့မိန်းမတွေဆိုရင် လင့်အတွက် မိမိရဲ့အသက်

www.burmeseclassic.com

www.burmeseclassic.com



ကို မစွန့်လွှတ်ကြဘူး။ သည်သမင်မကျတော့ တိရစ္ဆာန်ဖြစ်ပါလျက်နဲ့ လင့်အတွက် အသက်ကို စွန့်ရဲရှာပါတကား။ ပြီးတော့ လူတွေရဲ့ အပြုအမူ၊ လူတွေရဲ့ကျင့်ဝတ်၊ လူတွေရဲ့ ဘာသာစကားနဲ့ သာယာချောင်စွာ ပြောဆိုတတ်ပါပေတယ်။ ဒါ့ကြောင့် ငါဟာ သည်ကနေ့မှာတော့ဖြင့် သမင်မကိုရော၊ သမင်မင်းကိုပါ လွှတ်ပေးလိုက်တော့မယ်"

လို့ ကြံစည်မိပါတယ်။ ဒါနဲ့ပဲ

"အလိမ္မာကြီးမားလှပါတဲ့ သမင်မ၊ ငါဟာ ရှေးတုန်းက ယခုလိုမျိုး လူတို့ရဲ့အပြုအမူ၊ လူတို့ရဲ့ ကျင့်ဝတ်၊ လူတို့ရဲ့ ဘာသာစကားနဲ့ ချောင်စွာပြောဆိုတတ်တဲ့ သမင်မဆိုတာကို ကြားလည်းမကြားဖူးသလို မြင်လည်းမမြင်ဖူးပါဘူး။ ခုတော့ ကြားလည်း ကြားရပြီ။ မြင်လည်း မြင်ရပြီ။ သည့်အတွက် သင်လည်း ချမ်းသာရာ ရစေရပါမည်။ သင့် ချစ်လင် သမင်မင်းလည်း ချမ်းသာရာရစေရပါမည်"

လို့ ဖြောကြားပြီး သမင်မကို နှစ်သိမ့်မှု ပေးပါတယ်။ အဲသည်နောက် ရွှေသမင်မင်း မိနေတဲ့ဆီက ကျော့ကွင်းကို ဖြတ်တောက်လို့ မနာမကျင်ရအောင် အသာဖြည်ပေးပါတယ်။ ရရှိတဲ့ ဒဏ်ရာတွေကိုလည်း ဆုပ်နယ်ပေးပါတယ်။ အဲသည်အခါ သမင်မရဲ့ ပါရမီအာနုဘော်၊ မုဆိုးရဲ့ မေတ္တာအာနုဘော်၊ သမင်မင်းရဲ့ အကျင့်သီလ အာနုဘော်တို့ကြောင့် ဝေဒနာတွေ သက်သာ ပျောက်ကင်းသွားကြရပါတယ်။ အဲသည်အခါ သမင်မလည်း–

www.burmeseclassic.com

www.burmeseclassic.com



"အို...မုဆိုး၊ အကျွန်ုပ်ဟာ ယနေ့ကစလို့ ကျော့ကွင်းမှ လွတ်မြောက်လာတဲ့ သမင်မင်းကို မြင်ရတဲ့အတွက် နှစ်သက်ဝမ်းမြောက်ရပါတယ်။ ထို့အတူပါပဲ။ အသင်မုဆိုးဟာလည်း မိသားစု ဆွေမျိုးဉာတိ အလုံးစုံတို့နဲ့တကွ နှစ်သက်ဝမ်းမြောက်ပါစေ"

ဆိုပြီး မုဆိုးအပေါ် ကောင်းချီးပေးပါတယ်။ အဲသည်အခါ သမင်မင်းလည်း–

"သည်မုဆိုးဟာ ငါ့အပေါ် ကျေးဇူးပြုခဲ့သူဖြစ်ပေတယ်။ ငါလည်းပဲ မုဆိုးကို ပြန်လည် ကျေးဇူးပြုရပေလိမ့်မယ်"

လို့ နှလုံးသွင်းပြီး မိမိကျက်စားရာအရပ်မှာ တွေ့မြင်ခဲ့ရတဲ့ ပတ္တမြားတုံးတစ်တုံးကို ပေးလိုက်ပါတယ်။ ပြီးတော့–

"အသင်... မုဆိုး၊ ယနေ့မှစလို့ သူတစ်ပါးအသက်ကို မသတ်ဖြတ်ပါနဲ့တော့။ ပတ္တမြားတုံးကို ရောင်းချလို့ မိသားစုနဲ့တကွ ကောင်းမွန်စွာ အသက်မွေးပါလော့"

ဆိုပြီး သမင်မနဲ့အတူ တောအုပ်တွင်း ဝင်သွားပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

# (၁၀)
# ဝါစာပီယ နှစ်လိုကြ

**သုဘာသိတာ စ ယာဝါစာ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**

*ချိုသာယဉ်ကျေးစွာ*
*ပြောဆိုခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ဟိုး... ရှေးသရောအခါတုန်းကပေါ့။

တက္ကသိုလ်ပြည်မှာ ပုဏ္ဏားတစ်ယောက်ရှိပါသတဲ့။ အဲသည် ပုဏ္ဏားမှာ အလှူခံလို့ရလာတဲ့ နွားငယ်တစ်ကောင်ရှိပြီး သား အရင်းနဲ့မခြား ချစ်မြတ်နိုးလွန်းတာကြောင့် ‘နန္ဒိဝိသာလ’ ရယ် လို့ အမည်ပေးထားခဲ့ပါတယ်။ ပုဏ္ဏားကြီးဟာ နန္ဒိဝိသာလကို အရိပ်တကြည့်ကြည့်နဲ့ မွေးမြူစောင့်ရှောက်ခဲ့တယ်။ သူတတ် နိုင်တဲ့ ယာဂုထမင်းကို တယုတယ ကျွေးမွေးခဲ့တယ်။

သည်လိုပဲ အချိန်ကာလတွေ ရွေ့လျားလာတာနဲ့အမျှ နန္ဒိဝိ သာလနွားငယ်လည်း တဖြည်းဖြည်း ကြီးပြင်းလာခဲ့ပြော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အချိန်မှာပဲ နန္ဒိဝိသာလဟာ ကျေးဇူးရှင်ပုဏ္ဏားကြီးအပေါ် ကျေးဇူးပြန်ဆပ်လိုစိတ်တွေ ဝင်လာခဲ့တယ်။

"သည်ဖခင်ပုဏ္ဏားကြီးဟာ ငါ့ကို ဆင်းရဲပင်ပန်းစွာနဲ့ လုပ်ကျွေးခဲ့သူဖြစ်တယ်။ ဟောသည်ဇမ္ဗူဒီပါ မြေမဟီလွှာမှာ ငါ့လောက် အားကောင်းမောင်းသန်တဲ့ နွားဆိုတာ ဘယ်မှာတဲ့လဲ။ ငါ့ရဲ့ အင်အားအစွမ်းနဲ့ ပုဏ္ဏားရဲ့ မွေးကျေးဇူး၊ ကျွေးကျေးဇူးတွေကို ပြန်ဆပ်ရမယ်"

အဲသည်လို ကြံစည်မိပြီးတဲ့နောက် ပုဏ္ဏားကြီးထံ သွားခဲ့တယ်။

"အို... ဖခင်၊ ဂေါဝိန္ဒသူဌေးထံသွားပါ။ သူဌေးထံရောက်တဲ့အခါ–

'အရှင်သူဌေး၊ ကျွန်ုပ်ရဲ့နွား နန္ဒိဝိသာလဟာတစ်ဆက်တစ်စပ်တည်း ဖွဲ့ချည်ထားတဲ့ လှည်းတစ်ရာကို တစ်ကောင်တည်းနဲ့ ရုန်းနိုင်ပါတယ်။ အဲဒါကို မယုံကြည်ဘူးဆိုရင် အသာပြာတစ်ထောင်ကြေး လောင်းလိုပါတယ်'

လို့ ပြောလိုက်ပါ ဖခင်"

ဆိုပြီး အသေအချာမှာကြားပြီး လွှတ်လိုက်ပါတယ်။

ပုဏ္ဏားကြီးလည်း သိပ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါတယ်။ ဂေါဝိန္ဒသူဌေးထံ ရောက်တော့ နန္ဒိဝိသာလမှာကြားတဲ့အတိုင်း ပြောဆိုလိုက်ပါသတဲ့။ ဂေါဝိန္ဒသူဌေးကြီးလည်း 'ဒါဟာ မဖြစ်နိုင်တာပဲ၊ ငါလောင်းရင် ငါပဲနိုင်မှာ' ဆိုပြီး သဘောတူတာနဲ့ လောင်းတမ်းပြိုင်ပွဲကြီး ဖြစ်လာတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်ပြိုင်ပွဲသတင်းကို ကြားသိရတဲ့အခါ ပရိသတ်ဆိုတာ ကြက်ပျံမကျကို လာရောက်ကြည့်ရှုကြပါတယ်။ သူဌေးကြီးဟာ သူ့ရဲ့အလုပ်အကျွေးတွေကို လှည်းတစ်ရာပေါ်မှာ သဲတွေ၊ ကျောက်စရစ်တွေကို အပြည့်တင်စေတယ်။ ပြည့်တဲ့အခါ တစ်စီးနဲ့ တစ်စီးကို တစ်စပ်တည်းဆိုသလို ဖွဲ့ချည်ထားလိုက်ကြတယ်။

အဲသည်အချိန် ပုဏ္ဏားကြီးဟာ နန္ဒိဝိသာလကို ရေမိုးသန့်စင်ပေးတယ်။ ပန်းကုံးစွပ်ပေးတယ်။ ကျောပြင်ကိုလည်း အမွှေးနံ့သာတွေ လိမ်းကျံပေးတယ်။ အဲသည်နောက် ရုန်းဆွဲရမယ့် လှည်းတစ်ရာရဲ့ ထိပ်ဆုံးလှည်းရှိရာကို ခေါ်ဆောင်သွားပြီး လှည်းထမ်းပိုးတုံးမှာ တပ်ဆင်လိုက်တယ်။ ပုဏ္ဏားကြီးဟာ နှင်တံကို ကိုင်ရင်း လှည်းဦးထိပ်မှာ ထိုင်လို့ပေါ့။

အဲသည်မှာ အဆုံးအဖြတ်ပေးမယ့်သူတွေက ပြိုင်ပွဲစဖို့ အချက်ပေးလိုက်တယ်။ သည်တော့ ပုဏ္ဏားကြီးဟာ ကြိမ်တံကို တဝင့်ဝင့်လုပ်ရင်း...

"ဟယ်... ကောက်ကျစ်တဲ့နွား၊ စဉ်းလဲတဲ့နွား၊ အသုံးမကျတဲ့နွား ရုန်းပါတော့လားဟ ရုန်းပါတော့လား။ ဟယ်... အမျိုးယုတ်နွား"

ရယ်လို့ ပါးစပ်ထဲ တွေ့ကရာ ကြမ်းတမ်းရိုင်းပျတဲ့ စကားတွေ အော်ဟစ်ရေရွတ်ရင်း မောင်းပါသတဲ့။ သည်အခါ နန္ဒိဝိသာလလည်း...

"ငါဟာ ကောက်လည်း မကောက်ကျစ်၊ စဉ်းလဲခြင်းလည်း မရှိ၊ အမျိုးလည်း မယုတ်ပါဘဲနဲ့ ငါ့ကို ကောက်ကျစ်သတဲ့၊ စဉ်းလဲသတဲ့၊ အသုံးမကျတဲ့ အမျိုးယုတ်တဲ့၊

www.burmeseclassic.com



အို… နားထဲမှာ ကြမ်းတမ်းလိုက်တာ။ တော်ပြီ ငါ မရှန်းတော့ဘူး”

ရယ်လို့ ဆုံးဖြတ်ပြီး တုတ်တုတ်တောင်မှ မလှုပ်တော့ဘူးတဲ့။ အချိန်စေ့သွားတဲ့အခါမှာတော့ ဂေါဝိန္ဒသူဌေးက အနိုင်ရသွားတော့တာပေါ့။

“ကိုင်း… ပုဏ္ဏား၊ သင်ရှုံးပြီ ငါ့အား အသပြာတစ်ထောင် ပေးလော့”

သူဌေးလည်း လှောင်ပြောင် ဟားတိုက်ရယ်မောရင်း ထွက်သွားခဲ့တယ်။ ပုဏ္ဏားမှာတော့ မစားရမသောက်ရနဲ့ အသပြာတစ်ထောင် သက်သက်မဲ့ ဆုံးရှုံးသွားရတာမို့ မအိပ်နိုင်၊ မစားနိုင်၊ တပိန်ပိန်တလိမ်လိမ် ဖြစ်နေရတာပဲပေါ့။ အဲသည်အချိန်မှာ နန္ဒိဝိသာလဟာ ပုဏ္ဏားကြီးထံပါးကို ရောက်လာခဲ့တယ်။

“အို… ဖခင်ပုဏ္ဏား၊ ကျွန်ုပ် မေးပါရစေ”

“ဘာများတုံး နန္ဒိဝိသာလ”

“အို… ဖခင်၊ ကျွန်ုပ်ဟာ ဖခင်ရဲ့အိမ်မှာ နေထိုင်သမျှကာလပတ်လုံး ဘယ်ဥစ္စာတွေကို ဖျက်ဆီးခဲ့သလဲ”

“မဖျက်ဆီးခဲ့ပါဘူးကွယ်”

“နေရာမဟုတ်တဲ့ ဆီမှာကော ကျင်ကြီးကျင်ငယ်တွေ စွန့်ခဲ့ဖူးပါသလား”

“မစွန့်ခဲ့ဖူးပါဘူးကွယ်”

“အဲသည်လို ဖြစ်ပါလျက်နဲ့ ကျွန်ုပ်ကို ကောက်ကျစ်သူ၊ စဉ်းလဲသူ၊ အသုံးမကျသူ၊ အမျိုးယုတ်သူလို့ ခေါ်ရပါသလဲ”

www.burmeseclassic.com

www.burmeseclassic.com



နန္ဒိဝိသာလက အချက်ကျကျ ပြောဆိုလာတော့ ပုဏ္ဏားကြီးလည်း ဘာမှ ခွန်းတုံ့မပြန်နိုင်တော့ပါဘူး။

"အို… ဖခင်၊ တကယ်တမ်း အပြစ်ရှိတဲ့သူဟာ အကျွန်ုပ် မဟုတ်ပါဘူး။ ဖခင်ပဲ မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် သားရယ်"

"သည်တော့ ခုပဲ သူဌေးကြီးဆီ ပြန်သွားပါ။ နှစ်ထောင်ကြေး လောင်းမယ်လို့ စိန်ခေါ်လိုက်ပါ"

နန္ဒိဝိသာလက အကျိုးသင့်အကြောင်းသင့် ပြောဆိုတော့ ပုဏ္ဏားကြီးလည်း သူဌေးကြီးထံ ပြန်သွားပါတယ်။ သူဌေးကြီးဟာ တစ်ခါနိုင်ထားတာမို့ အလွယ်တကူပဲ ပြိုင်ပွဲကို လက်ခံလိုက်ပါတယ်။

သည်လိုနဲ့ ပြိုင်ပွဲကြီး ဖြစ်လာခဲ့ပါပြီ။ ထုံးစံအတိုင်း ပရိသတ်တွေဆိုတာလည်း အုတ်အုတ်ကျက်ကျက်နဲ့ပေါ့။

ပြိုင်ပွဲစတော့မယ်ဆိုတာနဲ့ ရှေးကအတိုင်းပဲ လှည်းအစီးတစ်ရာအပြည့် ဝန်စည်တွေကို တင်တယ်။ လှည်းတွေကို တစ်ဆက်တစ်စပ်တည်း ဖွဲ့ချည်တယ်။ ပုဏ္ဏားကြီးလည်း လှည်းဦးပေါ်မှာ နေရာယူလိုက်တယ်။ အကဲဖြတ်သူတွေက ပြိုင်ပွဲစဖို့ အချက်ပေးလိုက်တာနဲ့ ပုဏ္ဏားကြီးဟာ–

"အို… ဖခင်ချစ်ရတဲ့သား၊ လိမ္မာတဲ့သား၊ ရိုးဖြောင့်တဲ့သား၊ အသုံးကျတဲ့သား၊ အမျိုးမြတ်တဲ့သား ဝန်တွေကို ဆွဲပါတော့ ရှန်းလိုက်ပါတော့သား"

ဆိုပြီး အပြောအဆိုချိုချိုသာသာ၊ ယဉ်ယဉ်ကျေးကျေး

www.burmeseclassic.com

www.burmeseclassic.com



ကလေး သုံးနှုန်းလိုက်တယ်ဆိုရင်ပဲ နန္ဒိဝိသာလဟာ အားအင်တွေ စုစည်းလို့ ရုန်းထွက်ပါတော့တယ်။

"ဟာ... လှည်းတန်းကြီး ရွေ့ပြီဟေ့"

"ဟယ်... ဟုတ်ပါရဲ့၊ မြန်လိုက်တာကွယ်"

"နန္ဒဝိသာလတဲ့... ဟေ့"

"နိုင်ပြီကွ၊ နိုင်ပြီ၊ နိုင်ပြီ"

ပရိသတ်အပေါင်းရဲ့ တစ်ခဲနက်အော်ဟစ်အားပေးသံတွေဆိုတာ နဘံမိုးလုံးထစ်ချုန်းလိုက်သလိုပါပဲ။

သည်ပွဲမှာတော့ ဂေါဝိန္ဒသူဌေးကြီးဟာ အရှုံးကြီး ရှုံးသွားခဲ့ပါပြီ။

"အို... ပုဏ္ဏားကြီး၊ သင်အနိုင်ရရှိပါပေတယ်"

လို့ ပြောဆိုပြီး အသပြာနှစ်ထောင် ပေးလိုက်ပါတော့တယ်။ အဲသည်အခါ ပရိသတ်တွေလည်း မနေသာကြတော့ပါဘူး။ နန္ဒိဝိသာလကို ချီးမွမ်းထောမနာပြုပြီး ဥစ္စာတွေ၊ အသပြာတွေ ဝိုင်းဝန်း ချီးမြှင့်လိုက်ကြတာ ပုဏ္ဏားကြီးခမျာ ချမ်းသာသွားပါတော့တယ်။

အဲသည်မှာတင် ပုဏ္ဏားကြီးလည်း 'အပြောအဆို ချိုသာယဉ်ကျေးခြင်း' ရဲ့ ကောင်းမွန်တဲ့ ရလဒ်ကို နားလည်သဘောပေါက်သွားပါတော့တယ်။

□

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

# တုံ့ပြန်ပုံတင်

**မာတာပိတု ဥပဋ္ဌာနံ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**

*အမိအဖတို့ကို*
*ကောင်းစွာ ပြုစုလုပ်ကျွေးခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးလွန်လေပြီးသောကာလက ဗာရာဏသီဆိုတဲ့ တိုင်းပြည်ကြီးမှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူပါတယ်။

အဲသည်ကာလမှာပဲ ဂိဇ္ဈကုဋ်တောင်မှာ လင်းတတစ်ကောင်ဟာ မိဘနှစ်ပါးကို ရိုသေစွာ လုပ်ကျွေးပြုစုနေပါသတဲ့။

တစ်နေ့မှာတော့ မကြုံစဖူး ထူးကဲလောက်အောင် လေပြင်းမုန်တိုင်းတွေ တိုက်ခတ်ပြီး မိုးကြီးသည်းထန်စွာ ရွာချခဲ့ပါတယ်။ သည်အခါမှာ လင်းတငှက်တွေဟာ မိုးသက်မုန်တိုင်း လေပြင်းရိုင်းရဲ့ဒဏ်ကို မခံနိုင်ကြတာမို့ ဗာရာဏသီမြို့ကို ပျံသန်းသွားကြပါတယ်။ ဗာရာဏသီမြို့အနီး၊ ကျုံးအနီးတို့မှာ နေတတ်

www.burmeseclassic.com

www.burmeseclassic.com



သလို နားခိုနေထိုင်ကြရင်းက မိုးစိုတဲ့ဒဏ်ကြောင့် တခိုက်ခိုက် ချမ်းတုန်နေကြတာပေါ့။

အဲသည်အချိန်မှာ ဗာရာဏသီသူဌေးတစ်ဦးဟာ ရေချိုး ဆိပ်ဆင်းဖို့ရာအတွက် မြို့ထဲက ထွက်လာခဲ့ပါတယ်။ မြို့တံတိုင်း အနီး၊ ကျုံးအနီးရောက်တော့ ခိုက်ခိုက်တုန်အောင် အချမ်းဒဏ် ကို ခံနေကြရရှာတဲ့ လင်းတတွေကို တွေ့မြင်မိတဲ့အခါ အတော် ကလေးကိုပဲ သနားကရုဏာ သက်ဝင်သွားခဲ့တယ်။ အဲဒါကြောင့် လင်းတအပေါင်းကို တစ်နေရာတည်းမှာစုဝေးစေပြီး မီးကိုမွှေးလို့ အချမ်းဒဏ်က သက်သာရာရဖို့အတွက် မီးလှုံစေပါသတဲ့။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။

"လင်းတတွေခမျာ သည်လို ဆိုးရွားနေတဲ့ ရာသီဥတု ထဲမှာ ဘယ်လိုလုပ်ပြီး အစာရှာဖွေနိုင်မှာတဲ့လဲ သူတို့ခမျာ ဆာလောင်နေရှာမှာပေါ့"

သည်လိုမျိုး သနားကရုဏာစိတ်နဲ့ အမဲသားတွေကို တုံးတစ် ပြီး အစာကျွေးခဲ့ပြန်ပါတယ်။

မကြာခင်မှာတော့ မိုးတွေလေတွေ ကင်းရှင်းပြီး ရာသီဥတု ဟာ ပြန်လည်ကြည်လင်လာခဲ့ပါတယ်။ ဒါ့ကြောင့် လင်းတ အပေါင်းလည်း အတောင်တွေခြောက်သွေ့၊ အာဟာရလည်း ပြည့်ဝနေပြီမို့ မူလဌာနေ ဂိဇ္ဈကုဋ်တောင်ကို ပျံသန်းသွားကြ တာပေါ့။ ဌာနေရောက်ကြတဲ့အခါ လင်းတအပေါင်း စုဝေးကြ ပြီး တိုင်ပင်ပြောဆိုကြပါတယ်။

"အဆွေတို့ ဗာရာဏသီသူဌေးဟာ ငါတို့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှိပေတယ်။ သည့်အတွက် သူ့ကျေးဇူးကို ပြန်လည်ပေးဆပ်သင့်တယ်”

“ဟုတ်တာပေါ့ ဒါကြောင့် ငါတို့ဟာ အဝတ်တန်ဆာတွေ ရလာခဲ့ရင် သူဌေးရဲ့အိမ်ပေါ်ကို ပစ်ချပေးကြမယ်”

လင်းတအပေါင်းလည်း ခြွင်းချက်မရှိ သဘောတူကြတယ်။

အဲသည်အချိန်ကစလို့ လင်းတအပေါင်းဟာ နေရာဒေသအသီးသီးကို အစာရှာဖွေထွက်ကြရင်း နေလှန်းထားတဲ့ အဝတ်တန်ဆာတွေတွေ့တာနဲ့ ပိုင်ရှင်တွေ သတိမထားမိတဲ့အချိန်ချီသုတ်ယူငင်ပြီး သူဌေးရဲ့အိမ်ပေါ်ကို ပစ်ချကြတယ်။

ဗာရာဏသီသူဌေးဟာ ရှေ့နောက်တွေးခေါ်မြော်မြင် စဉ်းစားတတ်သူ ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ လင်းတတို့ ပစ်ချပေးတဲ့ အဝတ်တန်ဆာတွေကို အမှတ်အသား ပြုလုပ်လို့ စာရင်းဇယားနဲ့တကွ မှတ်သားထားခဲ့ပါတယ်။

ပြည်သူအပေါင်းလည်း အဝတ်တန်ဆာတွေ မကြာခဏပျောက်ဆုံးနေတာကို သတိပြုမိရင်းက လင်းတတို့ လက်ချက်မှန်း သိတာနဲ့ မင်းကြီးကို သွားရောက်တိုင်ကြားကြပါလေရော။ သည်တော့ မင်းကြီးက–

“အမောင်တို့ စိတ်မပူကြပါနဲ့။ လင်းတတစ်ကောင်ကို မိအောင် ဖမ်းပြီး ငါ့ထံ ယူဆောင်လာခဲ့ကြပါ။ သင်တို့ရဲ့ အဝတ်တန်ဆာ အလုံးစုံ ပြန်ရစေရပါမယ်”

လို့ အမိန့်ပေးပြီး နှစ်သိမ့်လိုက်ပါတယ်။

အဲသည်အခါ ပြည်သူအပေါင်းလည်း လင်းတတွေကို ဖမ်းဖို့

www.burmeseclassic.com

www.burmeseclassic.com



ရာ ကျော့ကွင်းတွေကို ထောင်ကြပါတယ်။ နောက်ဆုံးမှာတော့ ကံအားလျော်စွာ လင်းတတစ်ကောင်ကို ဖမ်းမိသွားခဲ့ပါလေရော။ ဖမ်းမိတဲ့ လင်းတဟာ အမိအဖတွေကို ရှာဖွေကျွေးမွေးပြုစုနေတဲ့ လင်းတဖြစ်နေတယ်။ လူအပေါင်းလည်း လင်းတကို မင်းကြီးထံ ဆက်သဖို့ ယူဆောင်လာခဲ့ကြတုန်း လမ်းမှာ ဗာရာဏသီသူဌေးနဲ့ ဆုံပါသတဲ့။

"အဆွေတို့ ဤလင်းတကို အသက်ချမ်းသာရာ ပေးလိုက်ကြပါ"

အဲသည်လိုပြောဆိုပြီး လူအပေါင်းနဲ့အတူ မင်းကြီးထံ လိုက်ပါသွားခဲ့တယ်။ မင်းကြီးဆီရောက်တော့ လင်းတကို ဆက်သလိုက်ကြတယ်။ သည်တော့ မင်းကြီးဟာ လင်းတကို မေးမြန်းပါတယ်။

"ဟယ်... လင်းတ။ သင် အပါအဝင် လင်းတအပေါင်းဟာ ငါ့တိုင်းသူပြည်သားတွေရဲ့ အဝတ်တန်ဆာတွေကို ယူငင်ကြတယ်မဟုတ်လား"

"မှန်ပါတယ် အရှင်မင်းကြီး"

"သည်လိုဆိုရင် အဆိုပါအဝတ်တန်ဆာတွေဟာ သင်တို့ရဲ့ အစာမဟုတ်လေတော့ ဘယ်သူ့ကို ပေးသလဲ"

"အရှင်မင်းကြီး၊ အကျွန်ုပ်တို့ လင်းတတွေအပေါ် ဗာရာဏသီသူဌေးရဲ့ ကျေးဇူးဟာ သိပ်ကိုကြီးမားခဲ့ပါတယ်။ အဲသည်အတွက် တုံ့ပြန်ကျေးဇူးဆပ်တဲ့အနေနဲ့ အဝတ်တန်ဆာတွေအားလုံး သူဌေးကြီးကို ပေးကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို… အသင်လင်းတ၊ လင်းတတို့ဆိုတာ ယူဇနာတစ်ရာမက ဝေးကွာလှတဲ့အရပ်မှာရှိတဲ့ အကောင်ပုပ်ကိုတောင်မှ မြင်နိုင်စွမ်းရှိကြပါလေရဲ့။ ဒါပေမဲ့ သင်ဟာ သင့်ကို ထောင်ဖမ်းမယ့် ကွန်၊ ကျော့ကွင်း၊ ထောင်ချောက်တို့ကျတော့ ဘာကြောင့်များ မမြင်တာပါလိမ့်"

"အရှင်မင်းကြီး… သတ္တဝါတွေဆိုတာဟာ မိမိပျက်စီးရတော့မယ်အချိန်အခါ ရောက်ရင်ဖြစ်စေ၊ အသက်ခန္ဓာစဲလိုတဲ့အခါမှာဖြစ်စေ၊ မိမိတို့ကို ထောင်ဖမ်းတဲ့ ကွန်၊ ကျော့ကွင်း၊ ထောင်ချောက်တွေ အနီးကပ်ရှိနေပါစေ မမြင်ရတော့ပါဘူး"

အဲသည်လို လင်းတရဲ့ စကားကိုကြားတော့ မင်းကြီးလည်း ဗာရာဏသီသူဌေးကို မေးပါတယ်။

"အသင်… သူဌေးကြီး၊ လင်းတတွေဟာ သင့်ကို အဝတ်တန်ဆာတွေ ပေးကြတယ်ဆိုတာ အမှန်ပဲလား"

"မှန်ပါတယ် အရှင်မင်းကြီး"

"အဲသည်လိုဆိုရင် အဲသည်အဝတ်တန်ဆာတွေကို သင် ဘယ်လိုလုပ်ပါသလဲ"

"အရှင်မင်းကြီး အဲသည် အဝတ်တန်ဆာတွေကို ဥစ္စာရှင်တွေကို ပြန်ပေးဖို့ရာအတွက် စာရင်းဇယားနဲ့ မှတ်သားထားပါတယ်"

အဲသည်အခါမှာတော့ မင်းကြီးလည်း အဝတ်တန်ဆာတွေကို မူလပိုင်ရှင်တွေထံ ပြန်ပေးစေပြီး ကျေးဇူးသိတတ်တဲ့ လင်းတကို ပြန်လည်လွှတ်ပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးရဲ့ကျေးဇူးကို သိတတ်တဲ့၊ အမိအဖတွေကို ပြုစုလုပ်ကျွေးတဲ့ လင်းတဟာ ပေါ့ပါးသွက်လက်စွာနဲ့ သူ့ဌာနေဂိဇ္ဈကုဋ်တောင်ကို ပျံသန်းသွားပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

## သဖန်းပင်က အသည်းနှလုံး

**ပုဏ္ဏဒါရဿ သင်္ဟော၊**
**ဇတံ မင်္ဂလ’ မုတ္တမံ။**

*သားမယားကို ကောင်းစွာ*
*ကျွေးမွေးစောင့်ရှောက်ခြင်းသည်*
*မင်္ဂလာမည်၏။*

ဟိုး... တစ်ခါတုန်းက ဟိမဝန္တာအရပ်ရှိ ဂင်္ဂါမြစ်ကွေ့အနီး တောအုပ်တစ်ခုမှာ ဆင်ပြောင်ကြီးနဲ့မခြား အားမာန်ဆောင်နိုင်တဲ့ မျောက်မင်းဆိုတာ ရှိပါသတဲ့။

အဲသည်ဂင်္ဂါမြစ်အတွင်းမှာပဲ မိကျောင်းလင်မယားရှိပါသေးတယ်။ တစ်နေ့မှာတော့ မိကျောင်းမဟာ မျောက်မင်းကိုတွေ့မြင်သွားပြီး မျောက်မင်းနဲ့ နှလုံးသားကို စားသောက်လိုစိတ်တွေ ပြင်းပြလာပါတော့တယ်။ အဲဒါနဲ့ လင်မိကျောင်းဖိုကို–

“အရှင်... အကျွန်ုပ်ဟာ မျောက်မင်းရဲ့ နှလုံးသားကို စားသောက်လိုပါတယ်”

လို့ ပြောပြတောင်းဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မ... ငါတို့မိကျောင်းတွေဆိုတာ ရေထဲမှာသာ ကျင်လည်ကျက်စားကြရပါတယ်။ မျောက်မင်းဟာ ကုန်းမှာ ကျက်စားတဲ့သတ္တဝါ မဟုတ်လား။ သည်တော့ မျောက်မင်းကို ငါ ဘယ်လို ဖမ်းနိုင်မှာတဲ့လဲ"

"အရှင်... အကျွန်ုပ်ကို စုံမက်မြတ်နိုးတယ်ဆိုရင် ဥပါယ်တံမျဉ်နဲ့ ဉာဏ်ဆင်ပြီးဖမ်းရင် မရဘဲရှိနိုင်ပါ့မလား။ မျောက်မင်းရဲ့နှလုံးသားကို မစားရဘူးဆိုရင် အကျွန်ုပ်အဖို့ သေဖွယ်ရာသာ ရှိပါတော့မယ်"

မိကျောင်းမရဲ့ ထပ်တလဲလဲ ပူဆာပါများတဲ့အတွက် မိကျောင်းဖိုလည်း မနေသာတော့ပါဘူး။

"ရှင်မ... မစိုးရိမ်ပါနဲ့တော့။ ရှင်မရဲ့ အသက်ကို တော့ အသေမခံပါဘူး။ သည့်အတွက် မျောက်မင်းရဲ့ အသည်းနှလုံးကိုရဖို့ရာ ငါ ကြံဆောင်ပေးပါ့မယ်"

အဲသည်လို ကျေနပ်နှစ်သိမ့်စေပြီးတဲ့နောက် မျောက်မင်း ကျင်လည်ကျက်စားတဲ့ ဝန်းကျင်အနီးတစ်ဝိုက်ကို သွားရောက် ချောင်းမြောင်းနေပါတော့တယ်။

တစ်နေ့မှာတော့ မျောက်မင်းဟာ ရေသောက်ဖို့ရာအတွက် မြစ်ကမ်းစပ်ရှိရာကို ဆင်းလာခဲ့ပါတယ်။ အဲသည်အချိန် မိကျောင်းလည်း ရေထဲကနေ ဘွားခနဲ ပေါ်လာပြီး–

"အသင်... မျောက်မင်း၊ ဘာဖြစ်လို့များ ဤအရပ် ဒေသမှာ ကျင်လည်ကျက်စားနေရတာပါလိမ့်။ အသင် မျောက်မင်းနေထိုင်တဲ့ တောအုပ်မှာဆိုရင် ငှက်ပျောသီး

www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိလိမ့်မပေါ့။ ဂင်္ဂါမြစ်ရဲ့ တစ်ဖက်ကမ်းမှာဆိုရင် သရက်၊ ပိန္နဲ အစရှိတဲ့ အသီးချိုတွေ အများကြီးရှိလေရဲ့”

လို့ ပြောဆိုပါတယ်။

“အမောင်... မိကျောင်း၊ သင် ပြောဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဂင်္ဂါမြစ်ဆိုတာ ကျယ်ပြောလှတယ်။ သင်ပြောတဲ့ သရက်၊ ပိန္နဲတွေကို စားသောက်လိုပေမဲ့ ငါ့အနေနဲ့ တစ်ဖက်ကမ်းကို ကူးဖြတ်နိုင်ဖို့ရာ ဘယ်လိုလုပ်ဖြစ်မှာ တဲ့လဲ”

“အို... အသင်မျောက်မင်း၊ သည့်အတွက်တော့ မပူပါ လေနဲ့။ ငါဟာ အသင်မျောက်မင်းကို မြင်လျှင်မြင်ချင်း ခင်မင်လေးစားမိပါတယ်။ သည့်အတွက် တစ်ဖက်ကမ်းကို သွားချင်တယ်ဆိုရင် ငါ့ကျောပေါ်ကို တက်လိုက်ပါ။ သင့် အပေါ် စေတနာမေတ္တာထားလို့ ပို့ဆောင်ပေးပါ့မယ်”

“ဒါဆိုရင် အဆင်ပြေတာပေါ့”

မျောက်မင်းလည်း သဘောရိုးနဲ့ ပြောတယ်ထင်မှတ်ပြီး မိကျောင်းရဲ့ ကျောပေါ် တက်လိုက်ပါတယ်။ အတန်ငယ် သွားမိပြီး ရေလယ်လောက် ရောက်တဲ့အခါ မိကျောင်းက မျောက်မင်းကို ရေနက်ထဲနစ်ဖို့ လုပ်ပါတော့တယ်။

“အို... အသင်မိကျောင်း၊ ငါ့ကို ဘာကြောင့် ရေထဲနစ် ရလေသလဲ”

“မျောက်မင်း... ငါဟာ သင့်ကို သဘောရိုးနဲ့ သယ်ဆောင်လာခဲ့တာ မဟုတ်ဘူး။ ငါ့မယားမိကျောင်းမ

www.burmeseclassic.com

www.burmeseclassic.com



ဟာ သင့်ရဲ့အသည်းနှလုံးကို စားသောက်ချင်တယ်လို့ ပူဆာတဲ့အတွက် ငါ့မယားစားသောက်ဖို့ရာ သင့်ကို သယ်ဆောင်လာခဲ့ခြင်းဖြစ်တယ်"

အဲသည်လို ဆိုလိုက်တဲ့အခါ မျောက်မင်းလည်း အသက်အန္တရာယ်က လွတ်မြောက်ဖို့ရာ ကြံစည်စိတ်ကူး တွေးတောပါတော့တယ်။ အဲသည်နောက် အကြံရတာနဲ့-

"အဆွေမိကျောင်း... သင်တို့ဟာ ငါတို့မျောက်အမျိုးအနွယ်ရဲ့သဘောသဘာဝကို မသိကြဘူးလား။ သင့်မယားစားလိုတဲ့ ငါတို့ရဲ့ အသည်းနှလုံးဆိုတာဟာ ရင်ထဲမှာရှိမနေကြပါဘူး။ ငါတို့ဟာ သစ်ပင်တစ်ပင်နဲ့ တစ်ပင်ဟိုတိုးသည်လွှားနဲ့ မရပ်မနား ပြောင်းဆန်အောင် ဆော့ကစားကြတဲ့အတွက် ရင်ထဲမှာသာရှိနေရင် မှုန့်မှုန့်ညက်ညက်ကြေသွားပါလိမ့်မယ်"

လို့ ပြောလိုက်တယ်။ သည်တော့ မျောက်မင်းရဲ့ပရိယာယ်ကို မရိပ်စားမိတဲ့ မိကျောင်းက မေးပါတယ်။

"အသင်မျောက်မင်း... သည်လိုဆိုရင်ဖြင့် သင်တို့မျောက်တွေရဲ့ အသည်းနှလုံးကို ဘယ်နေရာမှာများ သွားထားပါသလဲ"

အဲသည်အခါ မျောက်မင်းလည်း အနီးမှာတွေ့မြင်ရတဲ့ ရေသဖန်းပင်ကို လက်ညှိုးထိုးပြလိုက်တယ်။ မျောက်မင်းလက်ညှိုးထိုးညွှန်ပြတဲ့ သဖန်းပင်မှာတော့ အသီးတွေ၊ အပွင့်တွေက ပြွတ်သိပ်လို့ပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"အဆွေမိကျောင်း… တွေ့ပါရဲ့လား။ ငါ ညွှန်ပြတဲ့ ရေသဖန်းပင်မှာ တွဲလျားကျနေတာတွေဟာ ငါတို့မျောက်တွေရဲ့ အသည်းနှလုံးတွေပါပဲ။ ငါတို့မျောက်တွေဆိုတာ မွေးဖွားပြီးပြီးချင်း အသည်းနှလုံးတွေကို ရေသဖန်းပင်မှာ ချိတ်ဆွဲထားကြရတယ်။ ဒါကြောင့် ဘယ်လောက်ပဲ ပြောင်းဆန်အောင် ဆော့ပေမဲ့ ဘာဆိုဘာမျှ မဖြစ်ကြတာပေါ့"

အဲသည်လိုဆိုလိုက်တော့ တွေးခေါ်မြော်မြင် ဆင်ခြင်ဉာဏ်နည်းပါးတဲ့ မိကျောင်းဟာ မျောက်မင်းရဲ့စကားကို အကြွင်းမဲ့ ယုံကြည်သွားခဲ့တယ်။ အဲဒါကြောင့်ပဲ–

"အသင်… မျောက်မင်း၊ အဲသည်လိုဆိုရင် သင့်ရဲ့ နှလုံးသားကို ပေးပါ"

"ဒါဆိုရင် ငါ့ကို မြစ်ကမ်းစပ် ပြန်ပို့ပေးပါ"

"စိတ်ချပါ ခုပဲ ပို့ပေးပါ့မယ်"

"ဟုတ်ပြီ၊ မြစ်ကမ်းစပ်ရောက်ရင် သဖန်းပင်ပေါ် တက်ပြီး သင့်မယား စားသောက်ချင်နေတဲ့ ငါ့ရဲ့ အသည်းနှလုံးကို ဖြုတ်ပေးလိုက်မယ်"

မိကျောင်းလည်း မျောက်မင်းရဲ့စကားကို အကြွင်းမဲ့ ယုံစားမိတာနဲ့ ကမ်းကိုပြန်ကပ်ပေးလိုက်ပါတယ်။ ကမ်းစပ်ကို ရောက်တယ်ဆိုရင်ပဲ မျောက်မင်းဟာ ရေသဖန်းပင်ထက်ကို အလျှင်အမြန်ပြေးတက်လို့ ရေသဖန်းပင်ခွကြားမှာ နေရာယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရေသဖန်းသီးတွေ ခူးလိုက်ပါတယ်။ ပြီးတော့ မိကျောင်းဖိုထံ ပစ်ပေးရင်း...

"ဟယ်... မိကျောင်းမိုက်၊ ဂင်္ဂါမြစ် တစ်ဖက်ကမ်းမှာ သင်ပြောတဲ့သရက်၊ ပိန္နဲတို့ကို ငါ အလိုမရှိတော့ဘူး။ သည်တောအုပ်ထဲမှာရှိတဲ့ သဖန်းသီး၊ ငှက်ပျောသီးတွေသာပဲ ငါ့အတွက် မွန်မြတ်တဲ့ စားသောက်ဖွယ်ရာတွေ ဖြစ်ကြပါလေရဲ့"

"ဟယ်... မိကျောင်းမိုက်၊ သင်ဟာ မိမိရဲ့ခန္ဓာကိုယ်နဲ့ လိုက်လျောညီထွေဖြစ်လောက်အောင် အသိပညာ မကြီးမား လှပါကလား။ သင်ဟာ ရေသဖန်းပင်ထက်မှာ ငါ့ရဲ့ အသည်းနှလုံး ရှိတယ်ဆိုတာကို အဟုတ်အမှန် ထင်မှတ်ခဲ့တယ်။ သင်ဟာ တော်တော်ကြီးကို မိုက်မဲတဲ့သတ္တဝါပဲ။ အဲသည့် ငါပစ်ချပေးတဲ့ ရေသဖန်းသီးတွေကိုပဲ ငါ့ရဲ့ အသည်းနှလုံးလို့ပြောဆိုပြီး သင့်မယားကို ကျွေးပေတော့"

ရယ်လို့ အော်ဟစ် ပြောဆိုပြီးတဲ့နောက်မှာ တောအုပ်တွင်းကို ဝင်ရောက်ပျောက်ကွယ်သွားသလို၊ မိကျောင်းဖိုလည်း 'သားမယားကို တရားတော်နဲ့အညီ လုပ်ကိုင် ကျွေးမွေးခြင်းမရှိဘဲ' လိမ်ညာလှည့်ဖြားခဲ့တာကြောင့် မျောက်မင်းရဲ့ ပညာပေးမှုကို ခံယူရင်း ယူကျုံးမရဖြစ်လို့ မိကျောင်းမရှိရာ ပြန်သွားပါတော့တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

## တစ်လွဲမာန

**အနာကုလာ စ ကမ္မန္တာ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**

*အနှောင့်အယှက်ကင်းသော*
*အမှုကိစ္စတို့ကို ပြုလုပ်ခြင်းသည်*
*မြတ်သော မင်္ဂလာ မည်၏။*

ရှေးအခါကာလတုန်းက အင်္ဂတိုင်း၊ မဂဓတိုင်းတို့မှာ နေထိုင်ကြတဲ့သူတွေဟာ တိုင်းတစ်တိုင်းက တိုင်းတစ်တိုင်းကို သွားတော့မယ်ဆိုရင် လှည်းတို့ကို အသုံးပြုပြီး သွားလာလေ့ရှိကြပါသတဲ့။

တစ်နေ့မှာတော့ လူတစ်စုတို့ဟာ တိုင်းတစ်တိုင်းကနေ တိုင်းတစ်တိုင်းဆီကို ခရီးထွက်ခဲ့ကြပါတယ်။ အဲသည် တိုင်းနှစ်ခုကြား အပိုင်းအခြားတစ်နေရာမှာ နေအိုင်ကြီးတစ်အိုင်ရှိတော့ ခေတ္တခဏအနားယူကြပြီး နွားတွေကို ရေတိုက်ကြပါတယ်။ သူတို့လည်း ပါလာတဲ့ သူရာရည်ကို သောက်ကြတာပေါ့။ သူရာရည်ကို သောက်ရင်း အမဲ၊ သားငါးတို့ကို မြိန်ရေရှက်ရေ စားသောက်ကြတယ်။ အဲသည်နောက်မှာတော့ လှည်းနွားတွေကို ပြန်တပ်ပြီး ခရီးရှေ့ဆက်ကြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်မှာတော့ မစင်ပိုးတစ်ကောင်က ခရီးသွားတို့ စွန့်ခဲ့တဲ့ မစင်ရဲ့အနံ့ကို ရတာကြောင့် အဲသည်နေရာကို ရောက်အောင် လာခဲ့တယ်။ အဲသည်နေရာရောက်တော့ လူတွေ စွန့်ပစ်ထားတဲ့ သူရာအရက်တွေကို တွေ့တဲ့အခါ သူရာရည်ကို အငမ်းမရ သောက်တော့တယ်။ သူရာရည် မူးယစ်တဲ့အခါမှာတော့ မစင်ပုံဟာ ပျော့နေတဲ့အတွက် မစင်ပုံဟာ အောက်ကို တဖြည်းဖြည်း အိကျလာခဲ့တယ်။ အဲသည်အခါ မစင်ပိုးလည်း–

"ငါကဲ့သို့သော လူကို ဘယ်သူအာခံနိုင်သလဲဟေ့"

ဆိုပြီး ကြုံးဝါးလို့မာန်တွေ တက်နေတော့တယ်။

အဲသည်အချိန်မှာ အမုန်ယစ်နေတဲ့ ဆင်ပြောင်ကြီးတစ်စီးဟာ အဲသည်နေရာကို ရောက်လာခဲ့တယ်။ ဒါပေမဲ့လည်း မစင်နံ့ရတဲ့အတွက် စက်ဆုပ်ရွံ့ရှာပြီး ဖဲကြဉ်ဖို့ ခေါင်းပြန်လှည့်လိုက်တယ်၊ အဲသည်အခါ မစင်ပိုးက–

"သည်ဆင်ပြောင်ကြီးဟာ ငါ့ကိုကြောက်လို့ နောက်ဆုတ်ပြေးတာပဲ"

လို့ စိတ်အထင်ရောက်ပြီး၊ ဆင်ပြောင်ကြီးနဲ့ စစ်ထိုးရင် ကောင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။

"အို... ဆင်ပြောင်ကြီး၊ သင်ဟာ အင်အားကြီးမားပါလျက် ငါ့ကို ဘာဖြစ်လို့ ရင်မဆိုင်ရဲရတာတဲ့တုံး။ ဘာလို့ ငါနဲ့ စစ်မထိုးဘဲ ထွက်ပြေးရတာတဲ့တုံး။ တစ်ကြိမ်တစ်ခါလောက်တော့ ငါနဲ့ စစ်ထိုးလှည့်ပါဦး။

www.burmeseclassic.com

www.burmeseclassic.com



အို... ဆင်ပြောင်ကြီး၊ လာပါ... လာစမ်းပါ။ ငါနဲ့ ရင်ဆိုင်လိုက်စမ်းပါ။ ငါ့ကိုကြောက်လို့ နောက်ဆုတ်ပြေးရသလား။ ငါ့ရဲ့သတ္တိ၊ သင့်ရဲ့သတ္တိတွေကို အင်္ဂတိုင်းသား၊ မဂဓတိုင်းသားတို့ သိကြရအောင် စစ်ထိုးကြမယ်လေ”

အဲသည်လို မခန့်လေးစားနဲ့ အသလွှတ်စိန်ခေါ်နေတာမို့ ဆင်ပြောင်ကြီးလည်း မစင်ပိုးရှိရာကို ခေါင်းလှည့်လိုက်ရင်း–

“ဟယ်... မလောက်လေးမလောက်စား မစင်ပိုး၊ ငါဟာ နင့်ကို သနလွှန်း၊ မသတီလွန်းလို့ ခြေနဲ့နင်း မသတ်ဘူး၊ အစွယ်နဲ့လည်း ထိုးသတ်ဖို့ရာ မတန်ဘူး၊ နှာမောင်းနဲ့လည်း မစင်အပေခံပြီး မရိုက်နိုင်ဘူး။ နင်နဲ့ တန်တာ မစင်ပဲ။ သည်တော့ နင့်ကို မစင်ဖို့ပြီးသတ်မယ်။ မစင်ပိုးဟာ မစင်နဲ့ အသတ်ခံရတာပဲ သင့်တော်လိမ့်မယ်”

အဲသည်လို ပြောဆိုလို့ မစင်ပိုးပေါ်တည့်တည့် မစင်တုံးကြီးတွေ၊ တစ်တုံးပြီးတစ်တုံး စွန့်ချလိုက်ပါတယ်။ ဒါ့အပြင် ကျင်ငယ်ရည်တွေကိုလည်း ပန်းချလိုက်ပြန်သေးတယ်။ အဲသည်နောက် ကြိုးကြာလိုအသံမျိုး မြည်ကြွေးပြီး တောအုပ်အတွင်း ဝင်သွားပါတော့တယ်။

တကယ်တော့ မစင်ပိုးဟာ အနှောင့်အယှက်ကင်းတဲ့ အမှုကို မပြုဘဲ၊ အနှောင့်မလွတ်၊ အသွားမလွတ်တဲ့ လုပ်ရပ်ကြောင့်၊ ဘာမဟုတ်တဲ့ တစ်လွဲမာန်မာနကြောင့် ဇာတ်သိမ်းမလှ ဖြစ်ခဲ့ရတာပေါ့။

❒

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

## ဆွမ်းတစ်နပ်၏ အနဂ္ဃတန်ဖိုး

**ဒါနဉ္စ၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**
*ပေးကမ်းလှူဒါန်းခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

လွန်လေပြီးသော ရှေးအခါကာလတုန်းက ရွာတစ်ရွာမှာ 'တိဿ' ကို အမည်ရတဲ့ ဆင်းရဲသားတစ်ယောက်ရှိပြီး သူ့မှာ ဇနီးနဲ့သမီးလည်းရှိပါတယ်။

တစ်နေ့မှာတော့ သူတို့ရွာက ရွာသူရွာသားအပေါင်းဟာ သံဃာတော်တွေကို ပင့်ဆောင်လုပ်ကျွေးကြဖို့ရာ စုဝေးတိုင်ပင်ပြီးတဲ့နောက် ပင့်ဆောင်ကြပါတယ်။ ရွာသူရွာသားအသီးသီးလည်း အလှည့်ကျဆိုသလို ဆွမ်းတွေကို လောင်းလှူကြပါတယ်။ သည်လိုနဲ့ တိဿတို့အလှည့်ကို ကျရောက်တဲ့အခါမှာ ဆင်းရဲလွန်းတာကြောင့် မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေကို မလောင်းနိုင်ဘဲ ပုန်းရည်ဖတ်ကိုသာ လောင်းလှူနိုင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အခါ သံဃာတော်တွေဟာ ပုန်းရည်ဖတ်ကို မသုံးဆောင်ကြပါဘူး။ ရွာစွန်ရွာဖျားရှိ အမှိုက်ပုံကို ရောက်တဲ့အခါ သွန်ပစ်ကြပါတယ်။ သည်အကြောင်းကို တိဿသိတော့ စိတ်မချမ်းသာဖြစ်မိပါတယ်။ ဒါနဲ့ပဲ ဇနီးနဲ့သမီးကလေးကိုခေါ်ပြီး

"ငါတို့ရဲ့ဆွမ်းဟာ ညံ့ဖျင်းလှတဲ့အတွက် သံဃာတော်တွေ မသုံးဆောင်နိုင်ကြဘူးကွယ်။ သည်တော့ သမီးကလေးကို ဖခင် တောင်းဆိုခွင့်ပန်ပါရစေ။ အဲဒါကတော့ သမီးလေးကို သူဌေးရဲ့အိမ်မှာ ခေတ္တခဏလောက် အပေါင်ထားပါရစေနော်။ အဲသည်ရလာတဲ့ငွေနဲ့ နို့စားနွားမတစ်ကောင် ဝယ်မယ်။ နွားမ က ရတဲ့နွားနို့နဲ့ နို့ဆွမ်းလှူရရင် ဘယ်ကလောက်များ ကြည်နူးပီတိဖြစ်စေရာ ကောင်းလိုက်လေမလဲကွယ်"

လို့ ပြောဆိုပါတယ်။ သမီးအလိမ္မာကလေးလည်း–

"အို... ဖခင်၊ ကောင်းသလိုသာ စီစဉ်ပါ"

လို့ ပြောဆိုတာနဲ့ တိဿလည်း သမီးကလေးကို သူဌေးအိမ် ခေါ်သွားပါတယ်။ အကျိုးအကြောင်းပြောဆိုပြီး အသပြာငါးရာနဲ့ ပေါင်ပါတယ်။ ရလာတဲ့ အသပြာငါးရာနဲ့ နို့စားနွားမကို ဝယ်ပါတယ်။ နို့စားနွားမရလာတော့ အိမ်ကို ဆွဲခေါ်လာပြီး ဇနီးသည်ရဲ့လက်ထဲအပ်နှံရင်း–

"ရှင်မ... သည်နို့စားနွားကို နို့ညှစ်လို့ သံဃာတော်တွေကို မပြတ်လှူဒါန်းပါ။ ငါကတော့ သမီးကို ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ရွေးရအောင်လို့ အခြားတစ်မြို့တစ်ရွာကို သွားပြီး အလုပ်လုပ်၊ ငွေရှာရမယ်”

လို့ ပြောဆိုမှာကြားပြီးတဲ့နောက် အခြားတစ်မြို့တစ်ရွာကို ထွက်သွားခဲ့ပါတယ်။ ကံအားလျော်စွာ အလုပ်တစ်ခုရလာခဲ့တာမို့ ၆–လလောက် ကြာတဲ့အခါမှာတော့ သမီးကလေးကို ရွေးယူနိုင်ဖို့ရာ အသပြာငါးရာကို စုဆောင်းမိလာခဲ့ပါတယ်။ အဲသည်အခါကျတော့ ရွာကို အားရရွှင်လန်းစွာ ပြန်လာခဲ့ပါတော့တယ်။

လမ်းခရီးတစ်နေရာကိုရောက်တော့ နေ့ညမပြတ် တရားဘာဝနာစီးဖြန်းလေ့ရှိတဲ့ ရဟန်းတစ်ပါးနဲ့ ဆုံပါတယ်။ စကားပြောဆိုရင်း အတူလာကြရာက တိဿလည်း ကောင်းကင်ကို မော့ကြည့်လိုက်တဲ့အခါ နေဟာ မွန်းတည့်ချိန်နားနီးနေခဲ့ပါပြီ။

“အရှင်ဘုရား… ဆွမ်းကိစ္စပြီးစီးပါပြီလား”

“ဒကာ… ဆွမ်းလှူပုဂ္ဂိုလ်မတွေ့မမြင်လို့ ဆွမ်းမရသေးပါဘူး”

“အရှင်ဘုရား… သည်လိုဆိုရင်ဖြင့် သည်နားမှာပဲ ခေတ္တခဏ သည်းခံ စောင့်ဆိုင်းနေတော်မူပါဘုရား။ တပည့်တော် အချိန်မီ ဆွမ်းသွားရှာပါ့မယ်”

အဲသည်လို လျှောက်ထားပြီးတဲ့နောက် တိဿဟာ တောလမ်းတစ်နေရာမှာ ထမင်းထုပ်ဆွဲလာတဲ့ ယောကျ်ားတစ်ယောက်ကို တွေ့ပါတယ်။ အဲဒါနဲ့ တိဿလည်း–

“အဆွေ… သင့်မှာ ပါလာတဲ့ ထမင်းထုပ်ကို ရောင်းပါလား”

www.burmeseclassic.com

www.burmeseclassic.com



လို့ စကားစလိုက်တော့ ထမင်းထုပ်ပိုင်ရှင်ဟာ မျက်လုံးကလေး မှေးစင်းရာက စွေစွေစောင်းစောင်းကြည့်ရင်း ဈေးစကားဆိုပါတော့တယ်”

“ကောင်းပြီလေ... သင်လိုချင်ရင် ရောင်းရတာပေါ့။ နို့ နေစမ်းပါဦး၊ သင်က ငါ့ထမင်းထုပ်ကို ဘယ်လောက်ပေးပြီး ဝယ်မှာတဲ့တုံး”

“တစ်သပြာပေးပါ့မယ်... မိတ်ဆွေ...”

အမှန်မတော့ ထမင်းထုပ်ရဲ့တန်ဖိုးကလည်း သည်လောက်ပဲ တန်တာပါ။ ဒါပေမဲ့ ထမင်းထုပ်ပိုင်ရှင်ဟာ ရလေ, လိုလေ အို... တစ္ဆေဆိုတဲ့လူစား။ တစ်ဖက်သား သိပ်လိုအပ်နေတာကို အကဲခတ်မိလေတော့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ သဘောမျိုးနဲ့ တိုးတိုးပြီး ဈေးခေါ်ပါတယ်။ တိဿလည်း နောက်ဆုံး အသပြာငါးရာလုံးပုံချလို့–

“မိတ်ဆွေ၊ ဟောဒါ ကျုပ်မှာရှိတာအကုန်ပဲ။ သည်အသပြာငါးရာဟာ– ကျုပ်ချစ်တဲ့သမီးလေးကို ပြန်ရွေးဖို့ရာ ခြောက်လတိတိ ကုန်းရုန်းလုပ်ကိုင်ရှာဖွေခဲ့ရတာပါ”

“အို... အပိုတွေ မကြားချင်ဘူးဗျာ။ အဲသည် အသပြာငါးရာကို ထားခဲ့။ ရော့ ထမင်းထုပ်”

တိဿလည်း ထမင်းထုပ်ရပြီဆိုတာနဲ့ ဘာမှ စဉ်းစားမနေနိုင်တော့ပါဘူး။ ရဟန်းတော်ကြီး စောင့်စားနေမယ့် နေရာကို သုတ်ခြေတင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... အရှင်ဘုရား... ဆွမ်းရလာခဲ့ပြီဘုရား ... ဘုဉ်းပေးတော်မူပါ"

ဆိုပြီး ဆွမ်းကို ကပ်ပါတယ်။ ရေကြည်ရေအေးတို့ကို လည်း ဆက်ပါတယ်။ ရဟန်းတော်လည်း ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါ လမ်းခရီးမှာ ဘယ်လိုဘယ်ပုံ ဆွမ်းရလာတဲ့အကြောင်း တိဿကို မေးမြန်းတော်မူပါတယ်။ လူရိုးလူဖြောင့်သမားတိဿ လည်း အဖြစ်မှန်ကို တင်လျှောက်တာပေါ့။ သည်လိုမျိုး လှူဒါန်း ခွင့်ရတဲ့အတွက်လည်း ဝမ်းမြောက်ပီတိဖြစ်ရပုံတွေတောင် ပါပါ သေးရဲ့။

ရဟန်းတော်မှာတော့ အံ့ဖွယ်ထူးကဲလှတဲ့ အလှူရှင်တိဿ ကို ကြည့်ရင်း–

"သည်ပုဂ္ဂိုလ်ဟာ သူတကာတွေ ပြုနိုင်ခဲလှတဲ့ ကောင်းမှုကို ပြုတဲ့ ယောကျ်ားပါပဲလား။ အံ့ဩဖွယ်၊ ချီးမွမ်း ဖွယ် ကောင်းလှပါဘိတော့။ သည်ယောကျ်ားကို အကျိုး ဖြစ်ထွန်းအောင် ငါဆောင်ရွက်မှ သင့်တော်ပေလိမ့်မယ်"

လို့ စိတ်ထဲကြံရွယ်မိပြီး တိဿနေတဲ့ရွာ တိဿရဲ့ဇနီး၊ တိဿရဲ့သမီး စတာတွေကို မေးမြန်းမှတ်သားထားလိုက် တော့တယ်။ တိဿကလည်း မေးမြန်းချက်ကို ကျနစွာ ပြောပြ လျှောက်ထားတော်မူပါတယ်။ လမ်းဆုံတစ်နေရာရောက်တော့ တိဿလည်း–

"အရှင်ဘုရား... ဟောဟိုရှေ့ကရွာဟာ တပည့်တော် တို့ရဲ့ ရွာပါပဲ။ ခရီးလမ်းကြုံတဲ့အခါ ဝင်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



လို့ လျှောက်ထားရှိခိုးပြီးတဲ့နောက် ရွာရှိရာကို ထွက်ခွာသွားခဲ့ပါတော့တယ်။ ရဟန်းတော်ကတော့ မင်းနေပြည်တော်ရှိရာကို ဆက်လက်ကြွမြန်းသွားတော်မူပါတယ်။

ရဟန်းတော်ဟာ မင်းနေပြည်တော်ကို ရောက်တဲ့အခါ မင်းဆရာတော် သီတင်းသုံးရာကျောင်းကို ဝင်ရောက်သည်။ မင်းဆရာတော်ကလည်း ရဟန်းတော်ရဲ့ ရုပ်လက္ခဏာကိုကြည့်ရှု လို့–

"သည်ရဟန်းတော်ဟာ အကျင့်မြင့်မြတ်တဲ့ ရဟန်း ပါပဲကလား"

လို့ အကဲခတ်မိပြီးတဲ့နောက် ကျောင်းဦးမှာထားလို့ မြတ်တဲ့၊ အိပ်ရာ နေရာတို့ကို ပေးပါတယ်။

ရဟန်းတော်ဟာ အဲသည်ညမှာပဲ ညဥ့်သုံးယံပတ်လုံး ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်တော်မူပါတယ်။ အရုဏ် မတက်မီ အချိန်ကလေးမှာပဲ အရဟတ္တဖိုလ်ကို ရောက်လို့ ရဟန္တာ ဖြစ်တော်မူခဲ့ပါတယ်။ အရုဏ်တက်တဲ့အခါမှာ မင်းဆရာ တော်ကိုခေါ်လို့–

"ငါ့ရှင်... ငါ့ရဲ့သက်တမ်းဟာ ကုန်ပါပြီ။ ငါဟာ အချိန်ပိုင်းကလေးမှာတင် ပရိနိဗ္ဗာန်ပြုပါတော့မယ်။ ငါနဲ့ ပတ်သက်လို့ အရေးအကြောင်းပေါ်ရင် ငါ့ဒါယကာတိဿ ကို ခေါ်ပါ။ သူ့ကိုခိုင်းရင် လိုတိုင်းပြည့်ပါလိမ့်မယ်"

လို့ မှာကြားပြီးတဲ့နောက် တိဿနေတဲ့ရွာ၊ ဇနီးအမည်၊ သမီးအမည်တို့ကို မှတ်သားစေပါတယ်။ အလုံးစုံမှာကြားပြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါမှာတော့ အရက်ဟာ ရင့်လာပြီး ရဟန္တာမထေရ်မြတ်ကြီးလည်း ပရိနိဗ္ဗာန်စံဝင်တော်မူသွားခဲ့ပါပြီ။

မင်းဆရာတော်လည်း မိမိရဲ့ကျောင်းမှာ ရဟန္တာအရှင်သူမြတ်တစ်ပါး ပရိနိဗ္ဗာန်ပြုသွားတဲ့အကြောင်း မင်းကြီးကို အကြောင်းကြားပါတယ်။ မင်းကြီးလည်း မှူးမတ်၊ သူဌေး၊ သူကြွယ်အပေါင်းခြံရံပြီး မင်းကျောင်းတော်ကို ရောက်လာခဲ့ပါတယ်။ ရောက်တဲ့အခါ ရဟန္တာမထေရ်မြတ်ကြီး ရဲ့ ရုပ်ကလာပ်တော်ကို ကြာကလာပ်ပေါ် တင်မယ် ပြုပါတယ်။ ဒါပေမဲ့ ရုပ်ကလာပ်တော်ဟာ မလှုပ်လည်းမရ၊ ရွှေ့လို့လည်းမရနဲ့ ကျောက်စာတိုင်ကြီးနဲ့မခြား ခိုင်မြဲနေပါတယ်။ သည်တော့ မင်း ဆရာတော်လည်း ရဟန္တာမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်မပြုမီအချိန်ကလေးမှာ မှာကြားသွားခဲ့တာကို သတိရသွားပါတယ်။

"အရှင်မင်းကြီး... ရဟန္တာအရှင်သူမြတ်ကြီးရဲ့ ဒကာ၊ တိဿဆိုသူကို ခေါ်ပြီး ခိုင်းပါက အလိုရှိတိုင်းပြည့်ပါလိမ့်မယ်"

လို့ မိန့်ကြားပြီး တိဿနေတဲ့ရွာကို လမ်းညွှန်လိုက်ပါတယ်။ မင်းကြီးလည်း မင်းချင်းတို့ကိုစေလွှတ်ပြီး တိဿကို ခေါ်ဆောင်စေပါတယ်။ တိဿရောက်လာတဲ့အခါ မင်းကြီးလည်း...

"ဟယ်... တိဿ၊ မောင်မင်းရဲ့ ဆရာတော်ဟုတ် မဟုတ် သေသေချာချာ ကြည့်စမ်းပါ"

လို့ မိန့်တော်ရာ၊ တိဿလည်း ရုပ်ကလာပ်ရဲ့ မျက်နှာတော်ကို ဖွင့်ကြည့်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတယ်။ ပြီးတော့မှ

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး… ကျွန်တော်မျိုး၏ ဆရာအရှင် ဖြစ်ပါတယ်"

လို့ လျှောက်တင်လိုက်ပါတယ်။ မင်းကြီးလည်း တိဿကို အသပြာတစ်ထောင်ဆု လာဘ်တော်ချလို့ အလောင်းတော်ကို မစေပြီး ကြာကလာပ်တော်ကို တင်စေပါတယ်။ ကနဦးတုန်းက ဘယ်သူဘယ်ဝါတွေမှ ကြွအောင်၊ ရွေ့အောင် မတတ်စွမ်းနိုင်တဲ့ ရုပ်ကာလပ်တော်ဟာ တိဿနဲ့လည်းတွေ့ရော တကယ့်ကို ဝါဂွမ်းစကလေးလို ပေါ့ပေါ့ပါးပါးပဲ ရွေ့လျားသွားစေပါတယ်။ ဒါကလည်း မင်းကြီးဆုချတုန်းက အသပြာတစ်ထောင်အရေ အတွက်နဲ့ ရွေ့လျားတာ မဟုတ်ပါဘူး။ ထပ်၍တစ်ခါ တိုးတိုးလာပြီး အသပြာတစ်သောင်းပြည့်တော့မှ ရွေ့လျားသွားခဲ့တာပါ။ အားလုံးဟာ အံ့အားတသင့်ဖြစ်ပြီး တိဿကို ကောင်းချီးသြဘာတွေ ပေးကြပါတယ်။

မင်းကြီးဟာ တိဿရဲ့ဇနီးနဲ့ သမီးတို့ကိုလည်း ခေါ်စေတော်မူပါတယ်။ မင်းကြီးရဲ့အမိန့်နဲ့ သူဌေးဟာ တိဿရဲ့ သမီးလေးကို လွတ်ငြိမ်းခွင့် ပေးလိုက်ပါတယ်။ ဇနီးနဲ့ သမီးတို့ ရောက်လာတော့ ဝတ်ကောင်းစားလှတွေ ဆင်ယင်စေပြီး အလောင်းတော်ကို စောင့်ရှောက်စေပါတယ်။

မင်းကြီးနဲ့တကွ မှူးမတ်၊ သူဌေး၊ သူကြွယ်တို့ဟာ တလားကြီး၊ တလားငယ်၊ ပြာသာဒ်ရထားတို့ လုပ်ဆောင်ပြန်ပါတယ်။ အဲသည်နောက်မှာတော့ သင်္ဂြိုဟ်ရအောင် ရုပ်ကလာပ်တော်ကို တလားထက်တင်ပြန်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ စွမ်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



လို့ မရပါဘူး။ သည်အခါမှာ တိဿကို တာဝန်ပေးတာနဲ့အမျှ အသပြာတွေ မိုးလိုရွာသွန်းကြဲချပြီး တင်စေတော့ အသာကလေး နဲ့ တလားပေါ်ကို ရောက်သွားခဲ့ပါရောလား၊ အလောင်းတော်ကို သင်္ဂြိုဟ်ပြီးတဲ့အခါမှာတော့ တိဿဟာ သူဆင်းရဲမဟုတ်တော့ပါ ဘူး။ အသပြာသုံးကုဋေ့ခြောက်သန်းပိုင်ရှင် သူဌေးကြီးဘဝကို ရောက်ရှိသွားခဲ့ပါပြီ။

တိဿသူဌေးကြီးမိသားစုတို့လည်း ပေးကမ်းလှူဒါန်းခြင်း ရဲ့ အနှစ်သာရကို သိရှိသွားပြီး အသက်ထက်ဆုံး အလှူကြီးတွေ ပေးလို့၊ ရတနာသုံးပါးကို ရိုသေစွာဆည်းကပ်ရင်း အသက်ထက် ဆုံး ချမ်းသာပျော်ရွှင်စွာ နေထိုင်သွားခဲ့ကြပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

## သုစရိုက်ဆိုတာ မင်္ဂလာ

**ဓမ္မစရိယာ စ၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**

*ကောင်းမြတ်သော*
*သုစရိုက်တရားတို့ကို ကျင့်ခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

လက်ဖက်ပင်တွေ အများအပြားစုစည်းပေါက်ရောက်လို့ 'လက်ပံစု' လို့ အမည်တွင်တဲ့ ရွာကလေးတစ်ရွာမှာ တစ်ဦးနဲ့ တစ်ဦး အလွန်အမင်း ချစ်ခင်ကြတဲ့ သူငယ်ချင်းနှစ်ယောက် ရှိကြပါတယ်။

သူတို့ရဲ့ နာမည်တွေက 'မောင်သီလ' နဲ့ 'မောင်စာဂ'တဲ့၊

မောင်သီလဟာ နာမည်နဲ့လိုက်အောင် အကျင့်သီလဖြူစင်ပြီး သူတော်ကောင်းတရားကို အမြဲလိုမွေးမြူနေတဲ့သူ ဖြစ်ပါတယ်။ မောင်စာဂကတော့ သာမန်လူထဲက လူတစ်ယောက်ပါပဲ။ သူဟာ အကုသိုလ်အလုပ်တွေကို ကြီးကြီးမားမား လုပ်သလို၊

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အလုပ်တွေကိုလည်း လုပ်ဖို့ရာ စိတ်ကူးမရှိခဲ့ပါဘူး။ အမူအကျင့်တွေက ဆန့်ကျင်ဘက်ဖြစ်နေကြပေမဲ့ တစ်ယောက်နဲ့ တစ်ယောက်ကတော့ မရှိအတူ၊ ရှိအတူ ညီအစ်ကိုရင်းတမျှ သိပ်ချစ်ကြပါသတဲ့။

တစ်နေ့မှာတော့ သူတို့နှစ်ယောက်ဟာ ခရီးတစ်ခုထွက်ဖို့ရာ စီစဉ်ကြတယ်။ သွားရမယ့်ခရီးက ရေလမ်းခရီး။ ကုန်တင်လှေကြီးနဲ့ လိုက်သွားရမှာ။ လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ်တွေ မကြာခဏကျရောက်လေ့ရှိတဲ့ ပင်လယ်ပြင်ထဲမှာပဲ တစ်ပတ်ကျော် ဆယ်ရက်လောက် ခရီးသွားရမှာ။

အဲသည်လိုမျိုး ခရီးကြမ်းကို ဖြတ်သန်းရမယ်ဆိုတော့ မောင်စာဂရဲ့ မိဘတွေက စိုးရိမ်ပူပန်ကြတာပေါ့။ သည့်အတွက် မသွားဖို့ရာ တားမြစ်ကြပါတယ်။ မောင်စာဂကလည်း သူငယ်ချင်းကို သိပ်ချစ်တော့ ဘယ်လိုပဲ ခွင့်ပြုပြု၊ မပြုပြု မောင်သီလနဲ့ လိုက်မယ်လို့ ဆုံးဖြတ်ထားတယ်။ သည်အခါ မောင်စာဂရဲ့ ဖခင်က–

"အင်း… မောင်သီလအနေနဲ့ မင်းသူငယ်ချင်းကို အစစအရာရာ တာဝန်ယူတယ်ဆိုရင်ဖြင့် ခေါ်သွားပေါ့ကွယ်…"

"စိတ်ချပါဦးကြီးရယ်… ကျွန်တော့်သူငယ်ချင်း မောင်စာဂ မဲ့တစ်ပေါက်မစွန်းစေရပါဘူးခင်ဗျာ"

သည်လိုနဲ့ နှစ်ယောက်သား ခရီးထွက်လာခဲ့ကြတယ်။ မောင်သီလဟာ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရဲရင့်ပြတ်သားသူဖြစ်တာနဲ့အမျှ ကတိတစ်ခုကို အလွယ်တကူ မပေးတတ်သလို

www.burmeseclassic.com

www.burmeseclassic.com



ပေးထားပြီးသား ကတိကိုလည်း အလွယ်တကူ ဖျက်ပစ်တတ်သူ မဟုတ်ပါဘူး။

သူတို့သူငယ်ချင်းနှစ်ယောက်ဟာ ကုန်တင်လှေကြီးပေါ်မှာ ထိုင်ပြီး ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးကိုကြည့်လို့ ကြည်နူးပျော်ရွှင်နေကြတယ်။ ရာသီဥတုကလည်း တကယ့်ကို သာယာ လေပြည်လေညင်းလေးတွေကလည်း တသွေးသွေးနဲ့။

တကယ်တော့ လေပြည်လေညင်းဆိုတာဟာ မုန်တိုင်းရဲ့ ရှေ့တော်ပြေးပါပဲ။ ဒါကို ပင်လယ်ပြင်အတွေ့အကြုံမရှိတဲ့ သူတို့ သူငယ်ချင်းနှစ်ယောက်ဟာ မသိကြပါဘူး။

တစ်နေ့ပြီး တစ်နေ့၊ တစ်နေ့ပြီးတစ်နေ့နဲ့ ခရီးထွက်လာခဲ့ကြတာ ငါးရက်ကျော်လို့ ခြောက်ရက်မြောက်တောင် ရောက်လာခဲ့ပါပြီ။ သူတို့ရောက်လိုတဲ့နေရာက အတန်ငယ်လိုပါသေးတယ်။ အဲသည်အချိန် ကြည်လင်နေတဲ့ မိုးကောင်းကင်ဟာ ရုတ်တရက် မှိုင်းညို့ပြီး အရောင်တွေ ပြောင်းလာခဲ့တယ်။ ကောင်းကင်မှာ လျှပ်မျှင်တွေ ရိုးခနဲ၊ ရဲခနဲ လက်ရာကနေ မိုးကြိုးထစ်သံတွေ ပေါ်ထွက်လာခဲ့တယ်။ လေတွေ တဝူးဝူးတဝေါဝေါ တိုက်ခတ်လာပြီး လှိုင်းအိကလေးတွေကနေ ပြင်းထန်တဲ့ ရေမလှိုင်းလုံးကြီးတွေအဖြစ်ကို ပြောင်းလဲလာခဲ့တယ်။ အဲသည်လို ရေမလှိုင်းတံပိုးတွေကြောင့် ကုန်တင်လှေကြီးလည်း ပခက်လွှဲသလို မြင့်တက်သွားလိုက် နိမ့်ကျသွားလိုက်နဲ့ ကြာတော့ လှေကြီးရဲ့ ကိုယ်ထည်တစ်ခုလုံးကို ဆွဲပြီး ခါရမ်းလိုက်သလို ပြောင်းဆန်နေပါတော့တယ်။ လေပြင်းမုန်တိုင်းဟာ အတောမသတ်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လွန်းသထက် ပြင်းထန်လွန်းလာတာနဲ့အတူ မိုးသီး မိုးပေါက်တွေလည်း ရွာချနေပါတော့တယ်။ လှေကြီးပေါ်ပါလာ တဲ့သူအားလုံးလည်း ဘုရားတလို့ မဆုံးတော့ဘူး။ အဲသည်အချိန် မှာပင် ပြင်းထန်လွန်းလှတဲ့ လှိုင်းလုံးကြီးက ရုတ်တရက် ပုတ်ခါ ချလိုက်တာကြောင့် ကုန်တင်လှေကြီးဟာ ထက်ခြမ်းကွဲထွက် သွားပြီး ပင်လယ်ထဲကို စုန်းစုန်းမြုပ်သွားပါတော့တယ်။

လှေကြီးပေါ်မှာ လိုက်ပါလာတဲ့ လူတွေဟာလည်း ပင်လယ်ပြင်မှာ ကူးခတ်သူက ကူးခတ်၊ ကယ်ပါ၊ ယူပါ တစာ စာနဲ့ အော်တဲ့သူက အော်လို့။ တချို့လည်း ခြေကုန်လက်ပမ်း ကျပြီး ရေအောက်ကို နစ်မြုပ်သွားပါတော့တယ်။ သည်အချိန်မှာ မောင်သီလဟာ သူငယ်ချင်းဖြစ်တဲ့ မောင်စာဂကို-

"ဟေ့... သူငယ်ချင်း မောင်စာဂ၊ ဟောသည်ပျဉ်ချပ် ကလေးကို ဖယ်ထားတွယ်ထား။ ဘယ်နည်းနဲ့မှ မလွတ် လိုက်နဲ့နော်"

သူတို့နှစ်ယောက်ဟာ ကံကောင်းထောက်မစွာနဲ့ ရလာတဲ့ ပျဉ်ချပ်တစ်ချပ်စီကို ဖက်တွယ်ရန် ပင်လယ်ထဲ မျောပါနေကြ တယ်။ တခြားသူတွေရဲ့ ကံကြမ္မာကတော့ တကယ့်ကို ဆိုးဆိုး ရွားရွားပါပဲ။ ပင်လယ်ထဲမြုပ်သွားကြတဲ့သူတွေ၊ ငါးမန်းစာ မိသွားကြတဲ့သူတွေနဲ့ တကယ့်ကို ကမ္ဘာပျက်လုမတတ်ပါပဲ။

ကံအားလျော်စွာလို့ပဲ ပြောရမှာပါ။ မောင်သီလနဲ့ မောင်စာဂ တို့ဟာ ကျွန်းကလေးတစ်ကျွန်းဆီကို အသက်ခန္ဓာမြဲမြံစွာနဲ့ ရောက်ရှိသွားခဲ့ကြပါတယ်။ အဲသည်ကျွန်းကလေးပေါ်မှာ သက်ရှိ လူသားဆိုလို့ သူတို့နှစ်ဦးပဲ ရှိကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်သီလရေ... သည်ကျွန်းမှာ အသက်ဆက်ဖို့အတွက် အစားအစာလိုအပ်တယ်။ သည်တော့ ငှက်ပစ်၊ ငါးဖမ်းပြီး တို့ဟာတွေ အသက်ဆက်ကြတာပေါ့ကွာ"

မောင်စာဂဟာ အဲသည်လိုဆိုလိုက်တော့ မောင်သီလက ငြင်းပယ်ပါတယ်။

"သူငယ်ချင်း... မောင်စာဂရယ်၊ မလုပ်ပါနဲ့ကွာ။ ဒါတွေ ငါမစားချင်ပါဘူး။ အုန်းသီး စားလို့ရတာပဲ။ အုန်းရည် သောက်လို့ရတာပဲ။ တခြားသစ်သီးဝလံတွေ ရှာဖွေ ရှူးဆွတ်စားသောက်ရင် ရတာပဲဥစ္စာ"

"ဩော်... အေး၊ ဒါဆိုလည်း မင်းအတွက် ဒုက္ခငြိမ်းတာပေါ့ကွာ။ ငါကတော့ အသားငါးမပါရင် အာသာမပြေတတ်ဘူး။ ငှက်တွေပစ်မှာပဲ။ ငါးတွေကို ဝါးချွန်နဲ့ လိုက်ထိုးမှာပဲ"

မောင်သီလလည်း ဘယ်လိုမှ မပြောသာလို့ ဥပေက္ခာပြုလိုက်ရတယ်။ သူကိုယ်တိုင်ကတော့ သူ့စကားနဲ့အညီ ရလာတဲ့ အသီးအနှံတွေကို ရှာဖွေစားသောက်ပြီး ဝမ်းမီးငြိမ်းစေခဲ့ပါတယ်။ ဒါဟာ 'သုစရိုက်တရားကိုကျင့်တဲ့ သူတော်ကောင်းတွေရဲ့ လက္ခဏာ' ပဲ ဖြစ်ပါတယ်။ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခရောက်နေပါစေ။ အပြစ်မကင်းတဲ့ အစားအသောက်ကို မစားပါဘူး။ အကုသိုလ်နွယ်တဲ့ အလုပ်ကိုလည်း မလုပ်ပါဘူး။ ပြီးတော့...

"ဟောဒီ လူသူမရှိတဲ့ကျွန်းမှာ ရတနာသုံးပါးကလွဲလို့ တခြားဘာအားကိုးစရာမှ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com


လို့ တွေးတောဆင်ခြင်မိပြီး တရားတော်တွေကို နှလုံးသွင်း ဆင်ခြင်နေမိပါတော့တယ်။ အဲသည်မှာတင် အဆိုးထဲက အကောင်းဆိုတာ ပေါ်လာခဲ့ပါပြီ။ ဘာ့ကြောင့်လဲဆိုတော့ သူ့ရဲ့ သီလဖြူစင်မှုအပေါ် အဲသည်ကျွန်းကို အစိုးရတဲ့ နဂါးမင်းဟာ အကြည်ညိုကြီးကြည်ညိုသွားပြီး မောင်သီလကို ကယ်တင်ရ အောင် သူ့ကိုယ်သူ သင်္ဘောတစ်စီးအဖြစ် ဖန်ဆင်းလိုက်ပါ တော့တယ်။

သည်အခါ ပင်လယ်ကိုစောင့်ရတဲ့ နတ်မင်းကလည်း သင်္ဘောသူကြီး အယောင်ဆောင်လို့ သင်္ဘောပေါ် ရွှေ၊ ငွေရတနာ တွေ အပြည့်တင်ရင်း ကျွန်းအပါးကို ဆိုက်ကပ်လိုက်ပါတယ်။ မောင်သီလနဲ့ မောင်စာဂလည်း အထူးအဆန်းဖြစ်နေလို့ပေါ့။ သည်အခါ သင်္ဘောသူကြီးက–

"ဇမ္ဗူဒိပ်ကို လိုက်ပါချင်တဲ့သူ ရှိပါသလား"

လို့ အော်ဟစ်မေးမြန်းပါတယ်။ အဲသည်အခါ မောင်သီလ က–

"ကျွန်တော်တို့ လိုက်ခွင့်ရရင် လိုက်ချင်ပါတယ် ခင်ဗျာ"

လို့ ပြောလိုက်တယ်။ သင်္ဘောသူကြီးက ခွင့်ပြုတော့ မောင် သီလဟာ သင်္ဘောပေါ် အရင်တက်လိုက်တယ်။ ပြီးတော့ မောင်စာဂကို ဆွဲခေါ်လိုက်တယ်။ သည်အခါ သင်္ဘောသူကြီးဟာ မောင်စာဂကို စေ့စေ့ကြည့်ရင်း–

"ဒီလူဟာ သည်သင်္ဘောနဲ့ မထိုက်တန်လို့ သင်္ဘော ပေါ်တက်ခွင့်မပြုနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီး တားမြစ်ပါတယ်။ မောင်သီလလည်း သူငယ်ချင်း အတွက် မနေနိုင်ရှာပါဘူး"

"ဘာများဖြစ်လို့ ကျွန်တော့်သူငယ်ချင်းဟာ သင်္ဘော ပေါ်လိုက်ခွင့်မရတာလဲခင်ဗျာ"

"ဘာဖြစ်ရမှာတုံး။ သင့်သူငယ်ချင်းဟာ သီလဂုဏ် နဲ့ မပြည့်စုံဘူး။ သုစရိုက်တရားကိုလည်း မကျင့်ဘူး။ ကိုယ်ကျင့်တရားလည်း မကောင်းဘူး။ ဒါကြောင့် အကုသိုလ်များတဲ့သူ့ကို ငါ့သင်္ဘောပေါ်မှာ လိုက်ခွင့်မပြု နိုင်ဘူး"

သင်္ဘောသူကြီးရဲ့စကားကြောင့် မောင်စာဂမှာတော့ မျက်နှာ ကလေးဟာ ဆီးရွက်လောက် ဖြစ်သွားတယ်။ ငိုတော့မယောင် ညိုမည်းသွားလိုက်တာများ။ သည်တော့ မောင်သီလက–

"သင်္ဘောသူကြီး ပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ပေးလှူထားတဲ့အလှူ ကျွန်တော် စောင့်ထိန်း ထားတဲ့သီလ၊ ကျွန်တော်ပွားများထားတဲ့ ဘာဝနာတွေ အတွက် ကျွန်တော့် သူငယ်ချင်းကို အမျှဝေပါတယ်။ သာဓုခေါ်ပါ မောင်စာဂ။

ကိုင်း... သူငယ်ချင်းရေ၊ အမျှ... အမျှ... အမျှ"

"သာဓု၊ သာဓု၊ သာဓုပါ သူငယ်ချင်း"

မောင်သီလက အမျှဝေတော့ မောင်စာဂလည်း ဝမ်းသာ အားရ သာဓုခေါ်ပါတယ်။ မောင်စာဂလည်း ကုသိုလ်အဖို့ဘာဂ ကို ရရှိသွားလို့ အဲသည်ကုသိုလ်ကြောင့်ပဲ သင်္ဘောကြီးပေါ်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါခွင့် ရရှိသွားပါတယ်။ သည်အခါ သင်္ဘောသူကြီးက မောင်စာဂကို–

"မင်း... သိပ်ကံကောင်းတယ်မှတ်ပါ။ တကယ်လို့ မင်းရဲ့သူငယ်ချင်း သူတော်ကောင်းနဲ့ မပေါင်းဖော်မိရင် မင်းတော့ ဒီကျွန်းပေါ်မှာ တစ်သက်လုံးနေခဲ့ရမှာ သိရဲ့လား"

လို့ ပြောပါတယ်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော် အသိတရားရပါပြီ။"

"သည်နေ့၊ သည်ရက်ကစလို့ ကျွန်တော့် သူငယ်ချင်း မောင်သီလလို ကောင်းမြတ်တဲ့ သုစရိုက် တရားကို ကျင့်ကြံပါတော့မယ်။ အကုသိုလ် မှန်သမျှကို ရှောင်ရှားပါတော့မယ်"

မောင်စာဂရဲ့တည်ကြည်လေးနက်စွာ ပြောဆိုလိုက်တဲ့စကားကြောင့် သင်္ဘောသူကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး မောင်သီလနဲ့ မောင်စာဂတို့ကို သူတို့ဒေသနဲ့ အနီးစပ်ဆုံး ဆိပ်ကမ်းရှိရာ ပို့ဆောင်လို့ ရတနာပစ္စည်းတွေကို လက်ဆောင်ပေးလိုက်ပါသတဲ့။ မောင်သီလနဲ့ မောင်စာဂတို့လည်း သူတို့ရပ်ရွာပြန်ရောက်ကြတဲ့အခါ ရရှိတဲ့ရတနာတွေကို ထုခွဲပြီး အညီအမျှ ဝေစုပြုယူကြပါတယ်။ အလှူအတန်းတွေ ပြုကြပါတယ်။ ကျောင်းကန်ဇရပ်တွေ ဆောက်လုပ်ကြပါတယ်။

"သူငယ်ချင်း မောင်သီလရယ်၊ မင်းဟာ ငါ့ဘဝကို ပြုပြင်ပြောင်းလဲစေခဲ့ပါတယ်။ လမ်းကြောင်းမှန်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပို့ဆောင်ပေးခဲ့ပါတယ်။ တကယ့်ကို သူငယ်ချင်းကောင်း ပါလားကွယ်”

အဲသည်နောက်မှာတော့ သူငယ်ချင်း နှစ်ယောက်ဟာ သုစရိုက်တရားတွေ ကျင့်ကြလို့ အသက်ထက်ဆုံး ပျော်ရွှင် ချမ်းမြေ့စွာ နေသွားကြပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)
## ပေါင်းစည်းခြင်း၏ ရလဒ်

**ဉာတကာနဥ္စ သင်္ဂဟော၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**

*အဆွေအမျိုးတို့အား*
*ချီးမြှင့်ထောက်ပံ့ခြင်းသည်*
*မြတ်သော မင်္ဂလာ မည်၏။*

လွန်လေပြီးတဲ့ ရှေးအခါသမယတုန်းကပေါ့။

ဗာရာဏသီဆိုတဲ့ တိုင်းပြည်ကြီးကို ဗြဟ္မာဒတ်မင်းကြီး စိုးစံအုပ်ချုပ်ပါတယ်။ အဲသည်လိုပဲ နတ်ပြည်မှာလည်း ဝေသဝဏ် နတ်မင်းကြီးဟာ စိုးစံအုပ်ချုပ်ပါတယ်။ အဲသည် ဝေသဝဏ် နတ်မင်းကြီး စုတေတဲ့အခါ နောက်ထပ်ဝေသဝဏ်နတ်မင်းကြီး တစ်ပါးစိုးစံအုပ်ချုပ်ပါတယ်။ အဲသည်အခါ ဝေသဝဏ်နတ်မင်းကြီးက အမိန့်ထုတ်ပြန်ပါတယ်။

"သစ်ပင်ကြီး ငယ်၊ ချုံ၊ နွယ်၊ မြက်ဖုတ် စတဲ့ ဗိမာန်တွေမှာ အုပ်စိုးနေထိုင်ကြတဲ့ နတ်အပေါင်းတို့...

www.burmeseclassic.com

www.burmeseclassic.com



သင်တို့အနေနဲ့ မိမိတို့အလိုရှိရာ နေရာတွေကို သတ်မှတ်ပြီး ယူငင်နိုင်ကြတယ်”

အဲသည်လိုလည်း အမိန့်ထုတ်ပြန်ရော ဟိမဝန္တာအင်ကြင်းတောတစ်တောကို အုပ်စိုးတဲ့ ရုက္ခစိုးနတ်မင်းက အဲသည်အင်ကြင်းတောကို သိမ်းယူလိုက်ပါတယ်။ ပြီးတော့ ဆွေမျိုးဖြစ်တဲ့ နတ်ဆွေနတ်မျိုးအပေါင်းကို မိန့်တော်မူပြန်ပါတယ်။

“အမောင် နတ်အပေါင်းတို့၊ လွင်တီးခေါင်ပြင်မှာ ပေါက်နေကြတဲ့ သစ်ပင်တွေကို မယူကြလေနဲ့။ ငါရဲ့ ဗိမာန်ကို ခြံရံနေတဲ့ အင်ကြင်းတောထဲက ကြိုက်နှစ်သက်ရာ ဗိမာန်နေရာကို ယူကြပါ”

အဲသည်လိုလည်း ရုက္ခစိုးနတ်မင်းက အမိန့်ရှိလိုက်တော့ နတ်အပေါင်းတွေထဲက ပညာရှိတဲ့ နတ်တွေဟာ ရုက္ခစိုးနတ်မင်းရဲ့ စကားကို နားထောင်ကြပါတယ်။ ဒါကြောင့်ပဲ အင်ကြင်းတောထဲက နှစ်သက်ရာဗိမာန်တွေကို ယူကြပါတယ်။ ပညာမရှိတဲ့ နတ်တွေကျတော့ လွင်တီးခေါင်ပြင်ကိုထွက်ပြီး ဗိမာန်နေရာတွေကို ယူကြတယ်။ သူတို့ရဲ့စိတ်ထဲမှာ...

“ငါတို့အနေနဲ့ မြို့၊ ရွာ၊ နိဂုံးတို့ရဲ့ တံခါးအနီးမှာ ရှိတဲ့ သစ်ပင်တွေကို ဗိမာန်အဖြစ် ယူမယ်ဆိုရင် မြို့၊ ရွာ၊ နိဂုံးမှာ နေကြသူတွေက ကိုးကွယ်လာကြလိမ့်မယ်။ ဒါဆိုရင် လာဘ်လာဘတွေ ပေါများလာလိမ့်မယ်”

ရယ်လို့ ကြံစည်မိခဲ့ကြတယ်။ အဲဒါကြောင့် ရုက္ခစိုးနတ်မင်းရဲ့ စကားကို နားမထောင်ဘဲ လွင်တီးခေါင်ပြင်မှာ ပေါက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြို့၊ ရွာ၊ နိဂုံးတို့ရဲ့ တံခါးအနီးရှိသစ်ပင်ကြီးတွေကာ ရွေးချယ်ယူခဲ့ကြပါတယ်။

အဲသည်လိုနဲ့ မမျှော်လင့်တဲ့နေ့တစ်နေ့ကို ရောက်ရှိလာခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မမျှော်လင့်ဘဲ မိုးသက်လေပြင်းမုန်တိုင်းတွေ ကျရောက်လာခဲ့လို့ပဲပေါ့။

လွင်တီးခေါင်ပြင်မှာရှိနေကြတဲ့ သစ်ပင်တွေဆိုတာ တစ်ပင်နဲ့တစ်ပင်အမှီမရဘဲ ယိမ်းထိုးလှုပ်ရှားကြရင်းက ပြင်းထန်တဲ့လေဟိုက်ဒဏ်ကို မခံနိုင်တော့ဘဲ အကိုင်းအခက်တွေ ကျိုးပြတ်ကုန်ကြပါလေရော။ ဒါတင်မက အမြစ်တွေ ကျွတ်ထွက်ပြီး မြေပြင်ပေါ်ကို ဘုံးဘုံးလဲကျကုန်ပါတယ်။ သည်လိုမျိုး အခြေအနေတွေကြောင့် မြို့ရွာနိဂုံးတွေမှာ လူတွေရဲ့ အကိုးကွယ်ခံ၊ အပူဇော်ခံနတ်တွေအဖို့ သူတို့ရဲ့ဗိမာန်တွေဟာ ပျက်စီးကုန်ကြတယ်။ နေစရာမဲ့၊ အိုးမဲ့၊ အိမ်မဲ့၊ ဗိမာန်မဲ့တွေ ဖြစ်ကြရတယ်။

သည်လိုအနေအထားမှာတော့ ရက္ခစိုးနတ်မင်းနဲ့တကွ ပညာရှိနတ်တွေရဲ့ အင်ကြင်းတောက ဘာမှပျက်စီးဆုံးရှုံးတာ မရှိခဲ့ပါဘူး။ အင်ကြင်းတောမှာရှိတဲ့ သစ်ပင်တွေဆိုတာ တစ်ပင်နဲ့တစ်ပင် နီးကပ်တည်ရှိနေကြတာမို့ မိုးသက်လေပြင်းတွေ တိုက်ခတ်ပြီဆိုတာနဲ့ တစ်ပင်နဲ့တစ်ပင် မှီတွယ်စပ်ယှက်နေကြတဲ့အတွက် လဲပြိုကျဖို့ မဆိုထားနဲ့။ အကိုင်းအခက်ကလေးတွေတောင်မှ ပြတ်လွင့်သွားခြင်း မရှိခဲ့ပါဘူး။ သည်လိုမျိုး လေပြင်းမုန်တိုင်းရဲ့ ဘေးရန်က ကင်းလွတ်ခဲ့တဲ့အတွက် ရက္ခစိုးနတ်မင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့တကွ ပညာရှိနတ်တွေရဲ့ ဗိမာန်တွေဆိုတာဟာ ပျက်စီးခြင်း မရှိဘဲ ချမ်းချမ်းသာသာ နေကြရပါတယ်။

အဲသည်အချိန်မှာပဲ လွင်တီးခေါင်ပြင်မှာ ဗိမာန်တွေ ပျက်စီးပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရတဲ့ ပညာမဲ့နတ်တွေဟာ သူတို့ရဲ့ သားသမီး၊ မြေး၊ မြစ်တွေကို ချီပိုးရောက်ရှိလာခဲ့ကြပါတယ်။ အဲသည်အခါ ရက္ခစိုးနတ်မင်းလည်း မိမိရဲ့ ဆွေတော်မျိုးတော် နတ်အပေါင်းကို နှစ်သိမ့်စကားဆိုပါတယ်။ ဆုံးမဩဝါဒ မိန့်ကြားပါတယ်။

"အမောင်နတ်အပေါင်းတို့..."

တစ်ဦးတစ်ယောက်တည်း နေထိုင်တာထက် ဆွေမျိုး အသိုင်းအဝိုင်းတို့ စုပေါင်းလို့ ညီညီညွတ်ညွတ် နေထိုင် သင့်ကြတယ်။ သည်လို အနေအထားရှိမယ်ဆိုရင် ဘယ် ရန်သူကမှ လာရောက်မဖျက်ဆီးနိုင်ကြပေဘူး။ အသိဝိညာဉ် မရှိတဲ့ သစ်ပင်တွေတောင်မှ စုပေါင်းပြီး ညီညွတ်စွာ နေထိုင် ကောင်းပါတယ်။ အဲသည်အခါမျိုးမှာ ရန်သူဖြစ်တဲ့လေပြင်း မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့တယ် မဟုတ်လား။

"အို... ဆွေတော်မျိုးတော် နတ်အပေါင်းတို့၊

တစ်ပင်ထီးတည်းနေတဲ့ သစ်ပင်ဆိုတာမျိုးဟာ ဘယ်ရွေ့ဘယ်မျှ ကြီးကျယ်ခမ်းနားတယ်ဆိုပေမဲ့ ရန်သူ ဖြစ်တဲ့ လေပြင်းမုန်တိုင်းနဲ့ တွေ့ဆုံရပြီဆိုရင် ပျက်စီး ရတတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်... အရှင်နတ်မင်း"

ရက္ခစိုးနတ်မင်းရဲ့... ဆုံးမဩဝါဒပေးမှုကြောင့် ပညာမဲ့ ဆွေတော်မျိုးတော် နတ်အပေါင်းလည်း အမြင်မှန်တွေ ရရှိသွား ကြပါတော့တယ်။

"ဆွေတော်မျိုးတော်အပေါင်းတို့...

သင်တို့ အခုလိုမျိုး ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ ရတဲ့အတွက် ပူဆွေးဝမ်းနည်းစိတ်တွေ မထားကြပါနဲ့တော့ သင်တို့ကို ငါ ချီးမြှင့်ထောက်ပံ့ပါ့မယ်"

ရက္ခစိုးနတ်မင်းသည် အဲသည်လို ပြောဆိုပြီးတဲ့နောက် မိမိ ပိုင်ဆိုင်ရာ အင်ကြင်းတောနေရာမှာပဲ ဗိမာန်တွေကိုခွဲဝေလို့ အသီး သီး နေရာချထားပေးခဲ့ပါတယ်။ မိခိုစရာရသွားတဲ့ နတ်အပေါင်း တို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတာပေါ့။ အဲသည် နောက်မှာတော့ဖြင့် ရက္ခစိုးနတ်မင်းရဲ့ အဆုံးအမမှာတည်လို့ အသက်ထက်ဆုံး ညီညွတ်စွာ နေထိုင်သွားကြပါတော့တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

# (၁၇)
# သူ့အကြောင်းတရားနဲ့ သူ

**အနဝဇ္ဇာနိ ကမ္မာနိ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**
*အပြစ်မရှိသော*
*ကောင်းမှုကို ပြုခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ဗာရာဏသီဆိုတဲ့ တိုင်းပြည်ကြီးမှာ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါက ဖြစ်ပါတယ်။

အဲသည်ကာလ ရွာငယ်ကလေးတစ်ရွာမှာ သူကြွယ်မျိုးရိုးက ဆင်းသက်လာတဲ့ ပညာရှိသူငယ်ကလေးတစ်ဦး ရှိပါတယ်။

တစ်နေ့မှာတော့ ပညာရှိသူငယ်ဟာ အဖော်အပေါင်းတွေနဲ့ ပညောင်ပင်ကြီးအောက်မှာ ဆော့ကစားနေခဲ့ကြတယ်။ အဲသည်တုန်းမှာပင် ဆေးဆရာတစ်ဦးရောက်လာတယ်။ အဲသည် ဆေးဆရာဟာ ကောက်ကျစ်စဉ်းလဲသူ ဖြစ်ပါတယ်။ သူဟာ သည်ရွာကို ရောက်လာတော့ ငွေအသပြာရအောင် ဆေးကုနိုင်မယ့် နည်းလမ်းကို စဉ်းစားနေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်တွေ ဆော့ကစားနေကြတဲ့ ပသျှောင်ပင်နား ကို ရောက်တော့ ပသျှောင်ပင်ထက်ကို လှမ်းကြည့်လိုက်တဲ့အခါ အပင်ရဲ့ခွကြားမှာ မြွေဆိုးတစ်ကောင်ရှိနေတာကို ရုတ်တရက် လှမ်းမြင်လိုက်ရတယ်။

"ဟာ… ဟုတ်ပြီ၊ ကစားနေတဲ့ ကလေးတွေထဲက တစ်ယောက်ယောက်နဲ့ ဈေးဦးဖောက်ရမယ်"

အဲသည်လို အကြံဆိုးနဲ့ ပညာရှိသူငယ်ကို လှမ်းခေါ်လိုက်တယ်။

"ဟေ့… သူငယ်၊ ဟောဟို ပသျှောင်ပင်ရဲ့ ခွကြား မှာ ဆက်ရက်ပေါက်ကလေးတွေ ရှိတယ်။ တက်နှိုက်ချေ"

အဲဒါနဲ့ ပညာရှိသူငယ်သည်အဟုတ်ထင်မှတ်ပြီး ပသျှောင်ပင် ကို ဖက်လို့ အပေါ်ကို တက်သွားခဲ့တယ်။ အပင်အောက်မှာတော့ အဖော်အပေါင်းတွေနဲ့အတူ ဆေးဆရာလည်း ခေါင်းတမော့မော့ နဲ့ပေါ့။

ပညာရှိသူငယ်လည်း သစ်ပင်ခွကြားကိုရောက်တော့ လက်နဲ့ နှိုက်လိုက်တယ်။

"ဟာ… မြွေ… မြွေကြီးပါလား"

ဆေးဆရာပြောသလို ဆက်ရက်ပေါက်ကလေးတွေ မဟုတ် ဘဲ မြွေဆိုးကြီးဖြစ်နေတာကြောင့် ဖမ်းဆုပ်ထားရာကနေ သူ့ လက်ကို မပေါက်မိခင် ကြောက်လန့်တကြား အောက်ကို ပစ်ချ လိုက်တယ်။ ကံဆိုးချင်တော့ လွှတ်ချလိုက်တဲ့မြွေဟာ ကလေး တွေဆီ ကျမသွားဘဲ ဆေးဆရာရဲ့ လည်ပင်းကို ပတ်မိသွား

www.burmeseclassic.com



တယ်။ ဆေးဆရာလည်း မြွေဆိုးအခဲခံရပြီး နေရာတင်တုံးခန် လဲကျပြီး အသက်ထွက်သွားပါလေရော။

အဲသည်အချိန်မှာ ရွာကလူတွေ ထွက်လာကြတယ်။ သူတို့ဟာ အကျိုးနဲ့အကြောင်းကို မဆက်စပ်တတ်ကြသလို ဆင်ခြင်တွေးခေါ်တတ်မှုလည်း မရှိကြဘူး။

"ဟာ... ဒါဟာ လူသတ်မှုပဲ။ ဆေးဆရာသေပြီ။ ဟေ့ ကလေးတွေ မပြေးကြနဲ့... မင်းတို့ကို မင်းကြီးဆီ ပို့ရမယ်"

ပြောလည်းပြော၊ ဆိုလည်းဆို၊ ဖမ်းလည်းဖမ်းပြီး ပညာရှိသူငယ်အပါအဝင် အဖော်အပေါင်းတွေ အားလုံးကို ဝါးလုံးတွေ၊ ဒေါက်တွေနဲ့ နှောင်ဖွဲ့ပြီး မင်းကြီးထံပို့ဖို့ လုပ်ပါတယ်။ အဲသည်အခါ ပညာရှိသူငယ်လည်း ကစားဖော်တွေကို...

"အမောင်တို့... မကြောက်ကြပါနဲ့။ မင်းကြီးထံရောက်တဲ့အခါမှာလည်း ကြောက်ရွံ့ဟန် မပြကြဘဲ မျက်နှာကို ကြည်ကြည်လင်လင် ထားကြပါ။ မင်းကြီးနဲ့ စကားပြောဆိုရရင် ငါကိုယ်တိုင် ဦးဆောင်ပြီး ပြောပါ့မယ်"

လို့ နှစ်သိမ့်အားပေးခဲ့ပါတယ်။ ကစားဖော်တွေကလည်း ပညာရှိသူငယ်ကို ခေါင်းဆောင်တင်ထားကြတာမို့ ပညာရှိသူငယ်ပြောသမျှ သဘောတူ လက်ခံကြပါတယ်။ သည်လိုနဲ့ သူငယ်တွေအားလုံးဟာ မင်းကြီးထံမှောက် ရောက်ခဲ့ကြတယ်။ ဖမ်းဆီးလာတဲ့ ရွာသားတွေက အကျိုးအကြောင်းပြောဆိုလျှောက်ထားပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး… လူသတ်မှုကျူးလွန်တဲ့ သည်သူငယ်တွေကို အပြစ်ဒဏ်စီရင်တော်မူပါ"

လို့ တင်လျှောက်ကြတယ်။ အဲသည်တော့ မင်းကြီးလည်း သူငယ်တွေအားလုံးကို လွှမ်းခြုံအကဲခတ်လိုက်တယ်။ သူငယ်တွေ အားလုံးဟာ တစ်ချက်ကလေးမှ မျက်နှာညှိုးကျသွားတယ် မရှိဘူး။ မျက်နှာပျက်သွားတယ်မရှိဘူး။ အားလုံးဟာ ကြည်ကြည်လင်လင် ရှိနေကြတယ်။ သည်တော့ မင်းကြီးလည်း အံ့အားတသင့်ဖြစ်ရင်းကနေ–

"အို… သူငယ်တို့၊ သင်တို့ဟာ အနှောင်အဖွဲ့ခံနေရပါလျက်၊ အပြစ်ပေးခံရတော့မယ့် အခြေအနေဖြစ်ပါလျက် မျက်နှာတွေဟာ ကြည်ကြည်လင်လင် ဖြစ်နေကြပါကလား။ ဘာကြောင့်များ စိုးရိမ်ပူဆွေးခြင်း မရှိရတာပါလိမ့်"

လို့ မေးမြန်းတော်မူပါတယ်။ အဲသည်အခါ ပညာရှိသူငယ်က–

"အရှင်မင်းကြီး… စိုးရိမ်ပူဆွေးခြင်း၊ ဝမ်းပမ်းတစ်နည်း ငိုကြွေးခြင်းတို့ဆိုတာဟာ ဘယ်လိုမှအကျိုးရှိတဲ့အရာမဟုတ်ပါဘူး။ စိုးရိမ်ပူဆွေးငိုကြွေးပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေတာကို ရန်သူတို့ တွေ့မြင်ရင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါလိမ့်မယ်။

အရှင်မင်းကြီး… ဘေးရန်ဖြစ်လာပြီဆိုရင် အကျိုးစီးပွားအဆုံးအဖြတ်ကို သိမြင်တဲ့ပညာရှိဟာ တုန်လှုပ်မှုမရှိပါ။ ရန်သူတို့အဖို့လည်း မဖောက်မပြန် ဟောကိ

www.burmeseclassic.com



တည်ကြည်တဲ့ မျက်နှာကိုမြင်ရင် ဆင်းရဲသွားကြပါလိမ့်မယ်။ အမှုကိစ္စဖြစ်လာပြီဆိုရင် အကျိုးစီးပွားဖြစ်ထွန်းရာဖြစ်ထွန်းကြောင်းအတွက် ချစ်ဖွယ်သော စကားကို ပြောဆိုရပါမယ်။ ပညာရှိတွေနဲ့ တိုင်ပင်ရပါမယ်။ ရတနာသုံးပါးကို မမေ့မလျော့ရပါဘူး။ အကျိုးစီးပွားဖြစ်ထွန်းဖို့ရာအတွက် လုံ့လထုတ်ရပါလိမ့်မယ်။

အရှင်မင်းကြီး… ကံသာအမိ၊ ကံသာအဖဖြစ်ပါတယ်။ တကယ်လို့ ကိုယ့်ဖက်က အရေးမလှဘဲ ရှုံးနိမ့်ခဲ့ရင်တောင်မှ ကံအတိုင်းဖြစ်ရတယ်လို့ နှလုံးသွင်းရပါလိမ့်မယ်”

မင်းကြီးဟာ ပညာရှိသူငယ်ရဲ့ စကားကို အင်မတန်မှပဲ နှစ်သက်သွားတော့ အမှုကို စုံစမ်းစစ်ဆေးပါတယ်။ အဲသည်အခါ သူငယ်ပြုမှုမှုဟာ ‘အပြစ်မရှိတဲ့အမှုကို ပြုတာ’ ရယ်လို့ ထင်ရှားသွားတဲ့အတွက် သူငယ်နဲ့တကွ အဖော်အပေါင်းတွေကို လွှတ်ပေးလိုက်ပါတယ်။

သူငယ်နှင့်တကွ အဖော်အပေါင်းတွေ အရွယ်ရောက်လာတဲ့အခါမှာတော့ မင်းကြီးလည်း ပညာရှိသူငယ်ကို ပညာရှိအမတ်ရာထူးနဲ့ ချီးမြှောက်ပြီး ကျန်သူငယ်တွေကိုလည်း သင့်လျော်ရာ ရာထူးတွေပေးအပ်ပြီး ခန့်ထားလိုက်ပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

# သူတော်ကောင်းတို့၏ သဘော

**အာရတိ ပါပါ၊**

**ဧတံ မင်္ဂလ' မုတ္တမံ။**

*မကောင်းမှုကို စိတ်ဖြင့်လည်းကောင်း*

*နှုတ်ဖြင့်လည်းကောင်း*

*ရှောင်ကြဉ်ခြင်းသည်*

*မြတ်သော မင်္ဂလာမည်၏။*

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူတဲ့အခါ တုန်းက အမတ်တစ်ယောက်ဟာ နန်းတွင်းသူတစ်ဦးနဲ့ ဖောက်ပြန်မှားယွင်းခဲ့ပါသတဲ့။ သည်အကြောင်းကို မင်းကြီး သိတော်မူတဲ့အခါ အဲသည်အမတ်ကို တိုင်းပြည်ကနေ နှင်ထုတ်ခဲ့ပါတယ်။

အဲသည်အခါ နှင်အထုတ်ခံရတဲ့အမတ်ဟာ ဒုဗ္ဗိသေနအမည်ရှိ ကောသလမင်းကြီးထံ ဝင်ရောက်ခစားခဲ့ပါတယ်။ အမတ်ဟာ ဒုမ္ဗိသေနမင်းကို–

"အရှင်မင်းကြီး... ဗာရာဏသီမင်းကြီးကို စစ်တိုက်တော်မူပါ"

www.burmeseclassic.com

www.burmeseclassic.com



လို့ လျှောက်ထားတော်မူပါတယ်။ ဒုဋ္ဌသေန မင်းလည်း စစ်မတိုးလိုတဲ့အတွက် ငြင်းပယ်ခဲ့ပါတယ်။ ဒါပေမဲ့ အမတ်ဟာ အားမလျှော့ပါဘူး။ ဒုဋ္ဌသေနမင်းထံ အခစားဝင်တဲ့အခါတိုင်း ဗာရာဏသီမင်းကြီးကို စစ်တိုး ဖို့ရာအတွက် အကြိမ်ကြိမ်အခါခါ နားဝင်အောင် တိုက်တွန်းတန် တိုက်တွန်း၊ ကုန်းချောတန် ကုန်းချော၊ မြှောက်ပင့်တန် မြှောက်ပင့်နဲ့ မကြာခဏ စကား ဆိုတဲ့အခါ ဒုဋ္ဌသေနမင်းလည်း စစ်တိုးဖို့ရာ စိတ်ပါဝင်စား လာပါတယ်။ အဲဒါနဲ့ပဲ စစ်တိုးမယ်လို့ ဆုံးဖြတ်ပြီး စစ်သည် ဗိုလ်ပါအပေါင်း ခြံရံလို့ ဗာရာဏသီကို ချီတက်လို့ မြို့တစ်မြို့လုံး ကို ဝိုင်းရံထားလိုက်ပါတော့တယ်။

အဲသည်လို အခြေအနေမျိုးမှာ ဗာရာဏသီမင်းကြီးဟာ တစ်စုံတစ်ရာမျှ ခုခံခြင်း မပြုခဲ့ပါဘူး။ အဲဒါကြောင့်လည်း ဒုဋ္ဌသေနမင်းဟာ မြို့တွင်းကိုဝင်ပြီး အစဉ်အတိုင်း သိမ်းယူ လာခဲ့တာ နန်းတော်ရှိရာ ရောက်လာခဲ့ပါတယ်။ နန်းတော်ထဲ ဝင်မိတဲ့အခါမှာတော့ အမတ်တွေရဲ့အလယ်မှာရှိနေတဲ့ ဗာရာ ဏသီမင်းကို ဖမ်းယူပြီး နှောင်ကြိုးတို့တည်းစေပါတယ်။ အဲသည် နောက် မြောက်တံခါးခုံမှာ ဇောက်ထိုးဆွဲထားလိုက်ပါတယ်။

သည်လိုအခြေအနေမျိုး ရောက်နေပေမဲ့လည်း ဗာရာဏသီ မင်းဟာ မကောင်းမှုမဖြစ်အောင် စိတ်နဲ့ ရှောင်ကြဉ်ခဲ့ပါတယ်။ 'ဘယ်သူတရားပျက်ပျက် ကိုယ်တရားမပျက်စေရဘူး' ရယ်လို့ လည်း အာရုံနှစ်ထားခဲ့တယ်။ မိမိကိုဖမ်းဆီးပြီး တံခါးခုံမှာ ဇောက်ထိုးဆွဲထားခဲ့တဲ့ ရန်သူမင်း–ဒုဋ္ဌသေနအပေါ်မှာ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



မထွက်ခဲ့ပါဘူး။ မေတ္တာဘာဝနာပွားပြီး ကသိုဏ်းပရိကံကိုတောင် ပြုနေခဲ့ပါတယ်။ အဲသည်လို မေတ္တာအကျိုး၊ သစ္စာတန်ခိုးတွေ ကြောင့် မိမိအပေါ် နှောင်တည်းထားတဲ့ အနှောင်အဖွဲ့တွေဟာ ကင်းပြတ်ကုန်ကြပါသတဲ့။ ပြီးတော့ ဇာရာဏာသီမင်းဟာ ကောင်းကင်ထက်ပျံတက်သွားပြီး ထက်ဝယ်ဖွဲ့ခွေနေတော်မူခဲ့ တယ်။

အဲသည်အချိန်မှာပဲ ဒုဗ္ဗိသေနမင်းဟာ မခံမရပ်နိုင်လောက် အောင် ပူလောင်ပြင်းပြတဲ့ ဝေဒနာတွေ ခံစားနေရတော့တယ်။ ပူလောင်ပြင်းပြမှုဟာ တစ်စထက်တစ်စ တိုး... တိုးလာလေ တော့ ဒုဗ္ဗိသေနမင်းလည်း တစ်နေရာတည်းမှာ ရပ်တည်မနေ နိုင်တော့ဘဲ မြေပြင်ပေါ်ပစ်လှဲချပြီး လူးလိမ့်နေရပါတော့တယ်။ ဒါ့ကြောင့်...

"အမတ်တို့... ငါ အခုလို ဖြစ်ရတာဟာ ဘာ့ကြောင့် လဲ"

လို့ မေးတော်မူပါတယ်။ အဲသည်အခါ သမာသမတ်ကျပြီး ပညာရှိတဲ့အမတ်တွေက လျှောက်တင်ကြပါတယ်။

"အရှင်မင်းကြီး... အရှင်မင်းကြီးဟာ တရားစောင့်တဲ့ ဇာရာဏာသီမင်းကို နှောင်ကြိုးတွေတည်းလို့ မြောက်တံခါး ခုံမှာ ဇောက်ထိုးဆွဲစေတဲ့အတွက် လောကပါလနတ်တွေက မခံမရပ်နိုင်ဖြစ်ကြပါတယ်။ ဒါ့ကြောင့် ပူလောင်ပြင်းပြတဲ့ ဝေဒနာတွေနဲ့ ဒဏ်ခတ်တာပါမင်းကြီး"

အဲသည်လို လျှောက်ထားချက်လည်း ကြားသိရရော... ဒုဗ္ဗိ သေနမင်းလည်း–

www.burmeseclassic.com

www.burmeseclassic.com


"ဗာရာဏသီမင်းကို အခုပဲ လွှတ်ပေးကြလော့"

ဆိုပြီး အမိန့်တော် ထုတ်ပြန်ပါတော့တယ်။ ဒါနဲ့ မင်းချင်းတွေလည်း ဗာရာဏသီမင်းကို လွှတ်ပေးရအောင်အသွား ဗာရာဏသီမင်းက နှောင်ကြိုးအတည်းခံ၊ ခောက်ထိုးအဆွဲခံနေရတဲ့နေရာမှာမရှိဘဲ ကောင်းကင်ထက်မှာ တည်ရှိနေတာကြောင့် အံ့အားတသင့်ဖြစ်ပြီး ဒုဗ္ဗိသေနမင်းကို သွားရောက်အကြောင်း ကြားကြပြန်ပါတယ်။

ဒုဗ္ဗိသေနမင်းလည်း မင်းချင်းတွေနဲ့အတူ လိုက်ပါပြီး ကောင်းကင်မှာထက်ဝယ် ဖွဲ့ခွေနေတော်မူတဲ့ ဗာရာဏသီမင်းကို ရိုသေစွာ ရှိခိုးရင်း မေးမြန်းတော်မူပါသတဲ့။

"အို... ကေရာဇ်မင်းမြတ်၊ အရှင်မင်းမြတ်ဟာ ရှေးအခါက အလွန်မွန်မြတ်ပြည့်စုံတဲ့ ရသာအာရုံ ကာမဂုဏ်တို့ကို ထူးကဲစွာ ခံစားရပါတယ်။ အခုကျတော့ ငရဲကျတဲ့ အလား မညီမညွတ် ခောက်ထိုးဆွဲထားပါလျက် ရှေးကဖြစ်တဲ့ အဆင်းအသရေတော်ကို ဘာကြောင့်များ မစွန့်ရတာပါလိမ့်"

"အို... ဒုဗ္ဗိသေနမင်း၊ အကျွန်ုပ်ဟာ ရှေးအခါကပင် သည်းခံခြင်း၊ မေတ္တာခြင်း စတဲ့အကျင့်တွေကို ကျင့်ကြံဖို့ရာ တောင့်တခဲ့ပါတယ်။ ခုခါမှာတော့ အဲသည်လိုမျိုး တောင့်တခဲ့ဖူးတဲ့ သည်းခံခြင်း၊ မေတ္တာခြင်းအကျင့်တို့ကို ကျင့်ပါတယ်။ အဲဒါကြောင့် ရှေးကဖြစ်တဲ့ အဆင်းအသရေတော်ကို ဘာကြောင့် စွန့်ရမှာတဲ့လဲ...။

www.burmeseclassic.com

www.burmeseclassic.com



အို… ဒုဋ္ဌိသေနမင်း၊ အကျွန်ုပ်ဟာ ရှေးအခါကပင် လျှင် ဒါန၊ သီလ စတဲ့ပြုဖွယ်ကိစ္စတွေကို ပြုလုပ်ပြီးစီး ခဲ့ပါပြီ။ အခြံအရံ၊ ဥာဏ်ပညာတွေနဲ့လည်း ပြည့်စုံတယ်၊ သည်းခံနိုင်ခဲ့တဲ့အရာမှာလည်း သည်းခံနိုင်တဲ့ ကျွန်ုပ်အဖို့ စည်းစိမ်ရှိသူဖြစ်ပေမဲ့ ရှေးအခါက မဖြစ်ဖူး မွန်မြတ်တဲ့ ချမ်းသာကို ရရှိခဲ့ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ စွန့် ရမှာပါလဲ…။

အို… ဒုဋ္ဌိသေနမင်း၊ သင်ပြုလုပ်ခဲ့တဲ့ ဆင်းရဲမှုနဲ့ မင်းရဲ့စည်းစိမ်ချမ်းသာကို ပယ်စွန့်လို့ ရဟန်းချမ်းသာနဲ့လည်း သင်ပြုလုပ်တဲ့ ဆင်းရဲကို ပယ်စွန့်ခဲ့ပါတယ်။ သည်းခံနိုင် ခဲ့တဲ့အရာကို သည်းခံခဲ့ပါတယ်။ အထူးသဖြင့် ရန်ကို ရန်ချင်းမတုံ့နှင်းဘဲ မကောင်းမှုမဖြစ်အောင် စိတ်နဲ့ ရှောင်ကြဉ်ခဲ့ပါတယ်။

အို… ဒုဋ္ဌိသေနမင်း၊ သူတော်ကောင်းတွေဆိုတာဟာ ငြိမ်းအေးနိုင်တဲ့ သဘောရှိကြပါတယ်”

ဒုဋ္ဌိသေနမင်းဟာ ဗာရာဏသီမင်းကြီးရဲ့ စကားတွေကို ကြားနာလို့အပြီးမှာတော့ မိမိရဲ့အမှားအတွက် ဝန်ချတောင်းပန် ကန်တော့ရင်း–

“အရှင်မင်းကြီး… အရှင်မင်းကြီးရဲ့တိုင်းပြည်ကို အရှင် မင်းကြီးပဲ ပြန်လည်ပြီး မင်းပြုတော်မူပါ။ အကျွန်ုပ်အနေနဲ့ အရှင်မင်းကြီးရဲ့ တိုင်းပြည်မှာ ခိုးသား၊ ဓားပြရန်တွေ ပေါ်ပေါက်လာခဲ့ရင် ကာကွယ်နှိမ်နင်းပေးပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီး ဗာရာဏသီမင်းကြီးထံ တိုင်းပြည်ကို ပြန်လည် အပ်နှံပါတယ်။ ပြီးတော့ ကိုယ့်အရှင်သခင်အရင်း၊ သူတော် ကောင်းကို သစ္စာဖောက်ဖျက် ချောက်တွန်းရက်တဲ့ အမတ်ယုတ် ကို မင်းပြစ်မင်းဒဏ်နဲ့ စီရင်ပြီးတဲ့နောက် မိမိတိုင်းပြည်ရှိရာကို ပြန်ခဲ့ပါတော့တယ်။

ဗာရာဏသီမင်းကြီးအနေနဲ့ ရန်သူမင်းကတောင် ရိုသေစွာ ကန်တော့တောင်းပန်ရတာ၊ ကိုယ့်တိုင်းပြည်ကိုယ်ပြန်ရတာဟာ သူတော်ကောင်း စိတ်ဓာတ်ကို တည်ဆောက်နိုင်လို့ပဲ မဟုတ် ဘူးလား။ အထူးသဖြင့် မကောင်းမှုမဖြစ်အောင် စိတ်ဖြင့် ရှောင်ကြဉ်လိုက်တာလို့ပဲ ကောက်ချက်ချသင့်ပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

(၁၉)

## အသက်တစ်ချောင်း

**ဝိရတိ ပါပါ၊**

**စေတံ မင်္ဂလ’ မုတ္တမံ။**

*မကောင်းမှု မဖြစ်အောင်*

*ကိုယ်၊ နှုတ်နှစ်ပါးဖြင့်*

*ရှောင်ကြဉ်ခြင်းသည်*

*မြတ်သော မင်္ဂလာမည်၏။*

ရှေးလွန်ပြီးတဲ့ကာလတစ်ခုတုန်းက ရွာတစ်ရွာမှာ အရွယ်ရောက်ပြီဖြစ်တဲ့ သားနှစ်ယောက်ကို အားကိုးအားထားပြုနေရတဲ့ မိခင်မုဆိုးမတစ်ဦး ရှိပါတယ်။ သူတို့ညီအစ်ကိုဟာ မိခင်အို မုဆိုးမကြီးကို ရိုသေစွာ လုပ်ကျွေးပြုစု နေထိုင်ကြပါတယ်။

တစ်နေ့မှာတော့ မိခင်အိုကြီးဟာ လူကြီးရောဂါဝေဒနာနဲ့ အိပ်ရာထဲ ဘုံးဘုံးလဲပါတော့တယ်။ ရောဂါဟာ သက်သာလာခြင်းမရှိတာနဲ့ ဆေးဆရာကို ပင့်ပြီးပြသရတာပေါ့။ သည်အခါ ဆေးဆရာလည်း လူမမာကို သေချာစွာ စစ်ဆေးစမ်းသပ်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"အမောင်တို့... အမောင်တို့ မိခင်ကြီးရဲ့ ဝေဒနာ သက်သာပျောက်ကင်းဖို့အတွက် ယုန်သားလတ်လတ်ဆတ်ဆတ်ကို ခာတ်စာအဖြစ် ကျွေးလိုက်ရင် တစ်ခဏချင်း ရောဂါဝေဒနာက သက်သာပျောက်ကင်းပါလိမ့်မယ်။ ယုန်အရှင်ကိုရှာပြီး ခာတ်စာအဖြစ် ချက်ပြုတ်ကျွေးမွေးလိုက်ပါ"

လို့ ပြောပါတယ်။ ဒီတော့ အစ်ကိုဖြစ်တဲ့သူက–

"ညီငယ်... တောကို သွားပြီး ယုန်တစ်ကောင်ရအောင် ရှာခဲ့ပါ"

လို့ ခိုင်းစေလိုက်ပါတယ်။ ညီငယ်လည်း ယုန်ထောင်ဖို့ရာ တောထဲကို ဝင်ခဲ့တာပေါ့။ တောစပ်တစ်နေရာကို ရောက်တဲ့အခါ ကံအားလျော်စွာ ရွက်နုကလေးတွေ စားသောက်နေတဲ့ ယုန်ငယ်တစ်ကောင်ကို တွေ့လိုက်ရပါတယ်။ ယုန်ငယ်က အစာစားနေရင်းက လူရိပ်ကိုမြင်တော့ ကြောက်အားလန့်အားနဲ့ ထွက်ပြေးပါတယ်။ ကံဆိုးချင်တော့ အပြေးမတော်ဘဲ နွယ်ပင်တစ်ပင်မှာ သွားပြီး ငြိနေပါတော့တယ်။ သည့်အတွက် ညီငယ်လည်း ယုန်ကလေးကို အလွယ်တကူ ဖမ်းယူလိုက်နိုင်ပါတယ်။ ယုန်ကလေးလည်း ကြောက်ရွံ့တာနဲ့ တစ်ကိုယ်လုံး တုန်နေခဲ့တာပေါ့။

ညီငယ်ဟာ မိမိရဲ့လက်တွင်း သက်ဆင်းရောက်ရှိနေတဲ့ ယုန်ငယ်ကလေးရဲ့အဖြစ်ကိုကြည့်ရင်း စာနာသနားစိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။

"အို... သတ္တဝါဆိုတာဟာ သေရမယ့်ဘေးကို

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့တတ်ကြသူချည်းပါပဲလား။ ငါလည်း သေရမှာကို ကြောက်တယ်။ ယုန်ကလေးဟာလည်း သေရမှာကို ကြောက်နေရှာတယ်”

သည်တော့ ငါ့မိခင် အသက်ရှင်ဖို့ရာအတွက် ယုန်ကလေး သေပေးရမယ်ဆိုရင် တရားပါ့မလား။ သဘာဝကော ကျပါ့မလား”

ညီငယ် အဲသည်လို တွေးတောဆင်ခြင်မိတယ်ဆိုရင်ပဲ–

“ငါဟာ ယုန်ကလေးကို မသတ်သင့်ဘူး”

လို့ ဆင်ခြင်ဆုံးဖြတ်မိပြီး…

“ကဲ… ယုန်ကလေးရေ… မကြောက်ပါနဲ့တော့။ မင်းအသက်ကို မဆုံးရှုံးစေရပါဘူးကွယ်”

လို့ ပြောဆိုရင်း လွှတ်ပေးလိုက်တော့ ယုန်ငယ်လေးလည်း အားရဝမ်းသာစွာနဲ့ တောထဲကို ထွက်ပြေး ပျောက်ကွယ်သွားပါတော့တယ်။

ညီငယ် အိမ်ပြန်ရောက်တော့ အသင့်စောင့်နေတဲ့ အစ်ကိုက မေးပါတယ်။

“ညီငယ်… ယုန်ကောင်မပါခဲ့ဘူးလား”

သည်တော့ ညီငယ်လည်း ကြုံတွေ့ခဲ့ရတဲ့ အကြောင်းအရာ အဖြစ်အပျက်တွေကို ပြန်ပြောပြပါတယ်။ အစ်ကိုလည်း ဒေါသတကြီးဖြစ်ပြီး–

“ညီငယ်… မင်းဟာ မိခင်ရဲ့ အကျိုးကို ပစ်ပယ်သူပဲ”

လို့ မကျေမနပ်ပြောဆိုပြီး ပြစ်တင်မောင်းမဲပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အသံကိုကြားတော့ မိခင်ကြီး သားကြီးကို ဖျောင်းဖျ ပြောဆိုပါတယ်။

"အို... သားကြီး၊ သားငယ်ကို အပြစ်မတင်ပါနဲ့ ကွယ်။ သားငယ်ရဲ့ ပြုမူဆောင်ရွက်မှုဟာ မှန်ကန်ပါတယ်။ သူ့အသက်သတ်တယ် ဆိုတာဟာ ကောင်းတဲ့အမှုမဟုတ်ပါ ဘူး။ မင်္ဂလာလည်း မရှိပါဘူး။ မကောင်းမှုမဖြစ်အောင် ကိုယ်နှုတ်နှစ်ပါးတို့ ရှောင်ကြဉ်တာဟာ မင်္ဂလာမည် ပါတယ်"

လို့ ပြောဆိုပြီး သားငယ်ရဲ့ လုပ်ရပ်အတွက် သာဓု ခေါ် ပါတယ်။ အဲသည်အချိန်မှာ သားငယ်လည်း–

"အို... နတ်ကောင်းနတ်မြတ်တို့၊

ကျွန်ုပ်ဟာ သိတတ်တဲ့အရွယ်ကစလို့ သိလျက်နဲ့ သူ တစ်ပါးအသက်ကို မသတ်ဖြတ်ခဲ့ပါ။ မကောင်းမှုမဖြစ် အောင် ကိုယ်နှုတ်နှစ်ပါးတို့ ရှောင်ကြဉ်ခဲ့ပါ၏။ ဤစကား သည် သစ္စာစကားဖြစ်ပါ၏။ ဤစကားမှန်ကန်ပါက မိခင် ကြီးရဲ့ ရောဂါဝေဒနာဟာ... ပိန်းကြာဖက်မှာ ရေမတင် သလို ကင်းစင်ပပျောက်ပါစေသား"

ရယ်လို့ သစ္စာပြုပါတယ်။

အဲသည်လို သစ္စာစကားကြောင့်ပဲ မိခင်ကြီးရဲ့ ရောဂါ ဝေဒနာဟာ သက်သာပျောက်ကင်းသွားပါတော့တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)
## ဝေးစွာရှောင်ပါ အို… သူရာ

**မဇ္ဇပါနာ စ သံယမော၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**
*သေရည်သေရက်ကို*
*သောက်စားခြင်းမှ*
*ဝေးစွာ ရှောင်ကြဉ်ခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးလွန်လေပြီးတဲ့ ကာလတစ်ခုတုန်းကပေါ့။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတဲ့အခါ ကာသိတိုင်းမှာ ဥဒိစ္စပုဏ္ဏားလုလင်တစ်ဦးရှိပါသတဲ့။

ဥဒိစ္စပုဏ္ဏားလုလင်ဟာ အရွယ်ရောက်လာတဲ့အခါ ရသေ့ရဟန်းပြုပါတယ်။ ရသေ့ရဟန်းအဖြစ်နဲ့ ကမ္မဋ္ဌာန်းတရားတွေကို ကျင့်ကြံအားထုတ်တဲ့အခါ ဈာန်အဘိညာဉ်တွေကို ရရှိခဲ့ပါတယ်။ အဲသည်နောက်မှာတော့ နောက်ပါအခြံအရံ တပည့်ငါးရာနဲ့အတူ ဟိမဝန္တာအရပ်ကို ထွက်လာခဲ့ပြီး၊ တောအုပ်တစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com



သစ်ခက်တဲကျောင်းသခ်မ်း ဆောက်လုပ်ပြီး သီတင်းသုံးနေထိုင်ကြပါတယ်။

သည်လိုနဲ့ ဆောင်းကာလ၊ နွေကာလတို့ လွန်မြောက်ပြီး၊ မိုးကာလကို ရောက်ရှိလာတဲ့အခါမှာတော့ တပည့်ရသေ့ငါးရာဟာ ဆရာရသေ့ထံသွားရောက်ပြီး ဗာရာဏသီပြည်ရှိရာ ကြွသွားလိုတဲ့အကြောင်း ခွင့်ပန်လျှောက်ထားကြပါတယ်။

"ဆရာရသေ့... တပည့်တော်တို့ဟာ ချဉ်၊ ဆား မှီဝဲလိုသည့်အတွက် ဗာရာဏသီပြည်ကို သွားလိုကြပါတယ်။ ခွင့်ပြုပါဘုရား"

"ကောင်းပေပြီ...။ သွားကြပါကုန်လော့"

တပည့်ရသေ့ငါးရာလည်း ဆရာရသေ့ရဲ့ ခွင့်ပြုချက်ရတာနဲ့ ဗာရာဏသီပြည်ရှိရာ ကြွလှမ်းခဲ့ကြပါတယ်။ ဗာရာဏသီပြည်ကိုရောက်တော့ မင်းကြီးရဲ့ ဥယျာဉ်တော်မှာ သီတင်းသုံးနေထိုင်ကြပါတယ်။

နောက်တစ်နေ့ ဗာရာဏသီမြို့တွင်းဝင်ပြီး ဆွမ်းခံကြွကြတဲ့အခါ မြို့သူမြို့သားအပေါင်းတို့ဟာ ကြည်ညိုစိတ်တွေ ဖြစ်ပေါ်လာခဲ့ကြတာမို့ သဒ္ဓါတရား ထက်သန်လှစွာနဲ့ ဆွမ်းတွေ၊ ကွမ်းတွေကို လောင်းလှူကြပါသတဲ့။

သည်လိုနဲ့ နှစ်ရက်၊ သုံးရက်လောက်ကြာတဲ့အခါ မင်းကြီးလည်း သူ့တိုင်းပြည်ဗာရာဏသီကို ရသေ့ငါးရာတို့ ကြွလာပြီး သီတင်းသုံးနေတဲ့ အကြောင်း ကြားသိသွားခဲ့ပါတယ်။ မင်းကြီးလည်း ရသေ့ငါးရာကို ကြည်ညိုစိတ် ဖြစ်ပေါ်လာတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်တော်ရှိရာကို ထွက်လာခဲ့ပါတယ်။ ဥယျာဉ်တော်မှာ သီတင်းသုံးနေတဲ့ ရသေ့ငါးရာကို တွေ့မြင်ရတဲ့အခါ ရှိသေစွာ ဖူးမြင်ပြီး–

"အရှင်ရသေ့တို့… ဝါတွင်းသုံးလတာ ကာလပတ်လုံး ဤဥယျာဉ်မှာပဲ သီတင်းသုံးတော်မူကြပါဘုရား။ ပြီးတော့ နေ့စဉ်နေ့တိုင်း တပည့်တော်ရဲ့ နန်းတော်ရှိရာ လှမ်းကြွလို့ ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"

ရယ် လျှောက်ထားတော်မူပါတယ်။ ရသေ့ငါးရာလည်း ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်ကြပြီး နောက်တစ်နေ့က အစပြုလို့ နေ့စဉ်နေ့တိုင်း ဆိုသလို နန်းတော်ရှိရာကြွသွားတော်မူကြရင်း မင်းကြီးလုပ်ကျွေးတဲ့ဆွမ်းကို ဘုဉ်းပေးကြပါတော့တယ်။

တစ်နေ့မှာတော့ ဗာရာဏသီပြည်မှာ 'သေရည်သေရက် သောက်ပွဲသဘင်ကြီး' ကို တခမ်းတနား ဆင်ယင်ကျင်းပပါသတဲ့။ အဲသည်အခါ မြို့သူမြို့သားတွေလည်း သူတို့အချင်းချင်း တိုင်ပင်ပြောဆိုကြပါတယ်။

"မိတ်ဆွေတို့… သေရည်သေရက်ဆိုတာ လွန်စွာမှ ရနိုင်ခဲပေတယ်။ အခုလို ပွဲသဘင်ကြီး ကျင်းပမှသာ ရနိုင်တာ။ သည်တော့ ရတောင့်ရခဲ သေရည်သေရက်တွေ ရသေ့ငါးရာတို့ကို လှူဒါန်းကြရင် မကောင်းဘူးလား…"

"ကောင်းတယ်… ကောင်းတယ်။ လွန်စွာမှ ရတောင့်ရခဲတဲ့ သေရည်သေရက်ကို လောင်းလှူတာ မွန်မြတ်တဲ့ ကုသိုလ်ပဲ လှူကြ၊ လှူကြ…"

www.burmeseclassic.com

www.burmeseclassic.com



မြို့သူမြို့သားအပေါင်းလည်း တစ်ညီတစ်ညွတ်တည်း ပြောဆိုကြပြီးတဲ့နောက် သေရက်သေရက်အိုးတွေကို ဥယျာဉ်တော်အတွင်း ယူဆောင်သွားကြပြီး ရသေ့ငါးရာကို လှူဒါန်းလိုက်ကြတယ်။

ရသေ့တို့လည်း တစ်ခါမျှမသုံးဆောင်ဖူးတဲ့ သေရည်သေရက်တို့ကို သောက်သုံးမိကြတဲ့အခါ မူးယစ်လာပြီး၊ စိတ်အာရုံတွေလည်း နိုးကြွလာကြတယ်။ အသိတရားတွေလည်း ကင်းလွတ်လာကြတယ်။ အရုက်၊ အကြောက်တွေ နားမလည်တော့ဘဲ အချို့ရသေ့တွေဟာ ခြေမြှောက်၊ လက်မြှောက်နဲ့ ကခုန်ကြတယ်။ အချို့ရသေ့တွေကျတော့ သီချင်းတွေကို အော်ကြီးဟစ်ကျယ် သီဆိုကြတယ်။ အချို့ရသေ့တွေဆိုရင် လျှော်တေသက်န်းကို ခါးတောင်းကျိုက်ပြီး လက်ပမ်းပေါက်ခတ်လိုခတ်၊ ကျွမ်းထိုးလို့ထိုးနဲ့။ အချို့ရသေ့တွေဆိုရင် ဆွမ်းခဲဖွယ်တွေပေါ်မှာ ခေါင်းစိုက်ပြီး အိပ်ပျော်နေခဲ့ကြတော့တယ်။

သည်လိုနဲ့ ရသေ့ငါးရာလည်း အမူးတွေပြေလာတဲ့အခါကျတော့ သူတို့အားလုံး အရုက်အကြောက်ကင်းမဲ့စွာနဲ့ ဖြစ်ပျက်ပုံအလုံးစုံကို ပြန်သတိရလာကြတယ်။

"ငါ့ရှင်တို့... ငါတို့ဟာ ရသေ့ရဟန်း ဖြစ်ပါလျက်နဲ့ မလျော်ကန်၊ မသင့်မြတ်တဲ့ အပြုအမူတွေကို ပြုမူခဲ့ကြပြီ။ စက်ဆုပ်ဖွယ် ကောင်းမှ ကောင်းပါပေ့ကလား"

"ဟုတ်ပါရဲ့... ငါ့ရှင်တို့၊ ငါတို့ရဲ့ မျက်နှာ ဘယ်လိုပြုရတော့မှာလဲ... ရှက်လိုက်လေခြင်းကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ရသေ့အားလုံးဟာ သူတို့ရဲ့ အရှက်ကြောက် ကင်းမဲ့ခဲ့မှု အတွက် ယူကြုံးမရဖြစ်ပြီး ငိုကြွေးမြည်တမ်းကြပါတယ်။

"ငါ့ရှင်တို့... ငါတို့ဟာ ဆရာအရှင်နဲ့ ခွဲခွာပြီး နေမိတဲ့အတွက်ကြောင့် ခုလိုမျိုး မကောင်းမှုကို ပြုမူကြခြင်း ဖြစ်ပေတယ်"

"ဟုတ်တယ်... ငါ့ရှင်တို့၊ ဒါကြောင့်... ငါတို့တွေ၊ ခုပဲ မင်းဥယျာဉ်ကိုစွန့်ခွာလို့ ဆရာရသေ့ရှိရာ ဟိမဝန္တာကို ပြန်သွားကြပါစို့ကွယ်"

အဲသည်လိုနဲ့ပဲ ရသေ့ငါးရာတို့ဟာ ဗာရာဏသီပြည်ကြီးကို ကျောခိုင်းလို့ ဆရာရသေ့သီတင်းသုံးနေထိုင်ရာ ဟိမဝန္တာကို ပြန်လာခဲ့ကြတော့တယ်။ ဆရာရသေ့လည်း တပည့်ငါးရာတို့ ပြန်လာကြတာကို တွေ့ရတော့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါသတဲ့။

"တပည့်တို့... လူတွေ မှီတင်းနေထိုင်ကြတဲ့ ဗာရာဏသီမှာ ဆွမ်း၊ ကွမ်း မျှတကြပါရဲ့လား။ တပည့်တို့ တစ်ပါးနဲ့တစ်ပါးကော ညီညီညွတ်ညွတ် ရှိကြပါရဲ့လား"

ဆရာရသေ့က အဲသလို မေးတော်မူလာတော့... တပည့်ရသေ့တို့လည်း-

"ဆရာ... အရှင်၊ တပည့်တော်တို့ဟာ တစ်ပါးနဲ့ တစ်ပါး ညီညီညွတ်ညွတ် ရှိကြပါတယ်ဘုရား၊ ဆွမ်း၊ ကွမ်းလည်း မျှတပါတယ်ဘုရား။ ဒါပေမယ်လို့ မသောက်

www.burmeseclassic.com

www.burmeseclassic.com



သင့်တဲ့ သေရည်သေရက်ကို သွားသောက်မိကြတဲ့အတွက် အသိ၊ သတိတို့ ကင်းလွတ်ကုန်ကြပါတယ်။ မူးယစ်ပြီး ကလိုက် ခုန်လိုခုန်၊ အော်ဟစ်လို အော်ဟစ်နဲ့ အရူးပမာ ဖြစ်ခဲ့ရပါတယ်ဘုရား။ လတ်တစ်လော မျောက်ဘဝရောက် မသွားတာကို ကံကောင်းတယ်လို့ မှတ်ယူဖွယ် ရှိပါတော့ တယ် ဘုရား”

ဆိုပြီး ဖြစ်ပျက်ခဲ့သမျှတို့ကို မခြွင်းမချန် တင်လျှောက်ကြ ပါတယ်။ အဲဒီအခါ ဆရာရသေ့လည်း–

“တပည့်တို့… ဆရာနဲ့ကင်းပြီး နေတယ်ဆိုတာ မကောင်းပေဘူး။ သေရည်သေရက်ဆိုတာ အသိဉာဏ်ကို ပျက်ယွင်းပြီး အရူးဖြစ်စေပါတယ်။ သေရည်သေရက် သောက်စားခြင်းမှ ပေးစွာရှောင်ကြဉ်ခြင်းဟာ မင်္ဂလာ မည်ပါပေတယ် တပည့်တို့…”

ဆိုပြီး ဆုံးမပါတယ်။ တပည့်တို့လည်း သေရည်သေရက် ကို ရှောင်ကြဉ်ပြီး တရားဓမ္မတွေကို ကျင့်ကြံအားထုတ်ကြတဲ့ အခါ သေလွန်တဲ့နောက် ဗြဟ္မာ့ပြည်ကို ရောက်ကြပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

## မမေ့လျော့တဲ့... တရား

**အပ္ပမာဒေါ စ ဓမ္မေသု၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**
*တရား၌ မမေ့မလျော့ခြင်းသည်*
*မြတ်သော မင်္ဂလာ မည်၏။*

ရှေး... ကာလတစ်ခုတုန်းက ပုဏ္ဏားလုလင်တစ်ဦးဟာ လူ့ဘောင်ကိုငြီးငွေ့လာတဲ့အတွက် ရသေ့ရဟန်းပြုလို့ ဟိမဝန္တာ တောအုပ်ကို ဝင်ခဲ့ပါတယ်။

တစ်နေ့မှာတော့ အရှင်ရသေ့ဟာ ချဉ်ဆားမှီဝဲလိုတဲ့အတွက် ဗာရာဏသီပြည်ကိုသွားလို့ မင်းကြီးရဲ့ ဥယျာဉ်တော်မှာ နေပါသတဲ့။ နံနက်မိုးသောက်တဲ့အခါ မြို့တွင်းကို ဆွမ်းခံဝင်ပါတယ်။

အဲသည်ကာလမှာ ဗာရာဏသီမှာရှိတဲ့ သူဌေးဟာ သဒ္ဓါတရားနဲ့ ပြည့်စုံသူဖြစ်ကြောင်း လူတို့ထံက သတင်းစကားကြားရတဲ့အတွက် ရှင်ရသေ့လည်း သူဌေးရဲ့အိမ်တံခါးဝရှိရာ သွားပြီး ရပ်ပါတယ်။ အဲသည်အချိန်မှာ သူဌေးဟာ မင်းကြီးထံ

www.burmeseclassic.com

www.burmeseclassic.com



အခစားဝင်ရောက်နေတဲ့အချိန် ဖြစ်ပါတယ်။ အိမ်သူအိမ်သားတွေ ဆိုတာလည်း ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာမို့ ရှင်ရသေ့ ရပ်နေတာကို သတိမထားမိလိုက်ကြပါဘူး။ ဒါနဲ့ပဲ ရှင်ရသေ့လည်း ရပ်နေရာကနေ ပြန်လှည့်ခဲ့ရပါတော့တယ်။

သည့်အချိန်မှာ သူဌေးကြီးဟာ မင်းကြီးထံမှာ ခစားပြီးတဲ့နောက် နေအိမ်ရှိရာကို ပြန်လာခဲ့ပါတယ်။ အဲသည်အခါ လမ်းခုလပ်မှာ ရသေ့နဲ့သွားဆုံမိကြပါတယ်။ အဲဒါနဲ့ ရသေ့လည်း သပိတ်ကို ဆောင်ယူလို့ အိမ်ကို ပင့်ဆောင်လာခဲ့ပါတယ်။ အိမ်ကို ရောက်တဲ့အခါ ဝတ်ကြီးဝတ်ငယ်ပြုစုပြီး ဆွမ်းယာဂု ခဲဖွယ်တို့ကို ကပ်လှူပြီးတဲ့နောက် ပဋိသန္ထာရစကားကို ပြောကြားပါတယ်။

"အရှင်ရသေ့... တပည့်တော်ရဲ့ အိမ်ကို ရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်မှန်သမျှတို့ဟာ တစ်စုံတစ်ခုမျှ မရဘဲ ပြန်လှည့်သွားကြရတာမျိုး မရှိခဲ့ပါဘူး။

အရှင်ရသေ့ ဆွမ်းလာရပ်တဲ့အချိန်မှာ တပည့်တော်ကလည်း ရှိမနေ၊ အိမ်သူအိမ်သားတွေကလည်း မမြင်တဲ့အတွက် နေရာခင်းခြင်း၊ သောက်ရေကပ်ခြင်း၊ ခြေဆေးခြင်း၊ ယာဂုဆွမ်းကပ်ခြင်းတို့ကို မရဘဲဖြစ်သွားရပါတယ်။ သည်လိုမရခြင်းဟာ တပည့်တော်အပြစ်သာ ဖြစ်ပါတယ်။ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ ရှင်ရသေ့"

လို့ တောင်းပန် လျှောက်ထားပါတယ်။ သည်တော့ ရှင်ရသေ့က–

www.burmeseclassic.com

www.burmeseclassic.com



"အသင်သူဌေး… ငါဟာ ပစ္စည်းတစ်စုံတစ်ရာအပေါ် ဝဲပ်မက်စွဲလမ်းခြင်းမရှိပါ။ အမျက်ဒေါသလည်း မထွက်ပါ။ မုန်းတီးခြင်းလည်း မဖြစ်ပါ။ စင်စစ် သင့်ရဲ့အလေ့အကျင့်ဟာ မျိုးရိုးစဉ်ဆက် အလေ့အကျင့်ပဲ ဖြစ်လိမ့်မယ်လို့ ထင်မှတ်ပါတယ်"

လို့ ပြောဆိုလိုက်ပါတယ်။

"မှန်ပါတယ်… ရှင်ရသေ့၊ နေရာခင်းကျင်း၊ ရေလှူခြင်း၊ ရေဆေးခြင်း အစရှိတဲ့ အလုံးစုံသော အလေ့အကျင့်တို့ကို တပည့်တော်ရဲ့ မျိုးရိုးစဉ်ဆက် ကျင့်သုံးလာခဲ့တဲ့ အမှုကိစ္စပဲ ဖြစ်ပါတယ်။

အရှင်ရသေ့… တပည့်တော်တို့ဟာ မွန်မြတ်တဲ့ မိဘဆွေမျိုးတွေလို ရဟန်းပုဏ္ဏားနဲ့တကွ အလှူခံပုဂ္ဂိုလ် အသီးသီးတို့ကို ရိုသေစွာ လုပ်ကျွေးပါတယ်။ သည်အလေ့အကျင့်ဟာလည်း တပည့်တော်တို့ မျိုးရိုးစဉ်ဆက် ကျင့်သုံးလာခဲ့တဲ့ အမှုကိစ္စပဲဖြစ်ပါတယ်"

"သာဓု… သာဓု… သာဓုပါ သူဌေး…"

ရသေ့လည်း သာမှအနုမောဒနာပြုပြီးတဲ့နောက် နှစ်ရက်၊ သုံးရက်ခန့်နေပြီး ဗာရာဏသီသူဌေးကို တရားတော်တွေ ချီးမြှင့်တော်မူပါတယ်။ အဲသည်နောက် ဟိမဝန္တာတောကို ပြန်လည်ဝင်ရောက်သွားပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

# (၂၂)
# ရှိသေထိုက်သူ ရှိသေပါ

ဂါရဝေါ စ

**ဧတံ မင်္ဂလ မုတ္တမံ။**

*ရှိသေထိုက်သူကို*
*ရှိသေခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

တစ်ခါတုန်းက ဟိမဝန္တာတောအုပ်ကြီးအတွင်းမှာ ညောင်ပင်ကြီးတစ်ပင် ရှိပါတယ်။ အဲသည်ညောင်ပင်ကြီးကို အမှီပြုလို့ ခါ၊ မျောက်၊ ဆင်တို့ဟာ ညီညွတ်စွာ နေထိုင်ကြပါသတဲ့။ ဒါပေမဲ့လည်း တစ်ဦးကိုတစ်ဦး တလေးတစား၊ တရိုတသေတော့ မရှိကြပါဘူး။

တစ်နေ့မှာတော့ သူတို့အဆွေခင်ပွန်းသုံးဦးဟာ ဆွေးနွေးတိုင်ပင်ကြပါတယ်။

"အဆွေတို့... ငါတို့သုံးဦးအနေနဲ့ ခုလိုမျိုး နေထိုင်ဆက်ဆံပုံဟာ မသင့်တော်တာအမှန်ပဲ။ တစ်ဦးကိုတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ရှိသေခြင်းလည်း မရှိ၊ အဆုံးအမပြုခြင်းလည်း မရှိ။ အသက်ကြီးသူကိုရိုသေ၊ အသက်ငယ်တူကို လေးစား၊ အသက်ငယ်သူကို သနားကြမယ်ဆိုရင်၊ အရိုအသေအဆုံးအမကို ခံယူနေထိုင်ကြမယ်ဆိုရင် မကောင်းပေဘူးလား"

"ဟာ... ဒါ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ။ တို့တတွေ သုံးဦးအနက် ဘယ်သူဟာ အသက်အကြီးဆုံး ဖြစ်မယ်၊ ဘယ်သူဟာ အသက်အငယ်ဆုံး ဖြစ်မယ်ဆိုတာကို ဆန်းစစ်ကြမယ်။ ကိုင်း... ဘယ်ဟာကို အမှီပြုလို့ သက်သေပြုလို့ အမှတ်အသားထားကြမလဲ"

"အို... လွယ်ပါတယ်။ တို့များ မှီတင်းနေထိုင်ကြတဲ့ ဟောဒီ ညောင်ပင်ကြီးကိုပဲ အမှတ်အသားပြုကြတာပေါ့"

အားလုံးရဲ့ သဘောတူညီမှုနဲ့အတူ တစ်ဦးချင်းဟာ ညောင်ပင်ကြီးကို သက်သေပြုကြတယ်။ သည်အခါ ခါနဲ့မျောက်တို့က–

"အဆွေဆင်... ဤညောင်ပင်ကြီးကို သင် ဘယ်တုန်းက စတင်သိရှိခဲ့ပါသလဲ"

လို့ ဆင်ကို မေးပါတယ်။ သည်တော့ ဆင်လည်း–

"အဆွေတို့... ငါဟာ ဆင်ပေါက်ကလေးအဖြစ် ရှိနေစဉ်တုန်းမှာ သည်ညောင်ပင်ကို ကျော်လွှားသွားခဲ့ပါတယ်။ ညောင်ပင်ရဲ့ ထိပ်ဖျားဆိုရင် ငါ့ချက်အထိသာ ရောက်ပါတယ်"

လို့ ဖြေကြားခဲ့တယ်။ နောက် ဆင်နဲ့ခါတို့က မျောက်ကို မေးကြပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဆွေမျောက်... သည်စျောင်ပင်ကို စသိတာ ဘယ်အခါတုန်းကပါလဲ"

"အဆွေတို့... ငါကလေးငယ်ဘဝတုန်းက သည်စျောင်ပင်ကလေးဟာ ပေါက်ကာစပဲရှိပါသေးတယ်။ ငါလည်း ကလေးတို့ဘဝ စျောင်ပင်ပေါက်ကလေးရဲ့ နဘေးမြေပြင်ပေါ်ထိုင်လို့ အညွန့်အဖျားကလေးတွေကိုတောင် နူးဖြတ်စားခဲ့ပါသေးရဲ့။ သည်စျောင်ပင်နဲ့ ပတ်သက်ပြီး ငါအမှတ်ရတာ ပြောတာပါ"

အဲသည်အခါ ဆင်နဲ့မျောက်ဟာ ခါကို မေးကြပြန်တယ်။ ခါက–

"အဆွေတို့...ယခင်အခါတုန်းက သည်အရပ်ဒေသမှာ သည်စျောင်ပင်ကြီး မရှိသေးပါဘူး။ ငါဟာ အရပ်တစ်ပါးမှာရှိတဲ့ စျောင်ပင်တွေမှာ ကျင်လည်ပြီး စျောင်သီးတွေကို စားခဲ့ပါတယ်။ အဲသည်နောက် သည်အရပ်ဒေသကို ရောက်တဲ့အခါ မစင်ဖွန့်ချရင်းမှ သည်အပင် ပေါက်လာခဲ့တာပါ" လို့ ရှင်းပြလိုက်တယ်။

သည်အခါ ဆင်နဲ့မျောက်တို့က–

"အဆွေ... ခါ၊ သင်ဟာ ငါတို့နှစ်ဦးထက် အသက်ကြီးပါတယ်။ အသက်ကြီးတာနဲ့အမျှ အတွေ့အကြုံလည်း များပါတယ်။ ငါတို့ထက်လည်း ဉာဏ်ပညာပိုရှိပါတယ်။ ရိုသေထိုက်သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့မှစလို့ အဆွေခါကို ငါတို့ ရိုရိုသေသေ၊ လေးလေးစားစား ဆက်ဆံပါ့မယ်။ ဝတ်ကြီးဝတ်ငယ်ပြုပြီး ဆည်းကပ်ပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



အဆွေ… ခါ၊ ငါတို့ နှစ်ဦးကိုလည်း ဆုံးမပါ။ သွန်သင်ပါ။ အဆွေခါရဲ့ သွန်သင်ဆုံးမမှုကို ငါတို့ တလေးတစား နာခံပါ့မယ်”

အဲသည်လို ဆိုကြတဲ့အခါ အသက်အကြီးဆုံးဖြစ်တဲ့ ခါက လည်း လက်ခံပြီး လိုက်နာကျင့်သုံးပါတယ်။ မျောက်နဲ့ဆင် အဆွေခင်ပွန်းနှစ်ဦးကို အဆုံးအမ ဩဝါဒပေးရုံမက ကိုယ်တိုင် လည်း သီလဆောက်တည်ပါတယ်။ အဆွေခင်ပွန်းနှစ်ဦးကိုလည်း သီလဆောက်တည်စေပါတယ်။ သည်လိုနဲ့ သူတို့သုံးဦးဟာ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားဆိုတဲ့ အတိုင်း ချစ်ခင်ကြင်နာ ပျော်ရွှင်စွာနဲ့ အသက်ထက်ဆုံးနေထိုင် သွားကြပါသတဲ့။

လောကကြီးမှာ ရိုသေထိုက်သူတို့ကို ရိုသေတာဟာ မင်္ဂလာ တစ်ပါးလို့ ဆိုရပါလိမ့်မယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

## အမြတ်ဆုံးတရား

**နိဝါတော စ၊**

**ဧတံ မင်္ဂလ’ မုတ္တမံ။**

*မိမိကိုယ်ကို နှိမ့်ချခြင်းသည်*

*မင်္ဂလာ မည်၏။*

ရှေးလွန်လေပြီးသောအခါတုန်းက ဗာရာဏသီပြည်မင်းကြီးမှာ သားတော်တစ်ပါး ထွန်းကားခဲ့ပါတယ်။ အဲသည်လိုပဲ မင်းကြီးထံခစားရတဲ့ ပုရောဟိတ်ပုဏ္ဏားမှာလည်း သားတစ်ဦး ထွန်းကားပြန်ပါတယ်။

မင်းကြီးဟာ သူ့ရဲ့သားတော်နဲ့ ပုရောဟိတ်ပုဏ္ဏားရဲ့သားတို့ တစ်နေ့တည်း ဖွားမြင်တယ်ဆိုတာကို သိတဲ့အခါ ပုရောဟိတ်သားကို နန်းတော်ရှိရာယူဆောင်စေပြီး အထိန်းတော်တွေ လက်ထဲအပ်နှံလို့ မင်းသားနဲ့အတူ မွေးမြူခဲ့ပါတယ်။ သူငယ်နှစ်ယောက်ကိုလည်း အဆင်တန်ဆာ၊ အစားအစာတို့ကို တူအောင် ဝတ်ဆင်စေ၊ စားသောက်စေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်တို့ အရွယ်ရောက်လာကြတဲ့အခါ တက္ကသိုလ်ပြည်ကို အတူတကွ သွားရောက်လို့ အတတ်ပညာတွေကို သင်ယူစေပါတယ်။ ပညာပြည့်စုံပြီးတဲ့နောက် ဘိုင်းပြည်ကို ပြန်ရောက်လာကြတဲ့အခါ မင်းသားဟာ အိမ်ရှေ့မင်းအဖြစ် ရရှိတဲ့အတွက် စည်းစိမ်အခြံအရံများစွာ ရရှိပါတယ်။ ပုရောဟိတ်သားဟာလည်း မင်းသားနဲ့ အတူတကွ နေထိုင်စားသောက်ပြီး အချင်းချင်းလည်း ချစ်ကျွမ်းတဝင်ရှိကြပါတယ်။

ကာလအတန်ငယ်ကြာတော့ ဗာရာဏသီမင်းကြီး နတ်ရွာစံတဲ့အခါ အိမ်ရှေ့မင်းသားဟာ အရိုက်အရာနဲ့တကွ မင်းစည်းစိမ်ကို ခံစားရပါတယ်။ ထိုအခါ ပုရောဟိတ်သားလည်း–

"ငါရဲ့အဆွေခင်ပွန်းမင်းသားဟာ မင်းအဖြစ်ကို ရရှိခဲ့ပေပြီ။ သူဟာ သတိရတာနဲ့ ငါ့ကို ပုရောဟိတ်အရာပေးပေလိမ့်မယ်။ အဲသည်အရာကို ဆက်ခံလိုက်တာနဲ့ ငါ့အဖို့ ဘယ်မှာလာပြီး အကျိုးရှိမှာတဲ့လဲ။ ရသေ့ရဟန်းပြုလို့ တရားမမ္မနဲ့ မွေ့လျော်ကာ အကောင်းဆုံးပဲ"

လို့ ဆုံးဖြတ်ချက်ချပြီး မိဘနှစ်ပါးကိုခွင့်ပန်လို့ စည်းစိမ်ချမ်းသာတွေကို စွန့်လွှတ်ရင်း ရသေ့ရဟန်း ပြုသွားခဲ့ပါတယ်။ အဲသည်နောက် ဟိမဝန္တာတောကိုဝင်လို့ အဘိညာဉ်သမာပတ်တို့ ဖြစ်စေပြီး ဈာန်ကစားလို့နေပါတယ်။

သည်အချိန်မှာ မင်းကြီးဟာ အဆွေခင်ပွန်းဖြစ်ခဲ့တဲ့ ပုရောဟိတ်သားကို မတွေ့မမြင်ရလို့ အမတ်တို့ကို မေးမြန်းစုံစမ်းပါတယ်။ အမတ်တွေက–

www.burmeseclassic.com



"အရှင်မင်းကြီး... ပုရောဟိတ်သားဟာ ရသေ့ရဟန်း ပြုလို့ တောထွက်သွားခဲ့ပါပြီ"

လို့ လျှောက်ထားကြပါတယ်။ သည်အခါ မင်းကြီးလည်း 'သေယျ' အမည်ရှိအမတ်ကို ခေါ်ပြီး–

"အို... သေယျအမတ်၊ သင်... ဟိမဝန္တာကို အမြန် သွားပါ။ ငါ့ရဲ့အဆွေခင်ပွန်းဖြစ်တဲ့ ပုရောဟိတ်သားကို ရအောင်ခေါ်ခဲ့ပါ။ သူရောက်လာခဲ့ရင် ပုရောဟိတ်အရာမှာ ခန့်ထားမယ်"

လို့ ပြောဆိုမှာကြား စေလွှတ်လိုက်ပါတယ်။ သေယျအမတ်လည်း မင်းကြီးစေခိုင်းတဲ့အတိုင်း ဟိမဝန္တာကို ထွက်သွားပါတော့တယ်။ ပစ္စန္တရစ်အရပ်ကို ရောက်တဲ့အခါ သစ်ခုက်တပ်ချလို့ စစ်သည်ဗိုလ်ပါတွေကို ထားရစ်ခဲ့ပြီး လမ်းပြမုဆိုးကို ခေါ်ဆောင်ကာ ရသေ့သီတင်းသုံးရာ ကျောင်းသင်္ခမ်းကို သွားပါတယ်။ ကျောင်းသင်္ခမ်းရှိရာ ရောက်တဲ့အခါမှာတော့ ရွှေဆင်းတုနဲ့မခြား ကြည်ညိုဖွယ်ရာ ကောင်းလှတဲ့ ရသေ့ကို ဖူးမြင်ရပါတယ်။ အဲသည်နောက် သေယျအမတ်လည်း–

"အရှင်ရသေ့... တပည့်တော်ဟာ သေယျအမတ်ဖြစ် ပါတယ်။ အရှင်ရသေ့ထံ လာရောက်ရတဲ့ အကြောင်းရင်း ကတော့ အရှင်မင်းကြီးဟာ အရှင်ရသေ့ကို ခေါ်ခဲ့ဖို့ ဖြစ် ပါတယ်။ မင်းကြီးဟာ အရှင်ရသေ့ကို ပုရောဟိတ်အရာ ပေးဖို့ပါ။ တပည့်တော်နဲ့အတူ လိုက်ခဲ့ပါ အရှင်ရသေ့"

လို့ လျှောက်ထားပြောဆိုပါတယ်။ သည်အခါ ရှင်ရသေ့ လည်း–

www.burmeseclassic.com

www.burmeseclassic.com



"အို... သေယျအမတ်၊ ငါ့အဖို့ ပုရောဟိတ်အရာကို ထားလိုက်ပါဦး... ဇမ္ဗူဒိပ်တစ်ကျွန်းလုံး မင်းအဖြစ်၊ စကြဝတေးမင်းအဖြစ် ပေးလာခဲ့တဲ့တိုင်အောင် ငါ မလိုက်လိုပါဘူး။ ပညာရှိတို့မည်သည် ထွေးထုတ်ပြီးတဲ့ တံတွေးကို ပြန်ပြီး မျိုးရိုးထုံးစံမရှိသလို၊ စွန့်လွှတ်ပြီးသား ကိလေသာတို့ကိုလည်း ပြန်မြီး အလိုမရှိကြပါဘူး"

လို့ လျှောက်ထားပြောဆိုပါတယ်။ သည်အခါ ရှင်ရသေ့လည်း-

လို့ မိမိကိုယ်မိမိ နှိမ့်ချပြောဆိုရင်း ပုရောဟိတ်ရာထူးကို ငြင်းပယ်တော်မူပါတယ်။

"အို... သေယျအမတ်၊ ကဲ့ရဲ့ဖွယ် ကောင်းလှတဲ့ လောကီရာထူးတို့ကို ငါမမက်ပါ။ သမုဒ္ဒရာကို ရံပတ်ပြီး စကြဝဠာတောင်နဲ့တကွ နားဘောင်းသဖွယ်ဖြစ်တဲ့ သည်မြေအလုံးကိုတောင်မှ ငါ အလိုမရှိပါဘူး။

အို... သေယျအမတ်၊ အပါယ်ငရဲကို ကျစေမယ့်၊ အမွေပြုကျင့်ပြီး ရရှိလာမယ့် ဥစ္စာစည်းစိမ်၊ လာဘ်လာဘတွေကို ငါ အလိုမရှိပါဘူး။ အမွေနဲ့ ရှာမှီးပြီးရရှိလာမယ့် စည်းစိမ်ဥစ္စာတွေနဲ့ အသက်မွေးရခြင်းထက် ရသေ့ရဟန်းပြုလို့ သပိတ်ကိုပိုက်၊ ဆွမ်းကိုခံရင်း အသက်မွေးရခြင်းက ပိုလို့၊ သာလို့ မွန်မြတ်လှပါပေရဲ့။ ရသေ့ရဟန်းပြုပြီး အသက်မွေးရခြင်းဆိုတာ လောကမှာ သူတစ်ပါးကို မညှဉ်းဆဲဘဲ ကောင်းသော အသက်မွေးခြင်းဖြစ်တာမို့ မင်းအဖြစ်ထက် မွန်မြတ်လှပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သည့်လို ဟောကြားဆုံးမတာကို သေယျအမတ်လည်း ကြားနာရပြီးတဲ့နောက် ရသေ့ကို ခွင့်ပန်ရှိခိုးလို့ သေယျအမတ်လည်း ပြန်သွားပါတော့တယ်။

တကယ်တော့ လောကကြီးမှာ တင်းတိမ်ရောင့်ရဲပြီး တရားခမ္မနဲ့ မွေ့လျော်လို့ မိမိကိုယ်ကို နှိမ့်ချခြင်းဟာ မင်္ဂလာတစ်ပါးပဲ မဟုတ်ပါလား။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)
## တင်းတိမ်ရောင့်ရဲခြင်း၏ ရလဒ်

**သန္တုဋ္ဌိစ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**
*လောဘအလိုသို့ မလိုက်ဘဲ*
*တင်းတိမ်ရောင့်ရဲခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးလွန်ပြီးသော အခါတုန်းကပေါ့။

ဗာရာဏသီပြည်မှာ လှည်းကုန်သည်အပေါင်းရဲ့ အကြီးအမှူး လှည်းမှူးတစ်ဦး ရှိပါသတဲ့။ လှည်းမှူးဟာ အလိုလောဘနည်းပါးပြီး တင်းတိမ်ရောင့်ရဲတတ်သူဖြစ်ပါတယ်။

တစ်နေ့မှာတော့ လှည်းမှူးဟာ လှည်းကုန်သည်တွေနဲ့အတူ လှည်းတွေပေါ်မှာ ကုန်စည်တွေတင်ဆောင်ပြီး အရပ်တစ်ပါးမှာ ကုန်သွယ်ရောင်းချဖို့ရာအတွက် ဗာရာဏသီပြည်ကနေ ထွက်ခွာလာခဲ့ပါတယ်။ သူတို့သွားမယ့် ခရီးလမ်းဆိုတာ ကန္တာရတစ်ခုကို ဖြတ်သန်းသွားရမယ့် ခရီးလမ်းဖြစ်ပါတယ်။ သည်လိုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်လာလိုက်ကြတာ ကန္တာရအလယ်ကိုရောက်တော့ ရေတွင်းဟောင်းတစ်ခုကို တွေ့လိုက်ကြပါတယ်။

သူတို့ဟာ ရေကို အလိုရှိတဲ့အတွက် ရေတွင်းဟောင်းဘေးမှ ခေတ္တစခန်းချပြီး တူရွင်းတွေ၊ ပေါက်ပြားတွေ ကိုင်ဆောင်လို့ ရေတွင်းဟောင်းကို တူးဖော်ကြပါလေရော။ အဲသည်မှာ မမျှော်လင့်ဘဲ ကြေးမည်းတွေ၊ ကြေးနီတွေကို တွေ့ကြရတယ်။ ဒါနဲ့ အားမရသေးဘဲ ဆက်တူးတဲ့အခါ ငွေတွေ… ပြီးတော့ ရွှေတွေ… နောက် ပုလဲ၊ ပြီးတော့ ကျောက်မျက်ရွဲတွေ၊ ပတ္တမြားတွေကို တွေ့ကြရတယ်။

လှည်းကုန်သည်တွေဟာ ဤရွှေ့ဤမျှလောက် ရတနာတွေ ရရှိကြပါလျက် မရောင့်ရဲနိုင်ကြပါဘူး။ လောဘကို မသတ်နိုင်ကြပါဘူး။ နောက်ထပ် ရတနာတွေ ရလိမ့်ဦးမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဆက်ပြီး တူးဦးမယ် လုပ်ကြပြန်ပါတယ်။ သည်အခါ လှည်းမှူးက–

"အချင်းတို့… သည်ရွှေ့သည်မျှလောက်ရရင်ပဲ တော်သင့်ကြပါပြီ။ ရောင့်ရဲကြပါ။ အလိုလောဘ မကြီးကြပါနဲ့… ရှေ့ဆက်မတူးကြပါနဲ့"

လို့ ပြောဆိုတားမြစ်ပါတယ်။

ဒါပေမဲ့လည်း လောဘသားတွေဖြစ်ကြတဲ့ လှည်းကုန်သည်တွေဟာ မတင်းတိမ်နိုင်ကြပါဘူး။ မရောင့်ရဲနိုင်ကြပါဘူး။ လှည်းမှူးရဲ့စကားကို ဘယ်လိုမှ နားမဝင်ဘဲ လောဘဇောတိုက်လို့ ဆက်ပြီး တူးကြပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူတို့တူးနေကြတဲ့ တွင်းဟောင်းဆိုတာဟာ သာမန်တွင်း မဟုတ်ပါဘူး။ နဂါးမင်းနေတဲ့ တွင်းပါ။ လှည်းကုန်သည်တွေဟာ နက်သည်ထက်နက်အောင် မရပ်မနား ဆက်တူးနေကြတဲ့အတွက် တွင်းအောက်မှာနေတဲ့ နဂါးမင်းရဲ့ ဗိမာန်ဟာ ပျက်စီးရပါတော့တယ်။

သည်တော့ နဂါးမင်းလည်း စိတ်ဆိုးမာန်ဆိုးဖြစ်ပြီး နှာခေါင်းလေနဲ့ အဆိပ်ခိုး၊ အဆိပ်ငွေ့တွေကို မှုတ်ထုတ်ပါတော့တယ်။ သည်အခါ အပေါ်ရောက်နေတဲ့ လှည်းမှူးကလွဲလို့ တွင်းထဲရောက်နေတဲ့ လောဘသားလှည်းကုန်သည်တွေဟာ အဆိပ်သင့်ပြီး သေကြေပျက်စီးကြရပါတော့တယ်။

သည်အခါ နဂါးလုလင်တွေဟာ လူယောင်ဖန်ဆင်းပြီး တွင်းအောက်က ထွက်လာကြပါတယ်။ တင်းတိမ်ရောင့်ရဲတဲ့ လှည်းမှူးကို ရန်မပြုရုံမက ရတနာပစ္စည်းတွေကို လှည်းပေါ်တောင် ဝိုင်းတင်ပေးကြပါတယ်။ လှည်းမှူးကို လှည်းတစ်စီးပေါ် စီးစေပြီး ရတနာပစ္စည်းတို့နဲ့အတူ အိမ်အရောက် လိုက်လံပို့ဆောင်ပေးကြပါတယ်။ ပြီးတော့မှ နဂါးတိုင်းပြည်ကို ပြန်သွားကြတယ်။ လှည်းမှူးလည်း မိမိရရှိတဲ့ ရတနာပစ္စည်းတွေကို ထုခွဲရောင်းချပြီး မရှိဆင်းရဲသားတွေကို ခွဲဝေပေးပါတယ်။ အလှူအတန်းတွေ ပြုပါတယ်။ သီလကို စောင့်ထိန်းပြီး တင်းတိမ်ရောင့်ရဲစွာနေလို့ သေလွန်တဲ့အခါမှာ နတ်ပြည်ကို လားရပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လောကမှာ ရောင့်ရဲလွယ်ခြင်း၊ လောဘအပို အလိုမလိုက်ခြင်းဆိုတာ မင်္ဂလာတစ်ပါးပါပဲလား။

❐

www.burmeseclassic.com

www.burmeseclassic.com

# (၂၅)
# သူ့တန်ဖိုးနဲ့ သူ

**ကတညုတာ၊**
**စေတံ မင်္ဂလ’ မုတ္တမံ။**
*သူတစ်ပါး၏*
*ကျေးဇူးတရားကို သိတတ်ခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ်အခါက ဖြစ်ပါတယ်။

အဲသည် ဥတ္တရာပထဆိုတဲ့ ဇနပုဒ်အရပ်ဒေသမှာ မြင်းကုန်သည်တစ်ဦး ရှိပါတယ်။

တစ်နေ့မှာတော့ မြင်းကုန်သည်ငါးရာတို့ဟာ မြင်းတွေကို ယူဆောင်ပြီး ဗာရာဏသီပြည်ကို သွားကြပါသတဲ့။ အဲသည်အထဲမှာမှ မြင်းကုန်သည်တစ်ဦးဟာ မြင်းငါးရာကို ဆောင်ယူပြီး ခရီးထွက်လာခဲ့တာ ဗာရာဏသီပြည် မရောက်မီ ခရီးအကြားမှာရှိတဲ့ နိဂုံးရွာတစ်ရွာကို ရောက်ခဲ့ပါလေရော။

www.burmeseclassic.com

www.burmeseclassic.com



အဲသည် သူရောက်သွားတဲ့ နိဂုံးရွာမှာ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အဲသည့်သူဌေးကြီးရဲ့ နေရာအိမ်ဟာ သိပ်ကိုကြီးကျယ်ခမ်းနားတယ်ဆိုပဲ။ ကာလကြာလာတဲ့အခါမှာတော့ လောကဓံသဘောတရားအရ ပျက်စီးဆုံးပါးခြင်းတွေနဲ့ ရင်ဆိုင်ရပြီး အဲသည်အိမ်အိုကြီးမှာ အမယ်အိုတစ်ဦးသာ ကျန်ရစ်ခဲ့ပါတော့တယ်။ မြင်းကုန်သည်ဟာ တည်းခိုဖို့ရာ လိုအပ်တာနဲ့ အမယ်အိုဆီဝင်ပြီး–

"အမယ်အိုခင်ဗျား.... ကျွန်တော့်ကို ဒီမှာ တစ်ညတည်းခိုခွင့်ပြုပါ။ အဖိုးအခ ပေးပါ့မယ်"

လို့ ပြောဆိုတော့ အမယ်အိုလည်း တည်းခိုခွင့်ပြုခဲ့ပါသတဲ့။

အဲသည်ညမှာပဲ ကုန်သည်ယူဆောင်လာခဲ့တဲ့ မြင်းငါးရာအနက် တစ်ကောင်တည်းသော မြင်းမဟာ အာဇာနည် မြင်းကလေးတစ်ကောင်ကို ဖွားမြင်ခဲ့ပါတယ်။ အာဇာနည်မြင်းငယ်ဖြစ်မှန်း ကုန်သည်ဟာ မသိခဲ့ပါဘူး။

နောက်တစ်နေ့ရောက်လို့ မြင်းတို့ကို ဆောင်ယူပြီး ကုန်သည်လည်း ခရီးဆက်ဖို့ရာအတွက် အမယ်အိုကို နှုတ်ဆက်ရင်း တည်းခိုခကို မေးပါတယ်။

"အမောင်ကုန်သည်... ငါ့အား အဖိုးအခပေးမည်ဆိုလျှင် ရောက်စနေ့က ဖွားမြင်သော မြင်းငယ်ကလေးကို ပေးပါလော့"

သည်လိုဆိုတော့... လမ်းခရီးမှာ ကယိကထမများလိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကုန်သည်လည်း ဝမ်းသာအားရစွာနဲ့ မြင်းငယ်ကလေးကို ပေးထားရစ်ခဲ့ပြီး ခရီးဆက်သွားပါတော့တယ်။

အမယ်အိုဟာ အထီးကျန်ဘဝမို့ မြင်းငယ်ကလေးကို ရင်ဝယ်သားအလား အင်မတန်မှ ချစ်ရှာပါတယ်။ အဲဒါကြောင့်ပဲ နေ့စဉ်နေ့တိုင်း သူတတ်နိုင်တဲ့ ဆန်ကွဲထမင်းနဲ့ မြက်နုကလေးတွေရောပြီး ကျွေးမွေးစောင့်ရှောက်ထားခဲ့ပါတယ်။

တစ်နေ့မှာတော့ ဥတ္တရာပထဇနပုဒ်က မြင်းကုန်သည်ဟာ မြင်းငါးရာကို ဆောင်ယူလို့ ဗာရာဏသီကို ထွက်လာခဲ့ပါတယ်။ အဲသည်မှာ လမ်းခုလပ်ရှိ အမယ်အိုတို့အိမ်အရောက်မှာ ဝင်ရောက်တည်းခိုပါသတဲ့။ သည်အခါ အာဇာနည်သိန္ဓောမြင်းငယ် နေရာအရပ်ကနေ အနံ့ရတဲ့အတွက် မြင်းငါးရာစလုံး အထဲကို မဝင်ကြပါဘူး။ မြင်းကုန်သည်ဟာ ပညာရှိဖြစ်တဲ့အတွက် စူးစမ်းမေးမြန်းပါတယ်။

"အမယ်အို... သည်အိမ်မှာ မြင်းရှိပါသလား"

"အမောင်... ငါ့မှာ ရင်ဝယ်သားလို ချစ်ခင်စွာ မွေးမြူထားတဲ့ မြင်းတစ်ကောင်သာ ရှိပါတယ်။ မြင်းအများကြီး မရှိပါဘူး"

"ဒါဖြင့်ရင်... အဲသည်မြင်းဟာ ဘယ်ကိုများ သွားပါသလဲ"

"အမောင်... သူဟာ အစာရှာဖွေစားသောက်ဖို့ရာအတွက် အပြင်ကို သွားပါတယ်။ ညနေချမ်း အချိန်အခါကိုရောက်ရင် ပြန်လာပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းကုန်သည်လည်း အဆိုပါမြင်းပြန်အလာကို စောင့်စားရင်း သူ့ရဲ့မြင်းတွေကို အပြင်မှာ စနစ်တကျထားပါတယ်။

ညနေချမ်းအချိန်ရောက်လာတဲ့အခါမှာတော့ အာဇာနည်သိန္ဓောမြင်းငယ်လည်း အစာရှာဖွေစားသောက်ရာကနေ ပြန်လာခဲ့ပါတယ်။ သည်တော့ ပညာရှိမြင်းကုန်သည်လည်း မြင်းငယ်ရဲ့ကြန်အင်လက္ခဏာတွေကို အကဲခတ်ဆင်ခြင်လိုက်ပါတယ်။

"ဤမြင်းငယ်ဟာ သိန္ဓောမြင်းပါပဲလား။ တန်ဖိုးမဖြတ်နိုင်လောက်ပေဘူး။ ဒါ့ကြောင့် အမယ်အိုကို ထိုက်သင့်တဲ့ အဖိုးအခပေးပြီး ဝယ်ရင် ကောင်းလိမ့်မယ်"

အဲသည်အချိန်မှာ သိန္ဓောမြင်းငယ်ဟာ သူရဲ့နေရာကို ဝင်သွားပါတယ်။ အပြင်မှာရှိနေကြတဲ့ မြင်းငါးရာဆိုတာ တုတ်တုတ်တောင်မှ မလှုပ်ဝံ့ကြပါဘူး။

နောက်တစ်နေ့ရောက်တော့ မြင်းကုန်သည်လည်း ခရီးရှေ့ဆက်စရာရှိတာနဲ့…

"အမယ်အို… အဲသည်မြင်းငယ်ကလေးကို ဘယ်လိုမျိုး အစာတွေ ကျွေးမွေးပြီး မွေးမြူခဲ့ပါသလဲ"

ရယ်လို့ မေးလိုက်ပါသတဲ့။

"အမောင်… ငါဟာ ဆင်းရဲချို့တဲ့လှသူဖြစ်ပါတယ်။ ဒါ့ကြောင့် တတ်နိုင်တဲ့ ဆန်ကွဲထမင်းကို ကျိုလို့ မြက်တို့နဲ့ ရောပြီး ကျွေးပါတယ်"

"အမယ်အို…သည်လိုဆိုရင် အဲသည်မြင်းငယ်လေးကာကျွန်ုပ်ထံကို ရောက်ခဲ့ရင် ကောင်းမွန်တဲ့ထမင်းကို စားစေ

www.burmeseclassic.com

www.burmeseclassic.com



ရပါမယ်။ သူနေတဲ့ နေရာရဲ့ အထက်မှာ ပုဆိုးဖိတာန်ကြက်ပြီး သန့်ရှင်းစင်ကြယ်တဲ့ အင်းပျဉ်ပေါ်မှာ ထားပါ့မယ်”

သည်လို ဆိုလိုက်တော့ အမယ်အိုလည်း သူ့မြင်းငယ်လေး ကောင်းစားမယ့်အရေးကို တွေးခေါ်မြော်မြင်ပြီး–

“အမောင်... သည်လိုဆိုရင်ဖြင့် အမေ့သားငယ်ကို ဆောင်ယူသွားပါ။ သူကောင်းစားမယ်ဆိုရင် အမယ်အို ကျေနပ်ပါပြီ”

လို့ ဆိုလိုက်ပါတယ်။

သည်အခါ ပညာရှိမြင်းကုန်သည်ဟာ သိန္ဓောမြင်းငယ်ရဲ့ ခြေလေးချောင်း၊ အမြီးရင်း၊ ခံတွင်းတို့မှာ အသပြာတစ်ထောင်စီ စုစုပေါင်း စုစုပေါင်း အသပြာခြောက်ထောင်ထားပြီး အမယ်အိုကို အဝတ်အစားသစ်တွေ ပေးလို့ ဝတ်ဆင်စေကာ မြင်းငယ်ရှေ့မှာ ရပ်စေပါသတဲ့။ အဲသည်အခါ သိန္ဓောမြင်းငယ်လည်း အမယ်အိုကို စိုက်ကြည့်ပြီး မျက်ရည်တွေ စီးကျလာပါတော့တယ်။ အမယ်အိုဟာ သိန္ဓောမြင်းငယ်ရဲ့ ကျောကို တယုတရ ပွတ်သပ်ရင်း–

“ချစ်သား... အမေဟာ သားကို မွေးရကျိုး နပ်ပါပြီ။ ငါ့သား လိုက်သွားပါတော့ကွယ်...”

လို့ ဆိုလိုက်တယ်။ သည်တော့ မြင်းငယ်လည်း ပညာရှိမြင်းကုန်သည်နောက်ကို တည်ငြိမ်စွာ လိုက်သွားပါတော့တယ်။

ပညာရှိမြင်းကုန်သည်ဟာ သိန္ဓောမြင်းငယ်လေးကို အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုစိုက်ပါတယ်။ နူးညံ့ပျော့ပျောင်းတဲ့ ထမင်းကို တယုတယ ကျွေးပါတယ်။ အဲသည့်နောက် ပညာရှိ မြင်းကုန်သည်ဟာ သိန္ဓောမြင်းရဲ့ သဘောထားကို သိလိုတာနဲ့ စားခွက်အတွင်းကို ဆန်ကွဲယာဂုတို့ကို လောင်းထည့်ပါတယ်။ အဲသည်အခါ သိန္ဓောမြင်းက–

"အို… ကုန်သည်၊ သင် စီစဉ်ပေးတဲ့ ဘောဇဉ်ကို လည်းကောင်း၊ ယာဂုကို လည်းကောင်း ငါ အလိုမရှိ"

"အို… မြင်းငယ်၊ သင်ဟာ စားကြွင်းမြက်နဲ့ ဆန်ကွဲ၊ ထမင်းချိုးတို့ကို စားသောက်ရင်း ကြီးပြင်းခဲ့ရတယ် မဟုတ်လား။ သည် ဆန်ကွဲယာဂုဆိုတာ သင်စားသောက်နေကျ အစာပဲ ဥစ္စာ။ ခုကျတော့ ဘာဖြစ်လို့ မစားရတာလဲ"

"အို… ကုန်သည်၊ ငါဟာ အမျိုးဇာတ်ကိုလည်းကောင်း၊ အကျင့်ကိုလည်းကောင်း၊ လိုက်လျောညီထွေအောင် ကျွေးမွေးရမယ့် အစာကိုလည်းကောင်း မသိတဲ့သူဆီမှာ နေထိုင်စားသောက်ခဲ့ရတယ်။

အို… ပညာရှိကုန်သည်၊ သင်ဟာ ငါ့ကို အမျိုးဇာတ်မြင့်မြတ်တဲ့ သိန္ဓောမြင်းမှန်း သိတဲ့သူဖြစ်တယ်။ ငါ့အစွမ်းကို သိတဲ့ သင့်ဆီမှာ ယာဂုဆန်ကွဲကို ငါ မစားနိုင်ပါဘူး။ သင့်အနေနဲ့ ဆန်ကွဲယာဂုကိုသာ စားစေလိုမယ်ဆိုရင် ငါ့ကို အသပြာခြောက်ထောင်ပေးပြီး ဝယ်ယူမှာ မဟုတ်ဘူး"

မြင်းကုန်သည်ဟာ သိန္ဓောမြင်းထံက အဲသည်စကားကို ကြားရတော့ နှစ်ထောင်းအားရ ဖြစ်သွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အို... သိန္ဓောမြင်းငယ်၊ ငါဟာ သင့်ကို စုံစမ်းလို တဲ့အတွက် ဆန်ကွဲယာဂုကို ကျွေးခြင်းဖြစ်ပါတယ်။ ငါ့ အပေါ် အမျက်မထွက်ပါနဲ့"

သည်လိုပြောဆိုအပြီးမှာတော့ မွှန်မြက်တဲ့ဘောဇဉ်တွေကို ပြောင်းလဲကျွေးပါတော့တယ်။

မြင်းကုန်သည်ဟာ ဗာရာဏသီနန်းရင်ပြင်ကိုရောက်တော့ တစ်နေရာမှာ မြင်းငါးရာကိုထားပြီး သိန္ဓောမြင်းကိုတော့ သီးသန့် နေရာမှာထားပါတယ်။ သိန္ဓောမြင်းငယ်အတွက် အင်းပျဉ်ကို ခင်းပေးပါတယ်။ ဆန်းကြယ်တဲ့ တင်းတိမ်ကို ကာရံပေးပါ တယ်။ အထက်မှာလည်း ပုဆိုးဗိတာန်ကိုကြက်ပြီး မိုးပေးပါ တယ်။

အဲသည်အချိန်မှာ ဗြဟ္မဒတ်မင်းကြီးဟာ မြင်းတွေကိုကြည့်ရှု လိုတဲ့အတွက် ကြွတော်မူလာတဲ့အခိုက် သီးသန့်ထားရှိတဲ့ မြင်း ကိုတွေ့တော့ မေးမြန်းတော်မူပါတယ်။

"အမောင်... မြင်းကုန်သည်၊ ဤမြင်းငယ်ကို ဘာကြောင့် သီးသန့်ထားရသလဲ"

"အရှင်မင်းကြီး... ဤမြင်းဟာ သာမန်မြင်း မဟုတ် ပါဘူး။ အာဇာနည်သိန္ဓောမြင်းဖြစ်ပါတယ်။ မြင်းတကာတို့ ရှိကြတဲ့အနက် ဘယ်မြင်းနဲ့မှမတူဘဲ ထူးခြားမြင့်မြတ်တဲ့ မြင်းဖြစ်ပါတယ်"

"အမောင်... သိန္ဓောမြင်းဆိုတာ မြင်းကောင်းမဟုတ် ပေဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မြင်းကောင်းအစစ် ဟုတ်ပါတယ်... မင်းကြီး"

"အမောင်... သည်လိုဆိုရင်ဖြင့် အဲသည်မြင်းရဲ့ လျင်မြန်မှုကို ကြည့်ရှုတော်မူလိုတယ်"

"အရှင်မင်းကြီး... ရှုစားပါလော့"

မြင်းကုန်သည်က သိန္ဓောမြင်းကို ကကြိုးတန်ဆာတွေ ဆင်ယင်ပြီးတဲ့နောက် စီးနင်းပြသခဲ့ပါတယ်။ မင်းကြီးနဲ့တကွ မြင်ရသူအပေါင်းလည်း သိန္ဓောမြင်းရဲ့ လျင်မြန်ပုံကို မြင်တွေ့ရတဲ့အခါ ရင်သပ်ရှုမော အံ့သြဘနန်းဖြစ်ကြရတယ်။ ကုန်သည်ဟာ သိန္ဓောမြင်းကို လွှတ်လိုက်ပြန်ပါတယ်။ အလွန်လျင်မြန်တဲ့ အတွက် တစ်စုံတစ်ယောက်မျှ မြင်းကို မမြင်ကြရပါဘူး။ အဲသည် နောက် အဝတ်နီကိုပတ်ပြီး လွှတ်လိုက်ပြန်ပါတယ်။ အဲသည် အခါမှာ မြင်းကိုမမြင်ရ။ အဝတ်နီကိုသာ မြင်တွေ့ကြရတယ်။ နောက်တစ်ခါ မြို့တွင်းမှာရှိတဲ့ ဥယျာဉ်ရေကန်ကို လွှတ်လိုက် ပြန်ပါတယ်။ အဲသည်အခါ ရေကန်ပေါ်မှာ ပြေးနေတဲ့ သိန္ဓော မြင်းရဲ့ ခွာဖျားတွေဟာ ရေတောင်မှ မစိုပါဘူး။ ပဒုမ္မာကြာရွက် တို့အပေါ်မှာ ပြေးတဲ့အခါ ပဒုမ္မာကြာရွက်တစ်ရွက်ကိုတောင်မှ ရေမနစ်စေခဲ့ပါဘူး။

အဲသည်လို သိန္ဓောမြင်းရဲ့ ပြည့်စုံခြင်းကို ပြပြီးတဲ့အခါ မြင်းပေါ်က ဆင်းသက်လို့ လက်ခုပ်တီးရင်း လက်ဝါးပြင်ကို ဖြန့်ပြီးပြပါတယ်။ သိန္ဓောမြင်းငယ်လည်း ရောက်လာပြီး ခြေ လေးချောင်းတို့ကို တစ်ပေါင်းတစ်စုတည်းပြုလို့ လက်ဝါးပြင် ပေါ်မှာ ရပ်ပါတော့တယ်။ အဲသည်အခါ မြင်းကုန်သည်လည်း–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး… သိန္ဓောမြင်းရဲ့ အစွမ်းအစကို မြင်တွေ့ပြီ မဟုတ်လား"

ဟူ၍ မေးလေ၏။ မင်းကြီးဟာ မှန်ကန်တဲ့အကြောင်း ဝန်ခံပြီးတဲ့နောက် မြင်းကုန်သည်ကို တိုင်းပြည်တစ်ဝက်ပေးလို့ သိန္ဓောမြင်းကို ယူဆောင်ပါသတဲ့။

မင်းကြီးလည်း သိန္ဓောမြင်းကို ဘိသိက်သွန်းလောင်းပြီး မင်္ဂလာမြင်းအဖြစ် အသိအမှတ်ပြုတော်မူပါတယ်။ များစွာသော ပူဇော်သက္ကာရပြုပါတယ်။ တန်ဆာဆင်ထားတဲ့ နေရာကိုလည်း တိုက်ခန်းသဖွယ် မြင်းငယ်နေရာကို ပေးပါတယ်။ နံ့သာမျိုးလေးပါးတို့နဲ့ မြေညက်တွေကို လိမ်းကျံပေးပါတယ်။ အထက်မှာ ရွှေကြယ်တွေစီလို့ ဗိတာန်ကြက်ပေးပါသေးတယ်။ ထက်ဝန်းကျင်မှာလည်း ဆန်းကြယ်လှတဲ့ တင်းတိမ်ကို ကာရံပေးပြန်ပါတယ်။

မင်းကြီးဟာ သိန္ဓောမြင်းအပေါ် ဤရွေ့ဤမျှလောက် ချီးမြှောက်ရုံနဲ့ ကျေနပ်အားရမှု မရှိသေးပါဘူး။ နံ့သာပန်းဆိုင်းတွေကို ဆွဲထားပါတယ်။ အမြဲလိုပဲ နံ့သာဆီမီးတို့ကို ထွန်းညှိပေးထားပါတယ်။ ကျင်ကြီး၊ ကျင်ငယ် စွန့်ရာအရပ်မှာ ရွှေအိုး၊ ငွေအိုးတွေကို ခံထားပေးပါတယ်။ အစားအသောက်မှာလည်း မင်းကြီး နေ့စဉ်သုံးဆောင်တဲ့ အာဟာရဘောဇဉ်တို့ကို စားသုံးစေပါတယ်။

မင်းကြီးဟာ အာဇာနည်သိန္ဓောမြင်းတော်ကို ရတဲ့နေ့မှစပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ဩဇာတိက္ကမ အရှိန်အဝါတိုးကြီးမားလာပြီး အတိုင်းတိုင်းအပြည်ပြည်က မင်းတွေဟာ လာရောက်ခစားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သိန္ဓောမြင်းဟာ သူ့ဘဝစ်ထူးရဲ့ ကျေးဇူးကို သိတတ်အတွက် ခုလိုမျိုး ဘဝမှာ ကောင်းစားခဲ့ရခြင်း ဖြစ်ပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

(၂၆)

## တရားနာကြား အကျိုးများ

**ကာလေန မ္မဿဝနံ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**
*သင့်လျော်သောအခါ၌*
*တရားနာခြင်းသည်*
*မြတ်သော မင်္ဂလာ မည်၏။*

သုံးလောကထွတ်ထားရှင်တော်ဘုရားဟာ တစ်နေ့မှာတော့ စမ္ပာပြည်ရှိ၊ ဂဂ္ဂရာရေကန်အနီးမှာ သီတင်းသုံးနေခိုက် ရှင်လူအများတို့ကို တရားတော်ဟောကြားနေပါတယ်။

အဲသည်အခိုက်မှာပဲ ရေကန်အတွင်းမှာရှိတဲ့ ဖားငယ်လေးတစ်ကောင်ဟာ ရေကန်ထဲက တက်လာခဲ့တယ်။ သည့်နောက် ပရိသတ်အစွန်တစ်နေရာမှာ ဝပ်ရင်း–

“သည်အသံဟာ တရားတော်အသံပါပဲလား”

လို့ဆိုပြီး တရားတော်ကို အာရုံပြုလို့ နာကြားနေခဲ့ပါတယ်။ သည်အခိုက်မှာပဲ နွားကျောင်းသားတစ်ယောက်ဟာ ဖားငယ်လေး

www.burmeseclassic.com

www.burmeseclassic.com



တရားနာနေတဲ့အနီးကို ရောက်ရှိလာခဲ့တယ်။ ငြိမ်သက်စွာနဲ့ ပရိသတ်အများ တရားနာနေတာကို မြင်တွေ့ရတဲ့အခါမှာ ကြည်ညိုစိတ် ဖြစ်ပေါ်လာခဲ့တယ်။ ဒါ့ကြောင့်လည်း သူဟာ ဝင်ပြီး တရားနာခဲ့တယ်။ အဲသည်အချိန်မှာ သူဟာ သူ့ရဲ့ နွားမောင်းတံတုတ်ကို ထောက်ပြီးတရားနာယူတဲ့အခါ သူထောက်ထားတဲ့ တုတ်အဖျားဟာ ဖားငယ်ရဲ့ ဦးခေါင်းပေါ်ရောက်နေတာကို သူသတိမထားလိုက်မိပါဘူး။ အဲဒါကြောင့်ပဲ တရားနာနေတဲ့ ဖားငယ်လည်း နွားကျောင်းသားရဲ့ တုတ်ထောက်ချက်နဲ့ မချိမဆန့် သေပွဲဝင်ခဲ့ရှာတာပေါ့။

ဖားငယ်ဟာ တရားတော်ရဲ့ အနက်အဓိပ္ပာယ်ကို မသိရှာပါဘူး။ ဒါပေမယ်လို့ တရားတော်ကို အာရုံပြုရင်း ကြည်သာရွှင်လန်းတဲ့စိတ်က ရှိနေလေတော့ သေလွန်တဲ့နောက်မှာ တာဝတိံသာနတ်ပြည်မှာ နတ်သားဘဝဖြစ်သွားခဲ့ပါတယ်။ အလွန်တင့်တယ်လှပတဲ့ ရွှေဗိမာန်မှာ နတ်သမီးအခြံအရံပေါင်းများစွာနဲ့ စံစားရတယ်။ သူ့ရဲ့အမည်က မဏ္ဍုကဒေဝ – ဖားနတ်သားလို့ တွင်ပါတယ်။

အဲသည်ဖားနတ်သားဟာ–

"ငါဟာ... ဘယ်လိုမျိုးကုသိုလ်ကံကြောင့် ဖားဘဝကနေ နတ်သားဖြစ်ခဲ့ရပါလိမ့်"

လို့ တွေးနေမိတော့တယ်။ သည်အခါမှာ အတိတ်က ဖားသူငယ်ဖြစ်ခဲ့ပုံတွေကို ပြန်ပြောင်းသိမြင်ရတော့ အခြွေအရံတွေနဲ့ အတူ လူ့ပြည်ကို သက်ဆင်းခဲ့ပါတယ်။ အဲသည်နောက် တရား

www.burmeseclassic.com

www.burmeseclassic.com



ဟောနေတဲ့ မြတ်စွာဘုရားထံ ချဉ်းကပ်ဖူးမြော်ပါတယ်။ တရားနာနေကြတဲ့ ပရိသတ်အပေါင်းလည်း တင့်တယ်တဲ့အဆင်းပိုင်ရှင် ဖားနတ်သားနဲ့တကွ အခြွေအရံတွေကို တွေ့မြင်လိုက်ကြရတဲ့အခါ အံ့ဩရင်သပ်မဆုံး ဖြစ်ကြရပါတယ်။ ဘုရားရှင်ကတော့ အံ့ဩမှုကို ပြတော်မမူပါဘူး။ ဘာ့ကြောင့်ဆို ဖားနတ်သားရဲ့ ဖြစ်စဉ်ကို ဉာဏ်တော်နဲ့ သိမြင်ခဲ့ပြီးလို့ပါပဲ။ ဒါပေမဲ့ ပရိသတ်အများကို သိစေလိုတဲ့အတွက် ဖားနတ်သားကို မေးမြန်းတော်မူပါတယ်။

"အခြွေအရံ အစုံအလင်နဲ့ နှစ်သက်ဖွယ်အဆင်းကို ဆောင်ပြီး ငါ့ရဲ့ခြေတော်ကို ဦးခိုက်လာတာ ဘယ်သူလဲ" သည်တော့... ဖားနတ်သားက–

"အရှင်ဘုရား... တပည့်တော်ဟာ ရှေးဘဝက ရေမှာကျင်လည်ကျက်စားတဲ့ ဖားသတ္တဝါဖြစ်ခဲ့ပါတယ်။ အရှင်ဘုရားရဲ့ တရားတော်ကို နာကြားနေစဉ်မှာ နွားကျောင်းသားရဲ့ တုတ်နဲ့ အထောက်ခံလိုက်ရလို့ သေလွန်ခဲ့ပါတယ်။ တရားတော်ကို တစ်ခဏမျှ စိတ်ကြည်ညိုနေစဉ်မှာ သေလွန်ခဲ့ရတာမို့ တာဝတိံသာမှာ နတ်သားအဖြစ် ရရှိခဲ့ပါတယ်။ ထူးခြားတဲ့ တန်ခိုးသတ္တိတွေကိုလည်း ရရှိခဲ့ပါတယ်။ များပြားတဲ့ အခြွေအရံတွေကိုလည်း ရပါတယ်။ တင့်တယ်တဲ့ အဆင်းအသွင်ကိုလည်း ရရှိခဲ့ပါတယ်အရှင်ဘုရား"

လို့ လျှောက်ထားတော်မူပါတယ်။ အဲသည်အခါ ဘုရားရှင်က တရားနာရခြင်းရဲ့ အကျိုးကို ဟောပြောတော်မူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ရောက်ကြောင်းတရားကိုလည်း ဆက်လက်ဟောပြောတော်မူခဲ့ပါတယ်။ တရားတော်အဆုံးမှာတော့ ဖားနတ်သားလည်း သောတာပန်တည်သွားသလို တရားနာပရိသတ်တွေမှာလည်း ထူးမြတ်တဲ့ အကျိုးကျေးဇူးကို ရရှိခံစားသွားကြရပါသတဲ့။

သည်တော့ သင့်လျော်တဲ့အခါမှာ တရားတော်ကို နာကြားရတယ်ဆိုတာ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးပဲ မဟုတ်ပါလား။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

## သည်းခံခြင်းသော အောင်နိုင်ရာ

**ခန္တီ စ၊**

**တေ မင်္ဂလ' မုတ္တမံ။**

*သည်းခံခြင်းသည်*

*မြတ်သော မင်္ဂလာ မည်၏။*

ဗာရာဏသီဆိုတဲ့ တိုင်းပြည်ကြီးကို ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ်အခါတုန်းက ဖြစ်ပါတယ်။ မင်းကြီးရဲ့ တိုင်းနိုင်ငံဟာ ကျယ်ဝန်းတာနဲ့အမျှ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ်တွေ ပေါများတဲ့အတွက် ချမ်းသာကြွယ်ဝလှပါသတဲ့။

အဲသည်အချိန်မှာ ဒီဃီတိကောသလမင်းရဲ့ တိုင်းနိုင်ငံဟာ သေးငယ်တာနဲ့အမျှ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ်တွေ နည်းပါးတဲ့အတွက် ဆင်းရဲလှပါတယ်။

တစ်နေ့မှာတော့ ဗြဟ္မဒတ်မင်းဟာ ဒီဃီတိကောသလမင်းရဲ့ တိုင်းပြည်ကို သိမ်းပိုက်ဖို့ရာ စစ်အင်္ဂါလေးပါးနဲ့ တိုင်းပြည်က

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့ပါတယ်။ အဲသည်သတင်းကို ကြားရတော့ ဒီဃီတိ ကောသလမင်းလည်း–

"ငါ့ရဲ့ တိုင်းနိုင်ငံဟာ သေးငယ်လှပါတယ်။ စစ်သည် ဗိုလ်ပါ ဥစ္စာစည်းစိမ်တွေ နည်းပါးလှပြီး ဆင်းရဲလှ တယ်။ ဗြဟ္မဒတ်မင်းရဲ့... တိုင်းနိုင်ငံဟာ ကျယ်ဝန်းပြီး ချမ်းလည်း ချမ်းသာလှတယ်။ ငါ့ အနေနဲ့ ဘယ်နည်းနဲ့မှ ခုခံတိုက်ခိုက်နိုင်လိမ့်မယ် မဟုတ်ဘူး။

သည်တော့ ဗြဟ္မဒတ်မင်းရောက်မလာမီ တိုင်းပြည်က ထွက်လို့ တစ်နေရာမှာ ပုန်းအောင်းနေရရင် ကောင်းလိမ့် မယ်"

လို့ ကြံစည်ပြီး မိဖုရားကြီးကို ခေါ်၊ တိုင်းပြည်ကနေ ထွက်ခွာသွားခဲ့ပါတယ်။ ဗာရာဏသီပြည်အနီးအပါး တိုင်းစွန် ပြည်နား မထင်မရှားတဲ့ အိုးထိန်းသည်အိမ်ကိုဝင်ပြီး ပရိဗိုဇ် အသွင် နေခဲ့ကြပါတယ်။

ဗြဟ္မဒတ်မင်းကြီးဟာ စစ်သည်အလုံးအရင်းနဲ့ ဝင်လာတော့ ဒီဃီတိကောသလမင်းနဲ့ မိဖုရားကြီးတို့ကို မတွေ့မမြင်ရတော့ ပါဘူး။ သည်တော့ စစ်တိုက်ဖို့ရာ မလိုတော့ဘဲ အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ပါတယ်။

အဲသည်အချိန်မှာ ဒီဃီတိကောသလမင်းရဲ့ မိဖုရားကြီးမှာ ပဋိသန္ဓေကိုယ်ဝန်တည်တဲ့အတွက် မိဖုရားကြီးဟာ–

"အရှင်... နေထွက်တဲ့အခါ မြေပြင်မှာ ရပ်နေတဲ့ စစ်အင်္ဂါလေးပါးကို မြင်လိုပါတယ်။ ပြီးတော့ သန်လျက် ဆေးတဲ့ရေကို သောက်လိုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဖြစ်ပေါ်လာတဲ့ ချင်ခြင်းကို ပြောပါတယ်။ အဲသည်အခါ ဒီဃီတိကောသလမင်းလည်း ဗြဟ္မဒတ်မင်းထံမှာ ခစားနေတဲ့ မိတ်ဆွေပုရောဟိတ်ပုဏ္ဏားကို အကူအညီတောင်းခံပါတယ်။ မိဖုရားကြီးဟာ ပုရောဟိတ်ပုဏ္ဏားရဲ့ အကူအညီနဲ့ စစ်အင်္ဂါလေးပါးကို တွေ့မြင်ရသလို သန်လျက်ဆေးရေကိုလည်း သောက်ရတဲ့အတွက် မိဖုရားကြီးရဲ့ ချင်ခြင်းဟာ ပြေပျောက်သွားပါတော့တယ်။ အဲသည်နောက် နေ့စေ့၊ လစေ့ဖွားမြင်ချိန် ရောက်တဲ့အခါမှာတော့ သားတော်လေးတစ်ပါး ဖွားမြင်ပြီး ဒီဃာဝုလို့ အမည်ပေးပါတယ်။

ဒီဃာဝုမင်းသားလေးဟာ သိကြား လိမ္မာတဲ့အရွယ်ကို ရောက်တဲ့အခါ ဖခမည်းတော် ဒီဃီတိကောသလမင်းက–

"ချစ်သား... ဗြဟ္မဒတ်မင်းဟာ ငါတို့ရဲ့ အကျိုးကို ကင်းမဲ့အောင် များစွာပြုခဲ့တယ်။ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ် အလုံးစုံနဲ့တကွ တိုင်းပြည်တစ်ပြည်လုံးကို အနိုင်အထက် သိမ်းပိုက်ယူငင်ထားခဲ့တယ်။ တကယ်လို့ ငါတို့နေထိုင်တဲ့နေရာကို သိသွားခဲ့ရင် ငါတို့သုံးဦးစလုံးကို ဖမ်းဆီးသတ်ဖြတ်မှာ အမှန်ပဲ။

ချစ်သား... အဲသည်အတွက် ချစ်သားဟာ မြို့ပြင်တစ်နေရာကို ထွက်ခွာပြီးအတတ်ပညာတွေကို ကြိုးစားသင်ယူရစ်ပါ"

လို့ ပြောဆိုဆုံးမတော့ သားတော်ဒီဃာဝုမင်းသားလည်း ဖခင်ရဲ့ စကားအတိုင်း မြို့ပြင်ကိုထွက်လို့ အတတ်ပညာတွေကို သင်ယူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အချိန်မှာ ဗြဟ္မဒတ်မင်းထံမှ ခစားနေတဲ့ ဆတ္တာသည်ဟာ မမျှော်လင့်ဘဲ ဒီဃီတိကောသလမင်းနဲ့ မိဖုရားကြီးတို့ နေထိုင်တဲ့နေရာကို တွေ့မြင်သွားခဲ့ပါတယ်။ သူဟာ ကနဦးတုန်းက ဒီဃီတိကောသလမင်းကြီးထံမှာ အမှုထမ်းတဲ့ ဆတ္တာသည်ပါ။ ဒီဃီတိကောသလမင်းကြီးမရှိတော့ ဗြဟ္မဒတ်မင်းထံမှာ ခစားတော့တာပေါ့။ အဲသည်မှာ မူလအရှင်သခင်ရဲ့ ကျေးဇူးတရားကို ငဲ့ညှာထောက်ထားမှုမရှိဘဲ မျက်နှာလိုမျက်နှာရ ဗြဟ္မဒတ်မင်းကို သံတော်ဦးတင်လိုက်ပါတယ်။

သည်အခါ ဗြဟ္မဒတ်မင်းလည်း ဒီဃီတိကောသလမင်းနဲ့ မိဖုရားကြီးတို့ကို ဖမ်းဆီးလို့ လက်ပြန်ကြိုးတွေ တုပ်ပါတယ်။ ခေါင်းကို ပြောင်စင်ရိတ်ပါတယ်။ အဲသည်နောက် ကြမ်းတမ်းစူးရှတဲ့ စည်ကိုတီးလို့ မြို့တော်တံခါးကနေပြီး ထုတ်ပါတယ်။ ပြီးတော့–

"ဒီဃီတိကောသလနဲ့ သူ့မိဖုရားတို့ရဲ့ ခန္ဓာကိုယ်ကို
လေးပိုင်းစိဖြတ်လို့ အသားတွေကို လေးပုံစီပုံစေ"

ဆိုပြီး အမိန့်ပေးပါတယ်။ မင်းချင်းတို့လည်း ဗြဟ္မဒတ်မင်းကြီးရဲ့ အမိန့်အတိုင်း ဒီဃီတိကောသလမင်းနဲ့ မိဖုရားကို ဖမ်းဆီးတုပ်နှောင်ပြီး မြို့ထဲကို လှည့်ပါတယ်။ အဲသည်အချိန်မှာ ဒီဃာဝုမင်းသားလည်း ခမည်းတော်၊ မယ်တော်တို့ကို မဖူးမြင်ရတာ ကာလကြာလို့ ဖူးမြင်ရအောင် လာခဲ့တဲ့အခါ မမျှော်လင့်ဘဲ မင်းဒဏ်ခံစားနေရတဲ့ မိဘတို့နဲ့ သွားဆုံပါတယ်။ သည်အခါ မထင်မရှားအသွင်နဲ့ မိဘတွေထံပါးတိုးကပ်သွားတဲ့အခါ ဒီဃီတိကောသလမင်းက–

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား... ဒီဃာဝု။ သည်းခံခြင်းတရားကို လက်ကိုင်ထားပါ။ အဝေးကို မကြည့်ပါနဲ့။ အရှည်ကိုကြည့်ပါ ။ ရန်တို့မည်သည်မှာ ရန်ကိုရန်ချင်းတုံ့ပြန်ခြင်းကြောင့် ပြေငြိမ်းမသွားနိုင်ပါဘူး။ ရန်မတုံ့မှုမှသာ ငြိမ်းအေးပါလိမ့်မယ်။ သည်းခံပါ... ချစ်သား"

လို့ ဆုံးမပါတယ်။ လူသူပရိသတ်အပေါင်းဟာ ဒီဃီတိကောသလမင်းမှာ သားတော်တစ်ပါးရှိခဲ့တာ မသိကြပါဘူး။ အဲဒါကြောင့်ပဲ-

"ဒီဃီတိကောသလမင်းဟာ သေရဘော့မှာဖြစ်လို့ ရူးကြောင်မူးကြောင် စကားတွေကို ပြောဆိုနေတယ်။ ဘယ်မှာလာပြီး သူ့မှာ သားသမီးရှိရမှာလဲ"

လို့ ပြောဆိုကြတဲ့အခါ ဒီဃာဝုမင်းသားက-

"အမောင်တို့... ဒီဃီတိကောသလမင်းကြီးရဲ့စကားကို ပညာရှိသူတွေသာ သိကြပါလိမ့်မယ်"

လို့ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။

မင်းချင်းတို့လည်း မင်းနဲ့မိဖုရားတို့ကို ဆောင်ယူသွားခဲ့တာ တောင်တံခါးကို ရောက်ရှိလာခဲ့ပါကယ်။ အဲသည်နောက် မြို့ပြင်ထုတ်လို့ လေးပိုင်းစီပိုင်း၊ အသားတွေကို လေးပုံစီစုပုံလို့ အစောင့်အရှောက်တွေထားခဲ့ပြီး ပြန်သွားခဲ့ပါတယ်။

ဒီဃာဝုမင်းသားဟာ ဗာရာဏသီမြို့တွင်းကိုဝင်လို့ သေရည်သေရက်တွေ ဆောင်ယူလာပြီး အစောင့်အရှောက်တို့ကို တိုက်ကျွေးပါသတဲ့။ အစောင့်အရှောက်တွေလည်း အဝိုင်းယက်အလွန်

www.burmeseclassic.com



သောက်စားမူးယစ်ကြပြီး အလဲလဲအပြိုပြိုဖြစ်ကြရင်း အိပ်ပျော်သွားကြပါလေရော။ အဲသည်အခါ ဒီဃာဝုမင်းသားလည်း ထင်းတွေကို စုပုံလို့ မီးပုံကြီးဖြစ်အောင် ပြုလုပ်လိုက်ပြီး မိဘနှစ်ပါးကို ကောင်းမွန်စွာ သဂြိုဟ်လိုက်ပါတယ်။ အဲသည်နောက် ရှိသေစွာ လက်အုပ်ချီကန်တော့ရင်း လက်ယာရစ်သုံးပတ်လှည့်လည် ပူဇော်ပါတယ်။ အဲသည်မြင်ကွင်းကို ပြာသာဒ်ထက်က ဗြဟ္မဒတ်မင်းကြီး တွေ့မြင်ရတဲ့အခါ–

"သည်လုလင်ဟာ ဒီဃိတိကောသလနဲ့ ဆွေမျိုးသားချင်းထဲက ဖြစ်ရမယ်။ ဒါဟာ ငါ့အတွက် အကျိုးမဲ့ဖြစ်ရပ်ပဲ။ ဘာ့ကြောင့်များ ငါ့ကို မပြောမဆိုကြပါလိမ့်"

ဆိုပြီး မကျေမချမ်း ဖြစ်နေတော့တာပေါ့။

ဒီဃာဝုမင်းသားဟာ မိဘတွေကို ကောင်းမွန်စွာ သဂြိုဟ်ပြီးတဲ့နောက် မြို့တွင်းကို ဝင်လာခဲ့ပါတယ်။ မထင်မရှားအသွင်နဲ့ပဲ ဆင်ဆရာထံ ချဉ်းကပ်လို့ အတတ်ပညာတွေကို သင်ယူခဲ့ပြန်ပါတယ်။

နံနက်စောစော အိပ်ရာကထတဲ့ အချိန်မှာ သာယာနာပျော်ဖွယ်ကောင်းတဲ့ တေးသီချင်းတွေ သီဆိုပြီး စောင်းကို ငြိမ့်ညောင်းစွာ တီးခတ်ပါတယ်။ ဗြဟ္မဒတ်မင်းကြီးလည်း သာယာနာပျော်ဖွယ်ကောင်းတဲ့ တေးသံနဲ့ စောင်းသံကို ကြားရတဲ့အခါ သိပ်ကိုနှစ်သက်သဘောကျသွားပြီး သူ့ဆီမှာ ဖျော်ဖြေပေးဖို့ရာ ခေါ်ယူလိုက်ပါတယ်။ သည်အခါ ဒီဃာဝုမင်းသားလည်း ဗြဟ္မဒတ်မင်းကြီးကို ဝတ်ကြီးဝတ်ငယ်တွေ ကျေပွန်စွာ လုပ်ဆောင်ပေး

www.burmeseclassic.com



ခဲ့ပါတယ်။ မင်းကြီးလည်း သဘောကျနှစ်သက်လွန်းတာနဲ့ နန်းတွင်းမှာ အကျွမ်းတဝင် ဆောင်ရွက်ရတဲ့ ရာထူးကို ပေးသနားခဲ့ပါတယ်။

တစ်နေ့မှာတော့ ဗြဟ္မဒတ်မင်းကြီးဟာ ဒီဃာဝုမင်းသားကို ရထားမောင်းစေပြီး စစ်သည်ဗိုလ်ပါတွေနဲ့အတူ သမင်တောကို ထွက်ခဲ့ပါတယ်။ အဲသည်အခါ ဒီဃာဝုမင်းသားက အခွင့်ကောင်းရပြီဆိုပြီး ရထားကို စစ်သည်ဗိုလ်ပါတွေနဲ့ တစ်လမ်းစီဖြစ်အောင် မောင်းခဲ့ပါတယ်။ သည်တော့ စစ်သည်ဗိုလ်ပါတွေလည်း မျက်ခြေပြတ်ပြီး ကျန်ရစ်ခဲ့ကြတယ်။

အတော်ဝေးဝေး တစ်နေရာကို ရောက်တော့ မင်းကြီးလည်း–

"အမောင်လုလင်... ရထားကို ရပ်ပါလော့။ ပင်ပန်းလှတဲ့အတွက် တစ်ရေးတစ်မောလောက် ငါအိပ်ချင်တယ်"

လို့ ဆိုတာနဲ့ ရထားကို ရပ်လိုက်ပါတယ်။ အဲသည်နောက် ဒီဃာဝုမင်းသားရဲ့ ပေါင်ကို ခေါင်းအုံးလို့ ဗြဟ္မဒတ်မင်းကြီးလည်း အိပ်ပျော်သွားခဲ့ပါလေရော။ အဲသည်အခါ ဒီဃာဝုမင်းသားလည်း–

"သည်ဗြဟ္မဒတ်မင်းဟာ... ငါတို့မိသားစုရဲ့ အကျိုးစီးပွားကို ပျက်ပြားအောင် ပြုမူခဲ့တယ်။ စစ်သည်ဗိုလ်ပါအလုံးစုံနဲ့တကွ တစ်တိုင်းတစ်ပြည်လုံးကို နိုင်လိုမင်းထက် လုယူခဲ့တယ်။ ငါရဲ့ခမည်းတော်၊ မယ်တော်တို့ကိုလည်း သတ်ဖြတ်ခဲ့တယ်။ ခုအခါ ငါဟာဗြဟ္မဒတ်မင်းကို

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ဖို့ရာ အချိန်ကောင်းပဲ၊ အခွင့်ကောင်းပဲ”

ရယ်လို့ ကြံစည်ပြီး သန်လျက်အိမ်ကနေ သန်လျက်ကို ဆွဲထုတ်လိုက်ပါတယ်။ အဲသည်အချိန်မှာ ခမည်းတော် ဒီဃီတိ ကောသလမင်းရဲ့...

“ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်နဲ့။ သည်းခံခြင်းတရားကို လက်ကိုင်ထားပါ ချစ်သား”

ဆိုတဲ့ အသံတွေ ကြားယောင်လာခဲ့တယ်။ ဒါနဲ့ပဲ ဗြဟ္မဒတ်မင်းကြီးကို ခုတ်ပိုင်းဖို့ရာ အသင့်ဖြစ်နေတဲ့ သန်လျက်ဟာ သန်လျက်အိမ်ထဲကို ပြန်ရောက်သွားတော့တယ်။ အဲသလိုနဲ့ သန်လျက်ကို ထုတ်လိုက်၊ ခုတ်ပိုင်းမယ်ပြုလိုက် – ခမည်းတော် စကားကို ပြန်ပြီး ကြားယောင်လိုက်၊ သန်လျက်အိမ်ထဲပြန်သွင်းလိုက်နဲ့ သုံးကြိမ်တိုင်တိုင် ဖြစ်သွားခဲ့တယ်။

အဲသည်အချိန်မှာပဲ ဗြဟ္မဒတ်မင်းကြီးဟာ အိပ်ပျော်နေရာကနေ ကြောက်လန့်တကြားနိုးလာခဲ့တယ်။

“အရှင်မင်းကြီး... ဘာကြောင့်များ အိပ်ပျော်နေရာကနေ ကြောက်လန့်တကြား နိုးထလာရတာပါလဲ”

“အမောင်... ငါ့ကို ဒီဃီတိကောသလမင်းရဲ့သား ဒီဃာဝုမင်းသားဟာ သန်လျက်နဲ့ ခုတ်ပိုင်းသတ်ဖြတ်တယ်လို့ အိပ်မက်မြင်မက်ပြီး ကြောက်လန့်တကြား နိုးထလာခြင်းဖြစ်တယ်”

အဲသည်မှာပဲ ရှတ်တရက်ဆိုသလို ဒီဃာဝုမင်းသားဟာ ဗြဟ္မဒတ်မင်းကြီးရဲ့ ဥဿျောင်ကို လက်ဝဲလက်နဲ့ ကိုင်ဆွဲရစ်ပတ်ပြီး လက်ယာလက်က သန်လျက်ကို ကိုင်မြှောက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး… ဒီဃ်ာကောသလမင်းရဲ့သားတော် ဒီဃာဝုဆိုတာ အကျွန်ုပ်ပဲ ဖြစ်ပါတယ်။ အရှင်မင်းကြီးဟာ ကျွန်ုပ်တို့မိသားစုကို အကျိုးမဲ့အောင် ပြုလုပ်ခဲ့တယ်။ စစ်သည်ဗိုလ်ပါအလုံးစုံနဲ့တကွ တိုင်းပြည်တစ်ပြည်လုံးကို အနိုင်အထက် ယူငင်သိမ်းပိုက်ခဲ့တယ်။ အကျွန်ုပ်ရဲ့ ခမည်းတော်၊ မယ်တော်တို့ကိုလည်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်။ ဒါကြောင့် ရန်သူဖြစ်တဲ့ အရှင်မင်းကြီးကို ကျွန်ုပ်သတ်ဖြတ်ရပါလိမ့်မယ်"

ရယ်လို့ ကြုံးဝါးပြောဆိုလိုက်ပါတယ်။ အဲသည်တော့ ဗာရာဏသီမင်းကြီးလည်း အထိတ်ထိတ်အလန့်လန့်နဲ့

"အမောင်… ဒီဃာဝု၊ ယခုအခါမှာ အမောင့်ရဲ့ လက်တွင်းကျရောက်နေပြီမို့ အသက်ရှင်ဖို့ရာ လမ်းမမြင်တော့ပါဘူး အမောင်"

ဆိုပြီး တောင်းပန်စကား ပြောကြားလိုက်ပါတယ်။ သည်တော့… ဒီဃာဝုမင်းသားလည်း–

"အရှင်မင်းကြီး…

သေခါနီးကာလမှာ မိဘတွေပေးအပ်တဲ့ အဆုံးအမဆိုတဲ့ ဥစ္စာကိုသာ စောင့်ရှောက်အပ်ပါတယ်။ မိဘတွေပေးအပ်တဲ့ အဆုံးအမဆိုတာဟာ 'ရန်ငြိုးဆိုတာ မဖွဲ့ကောင်းပါ၊ သည်းခံခြင်းတရားကိုသာ လက်ကိုင်ထားပါပဲ ဖြစ်ပါတယ်။ အကျွန်ုပ်ရဲ့ဖခင်ဟာ အကျွန်ုပ်ကို သည်းခံဖို့ရာ ဆုံးမဩဝါဒ ပေးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မင်းကြီး...

အကျွန်ုပ်ဟာ အရှင်မင်းကြီးအပေါ်မှာ မပြစ်မှားပါ။ ခံစားချက်ကို သိလိုတဲ့အတွက် ရင်ဖွင့်ပြခြင်းသာ ဖြစ်ပါတယ်။ အရှင်မင်းကြီးကိုလည်း မသတ်တော့ပါဘူး။ အရှင်မင်းကြီးကကော အကျွန်ုပ်ကို သတ်လိုပါသလား”

လို့ မေးမြန်းလိုက်ပါတယ်။ သည်တော့ မင်းကြီးက–

“အမောင်... ဒီဃာဝု၊ အမောင်ရဲ့ စိတ်ထားဟာ မြင့်မြတ်လှပါပေရဲ့။ အမောင့်ရဲ့ ဖခမည်းတော်၊ မယ်တော်တွေဟာ သူတော်ကောင်းတွေ ဖြစ်ကြပါတယ်။ ပြစ်မှားမိခဲ့သူက ငါပဲဖြစ်ပါတယ်။ အမောင့်ကို မသတ်ပါ။ မသတ်ဘူးဆိုတာကိုလည်း ကျိန်ဆိုပြပါ့မယ်”

အဲသည်လိုပြောဆိုပြီးတဲ့နောက် နှစ်ယောက်သား နန်းတော်ကို ပြန်လာခဲ့ကြပါတယ်။ ပြန်ရောက်တော့... ညီလာခံခေါ်ယူပြီး...

“အမတ်အပေါင်းတို့...

သည်လုလင်ဟာ သေလွန်သွားရှာပြီဖြစ်တဲ့ ဒီဃီတိကောသလမင်းရဲ့ သားတော် ဒီဃာဝုမင်းသားပဲ ဖြစ်ပါတယ်။ သည်မင်းသားဟာ ငါ့ကို လက်စားချေတုံ့ပြန်ဖို့ရာ အခွင့်အခါသာပါလျက် သူ့ဖခင်ရဲ့စကားကို နာယူပြီး သည်းခံခြင်းတရားကို လက်ကိုင်ပြုလို့ ငါ့ကို အသက်မချမ်းသာရာပေးခဲ့ပါတယ်။ ငါလည်း သူ့ကို အားကျအတုယူပြီး သည်းခံခြင်းတရားကို လက်ကိုင်ထားလိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့သမီးတော်နဲ့ လက်ထပ်ပေးပြီး… ငါ့ရဲ့တိုင်းပြည်ကို ပြန်လည် အပ်နှင်းလိုက်ပါတယ်”

လို့ ပြောဆို အမိန့်တော်မှတ်ပါတယ်။

အဲသည်နောက်မှာတော့ နှစ်ပြည်ထောင်မင်းနှစ်ပါးတို့ဟာ ညီညွတ်လေးစားစွာနဲ့ တိုင်းပြည်ကို အုပ်ချုပ်တော်မူခဲ့ကြပါတော့တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

# (၂၈)
# နာကြားလွယ်တာ မင်္ဂလာ

**သောဝစဿတာ၊**

**စတံ မင်္ဂလ' မုတ္တမံ။**

*ဆုံးမစကားကို*

*နာကြားလွယ်ခြင်းသည်*

*မြတ်သော မင်္ဂလာဖြစ်၏။*

လွန်လေပြီးသော ရှေးသရောအခါတုန်းကပေါ့။

ဗာရာဏသီပြည်သား ပုဏ္ဏားလုလင်တစ်ဦးဟာ အရွယ်ရောက်လာတော့ တက္ကသိုလ်ပြည်ရှိရာသွားလို့ ဒိသာပါမောက္ခ ဆရာကြီးထံမှာ အတတ်ပညာတွေကို သင်ယူခဲ့ပါတယ်။ အတတ်ပညာအလုံးစုံကို သင်ကြားတတ်မြောက်ပြီးတဲ့အခါမှာတော့ ဌာနေရပ်ထံကိုပြန်ပြီး အိမ်ရာထူထောင်ခဲ့ပါတယ်။

ကာလအတန်ကြာတဲ့အခါ သားတစ်ယောက် ထွန်းကားလာခဲ့ပါတယ်။ သားကလေးအရွယ်ရောက်လာတော့ ပုဏ္ဏားကြီးရဲ့ ဇနီး ပုဏ္ဏေးမဟာ ရုတ်တရက်ကွယ်လွန်သွားရှာတယ်။ သည်

www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ပုဏ္ဏားကြီးလည်း တရားသံဝေဂရပြီး သားနဲ့အတူ ရသေ့ရဟန်းပြုလို့ ဟိမဝန္တာအရပ်ကို ဝင်ခဲ့ပါတော့တယ်။

တစ်နေ့မှာတော့ ဖခင်ရသေ့ကြီးဟာ သားငယ်ရသေ့ကို ကျောင်းသင်္ခမ်းမှာ ထားရစ်ခဲ့ပြီး သစ်သီးဝလံ ရှာဖွေဖို့ရာအတွက် တောအုပ်အတွင်း ဝင်သွားခဲ့တယ်။

အဲသည်အချိန်မှာ ခိုးသားဓားပြတွေဟာ ပစ္စန္တရစ်ရွာကို တိုက်ခိုက်လုယက်ကြပြီး သတို့သမီးငယ် တစ်ယောက်ကို ခေါ်ဆောင်လို့ ဟိမဝန္တာတောအုပ်ထဲ ဝင်ပြေးလာခဲ့ကြတာ ရသေ့ငယ်ရှိနေတဲ့ ကျောင်းသင်္ခမ်းအနီးကို ရောက်ရှိလာခဲ့ကြပါသတဲ့။ အဲသည်မှာ ခိုးသားဓားပြတွေလည်း လူသူအင်အားလိုအပ်တာနဲ့ ရသေ့ငယ်ကို ဖြားယောင်းသွေးဆောင်ခေါ်လာခဲ့ဖို့ တာဝန်ပေးအပ်လိုက်ပါတယ်။

"အို… မိန်းကလေး ရသေ့ငယ်ရဲ့ သီလကို ဖျက်ဆီးပြီး ငါတို့ထံ ခေါ်ဆောင်လာခဲ့ပါ"

အဲဒါနဲ့ သတို့သမီးငယ်လည်း ကျောင်းသင်္ခမ်းကိုဝင်ပြီး ရသေ့ငယ်ကို ဖြားယောင်းသွေးဆောင်ပါတော့တယ်။ ရသေ့ငယ်လည်း မာတုဂါမနဲ့ တစ်ခါမျှ မတွေ့ကြုံဖူးတာမို့ သတို့သမီးငယ်ရဲ့ မာယာကွန်ရက်က ရုန်းမထွက်နိုင်အောင် ဖြစ်သွားရပါတယ်။

"အို… ရသေ့ငယ်၊ ကျွန်တော်မတို့နောက်ကို လိုက်ခဲ့ပါ… အိမ်ထောင်သက်မွေးအလုပ်ဆိုတာ အင်မတန့်ကို သာယာလှပါတယ်… ဘဝအိမ်ထောင်ဆိုတာ ပျော်စရာကြီးပါ ရသေ့ငယ်…"

www.burmeseclassic.com

www.burmeseclassic.com



အဲသလို သွေးဆောင်ခေါ်ငင်တော့ ရသေ့ငယ်လည်း ဖခင်ရသေ့ကြီး ပြန်ရောက်မလာတာက တစ်ကြောင်း၊ ပြောဆိုတိုင်ပင်ခြင်းလည်း မပြုရသေးတာက တစ်ကြောင်းတို့ကြောင့်–

"အို… မိန်းမငယ်၊ ငါဟာ သင်နဲ့အတူ ပျော်မွေ့စွာ ဘဝအိမ်ရာထူထောင်လိုပါတယ်။ ငါ့မှာ အုပ်ထိန်းသူ ဖခင်ရသေ့ကြီး ရှိပါသေးတယ်။ ဖခင်ရသေ့ကြီးအလာကို စောင့်စားပါရစေဦး။ ဖခင်ရသေ့ကြီး ရောက်လာတဲ့အခါ အကျိုးအကြောင်း ပြောဆိုခွင့်ပန်ပြီးတာနဲ့ လိုက်ခဲ့ပါ့မယ်" လို့ ပြောဆိုလိုက်ပါတယ်။ အဲသည်အခါ သတို့သမီးငယ်လည်း–

"ကောင်းပါပြီ… ရှင်ရသေ့၊ ကျွန်တော်မတို့ ခရီးလမ်းတစ်နေရာမှာ ရှင်ရသေ့ကို ဆိုင်းငံ့စောင့်စားနေပါ့မယ်" လို့ ပြောဆိုပြီး ခိုးသားဓားပြတွေနဲ့အတူ လိုက်ပါသွားခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ ဖခင်ရသေ့ကြီးဟာ သစ်သီးရှာဖွေထွက်ရာက ကျောင်းသင်္ခမ်းကို ပြန်ရောက်လာခဲ့ပါတယ်။ အဲသည်အခါ ရသေ့ငယ်လည်း…

"အို… ဖခင်၊ အကျွန်ုပ်ဟာ သည်တောအုပ်၊ သည်ကျောင်းသင်္ခမ်းမှာ နေထိုင်ရတာ ငြီးငွေ့လှပါပြီ။ လူတို့ကျင်လည်ကျက်စားကြတဲ့ မြို့ရွာတွေကို သွားပါတော့မယ် ခွင့်ပြုပါဖခင်…။

အို… ဖခင်၊ မြို့ရွာတွေကို ရောက်တဲ့အခါ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



မျိုး အကျင့်သီလရှိတဲ့သူတွေ မှီဝဲဆည်းကပ်ရပါ့မလဲ...” လို့ ခွင့်ပန်ရင်း မေးလျှောက်တော်မူပါတယ်။ အဲသည်အခါ ဖခင်ရသေ့ကြီးက–

“ချစ်သား... သည်တောအုပ်ထဲကနေ လူတို့ ကျင်လည်ကျက်စားရာ မြို့ရွာတွေကို သွားရောက်နေထိုင်မယ်ဆိုရင် ချစ်သားကို ကျွမ်းဝင်သူ၊ ချစ်သားရဲ့ ကျွမ်းဝင်ခြင်းကို နှစ်သက်သူ၊ အကျွမ်းဝင်တဲ့စကား ဆိုခြင်းမှာ နှစ်သက်စွာ နားထောင်လိုသူ၊ အပြစ်ကို သည်းခံတဲ့သူတွေကို မှီဝဲဆည်းကပ်ရပါမယ်။

ချစ်သား... ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးတို့နဲ့ မကောင်းမှု ဒုစရိုက်မပြုတဲ့သူကို ရင်မှာကိန်းဝပ်ပြီး ကြီးပွားတဲ့သားလို မှီဝဲဆည်းကပ်ရပါမယ်။

ချစ်သား... တည်ငြိမ်တဲ့ စိတ်ဓာတ်မရှိတဲ့သူ၊ မျောက်စိတ်လို ဂဏှာမငြိမ်ဘဲ လျှင်မြန်စွာ ရွေ့လျားတတ်တဲ့စိတ်ရှိတဲ့သူ၊ ခဏကလေးနဲ့ ချစ်ခင်တတ်၊ ခဏကလေးနဲ့ မုန်းတီးတတ်တဲ့သူတွေကို သည်ဇမ္ဗူဒိပ်မြေပြင်မှာ လူမရှိပေမဲ့လည်း မှီဝဲဆည်းကပ်ခြင်းကို မပြုသင့်ပေဘူးချစ်သား” လို့ သားငယ်ရှင်ရသေ့ကို အဆုံးအမပေးပါတယ်။

ရသေ့ငယ်လည်း ဆုံးမစကားကို နားလည်လွယ်သူဖြစ်လေတော့ သတိသံဝေဂကြီးစွာရခဲ့ပါတယ်။ အဲဒါနဲ့–

“အို... ဖခင်၊ အကျွန်ုပ်ဟာ သည်လိုမျိုးဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံတဲ့ ဖခင်လိုပုဂ္ဂိုလ်မျိုးကို ဘယ်မှာ ဖယ်ခွာ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဖြစ်ပါတော့မှာလဲ။ လူ့ရပ်၊ လူ့ရွာမှာလည်း သည်လို မျိုး ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့သူကို ဘယ်မှာ ရှာဖွေလို့ ရပါမလဲ။

အို... ဖခင်၊ အဲဒါကြောင့် သည်တောအုပ်အတွင်း က လည်းကောင်း၊ ဖခင်ထံမှ လည်းကောင်း... ဖယ်ခွာ လို့ မသွားတော့ပါဖခင်”

လို့ ပြောဆိုဝန်ခံပြီး ဖခင်ရသေ့ကြီးကို ဦးခိုက်ရှိခိုးပါတယ်။ အဲဒါကြောင့်ပဲ ငြိမ်းချမ်းရေးကင်းပြီး ထာဝရပူလောင်စေမယ့် သတို့သမီးနောက်ကို မလိုက်တော့ပါဘူး။ အဲသည်အခါ ဖခင် ရသေ့ကြီးနဲ့အတူ ကသိုဏ်းရှုပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ကြ တဲ့အခါ ဈာန်အဘိညာဉ်တွေ ရရှိခဲ့ကြပါတယ်။ သေလွန်တဲ့အခါ မှာလည်း ဗြဟ္မာ့ပြည်ကို လားရောက်ကြပါတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)
## ငါးပါးအာရုံ ကာမဂုဏ်

**သမဏာနဉ္စ ဒဿနံ၊**
**ဧတံ မင်္ဂလ' မုတ္တမံ။**

ရဟန်းတော်များကို ဖူးမြော်ပြီး
သြဝါဒစကားကို လိုက်နာခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

ရှေး… လွန်လေပြီးတဲ့အခါကာလ။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါက မင်းကြီးမှာ သားတော်ပေါင်း တစ်ထောင်တိတိ ရှိပါတယ်။ အဲသည်ထဲမှာမှ အငယ်ဆုံး မင်းသားငယ်လေးဟာ လိမ္မာရေးခြားရှိသူဖြစ်ပြီး အလှူကိစ္စတွေမှာ မွေ့လျော်လို့ ရဟန်းသံဃာတော်တွေကို ကြည်ညိုသဒ္ဓါပြည့်ဝစွာနဲ့ ဖူးမြော်လေ့ ရှိပါသတဲ့။ အရွယ်ရောက်လာတဲ့အခါမှာ ဖခမည်းတော်ရဲ့ နန်းတော်ကို ကြွလာကြတဲ့ အရှင်ပစ္စေကဗုဒ္ဓါတို့ကို ဆွမ်းကပ်လေတိုင်း ကြည်ညိုစွာ ဖူးမြော်ပြီး အမှုကြီးအမှုငယ်တို့ကို ရွက်ဆောင်ပေးလေ့ရှိပါတယ်။

တစ်နေ့မှာတော့ မင်းသားငယ်ဟာ စဉ်းစားမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အထက်မှာ နောင်တော်တွေဟာ အများကြီး။ ငါဟာ ဗာရာဏသီပြည်မှာ ဆက်လက်နေထိုင်မယ်ဆိုရင် မင်းအဖြစ်ကို ရနိုင်ပါ့မလား။ ရ-မရကိစ္စကို သည်တစ်ခါ ပစ္စေကဗုဒ္ဓါတို့ ကြွရောက်တော်မူရင် မေးမြန်းရမယ်" ဒါနဲ့ပဲ နောက်တစ်နေ့ နန်းတော်ထဲ ပစ္စေကဗုဒ္ဓါတွေ ကြွလာတဲ့အခါ ဝတ်ကြီးဝတ်ငယ်တို့ကို လစ်ဟာမှုမရှိအောင် ပြုစုလုပ်ကျွေးပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့ ဆွမ်းကိစ္စပြီးတဲ့အခါကျတော့ မိမိကြံစည်မိတဲ့ကိစ္စကို မေးမြန်းလျှောက်ထားတော်မူပါတယ်။ အဲသည်အခါ ပစ္စေကဗုဒ္ဓါတို့က-

"မင်းသားငယ်... သင်ဟာ ဤဗာရာဏသီပြည်ကို တွယ်ဖက်နေမယ်ဆိုရင် မင်းအဖြစ်ကို ရောက်လိမ့်မယ် မဟုတ်ဘူး။ သည်ဗာရာဏသီပြည်ကနေ ယူဇနာတစ်ရာနှစ်ဆယ် ဝေးကွာတဲ့ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ရှိရာကို ရောက်အောင် သွားနိုင်မယ်ဆိုရင်တော့ သည်ကနေ့ကစလို့ ခုနစ်ရက်ပြည့်မြောက်တဲ့နေ့မှာပဲ မင်းအဖြစ်ကို ရရှိပါလိမ့်မယ်။

မင်းသားငယ်... ဒါပေမဲ့လည်း အဲသည်ခရီးဟာ အင်မတန်မှ အန္တရာယ်ထူပြောလှပါတယ်။ ဘေးရန်တို့ကို ရှောင်ကွင်းပြီး သွားမယ်ဆိုရင်... ယူဇနာတစ်ရာ ရှိလေရဲ့။ အဲ... တောနက်ကြီးကိုဖြတ်ပြီး အဖြောင့်အတိုင်း သွားမယ်ဆိုရင်ဖြင့် ယူဇနာငါးဆယ်ပဲ ရှိပါတယ်။ ဒါပေမဲ့ အဲသည်ယူဇနာငါးဆယ်ခရီးမှာ ဘီလူးတွေ ကျင်လည်ကျက်စားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားငယ်… အဲသည်ဘီလူးတွေဟာ သူတို့ရဲ့တိုင်းရာမှာ မြို့ရွာတွေ၊ ဇရပ်တန်ဆောင်းတွေကို ဖန်ဆင်းထားတတ်ကြပါတယ်။ ဘီလူးမတွေဆိုရင် လှလှသမျှ ခရီးသွားတွေကို ရုပ်ရည်လှပတဲ့ အဆင်းတွေနဲ့သော်လည်းကောင်း၊ နားဝင်ပီယံ ငြိမ့်ညောင်းလှတဲ့ အသံနဲ့လည်းကောင်း၊ မွှေးကြိုင်တဲ့ ရနံ့တွေနဲ့လည်းကောင်း၊ ရသာထူးကဲတဲ့ အစားအသောက်တွေနဲ့လည်းကောင်း၊ အလွန်နူးညံ့တဲ့ အထိအတွေ့အာရုံတွေနဲ့လည်းကောင်း သွေးဆောင်ဖြားယောင်းတတ်ပါတယ်။ သူတို့ရဲ့ ဖြားယောင်းမှုကနေ ရုန်းမထွက်နိုင်ရင် အသက်ကုန်အောင်ပြုပြီး စားသောက်ပစ်တတ်ကြလေရဲ့ မင်းသားငယ်။

ဒါကြောင့်… မင်းသားငယ်အနေနဲ့ ကာမဂုဏ် အာရုံငါးပါးကို မလိုက်စားဘဲ၊ သတိကြီးစွာ ထားနိုင်ခဲ့မယ်ဆိုရင်ဖြင့် မင်းအဖြစ်ကို ရရှိပါလိမ့်မယ်။

လို့ မိန့်ဆိုကြပါတယ်။ အဲသည်အခါ မင်းသားငယ်လည်း–

"အရှင်ဘုရားတို့… ဘယ်လိုပဲ ဘေးအန္တရာယ်တို့ များမြောင်နေပါစေ… ဘီလူးမတို့ရဲ့ အန္တရာယ်ကို ဂရုမစိုက်ပါ။ တပည့်တော် သွားပါမယ်ဘုရား"

လို့ လျှောက်ထားပြီး အရှင်ပစ္စေကဗုဒ္ဓါတို့ထံကနေ ပရိတ်တရားတော်တွေကို နာယူပါတယ်။ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းတွေကိုဆောင်ယူပြီး အရှင်ပစ္စေကဗုဒ္ဓါတို့၊ ခမည်းတော်–မယ်တော်တို့ကို ဖူးမြော်ရှိခိုးကန်တော့ပါတယ်။ အဲသည်နောက်

www.burmeseclassic.com

www.burmeseclassic.com



မိမိရဲ့အိမ်တော်မှာ အမှုထမ်းကြတဲ့ မင်းချင်းယောကျာ်းတွေကို နှုတ်ဆက်ပါတယ်။

"အမောင်တို့… ငါဟာ တက္ကသိုလ်ပြည်ရှိရာသွားပြီး မင်းပြုပါတော့မယ်။ သည့်အတွက် အမောင်တို့ကို နှုတ်ဆက်ပါတယ်"

"အရှင်မင်းသား… အကျွန်ုပ်တို့လည်း အရှင်မင်းသား ရဲ့ နောက်တော်ပါးက လိုက်လိုပါတယ်"

"အမောင်တို့… ငါနဲ့အတူ လိုက်မယ်ဆိုရင် အန္တရာယ် များလွန်းလှပါတယ်။ အခု ငါသွားမယ့် လမ်းခရီးမှာ ဘီလူးမတို့ ရှိနေကြတယ်။ အဲသည် ဘီလူးမတွေဆိုတာ ဟာ ခရီးသွားမှန်သမျှကို အာရုံငါးပါးနဲ့ ဖြားယောင်း သွေးဆောင်ပြီး သတ်ဖြတ်စားသောက်လေ့ရှိကြပါတယ်။

ဒါ့ကြောင့် အသက်အန္တရာယ်နဲ့ သိပ်ကို နီးလှပါ တယ်။ ငါကတော့ အာရုံငါးပါးကို ဂရုစိုက်သူ မဟုတ်ပေ ဘူး"

"အရှင်မင်းသား… ကျွန်ုပ်တို့လည်း အာရုံငါးပါး ကို မလိုက်စားကြပါ။ သည့်အတွက် လိုက်ခွင့်ပြုတော်မူ ပါ"

အဲသည်လို အိမ်တော်ပါ အမှုထမ်းငါးယောက်လည်း အဖန် တလဲလဲ တောင်းဆိုနေကြတဲ့အတွက် မင်းသားငယ်လည်း–

"ကောင်းပေပြီ… အမောင်တို့၊ အမောင်တို့အနေနဲ့ ငါကဲ့သို့ စောင့်စည်းနိုင်မယ်ဆိုရင် လိုက်ခဲ့ကြပါ။ ခရာရာ

www.burmeseclassic.com

www.burmeseclassic.com



ကို မပေါ့ဆကြပါနဲ့... အမြဲထာဝရ သတိရှိနေကြပါ"

လို့ ပြောဆိုပြီး လမ်းခရီးမှာ စားသောက်ဖို့ရာအတွက် ရိက္ခာအပြည့်အစုံကို စီမံစေပါတယ်။ အားလုံးပြည့်စုံတဲ့အခါ မင်းသားငယ်နဲ့တကွ နောက်တော်ပါငါးယောက်တို့ဟာ ဗာရာဏသီကနေ တက္ကသိုလ်ပြည်ကို ထွက်လာခဲ့ကြပါတော့တယ်။

သည်လိုနဲ့ တဖြည်းဖြည်း ခရီးဆက်လာကြတဲ့အခါ ဘီလူးတို့ နေထိုင်ကြတဲ့ အမနုဿကန္တာရအရပ်ကို ရောက်ခဲ့ကြပါတယ်။ အဲသည်မှာ ဘီလူးမတွေဟာ မြို့ရွာတွေ၊ ဇရပ်တန်ဆောင်းတွေကို ဖန်ဆင်းထားကြပါသတဲ့။ မိမိတို့ကိုယ် မိမိတို့လည်း ရုပ်ရည်ရူပကာ လှပကြော့ရှင်းသူလေးတွေအဖြစ် ဖန်ဆင်းထားကြတာပဲပေါ့။

အဲသည်အခြေအနေမှာ လှတာမြင်ချစ်ချင်ပြီး တပ်မက်စိတ်ရှိတဲ့ နောက်ပါတစ်ဦးဟာ မင်းသားငယ်တို့နဲ့ မလိုက်ပါဘဲ ခပ်နွာနွာ ကလေးနေရစ်ခဲ့ပါသတဲ့။ သည်တော့ မင်းသားငယ်က ဘာဖြစ်လို့လဲလို့ မေးပါတယ်။

"အရှင်မင်းသား... အကျွန်ုပ် ခြေအနည်းငယ်နာတဲ့အတွက် ခေတ္တခဏ ဇရပ်ပေါ်မှာ နားချင်ပါတယ်"

"အမောင်... သင့်စိတ်ထဲ ဘယ်လိုဖြစ်နေတယ်ဆိုတာ ငါ မသိဘူးလို့ ထင်နေသလား။ သည်ဘီလူးမတွေ ဖန်ဆင်းထားတဲ့ ရူပါရုံကို ဘာကြောင့်များ စွဲလမ်းနေရတာလဲ၊ လာ... ငါတို့နဲ့လိုက်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းသား... ခွင့်လွှတ်တော်မူပါ။ အကျွန်ုပ် ဖြစ်လိုရာ ဖြစ်ပါစေ... သေလိုက သေပါစေတော့။ အကျွန်ုပ်အဖို့ သူတို့ရဲ့ ရူပါရုံစက်ကွင်းကနေ ဘယ်လိုမှ ရုန်းမထွက်နိုင်တော့ပါဘူး"

ဘယ်လိုပဲ ဖြောင်းဖျပြောဆိုခေါ်ယူပေမဲ့ မရတဲ့အဆုံးမှာ မင်းသားငယ်တို့လည်း သူ့ကို ချန်ထားရစ်ခဲ့ပြီး ခရီးဆက်ပါတော့တယ်။ ဒါနဲ့ ဇရပ်ပေါ်မှာ ကျန်ရစ်ခဲ့တဲ့ မင်းချင်းဟာ ဘီလူးမတွေရဲ့ အလှမှာနစ်မွန်းလို့ အပျော်လွန်ကျူးပြီးတဲ့နောက် အသတ်ခံရရင်း ဘီလူးမတွေရဲ့ စားသောက်ခြင်းကို ခံရပါတော့တယ်။

မင်းသားငယ်နဲ့အဖော်လေးယောက်ဟာ ခရီးရှေ့ကို ဆက်ခဲ့ပါတယ်။ အဲသည်မှာ ဘီလူးမတွေဟာ လူယောင်ဖန်ဆင်း၊ ဇရပ်တစ်ဆောင် ဖန်ဆင်းလို့ တူရိယာတွေကို တီးမှုတ်ရင်း သာယာတဲ့ တေးသီချင်းတွေကို သီဆိုနေကြပါသတဲ့။

သည်အခါ သဒ္ဒါရုံအပေါ် နှစ်သက်တပ်မက်တဲ့ အဖော်တစ်ဦးလည်း နောက်ချန်နေရစ်ခဲ့တဲ့အတွက် ဘီလူးအစားခံရပြန်ပါတယ်။ သည်လိုနဲ့ အမွှေးအကြိုင်ရနံ့အပေါ် တပ်မက်သူ၊ အစားကောင်း အသောက်ကောင်းကို တပ်မက်သူ၊ အတွေ့အထိ အာရုံအပေါ် တပ်မက်သူအဖော်တွေ တစ်ဦးပြီးတစ်ဦးတို့လည်း နောက်ချန်မနေရစ်ခဲ့ကြ။ ဘီလူးမတွေရဲ့ စားသောက်ခြင်းကို ခံရလိုက်နဲ့ နောက်ဆုံးမှာတော့ မင်းသားငယ်တစ်ပါးတည်းသာ ကျန်ရစ်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားငယ်ဟာ သူတစ်ဦးတည်းသာရှိတော့တဲ့အတွက် ခရီးရှေ့ဆက်ရာမှာ သတိဝီရိယကြီးစွာ ထားရပါတော့တယ်။ သူ့နောက်မှာတော့ အင်မတန်ဖွဲ့နပဲကြီးလှတဲ့ ဘီလူးမတစ်ကောင်က လိုက်လို့။ မင်းသားငယ်ကို မစားရရင် မပြန်တော့ဘူးဆိုတဲ့ အနေအထား။

"သည်ယောကျ်ားဟာ သာမန်ယောကျ်ားတော့ မဟုတ်နိုင်ဘူး။ ဉာဏ်ပညာထက်မြက်တဲ့ ပညာရှိပဲ ဖြစ်ရမယ်။ ငါဟာ သူ့ကိုစားပြီးမှသာ ငါ့နေရပ်ကို ပြန်တော့မယ်"

ဒါနဲ့ပဲ ဘီလူးမလည်း မင်းသားငယ်ရဲ့နောက်၊ မလှမ်းမကမ်းကနေ တစိုက်မတ်မတ် လိုက်ပါနေရင်းက တောအုပ်အတွင်း သစ်ဆွဲ၊ ဝါးခုတ်နေသူတွေ တွေ့ကြတဲ့အခါ မေးမြန်းကြပါလေရော။

"ဟေ့... သူငယ်မ၊ သင်ရဲ့ရှေ့က သွားနေတဲ့သူဟာ သင်နဲ့ ဘယ်လိုများ တော်စပ်ကြပါသလဲ"

"အို... မောင်ကြီးတို့၊ အကျွန်ုပ်ရှေ့က သွားနေတဲ့ သူဟာ အကျွန်ုပ်ရဲ့ ယောက်လင်ယောကျ်ားဖြစ်ပါတယ်"

အလုပ်သမားတွေလည်း သည်စကားကြားရတော့ အံ့အားတသင့် ဖြစ်ကြရတယ်။ စကားကိုလီဆည်ပြီး ပြောနေတဲ့ ဘီလူးမမှန်း သိမှမသိကြဘဲကိုး။ ဒါနဲ့ အလုပ်သမားအချို့က မင်းသားငယ်ကို မေးမြန်းကြပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အသင်… ယောကျ်ား၊ သင့်ရဲ့နောက်က လိုက်ပါလာတဲ့ သင့်မယားဟာ သိမ်မွေ့နူးညံ့လှပါရဲ့။ အသားအရေဆိုရင်လည်း ရွှေလိုပဲ ဝင်းဝင်းကို ဝါလို့။ သင့်ကို ချစ်ခင်လို့ မိဘသားချင်းတွေကို စွန့်ခွာပြီး လိုက်ပါလာရှာတဲ့ မယားဖြစ်သူကို ဘာကြောင့်များ ဖေးဖေးမမ မပြု၊ အတူယှဉ်တွဲ မသွားပါသလဲ"

"အို… အမောင်လုလင်တို့၊ အဆိုပါမိန်းမဟာ ငါနဲ့ ဘာမှမဆိုင်ပါဘူး။ ငါ့ရဲ့သားမယားဆိုတာလည်း လုံးဝ မဟုတ်ပါဘူး။ တကယ်တော့ သူဟာ သားစားကြူး ဘီလူးမသာ ဖြစ်ပါတယ်"

"အို… အသင်ယောကျ်ား၊ သင်ပြောတာတွေဟာ ဟုတ်မှဟုတ်ပါ့မလား"

"အဟုတ်အမှန်ပါပဲ… လုလင်တို့၊ သူနဲ့တကွ အခြားသော ဘီလူးမတွေ သွေးဆောင်ဖြားယောင်းလို့ အကျွန်ုပ်ရဲ့ တပည့်ငါးယောက်ဟာ လမ်းမှာတင် အစားခံခဲ့ရပြီးပါပြီ…"

"အို… ဖြစ်မှဖြစ်ရလေ"

အဲသည်အချိန်မှာ လူယောင်ဆောင်ထားတဲ့ ဘီလူးမ ရောက်ရှိလာပြီး ပျာပျာသလဲနဲ့ ရှင်းပြပါတယ်။

"အို… အမောင်တို့၊ သူပြောတဲ့ စကားကို မယုံကြည်ပါနဲ့။ လင်ယောကျ်ားတွေ ဆိုတာမျိုးက သူတို့ အမျက်ဒေါသထွက်နေပြီဆိုရင် ချစ်လှပါချည်ရဲ့လို့ ယူထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



မယားကို 'ဟဲ့… ဘီလူးမ၊ ပြိတ္တာမ၊ တစ္ဆေသရဲမ၊ တိရစ္ဆာန်မ…' စသည်ဖြင့်လည်းကောင်း နင့်နင့်သီးသီး ဇရရွတ်တတ်ကြတယ် မဟုတ်ဘူးလား"

"အဲ… အဲဒါလည်း ဟုတ်ပေတာပဲ"

သည်အချိန်မှာ မင်းသားငယ်လည်း ခပ်လှမ်းလှမ်းကို ရောက်နေခဲ့ပါပြီ။ သည်တော့ ဘီလူးမလည်း စကားစကို ဖြတ်တောက်လို့ မင်းသားငယ်နောက် ကောက်ကောက်ပါအောင် လိုက်ပါတော့တယ်။ လမ်းခရီးမှာလည်း တစ်ခါတစ်ခါ ကိုယ်ဝန်ဆောင်အသွင် ဖန်ဆင်းလိုက်၊ ရင်ခွင်ပိုက် သားသည် မိခင်အသွင် ဖန်ဆင်းလိုက်နဲ့…။

လမ်းမှာ လူတွေတွေ့လို့မေးရင် အထက်က နည်းအတိုင်း ပြောဆိုပါတယ်။

သည်လိုနဲ့ တဖြည်းဖြည်း ခရီးဆက်လာလိုက်တာ မကြာမီမှာပဲ တက္ကသိုလ်ပြည်ကြီးကို ဆိုက်ရောက်ပါတော့တယ်။ အဲသည်အခါ မြို့တံခါးအနီးရှိ ဇရပ်ပေါ်တက်လို့ အနားယူပါတယ်။ ဘီလူးမကတော့ မင်းသားငယ်ရဲ့ ဘုန်းတန်ခိုး၊ ပရိတ်တော်၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့ တန်ခိုးကြောင့် ဇရပ်ပေါ် မတက်နိုင်ပါဘူး။ ဒါကြောင့်ပဲ မိမိကိုယ်မိမိ နတ်သမီးအသွင် ဖန်ဆင်းပြီး မြို့တံခါးအနီးမှာပဲ နေပါတယ်။

သည်အချိန်မှာတော့ တက္ကသိုလ်ပြည်ကြီးကို စိုးစံအုပ်ချုပ်တဲ့ မင်းကြီးဟာ ဥယျာဉ်ကစားထွက်တော်မူလာခဲ့တာ မြို့တံခါးအနီးကိုရောက်တော့ လှပကြော့ရှင်းတဲ့ နတ်သမီးအသွင် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ပျိုကို မြင်ပါတယ်။ ဘီလူးမကို ဘီလူးမမှန်း မသိပါဘူး။ အဲသည် အလှမှာ စွဲလမ်းတပ်မက်သွားပြီး ကာမပိုင် လင်သားရှိ– မရှိ မင်းချင်းတစ်ယောက်ကို စေလွှတ်ပြီး စုံစမ်းစေပါတယ်။ ဘီလူးမ က ဇရပ်ပေါ်ရှိနေသူဟာ သူ့ရဲ့ကာမပိုင်လင်ဖြစ်ကြောင်း ပြောပြ တယ်။ မင်းချင်းလည်း ဟုတ်မဟုတ် ဇရပ်ပေါ်ရှိ မင်းသားငယ် ကို မေးတော့–

"အသင်... မင်းချင်း။ ငါသည်... သူနှင့် မပတ်သက်၊ သူကား ဘီလူးမသာလျှင်ဖြစ်၏။ သူနှင့်တကွ ဘီလူးတို့ ဖြားယောင်းသည့်အတွက် ငါ့တပည့် ငါးဦးလည်း ဘီလူး အစားခံခဲ့ရပေပြီ"

လို့ ရှင်းပြခဲ့ပါတယ်။ ဘီလူးမကလည်း မဟုတ်ကြောင်း၊ လင်ယောကျ်ားက စိတ်ဆိုးလို့သာ သည်လိုပြောကြောင်း ဖြေရှင်း ပြန်ပါတယ်။

မင်းကြီးလည်း မင်းချင်းထံကနေ အခြေအနေအရပ်ရပ်ကို သိတော်မူတဲ့အခါ တပ်မက်တဏှာစိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ

"လင်ယောကျ်ားဖြစ်သူက သူ့ရဲ့မယားမဟုတ်ကြောင်း ငြင်းဆိုတဲ့အတွက်၊ အရှင်ကင်းမဲ့တဲ့ ပစ္စည်းဆိုတာ မင်း ဘဏ္ဍာဖြစ်တယ်ဆိုတဲ့ စကားနဲ့အညီ၊ အဲသည်မိန်းမကို မိဖုရားအဖြစ် တင်မြှောက်သိမ်းပိုက်မယ်"

လို့ ကြေညာပြီး ဘီလူးမကို ဆင်တစ်စီးပေါ်တင်လို့ မြို့ကို လက်ယာရစ်လှည့်ပါတယ်။ အဲသည်နောက် နန်းတော်ကို ရောက် တဲ့အခါ မိဖုရားအရာပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမလည်း ညအချိန်ရောက်တဲ့အခါ မင်းကြီးနှစ်သက်မှု ရှိအောင် အစွမ်းကုန် လိုက်လျောဖျော်ဖြေပြီးတဲ့နောက် အိပ်ချင်ယောင်ဆောင်ပြီး ငိုရှိုက်ပါတယ်။ အထိအတွေ့ ကာမဂုဏ်မှာ သာယာသွားတဲ့ မင်းကြီးလည်း အကျိုးအကြောင်း မေးပါတယ်။ သည်အခါ ဘီလူးမလည်း ရှိုက်သံနှောလို့–

"အရှင်မင်းကြီး... အရှင်မင်းကြီးရဲ့ နန်းတွင်းသူတွေဟာ အကျွန်ုပ်ကို–

'သည်မိန်းမဟာ လမ်းခရီးမှာတွေ့လို့ ကောက်ယူထားတဲ့ မိန်းမသာဖြစ်တယ်။ သူ့ရဲ့မိဘဆွေမျိုးဉာတိတွေကို ဘယ်သူမှ မသိကြဘူး'

လို့ ပြောဆိုပြီး စကားနဲ့ နှိပ်စက်ကြပါလိမ့်မယ်။ အဲသည်အတွက် ဘယ်သူမှ မော်မကြည့်ဝံ့လောက်တဲ့ တိုင်းပြည် တစ်ပြည်လုံးကို ပိုင်စိုးတဲ့ အာဏာကို ပေးသနားတော်မူပါ"

လို့ ပြောဆိုတောင်းခံပါတယ်။ မင်းကြီးလည်း ငြင်းဆိုပါတယ်။ သည်အခါ–

"အရှင်မင်းကြီး... အဲသည်လိုဆိုရင်ဖြင့် နန်းတွင်းသူ၊ နန်းတွင်းသားတို့အပေါ် ပိုင်စိုးတဲ့အာဏာကို ပေးသနားတော်ပါ"

အဲသည်လို ပြောဆိုရင်း... မင်းကြီးအာရုံညွတ်နူးလာအောင် အထိအတွေ့ကောင်းတွေကို ပေးနေတော့တယ်။ မင်းကြီးလည်း အတွေ့အထိမှာ ယစ်မူးသာယာနေပြီမို့ အမှားအမှန်ကို မခွဲနိုင်တော့ဘဲ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မ… ငါ ခွင့်ပြုပါတယ်။ ငါ့နန်းတော်ကို ပိုင်စိုးတဲ့ အာဏာကို ယူပါလော့"

ဆိုပြီး မိန့်ပါတယ်။ ဘီလူးမလည်း မင်းကြီးကျေနပ်အောင် ပြုစုပေးပြီး မင်းကြီးအိပ်ပျော်တဲ့အထိ စောင့်ဆိုင်းနေပါတယ်။ မင်းကြီးအိပ်ပျော်တဲ့အခါ ရလာတဲ့အခွင့်အရေးအာဏာနဲ့ နန်းတွင်းသူ နန်းတွင်းသားအပေါင်းကို အိပ်မွေ့ချပါတော့တယ်။ အဲသည်နောက် သူ့ရဲ့နေရပ်ကိုပြန်ပြီး ဘီလူးအပေါင်းကို နန်းတော်ရှိရာကို ခေါ်ဆောင်လာခဲ့ပါတယ်။ အခွင့်အာဏာပိုင်စိုးထားတဲ့အတွက် နန်းတွင်းစောင့်နတ်တွေကလည်း မတားဆီးနိုင်ပါဘူး။ အဲသည်နောက် ဘီလူးမနဲ့ ဘီလူးအပေါင်းတို့ဟာ မင်းကြီးနဲ့တကွ၊ နန်းတွင်းသူနန်းတွင်းသားတို့အပြင် နန်းတွင်းမှာရှိကြတဲ့ ခွေး၊ ကြောင်၊ ကြက်တို့ကိုတောင်မကျန် သတ်ဖြတ်စားသောက်ကြတဲ့အခါ နန်းတွင်းတစ်ခုလုံးဆိုတာ အရိုးတွေ တောင်လိုပုံလို့ဆိုပဲ။ နန်းတော်တွင်းရှိ စားလို့ ရသမျှ စားသောက်ပြီး ဝလင်ပြီဆိုတဲ့အခါ ဘီလူးမလည်း အဖော်အပေါင်းတို့နဲ့အတူ သူတို့ရဲ့ နေရပ်ကို ပြန်သွားကြပါတော့တယ်။

နောက်တစ်နေ့နံနက် လင်းအရုဏ်ကို ရောက်ရှိတဲ့အခါ မြို့သူမြို့သားအပေါင်းဟာ ဘာအသံမှမကြားရဘဲ နန်းတော်တစ်ခုလုံး တိတ်ဆိတ်နေပြီး ဖွင့်ချိန်တန်ပါလျက် မဖွင့်၊ ပိတ်မြဲပိတ်နေတဲ့အတွက် ဓား၊ ပုဆိန်တွေနဲ့ နန်းတော်တံခါးကို ရိုက်ချိုးဖြတ်တောက်ကြပါတယ်။ နန်းတော်တံခါးပွင့်သွားလို့ နန်းတော်တွင်း ဝင်လိုက်တဲ့အခါမှာတော့ အရိုးတွေ တောင်လိုပုံနေတာကို တအံ့တဩ တွေ့မြင်ကြရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အခါကျမှ မြို့သူမြို့သားအပေါင်းတို့လည်း ပြောဆိုနေကြပါတော့တယ်။

"အဆွေတို့... မနေ့ညနေက မြို့စောင့်တံခါးအနီး ဇရပ်ပေါ်မှာရှိနေတဲ့ လုလင်ဆိုတာ ပညာရှိဖြစ်တယ်။ နတ်သမီးတစ်မျှ လှပတဲ့ မိန်းမဟာ ဘီလူးမလို့ သူပြောတာ အမှန်ဧကန်ဖြစ်နေတယ်။ ငါတို့ရဲ့ မင်းကြီးဟာ ပညာရှိ လုလင်ရဲ့စကားကို မနာယူဘဲ မ, စိတ်မွှန်လို့ ဘီလူးမကို မိဖုရားအရာ ပေးခဲ့တယ်။ နန်းတော်တွင်းကို ဆောင်ယူသွားခဲ့တယ်။ ယခုအခါမှာ မင်းကြီးနဲ့တကွ နန်းတွင်းသူ နန်းတွင်းသားအပေါင်းတို့ သေကြေပျက်စီးရလေပြီ မဟုတ်လား..."

"မှန်ပေတယ်... အဆွေ။ ဘီလူးတို့ဟာ နန်းတွင်းသူ နန်းတွင်းသားတို့ကို သာမက ခွေး၊ ကြောင်၊ ကြက်တို့ကိုတောင် အလွတ်မပေးဘဲ စားသောက်သွားကြလေရဲ့..."

အဲသည်နောက် တောင်လိုပုံနေကဲ့ အရိုးတွေကို သုသာန်ရှိရာ ယူဆောင်သွားကြပြီး သင်္ဂြိုဟ်လိုက်ကြပါတယ်။ နန်းတွင်းတစ်ခုလုံးကိုလည်း သန့်ရှင်းစင်ကြယ်စေခဲ့တယ်။ ရဟန်းတော်တွေကို ပင့်ဖိတ်ပြီး တရားဒေသနာတော်ကို ရွတ်ဖွားကြပါတယ်။

အဲသည်အချိန်မှာ မင်းသားယယ်ဟာ ပရိတ်သဲကို ဦးခေါင်းမှာထား၊ ပရိတ်ချည်တို့ကို ကာရံပြီး သန်လျက်ကိုကိုင်စွဲလို့ သတိနဲ့နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းသူပြည်သားတို့လည်း နန်းတော်တစ်ခုလုံးကို သန့်ရှင်းစင်ကြယ်လို့ အမွှေးအကြိုင်တို့နဲ့ ထုံမွှမ်းစေပြီးနောက် အညီအညွတ် စည်းဝေးကြပါသတဲ့။

"အမောင်တို့... ငါတို့ရဲ့မင်းကြီးဟာ နတ်ရွာစံခဲ့ပါပြီ။ ထီးမွေနန်းမွေကို ဆက်ခံမယ့်သူလည်း မရှိတော့ဘူး။ သည်တော့ ဘယ်သူ့ကို နန်းတင်ရပါ့မလဲ"

"အမောင်တို့... မြို့တံခါးဇရပ်မှာ တည်းခိုနေတဲ့လုလင်ဟာ ပညာရှိဖြစ်ပေတယ်။ ဒါ့အပြင် သန်လျက်ကိုပါ စွဲကိုင်ထားလေတော့ မဟာဆီ၊ မဟာသွေး၊ မင်းမျိုးမင်းနွယ် ဖြစ်ပေလိမ့်မယ်။ သူဟာ ဘီလူးမကို ဘီလူးမမှန်းသိတဲ့သူပဲ။ ကာမဂုဏ်အာရုံငါးပါးအပေါ်မှာ ထိန်းသိမ်းနိုင်သူလည်း ဖြစ်တယ်။ အဲသည်ပညာရှိကို ငါတို့တက္ကသိုလ်ပြည်ရဲ့ ထီးနန်းစည်းစိမ်ကို အပ်နှင်းပြီး အုပ်ချုပ်စေမယ်ဆိုရင် တစ်ပြည်လုံး ကြီးပွားချမ်းသာပေလိမ့်မယ်"

တိုင်းသူပြည်သားအပေါင်းမှာလည်း ကန့်ကွက်သူမရှိကြပါဘူး။ အကြိုက်ချင်းညီကြတဲ့အလျောက် မင်းသားငယ်ဆီ သွားရောက်ပြီး မင်းပြုဖို့ လျှောက်ထား တောင်းပန်ကြပါတယ်။ နန်းတော်ကို ပင့်ဆောင်ကြပါတယ်။ အဲသည်နောက် ရတနာအစုမှာ ထားပြီး မင်းမြှောက်ကြပါတယ်။

"ဒါဟာ... ပစ္စေကဗုဒ္ဓါတွေကို ဆည်းကပ်ဖူးမြော်ပြီး၊ အဆုံးအမဩဝါဒတွေကို လိုက်နာကျင့်ကြံခဲ့တဲ့အတွက် မင်းအဖြစ်ကို ရရှိခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းအဖြစ်ကို ရရှိခဲ့တဲ့ မင်းသားငယ်လည်း ရဟန်းသံဃာတို့ကို ဖူးမြော်ရတဲ့အကျိုးကို သိရှိနားလည်တဲ့အလျောက် ပစ္စေကဗုဒ္ဓါတွေကို စိတ်ထဲကနေ ကော်ရော်ဦးခိုက်လိုက်ပါတယ်။ အဂတိတရားလေးပါးကို မလိုက်စားဘဲ တိုင်းသူပြည်သားတွေအပေါ် မင်းကျင့်တရားနဲ့ အုပ်ချုပ်တဲ့အတွက် တက္ကသိုလ်ပြည်ကြီးလည်း သာယာဝပြောစည်ကားခဲ့ပါသတဲ့။

အရှင်ကောင်းအရှင်မြတ်တွေကို ဖူးမြော်ဦးခိုက်လို့ ဆုံးမဩဝါဒတွေကို လိုက်နာကျင့်ကြံခဲ့တဲ့ အကျိုးပဲဖြစ်ပါတယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

(၃၀)

# အခွင့်မျှော် သင့်လျော်တဲ့တရား

**ကာလေန ဓမ္မသာကစ္ဆာ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**

*သင့်လျော်သောအခါ၌*
*တရားစကားဆွေးနွေးခြင်းသည်*
*မြတ်သောမင်္ဂလာမည်၏။*

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်အခါတုန်းက ဖြစ်ပါတယ်။

အဲသည်ကာလ၊ ဗာရာဏသီရဲ့ တောတွင်းတစ်နေရာမှာ ဝက်မကြီး တစ်ကောင်ဟာ ဝက်ကလေးနှစ်ကောင်ကို ဖွားမြင်ခဲ့ပါတယ်။

တစ်နေ့မှာတော့ မိခင်ဝက်မကြီးဟာ ဝက်သားငယ် နှစ်ကောင်နဲ့ ကျင်းတစ်ခုမှာ ဝပ်နေတုန်း ဗာရာဏသီမြို့အနီးမှာ နေတဲ့ အမယ်အိုတစ်ဦးဟာ တောင်ဝှေးကိုထောက်ပြီး တောလမ်း ကလေးအတိုင်းဖြတ်ပြီး လျှောက်လာခဲ့ပါတယ်။ အဲသည်အခါ

www.burmeseclassic.com

www.burmeseclassic.com



တတောက်တောက်၌ အသံကြားရတော့ ဝက်မကြီးလည်း ရန်သူလာပြီအထင်နဲ့ သေဘေးက စိုးရွံ့ထိတ်လန့်လို့ ဝက်သားပေါက်နှစ်ကောင်ကို စွန့်ပြီး အဝေးကို ထွက်ပြေးသွားပါတော့တယ်။

မိန်းမအိုဟာ ဝက်ငယ်တို့ကို မြင်တဲ့အခါ သားအမှတ်နဲ့ မွေးမြူမယ်လို့ ကြံစည်မိပြီး ပါလာတဲ့တောင်းထဲကိုထည့်လို့ နေအိမ်ရှိရာ ပြန်လာခဲ့ပါတယ်။ အဲသည်နောက် ဝက်အကြီးကို 'မဟာ'၊ ဝက်အငယ်ကို 'စူဠ' ဆိုပြီး အမည်နာမတွေပေးလို့ ကောင်းမွန်စွာ မွေးမြူစောင့်ရှောက်ထားခဲ့ပါသတဲ့။ ကာလကြာလာတဲ့အခါ ဝက်တွေဟာ ဆူဝဝဖြိုးပြီး အလွန်မတန်ထွားကျိုင်းလာခဲ့ကြတယ်။ ရွာရှိလူတွေက အဖိုးအခပေးပြီး ဝယ်ယူကြပေမဲ့ အမယ်အိုက မရောင်းချခဲ့ပါဘူး။

အဲသည်အချိန် ဗာရာဏသီပြည်မှာ ပွဲလမ်းသဘင်ဆင်ယင်ကျင်းပနေပါတယ်။ သေသောက်ကြူးတွေဟာ သေရည်သေရက်တို့ကို သောက်သုံးကြရင်းက အမဲဟင်းလျာပြတ်သွားခဲ့တယ်။ ဒါနဲ့ အမဲရှိမယ့်နေရာကို ရှာဖွေစုံစမ်းတဲ့အခါ အမယ်အိုရဲ့အိမ်မှာ ဝက်နှစ်ကောင်ရှိတဲ့အကြောင်း သိလိုက်ရတယ်။ ဒါနဲ့ အမယ်အို ဆီသွားပြီး အဖိုးအခပေးလို့ သွားဝယ်ကြတယ်ပေါ့။ အမယ်အိုက မရောင်းပါဘူး။ သည်တော့ သေသောက်ကြူးတွေက အမယ်အိုကို စည်းရုံးသိမ်းသွင်းပြီး မူးယစ်မေ့လျော့စေဖို့အတွက် သူ့ရာရည်ကို တိုက်ကြပါတယ်။ အမယ်အိုလည်း သေရည်သေရက်တို့ကို သောက်ပြီး မူးယစ်မေ့လျော့သွားတဲ့အခါ သေသောက်ကြူးတို့က အမယ်အိုထံမှ အခကြေးငွေပေးပြီး ဝက်တစ်

www.burmeseclassic.com



ကောင် ဝယ်ပါတယ်။ အမယ်အိုလည်း အသပြာငွေကိုယူပြီး ဝက်အငယ်ကို ရောင်းချလိုက်ပါတော့တယ်။

သေသောက်ကြူးတို့လည်း ဝက်အငယ်စူဠကို ဖမ်းဆီးဖို့ ရာအတွက် အိမ်တံခါးမှာရှိတဲ့ စားခွက်ကျင်းထဲကို အစာအပြည့် လောင်းထည့်ပြီး ကျော့ကွင်းလက်နက်တွေ ကိုင်ဆောင်လို့ ဖမ်းဆီးဖို့ရာ အသင့်ပြင်နေကြပါတယ်။ အဲသည်အချိန်မှာ အမယ် အိုဟာ စားခွက်ကျင်းအနီးမှာ ရပ်လို့–

"ချစ်သား... စူဠ၊ လာ... လာ... လာ။ သည်လာ ပြီး အစာရေစာတွေကို စားသောက်ပါ... လာ... လာ"

ဆိုပြီး အော်ခေါ်ပါတယ်။ သည်အသံကို ကြားရတော့ ဝက်အကြီးကောင်ဟာလည်း–

"ငါတို့ရဲ့ မိခင်အမယ်အိုဟာ ကာလတစ်လျှောက်လုံး အစာရေစာကျွေးမွေးတော့မယ်ဆိုရင် ငါ့ရဲ့ညီ စူဠကို အနီး ဆုံး ခေါ်လေ့မရှိ။ ငါ့ကိုသာပဲ အနီးဆုံး ခေါ်လေ့ရှိတယ်။ သည်ကနေ့မှာတော့ဖြင့် အကော်ကလေးကို ထူးဆန်းနေပါ ပေါ့လား... ငါတို့အဖို့ သေဘေးနဲ့ နီးကပ်နေသလိုပဲ"

လို့ ဆင်ခြင်တွေးတောပြီး ညီဖြစ်တဲ့စူဠကို ခေါ်လိုက်ပါ တယ်။ အခြေအနေကို စုံစမ်းတဲ့အခါ သူ့အတွက် သေဘေးဟာ နီးကပ်နေပြီဖြစ်လို့ အထိတ်ထိတ်အလန့်လန့် ဖြစ်လာတာနဲ့ အစ်ကိုဖြစ်သူ မဟာထံ ပြန်လာခဲ့ပါတယ်။

"ညီငယ်... စူဠ၊ အခြေအနေ ဘယ်လိုရှိသတုံး"

"နောင်တော်... စားခွက်ကျင်းထဲမှာ အစာရေစာတွေ

www.burmeseclassic.com



ဟာ အပြည့်ပဲ။ အမယ်အိုဟာ စားခွက်ကျင်းအနားမှာ ရပ်နေတယ်။ သေသောက်ကြူးတွေလည်း ကျော့ကွင်းလက်နက်တွေကိုင်လို့။ ညီငယ်တော့ သူတို့ကျွေးတဲ့ အစာရေစာတွေကို မစားသောက်လိုတော့ပါဘူး”

“ညီငယ်... အတော်ကလေး စိုးရိမ်ထိတ်လန့်နေပါရောလား။ ခုအခြေအနေမှာ ငါတို့အတွက် ကိုးကွယ်စရာမရှိတော့ဘူး။ ဘယ်အရပ်ကို သွားကြမှာတဲ့လဲ။

ညီငယ်... စိုးရိမ်ခြင်းကို ပယ်ဖျောက်လို့ အစာရေစာတို့ကို စားသောက်ပါ။ တကယ်တော့ ငါတို့ကို မွေးမြူတယ်ဆိုတာဟာ လူတွေအတွက် စားသောက်ဖို့ရာသာ ဖြစ်တယ်။

ညီငယ်... ညွှန်မရှိတဲ့ ရေကန်ကိုသွားပြီး အလုံးစုံသောအညစ်အကြေးတွေကို သန့်ရှင်းစင်ကြယ်လိုက်ပါ။ မွှေးကြိုင်သင်းပျံ့တဲ့ နံ့သာတို့ကို လိမ်းကျံပါ”

နောင်တော်မဟာလည်း အဲသည်လို ပြောဆိုပြီးတဲ့နောက်မှာတော့ တရားစကားတွေ ဆွေးနွေးရင်းကနေ တရားဟောပါတော့တယ်။ ပါရမီ (၁၀) ပါးကို ဆင်ခြင်ပြီး မေတ္တာပါရမီကို ရှေ့တန်းတင်လို့ တရားဟောလိုက်တဲ့အသံဟာ တစ်ဆယ့်နှစ်ယူဇနာရှိတဲ့ ဗာရာဏသီပြည်အလုံးကို လွှမ်းဖုံးသွားပါတော့တယ်။

အဲသည်အခါ အိမ်ရှေ့မင်းကအစပြုလို့ ကြားရသူတိုင်း၊ ကြားရသူတိုင်း စုဝေးရောက်ရှိလာကြပြီး တရားနာယူကြပါတယ်။ ရောက်မလာနိုင်တဲ့သူတွေကတော့ မိမိတို့ နေအိမ်မှာပဲ တရားနာ

www.burmeseclassic.com

www.burmeseclassic.com



ယူကြပါတယ်။ မင်းပရိသတ်တွေဆိုရင် ချုံနွယ်ပိတ်ပေါင်းတွေကို ခုတ်ထွင်လို့ လမ်းတွေကို မြေညှိပြီး သဲဖြူးခင်းကြပါတယ်။ သေသောက်ကြူးတွေလည်း အမူးပြေလာကြတဲ့အခါ ကျောခွင်းလက်နက်တို့ကို စွန့်ပစ်ပြီး တရားနာယူကြပါတယ်။ အမယ်အိုလည်း သေရည်အမူးပြေတဲ့အခါ မိမိရဲ့အမှားအတွက် နောင်တကြီးစွာ ရနေမိတော့တယ်။

ညီတော်စူဠှာ နောင်တော်ရဲ့ တရားသံကို နာကြားရတဲ့အခါ–

"ငါတို့ရဲ့ အမျိုးအနွယ်ဟာ ရေကန်ကိုဆင်းလို့ အညစ်အကြေးတွေကို ဆေးကြောသန့်စင်ခြင်း၊ နံ့သာသစ်တို့လိမ်းကျံခြင်းမှာ ဘယ်သောအခါမှ မရှိဖူးပေ။ ငါ၏နောင်တော်သည် မှည်သည့်အခြင်းအရာကို မှီ၍ ဟောလေသနည်း"

လို့ တွေးတောကြံစည်ပြီး နောင်တော့်ကို မေးပါ တော့တယ်။

"နောင်တော်... ညွှန်မရှိသော ရေကန်ဟာ အဘယ်ရေကန်ဖြစ်ပါသလဲ...။ အညစ်အကြေးဆိုတာကကော ဘာကို ဆိုလိုပါသလဲ။ အမြဲမပြတ် မွှေးကြိုင်တဲ့ နံ့သာသစ်ဆိုတာကကော..."

"ညီငယ်... သေသေချာချာ နားထောင်မှတ်သားပါ။ နိဗ္ဗာန်တရားကို ညွှန်မရှိတဲ့ ရေကန်လို့ ခေါ်ပါတယ်။ မကောင်းမှုကို အညစ်အကြေးလို့ ခေါ်ပါတယ်။ သီလကို

www.burmeseclassic.com

www.burmeseclassic.com



နံ့သာသစ်လို့ ခေါ်ပါတယ်။ အဲသည် သီလဟာ အမြဲမပြတ် မွှေးကြိုင်လို့ နေပါတယ်။ သတ္တဝါတွေကို သတ်ဖြတ်ရတဲ့ သူ့အဖို့ နှစ်သက်စရာ ကောင်းတာမှန်ပေမဲ့ အသတ်ခံရတဲ့ သတ္တဝါတွေကတော့ နှစ်သက်မှာ မဟုတ်ပါဘူး။ အကျင့် သီလနဲ့ ပြည့်စုံတဲ့သူဟာ အသက်ကိုစွန့်လွှတ်ရမှာ ဝန် မလေးပါဘူး”

မဟာဝက်မင်းဟာ ညီငယ်စူဠကို သဗ္ဗညုဘုရားရှင်လို သာယာနူးညံ့စွာ တရားဟောကြားပါတယ်။ အဲသည်တရားကို ကြားနာကြရတဲ့ လူပရိသတ်အပေါင်းဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပြီး ဦးရစ်၊ ပုဆိုးတို့ကို လေထဲပစ်ပေါက်ပြီး ချီးကျူး ထောပနာပြုကြပါတယ်။ ဗာရာဏသီမင်းကြီးဆိုရင် ဝက်မင်း အဖြစ် ပူဇော်ပြီး အမယ်အိုကို စည်းစိမ်ဥစ္စာတို့ကို ပေးပါတယ်။ အဲသည်နောက် ဝက်မင်းညီနောင်တို့ကို ရေမိုးသန့်စင်စေပြီး နံ့သာ တွေ လိမ်းကျံလို့ သားအရာထားပါတယ်။ အခြွေအရံများစွာနဲ့ လုပ်ကျွေးမွေးမြူပါတယ်။

ဝက်မင်းဟာ မင်းကြီးနဲ့တကွ လူအပေါင်းတို့ကို ငါးပါး သီလပေးပါတယ်။ လူအပေါင်းကိုလည်း တရားဒေသနာတွေကို ဟောကြားတော်မူပါတယ်။ အမှုကိစ္စအပေါင်းမှာလည်း အဂတိ မလိုက်စားဘဲ မှန်ကန်ဖြောင့်မတ်စွာ တရားစီရင်ပါတယ်။

မင်းကြီး သေလွန်တဲ့အခါမှာတော့ ဝက်မင်းလည်း ကောင်း မွန်စွာ သင်္ဂြိုဟ်ပြီး တရားစီရင်ဖို့ရာ ဖြတ်ထုံးတွေကို ပေထက် အက္ခရာတင်စေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်နောက်မှာတော့ လူတို့နေတဲ့အရပ်ဒေသကို စွန့်ခွာလို့ တောထဲဝင်သွားပါတော့တယ်။ ဝက်မင်းရဲ့ တရားဒေသနာတွေကြောင့် လူအပေါင်းတို့လည်း တရားစကားတွေကို ဆွေးနွေးကြရင်းမှ တိုင်းပြည်အဝှမ်းလည်း သာယာဝပြောနေပါတော့သတဲ့။

□

www.burmeseclassic.com

www.burmeseclassic.com

(၃၁)

# မြိုးမြိုးမြဲမြဲ အမြိုက်နိမ္မာန်

**တပေါ စ၊**

**ဇတ် မင်္ဂလ' မုတ္တမံ။**

*မြိုးမြဲစွာ*

*ကျင့်သုံးနေထိုင်ခြင်းသည်*

*မြတ်သော မင်္ဂလာမည်၏။*

ရှေးအခါတုန်းဆီက ဗြဟ္မဏသူဌေးလင်မယားမှာ သား တစ်ယောက်၊ သမီးတစ်ယောက်ရှိပါတယ်။ သားကို 'အကိတ္တိ' လို့ အမည်ပေးပြီး၊ သမီးကိုတော့ 'ယသဝတီ' လို့ အမည်ပေး ပါတယ်။

အကိတ္တိဟာ အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ပြည်ကြီးကို သွားရောက်ပြီး အတတ်ပညာတွေကို သင်ယူပါတယ်။ ပညာစုံ တဲ့အခါ မိဘတွေထံ ပြန်လာခဲ့ပါတယ်။ ကာလအတန်ကြာတဲ့ အခါမှာ မိဘနှစ်ပါးစလုံးကွယ်လွန်သွားကြတော့ ဥစ္စာရွှေငွေ အမြောက်အမြား ကျန်ရစ်ခဲ့တာပေါ့။ အကိတ္တိဟာ ပုဏ္ဏားဘောင်

www.burmeseclassic.com

www.burmeseclassic.com



ကို ငြီးငွေ့နေတဲ့အတွက် ဥစ္စာရွှေငွေအမြောက်အမြားကို နှမငယ် ယသဝတီလက်ထဲ အပ်နှင်းလို့ ရသေ့ရဟန်းပြုတော့မယ့် အကြောင်းပြောဆိုလိုက်ပါတယ်။ ယသဝတီဟာ အစ်ကိုပေးတဲ့ ဥစ္စာရွှေငွေတွေကို လက်မခံပါဘူး။

"မောင်ကြီး... ကျွန်မဟာ မောင်ကြီးစွန့်ပစ်တဲ့ တံတွေးကို ဦးခေါင်းနဲ့ မခံလိုပါဘူး။ ဘယ်ဥစ္စာပစ္စည်းကို မှုလည်း မတွယ်တာ၊ မမက်မောပါ။ မောင်ကြီးနဲ့အတူ ရသေ့၊ ရဟန်းမ ပြုလိုပါတယ်"

ဒါနဲ့ပဲအကိတ္တိတို့ မောင်နှမဟာ ဥစ္စာပစ္စည်းအလုံးစုံတို့ကို လှူဒါန်းစွန့်ကြပြီးတဲ့နောက် တိုင်းပြည်က ထွက်လာခဲ့ကြပါ တယ်။ သုံးယူဇနာကွာဝေးတဲ့ တောအရပ်ကို ရောက်တော့ ကျောင်းသင်္ခမ်းဆောက်လုပ်လို့ ရသေ့ရဟန်းပြုနေထိုင်ကြပါ တယ်။

လူတွေဟာ အကိတ္တိရသေ့ကို ကြည်ညိုကြတဲ့အတွက် မကြာခဏဆိုသလို ကျောင်းသင်္ခမ်းရှိရာ ရောက်လာကြပြီး ဆည်းကပ်ပူဇော်ကြပါတယ်။ လှူဒါန်းကြပါတယ်။ သည်လိုနဲ့ပဲ ပရိသတ်တွေလည်း များ... များလာ၊ ပူဇော်သက္ကာရတွေလည်း များ... များလာတော့တာပေါ့။ ဒါကို အကိတ္တိရသေ့ဟာ နှစ်မြို့ ခြင်း မရှိပါဘူး။ ဒါ့ကြောင့် နှမငယ်ရသေ့မကို အသိမပေးဘဲ တစ်ပါးတည်းထွက်လာပြီး ဥယျာဉ်တစ်ခုမှာ သီတင်းသုံးပါတယ်။ တရားမွေ့တွေကိုလည်း အားထုတ်ပါတယ်။ ဒါကြောင့်ပဲ ဈာန် သမာပတ်တွေကို ရရှိခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်အခါ လူအများရောက်ရှိလာကြပြန်ပြီး ပူဇော်ကြသလို၊ လာဘ်လာဘတွေကလည်း တိုးပွားသည်ထက် တိုးပွားလာပါတယ်။ ဒါကိုလည်း မနှစ်မြို့ပြန်ပါဘူး။ ဒါကြောင့် အဲသည်နေရာက ဖယ်ခွာလို့ လူသူဝေးတဲ့ ကျွန်းတစ်ကျွန်းရှိရာသွားပြီး သီတင်းသုံးပါတယ်။ အဲသည်ကျွန်းမှာရှိတဲ့ သစ်ပင်ကြီးတစ်ပင်ကို အမှီပြုလို့ သစ်ခက်ကျောင်းသင်္ခမ်းကလေး ဆောက်ပြီး ခြိုးခြံစွာကျင့်သုံးနေထိုင်ပါတယ်။

သူအမှီပြုတဲ့ ကံပြင်းပင်ကြီး အသီးသီးလာရင် အဲသည်အသီးကို စားပါတယ်။ အသီးတွေ ကုန်သွားတဲ့အခါ အရွက်ကို ပြုတ်စားပါတယ်။ အစားအသောက်ကို ခြိုးခြံရုံမက အအိပ်အနေကိုလည်း ခြိုးခြံပါတယ်။ တရားဓမ္မကိုလည်း အထူးကြိုးစားကာ အားထုတ်ပါတယ်။

အဲသည်အခါ သိကြားမင်းဟာ အကိတ္တိရသေ့ကို စူးစမ်းဖို့ရာအတွက် ပုဏ္ဏားအသွင်လာရောက်လို့ အလှူခံပါတယ်။ သည်အချိန်မှာ အကိတ္တိရသေ့ဟာ ကံပြင်းသီးတွေ သုဉ်းသွားတဲ့အတွက် အရွက်တွေကို ပြုတ်စားဖို့ရာ ပြင်ဆင်နေချိန်ပေါ့။ ပြုတ်ပြီးတဲ့အခါမှာ အကုန်အစင် လှူလိုက်ပါတယ်။ ကိုယ်တိုင်က အစားမစားဘဲ ခြိုးခြံနေတာပေါ့။ သည်လိုနဲ့ သိကြားမင်းဟာ သုံးရက်ဆက်တိုက် လာပြီး အလှူခံတယ်။ အလှူခံလေတိုင်း အကိတ္တိရသေ့ဟာ သူစားမယ့် ကံပြင်းရွက်ပြုတ်တွေကို လှူလိုက်တာချည်းပါပဲ။

သည်အခါ သိကြားမင်းလည်း အလှူခံပုဏ္ဏားအသွင် ဖျောက်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ရသေ့... ဘယ်အရာကို တောင့်တလို့ သည်လို မျိုး ကိုယ်တိုင်မစားမသောက်ဘဲ ပေးလှူရပါသလဲ"

လို့ မေးမြန်းတော်မူပါတယ်။ သည်အခါ အကိတ္တိရသေ့က-

"အသင်သိကြားမင်း... ငါဟာ နတ်စည်းစိမ်၊ သိကြားစည်းစိမ်ကို အလိုမရှိပါ။ ငါ အလိုရှိတာကတော့ ဘုရားဖြစ်ခြင်းပါပဲ။ ငါဟာ... ဘုရားအဖြစ်ကို အလိုရှိလို့ သည်လိုမျိုး လှူဒါန်းပါတယ်။ ငြိုးငြံစွာနေပါတယ်။ တရား ဓမ္မတွေကို အားထုတ်ပါတယ်"

လို့ ဖြေကြားပါတယ်။ သည်အဖြေစကားကို ကြားရတော့ သိကြားမင်းလည်း အလွန်မတန် ကြည်ညိုလှတဲ့အတွက် 'လိုရာ ဆုကို ပေးပါ့မယ်... တောင်းခံတော်မူပါ' လို့ လျှောက်ကြား ပါတယ်။ အကိတ္တိရသေ့ဟာ လက်မခံပါဘူး။

"အသင်... သိကြားမင်း၊ သင် ပေးတဲ့ဆုကို လက်ခံ လိုက်မယ်ဆိုရင် လောဘ၊ ဒေါသ စတာတွေ ပွားလာပါ လိမ့်မယ်။ သင်သိကြားမင်းလို တင့်တယ်တဲ့အဆင်းကို မြင်ရရင် ငါ့အတွက် ငြိုးငြံမှုအကျင့်တို့ ဆုတ်ယုတ်လျော့ ပါးသွားပါလိမ့်မယ်။ ဒါ့ကြောင့်... ငါ့ထံကို နောက်ထပ် မလာပါနဲ့တော့"

အဲသည်လို ပြတ်ပြတ်သားသားလည်း ပြောလိုက်ရော၊ သိကြားမင်းလည်း-

"ကောင်းပါပြီ... ရှင်ရသေ့၊ အရှင်ရသေ့ထံ တပည့် တော် နောက်ထပ်မလာတော့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဝန်ခံပြောဆိုပြီး ရှိခိုးကန်တော့ကာ တာဝတိံသာကို ပြန်တက်သွားပါတော့တယ်။

တကယ်တော့ လောကမှာ မြိုးမြိုစွာကျင့်ခြင်း၊ အကုသိုလ်တရားတို့လို ပူပန်စေတတ်တဲ့ အကျင့်ကို ရှောင်ကြဉ်တာတွေဟာ မင်္ဂလာတစ်ပါးပဲ မဟုတ်ပါကလား။

❒

www.burmeseclassic.com

www.burmeseclassic.com

(၃၂)

# ကျောက်သားပမာ စိတ်ဓာတ်လွှာ

**ဗြဟ္မစရိယဉ္စ၊**

**ဧတံ မင်္ဂလ' မုတ္တမံ။**

*မြတ်သောအကျင့်ကို*

*ကျင့်ခြင်းသည်*

*မြတ်သော မင်္ဂလာမည်၏။*

ရှေးအခါကာလတုန်းက ကာသိရွာမှာ ပုဏ္ဏားလုလင်တစ်ဦး ရှိပါတယ်။

သူဟာ အရွယ်ရောက်လာတဲ့အခါ ယောက်ျားတို့တတ်အပ်တဲ့ အတတ်ပညာတို့ကို သင်ယူဖို့ရာအတွက် တက္ကသိုလ်ပြည်ကို သွားပြီး ဒိသာပါမောက္ခဆရာကြီးထံမှာ အဋ္ဌာရသ (၁၈) ရပ် ပညာတွေကို သင်ယူခဲ့ပါတယ်။ ပညာတွေ တတ်မြောက်အပြီးမှာတော့ မိဘရပ်ထံ ပြန်လာခဲ့ပါတယ်။ မိဘတွေက အရွယ်ရောက်လာပြီဖြစ်တဲ့သူ့ကို အိမ်ရာထူထောင်ဖို့ရာ တိုက်တွန်းနားချကြပါတယ်။ ဒါပေမဲ့ လုလင်ဟာ အိမ်ရာထူထောင်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



စက်ဆုပ်တာနဲ့အမျှ လူ့ဘောင်ကိုလည်း တစ်စထက်တစ်စ ငြီးငွေ့လာခဲ့ပါတယ်။ နောက်ဆုံးမှာတော့ မိဘတွေကို ခွင့်ပန်ပြီး တောထွက်လို့ ရသေ့ရဟန်းပြုပါတော့တယ်။

အဲသည်ကာလမှာ တရားအားထုတ်မှုကြောင့် ဈာန်၊ အဘိညာဉ် သမာပတ်တို့ရရှိလာပြီး ဟိမဝန္တာအရပ်ကို ထွက်ခွာလို့ အိုင်တစ်ခုကို အမှီပြုပြီး နေပါတယ်။

တစ်နေ့မှာတော့ ရှင်ရသေ့လည်း တစ်ညဉ့်ပတ်လုံး တရားအားထုတ်နေခဲ့တယ်။ အရုဏ်တက်ချိန်ရောက်တော့ ရေချိုးပြီး လျှော်တေသင်္ကန်းတစ်ထည် ဝတ်ဆင်လို့ အခြားတစ်ဖက်ကတော့ လျှော်တေသင်္ကန်းကိုကိုင်ရင်း ခန္ဓာကိုယ်သွေ့ခြောက်သွားစေဖို့ရာ ရပ်လို့နေပါသတဲ့။

သည်အချိန်မှာ နတ်သမီးတစ်ပါးရောက်လာပြီး ရှင်ရသေ့ရဲ့ တင့်တယ်ရှုမောဖွယ်ကောင်းတဲ့ ရုပ်ရည်အဆင်း၊ တောင့်တင်းတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းမှုကို တွေ့မြင်သွားပြီး တပ်မက်စိတ်တွေ၊ ကာမစိတ်တွေ နိုးကြွားလာခဲ့ပါတယ်။ အဲဒါကြောင့် ရှင်ရသေ့ထံပါး ချဉ်းကပ်သွားပြီး–

"အို…ရှင်ရသေ့၊ သင်ဟာ ငယ်ရွယ်နုနယ်သူတစ်ဦး ဖြစ်ပါလျက် ဘာကြောင့်များ အင်မတန်မှ မွေ့လျော်နှစ်သက် ဖွယ်ကောင်းတဲ့ ကာမဂုဏ်စည်းစိမ်တွေ မခံစားဘဲ ရသေ့၊ ရဟန်း ပြုရပါသလဲ။

အို… ရှင်ရသေ့၊ သင့်အသက်၊ သင့်အရွယ်ဆိုတာ ကာမစည်းစိမ်ကို ခံစားဖို့ရာ အကောင်းဆုံး အနေအထား

www.burmeseclassic.com



ပါ။ သည်တော့ အသက်ကြီးမှပဲ ရသေ့ရဟန်းပြုပါတော့။ ယခု အကျွန်ုပ်နဲ့အတူ မွေ့လျော်ပျော်ပါး ကာမစည်းစိမ်ကို ခံစားကြပါစို့လား”

ဆိုပြီး အသွင်မူရာအမျိုးမျိုးနဲ့ ဖြားယောင်းပါတော့တယ်။ ဒါပေမဲ့ ဘယ်လိုပဲ ဖြားယောင်း၊ ဖြားယောင်း... မြတ်သော အကျင့်ကို သံမှိုလိုစွဲနက်ထားတဲ့ ရှင်ရသေ့ကတော့ လုံးဝကို မတုန်လှုပ်ပါဘူး။ မယိမ်းယိုင်ပါဘူး။

“အို... နတ်သမီး၊ ငါဟာ... သေရမယ့် အချိန်အခါကို မသိပါ။ သည့်လိုပဲ သေရမယ့်အရွယ်ဆိုတာလည်း မသိပါဘူး။ ငါ့အဖို့တော့ အချိန်မရွေး သေနိုင်တယ်၊ သေတတ်တယ်ဆိုတဲ့ အသိက ဖုံးလွှမ်းနေတဲ့အတွက် ကာမဂုဏ်စည်းစိမ်ဆိုတာကို စိတ်မဝင်စားပါဘူး။ သင်နဲ့လည်း မမွေ့လျော်နိုင်ပါဘူး။

အို... နတ်သမီး၊ ငါဟာ မြတ်သောအကျင့်ကို ကျင့်နေတဲ့သူပါ။ ငါဟာ ရဟန်းတရားကို အားထုတ်ခြင်းဖြင့် ဒုက္ခအလုံးစုံ ကင်းငြိမ်းအောင် ပြုလိုတဲ့စိတ်သာ ရှိပါတယ်”

ရှင်ရသေ့ရဲ့ စကားအဆုံးမှာတော့ နတ်သမီးလည်း သူ့အမှားကြီးမှားမှန်း သိလိုက်ရတာမို့ ဝန်ချတောင်းပန်ကန်တော့ရင်း နေရာကနေ ကွယ်ပျောက်သွားပါတော့တယ်။

တကယ်တော့ မြတ်သောအကျင့်ကို ကျင့်ခြင်းဆိုတာ မင်္ဂလာ တစ်ပါးပဲ မဟုတ်ပါလား။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

## ကိသာဂေါတမီ

**အရိယ သစ္စာန ဒဿနံ**
**တော် မင်္ဂလ’ မုတ္တမံ။**

*မြတ်စွာဘုရား ဟောကြားတော်မူသော*
*သစ္စာလေးပါးတရားတို့ကို*
*သိမြင်ခြင်းသည်*
*မြတ်သော မင်္ဂလာ မည်၏။*

တစ်ခါတုန်းက သာဝတ္ထိပြည်မှာ ‘ကိသာဂေါတမီ’ လို့ အမည်ရှိတဲ့ သူဌေးသမီးတစ်ဦး ရှိပါတယ်။ ကိသာဂေါတမီ အရွယ်ရောက်တဲ့အခါ မိဘတွေ ဆင်းရဲသွားတဲ့အတွက် နွမ်းပါးတဲ့ဘဝကို ရောက်သွားခဲ့ပါသတဲ့။

အဲသည်အချိန်မှာပဲ သာဝတ္ထိပြည်မှာရှိတဲ့ သူဌေးကြီးတစ်ဦး ဟာလည်း ဘယ်က ဘယ[illegible]ဖြစ်တယ်မသိ၊ သူပိုင်တဲ့ ရွှေတွေ အားလုံး မီးသွေးခဲတွေဖြစ်သွားပြီး နွမ်းပါးတဲ့ဘဝ ရောက်သွား ခဲ့တယ်။ သည်အခါ မိတ်ဆွေတစ်ဦးက–

F-13A
www.burmeseclassic.com

www.burmeseclassic.com



"အသင်သူဌေးကြီး... စိတ်မပျက်၊ အားမလျှော့ပါနဲ့ ...။ ဘုန်းကံရှိတဲ့သူတစ်ဦးဦးရဲ့ လက်နဲ့ သင့် မီးသွေးခဲတွေ ထိမိရင် ရွှေတွေပြန်ဖြစ်သွားနိုင်ပါတယ်"

လို့ အားပေးစကား ပြောခဲ့ပါတယ်။ ဒါနဲ့ပဲ သူဌေးကြီးလည်း မိတ်ဆွေရဲ့ စကားကို ယုံမှတ်ပြီး မီးသွေးတွေကို ဈေးမှာ ဆိုင်ခင်းလို့ ရောင်းချပါတော့တယ်။

တစ်နေ့မှာတော့ ကိသာဂေါတမီဟာ ဈေးကို ရောက်သွားခဲ့ပါတယ်။ သူဌေးကြီးရဲ့ဆိုင်က မီးသွေးတွေကို ကြည့်ပြီး

"အို... ဖခင်၊ ဖခင် ဈေးခင်းထားတဲ့ ရွှေတွေကို ဘယ်သူတွေကများ ကုန်စင်အောင် ဝယ်နိုင်ပါ့မလဲ"

လို့ မေးလိုက်ပါတယ်။ သည်စကားကို ကြားရတော့ သူဌေးကြီးလည်း 'ဘုန်းကံရှိတဲ့သူနဲ့ တွေ့ပြီး'...ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့တာပေါ့။ ကိသာဂေါတမီရဲ့လက်နဲ့ ထိလိုက်တယ်ဆိုရင်ပဲ မီးသွေးအားလုံးဟာ ရွှေတွေ ပြန်ဖြစ်သွားတော့သတဲ့။

သူဌေးကြီးလည်း နွမ်းပါးတဲ့ဘဝကနေ ချမ်းသာအောင် ပြောင်းလဲပေးခဲ့တဲ့ ကျေးဇူးရှင်လို့ သတ်မှတ်ပြီး ကိသာဂေါတမီကို သူ့ရဲ့သားနဲ့ ထိမ်းမြားလက်ထပ်ပေးလိုက်ပါတော့တယ်။

ကိသာဂေါတမီဟာ ယောက္ခမသူဌေးကြီးအိမ်မှာ ခင်ပွန်းသည်နဲ့အတူ နေထိုင်ရင်းက ကာလအတန်ကြာတဲ့အခါမှာ သားကလေးတစ်ယောက် ဖွားမြင်ခဲ့ပါလေရော။ တစ်ဦးတည်းသော သားကလေးမို့ ကိသာဂေါတမီဟာ တပွေ့ပွေ့တပိုက်ပိုက်နဲ့ ချစ်မဝနိုင်ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်တဲ့ တစ်နေ့မှာတော့ ကိသာဂေါတမီရဲ့ ရင်သွေးကလေးဟာ ရုတ်တရက် ကွယ်လွန်သွားခဲ့ရှာပါတယ်။ ကိသာဂေါတမီဟာ ရူးမတတ်သောကတွေ ခံစားနေရပါတယ်။ ဒါကြောင့် သားသေကို ရင်ခွင်မှာ ပိုက်လို့ တွေ့တဲ့လူတိုင်းကို...

"ကျွန်တော်မရဲ့ သားကလေးကို အသက်ပြန်ရှင်အောင် လုပ်ပေးပါ။ အသက်ပြန်ရှင်အောင် လုပ်ပေးပါ"

နဲ့ တစာစာ အော်ဟစ်ရင်း အကူအညီတောင်းခံနေပါတော့တယ်။ တွေ့သမျှ လူတိုင်းကို ငိုယိုတောင်းပန်ပါတယ်။ လူအပေါင်းကလည်း ကရုဏာသက်စွာနဲ့...

"ကိသာဂေါတမီ၊ သင်ဟာ ရူးနေပါပေါ့လား"

လို့ ပြောဆိုကြတယ်။ အဲသည်လူတွေထဲမှာ ကြင်နာသနားတတ်ပြီး စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးက–

"ငါ့နှမ... ကိသာဂေါတမီ၊ ငါ့အနေနဲ့ သင့်ရင်သွေးကလေး အသက်ပြန်ရှင်လာအောင် ဘယ်လိုမျိုး ကုသပေးရမယ်ဆိုတာ မသိပါဘူးကွယ်။ အဲ...ဒါပေမယ့်လို့ဂေါတမဘုရားရှင်ကတော့ သင့်ရင်သွေးကလေး အသက်ပြန်ရှင်နိုင်မယ့် ဆေးကို ဖော်စပ်ပေးနိုင်ပါလိမ့်မယ်။ ဘုရားရှင်ထံ သွားပါ... ငါ့နှမ..."

လို့ လမ်းညွှန်ပေးလိုက်ပါတယ်။ ဒါ့ကြောင့်ပဲ ကိသာဂေါတမီဟာ ဘုရားရှင်ထံ အလျင်အမြန်ရောက်အောင်သွားပြီး...

"အရှင်ဘုရား... တပည့်တော်မရဲ့ ရင်သွေးလေး... အသက်ပြန်ရှင်မယ့် ဆေးကို ဖော်စပ်ပေးတော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



လို့ လျှောက်ထား တောင်းခံတော်မူပါတယ်။ ဘုရားရှင်လည်း ဥပါယ်တံမျဉ်နဲ့ အကျွတ်တရား ရစေဖို့အတွက်–

"ချစ်သမီး... ကိသာဂေါတမီ၊ သင့်ရင်သွေးကလေး အသက်ပြန်ရှင်လာဖို့ရာအတွက် လူမသေဖူးတဲ့အိမ်ကနေ မုန်ညင်းစေ့တစ်ဆုပ် တောင်းယူလာခဲ့ပါ"

လို့ မိန့်တော်မူလိုက်ပါတယ်။

အဲဒါနဲ့ ကိသာဂေါတမီလည်း သားသေကိုရင်မှာပိုက်လို့ လူမသေသေးဖူးတဲ့ အိမ်ကို သာဝတ္ထိမြို့တော်အနှံ့လိုက်ပြီး ရှာဖွေပါတော့တယ်။ မုံညင်းစေ့တွေ လိုသလောက်ရပါရဲ့။ ဒါပေမယ့် လို့ အဖေ သေဖူးတဲ့အိမ်၊ အမေ သေဖူးတဲ့အိမ်၊ ခင်ပွန်း သေဖူးတဲ့ အိမ်၊ မယား သေဖူးတဲ့အိမ်၊ မောင်သေဖူးတဲ့အိမ်၊ နှမ သေဖူးတဲ့ အိမ်၊ အဘိုး သေဖူးတဲ့အိမ်၊ အဘွား သေဖူးတဲ့အိမ်... စသည်ဖြင့် လူမသေဖူးသေးတဲ့ အိမ်မရှိဘဲ သေဖူးတဲ့အိမ်တွေချည်းသာ ဖြစ်နေတာကို တွေ့ရတယ်။ သည်အခါကျမှ ကိသာဂေါတမီလည်း–

"အို... သေခြင်းတရားဆိုတာ လူတိုင်း၊ သတ္တဝါတိုင်း မကင်းနိုင်ကြပါပဲကလား..."

ရယ်လို့ သဘောပေါက် နားလည်သွားတော့တယ်။ ဒါ့ကြောင့် ပုပ်တောင်နေပြီဖြစ်တဲ့ သားသေကို စွန့်ပစ်လို့ ဘုရားရှင်ထံ ပြန်လာခဲ့ပါတယ်။ သည်အခါ ဘုရားရှင်က–

"ချစ်သမီး... ကိသာဂေါတမီ၊ ကြီးစွာသော ရေ အလျဉ်ဟာ အိပ်ပျော်နေတဲ့ ရွာသူရွာသားအပေါင်းကို တိုက်

www.burmeseclassic.com

www.burmeseclassic.com



ယူသွားသလို၊ ထို့အတူ သေမင်းဟာလည်း လွန်စွာ မေ့လျော့ပြီး အာရုံကာမဂုဏ်တို့ ကပ်ငြိနေသူတွေကို ခေါ်ဆောင်သွားပေတယ်”

လို့ ဒေသနာတရားကို ဟောကြားတော်မူလိုက်တယ်။ ဒေသနာတော်အဆုံးမှာတော့ ကိသာဂေါတမီရဲ့ ပူပင်သောက တွေဟာ အေးငြိမ်းသွားပါတော့တယ်။ သောတာပန်လည်း ဆိုက် သွားခဲ့ပါတယ်။ သည်အခါ ကိသာဂေါတမီလည်း ရဟန်းမ ပြုလိုက်ပါတယ်။

တစ်နေ့မှာတော့ ကိသာဂေါတမီဟာ ဆီမီးတောက်ကို ကြည့်ရှုရင်း ကုန်ခန်းပျက်စီးသွားတဲ့၊ ကုန်ခန်းပျက်စီးသွားတတ် တဲ့ သဘောကို နှလုံးသွင်းပြီး ဝိပဿနာတရားကို ပွားများရာ က သစ္စာလေးပါး တရားတော်ကို သိမြင်ကာ အရဟတ္တဖိုလ် ဆိုက်သွားပါတော့တယ်။ အဲသည်လို ရဟန်းမဖြစ်ရာမှာ ကောင်းမွန်တဲ့ သင်္ကန်းကိုမယက်၊ ပံ့သကူသင်္ကန်းကိုသာ ခြုံးခြုံပြီး ဝတ်ဆင်ပါတယ်။ ဒါ့ကြောင့်ပဲ မြတ်စွာဘုရားရှင်က--

“ခေါင်းပါးသောသင်္ကန်းကို ဆောင်ကြတဲ့ ရဟန်းမ တွေအနက် ကိသာဂေါတမီဟာ အသာဆုံး အမြတ်ဆုံး ဖြစ်တယ်”

လို့ ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့ပါတယ်။

တကယ်တော့ သစ္စာလေးပါးကို သိမြင်ခြင်းဆိုတာဟာ မင်္ဂလာတစ်ပါးပဲ မဟုတ်ပါကလား။

❐

www.burmeseclassic.com

www.burmeseclassic.com

# (၃၄)
# ပဋာစာရီ

**နိဗ္ဗာန သစ္ဆိကိရိယာ စ၊**
**ဧတံ မင်္ဂလ’ မုတ္တမံ။**

*နိဗ္ဗာန်ကို*
*မျက်မှောက်ပြုရခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ပဋာစာရီဆိုတာဟာ သာဝတ္ထိမြို့က ကုဋေလေးဆယ်ကြွယ်ဝတဲ့ သူဌေးကြီးရဲ့ သမီးပျိုကလေးဖြစ်ပါတယ်။

ပဋာစာရီဟာ ၁၆ နှစ်သမီးအရွယ်ရောက်တဲ့အခါ မိမိရဲ့ အိမ်မှာ ခိုင်းစေထားတဲ့ ကျွန်လုလင်ပျိုတစ်ဦးနဲ့ ချစ်ကြိုက်မိခဲ့ပါသတဲ့။ ပဋာစာရီရဲ့ မိဘတွေဟာ အမျိုးဇာတ်ချင်း၊ အဆင့်အတန်းချင်း တူမျှတဲ့ သတို့သားတစ်ယောက်နဲ့ ထိမ်းမြားပေးဖို့ရာ စီစဉ်ပြီး မင်္ဂလာဆောင်မယ့်နေ့ရက်ကိုတောင် သတ်မှတ်ထားပြီးပါပြီ။

ဒါပေမဲ့ ပဋာစာရီဟာ မိဘတွေပေးစားမယ့် သတို့သားကို

www.burmeseclassic.com

www.burmeseclassic.com



အလိုမရှိပါဘူး။ ဒါကြောင့် မင်္ဂလာဆောင်ခါနီးတဲ့အခါ ကျွန်လုလင်ပျိုချစ်သူနဲ့အတူ နေအိမ်ကနေ ထွက်ပြေးသွားခဲ့ပါတော့တယ်။ မြို့နဲ့ အတော်ကလေး ဝေးကွာတဲ့ရွာကိုရောက်တော့ အဲသည်ရွာကလေးမှာပဲ ပေါင်းသင်းနေထိုင်ကြပါတယ်။ လင်ယောကျ်ားဖြစ်သူဟာ မိသားစုဝမ်းရေးအတွက် လယ်ထွန်ခြင်း၊ ဟင်းသီးဟင်းရွက်ရောင်းခြင်း... စတဲ့အလုပ်တွေကို လုပ်ကိုင်ရပါတယ်။ ပဋာစာရီလည်း သူဌေးသမီး ဖြစ်ခဲ့ပေမဲ့လည်း လက်တွေ့ဘဝမှာတော့ ရေခပ်ခြင်း၊ မောင်းထောင်းခြင်း၊ ဆန်ဖွပ်ခြင်း၊ ထမင်းချက်ခြင်း... စတဲ့ အလုပ်တွေကို ကျိုးနွံစွာ လုပ်ကိုင်ရပါတယ်။

အဲသလို နေထိုင်လာကြရင်းကာ ကာလအနည်းငယ်ကြာတော့ ပဋာစာရီမှာ ကိုယ်ဝန်တည်လာခဲ့ပါတယ်။

ကိုယ်ဝန်ရင့်လာတဲ့အခါမှာတော့ ပဋာစာရီလည်း အားငယ်စိတ်တွေ ဝင်လာပြီး မိဘရပ်ထံပြန်လို့ မီးဖွားလိုကြောင်း လင်ယောကျ်ားကို တောင်းပန်ပါတယ်။ လင်ယောကျ်ားလည်း သာဝတ္ထိကို ပြန်ရောက်သွားရင် မိမိကို ညှဉ်းပန်းနှိပ်စက်ကြလေမလားလို့ စိုးရိမ်စိတ်ဝင်လာပြီး လိုက်မပို့ရဲကြောင်း စကားပြန်ပါတယ်။ ပဋာစာရီဟာ သူ့ကို မိဘအိမ်ပြန်ပို့ဖို့ရာ ထပ်တလဲလဲတောင်းဆိုပေမဲ့ လင်ယောကျ်ားကလည်း ငြင်းမြဲငြင်းနေတာမို့ လင်ယောကျ်ား အလုပ်သွားနေတဲ့ တစ်နေ့မှာ တိတ်တဆိတ် အိမ်ကနေ ထွက်ပြေးသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လင်ယောကျ်ား အိမ်ပြန်ရောက်တဲ့အခါ ပဋာစာရီအိမ်ကနေ ထွက်သွားကြောင်း အိမ်နီးချင်းတွေက ပြောကြတာနဲ့ ချက်ချင်းပဲ ပဋာစာရီနောက်ကို လိုက်ပါတယ်။ တောလမ်းတစ်နေရာမှာပဲ ဆုံကြတယ်။ လင်ယောကျ်ားက ပြန်ခေါ်ပေမဲ့ မရပါဘူး။ ဒါနဲ့ပဲ လင်ယောကျ်ားဟာ ပဋာစာရီသွားရာ နောက်ကို လိုက်ခဲ့ပါတော့တယ်။ သည်လိုနဲ့ မိဘအိမ်မရောက်မီ လမ်းတစ်နေရာမှာ သားယောကျ်ားလေး ဖွားမြင်လို့ ပဋာစာရီလည်း မိဘအိမ်ရှိရာ ဆက်မသွားတော့ဘဲ လင်ယောကျ်ားနဲ့အတူ ရွာကို ပြန်လိုက်ခဲ့ပါတယ်။

သည်လိုပဲနေလာကြရင်းက ကာလအတန်ငယ်ကြာလာပြန်တော့ ပဋာစာရီမှာ ဒုတိယကိုယ်ဝန် တည်ပြန်ပါလေရော။ မီးဖွားခါနီးကျတော့ ထုံးစံအတိုင်း ပဋာစာရီဟာ မိဘအိမ်ပြန်လိုလာတာနဲ့ လင်ယောကျ်ားကို ပြောပါတယ်။ လင်ယောကျ်ားကလည်း တားမြစ်ပါတယ်။ ဒါနဲ့ ပထမအကြိမ်လိုပဲ သားကြီးကို လက်ဆွဲလို့ အိမ်ကနေ ထွက်သွားပြန်ပါတယ်။ ယောကျ်ားသိတော့ လိုက်ပြန်ခေါ်ပါတယ်။ တောထဲမှာပဲ ဆုံတွေ့သွားကြတယ်။ သည်အခါ ရွာကိုလည်း မပြန်နိုင်၊ ရှေ့ဆက်ဖို့ရာလည်း မဖြစ်နိုင်လောက်အောင် မိုးတွေသည်းထန်စွာ ရွာသွန်းပါတယ်။ လေပြင်းတွေကလည်း တိုက်ခတ်လို့...။ သည်တော့ လင်ယောကျ်ားလည်း မိုးလုံတဲ့နေရာမှာ ခိုလှုံဖို့အတွက် ပဲခွပ်နဲ့ ချုံတွေကို ခုတ်ထွင်ပါတယ်။ သည်အခိုက် တောင်ပို့တစ်ခုက မြွေကိုက်လိုက်တဲ့အတွက် လင်ယောကျ်ားလည်း နေရာမှာတင် ဘုံးခနဲ လဲကျသေဆုံးသွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဋာစာရီဟာ ဝေဒနာကို ခံစားရင်း သားကြီးနဲ့အတူ လင်ယောကျ်ား ပြန်အလာကို စောင့်မျှော်ရင်း သားငယ်ကို ဖွားမြင်ပါတယ်။ ကလေးနှစ်ယောက်ဖြစ်တဲ့ သားကြီးနဲ့သားငယ်တို့ကို မိုးဒဏ်၊ လေဒဏ်ကို ခံကြရတဲ့အတွက် ထိတ်လန့်စွာ အော်ဟစ်ငိုကြွေးကြပါတယ်။ ပဋာစာရီလည်း ကလေးနှစ်ယောက်ကို ရင်ခွင်အောက်မှာထားလို့ တစ်ညလုံး လေးဘက်ထောက်နေခဲ့ရပါတယ်။

မနက်မိုးလင်းလာတဲ့အခါ ပဋာစာရီတို့မိသားစုလည်း လင်ယောကျ်ားသွားလေရာကို ခြေရာခံ လိုက်ရှာကြပါတယ်။ သိပ်မကြာပါဘူး။ တောင်ပို့ဘေးတစ်နေရာမှာ တုံးလုံးလဲကျသေဆုံးနေတဲ့ လင်ယောကျ်ားရဲ့ အလောင်းကို တွေ့ပါသတဲ့။ ပဋာစာရီအဖို့ အလွန်စိတ်ထိခိုက်ပေမဲ့ သားကလေးတွေကြောင့် စိတ်ကို တင်းထားလိုက်ပါတယ်။ အဲသည်နောက် သားငယ်ကို ရင်ခွင်ပိုက်၊ သားကြီးကို လက်ဆွဲလို့ မိဘအိမ်ရှိရာအရပ်ကို ဦးတည်ရင်း တရွေ့ရွေ့ ထွက်ခွာလာခဲ့ကြပါတယ်။

အတန်ငယ် လျှောက်လှမ်းမိကြတဲ့အခါ အစိရဝတီမြစ်ကမ်းပါးကို ရောက်လာခဲ့ကြပါတယ်။ မြစ်ရေဟာ ညက ရွာထားတဲ့မိုးကြောင့် ရင်စို့လောက်ရှိနေပါတယ်။ တသွင်သွင်စီးနေတဲ့ရေကြောင့် ပဋာစာရီအဖို့ သားငယ်နှစ်ယောက်စလုံးနဲ့အတူ တစ်ပြိုင်နက်တည်း ကူးသွားဖို့ရာ မလွယ်တဲ့အတွက် သားကြီးကို သည်ဘက်ကမ်းမှာ ခဏထားခဲ့ပြီး သားငယ်ကို ပွေ့ချီလို့ တစ်ဖက်ကမ်းကို ကူးဖြတ်ကာ ပို့ဆောင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်းရောက်တဲ့အခါ သားငယ်ကို သိပ်ထားခဲ့ပြီး တစ်ဖက်ကမ်းမှာ ကျန်နေရစ်တဲ့ သားကြီးကို ခေါ်ဖို့ရာ မြစ်ထဲ ဆင်းခဲ့ပါတယ်။ မြစ်လယ်လောက် ရောက်စဉ်အခိုက်မှာပဲ ကောင်းကင်မှာ ပျံဝဲနေတဲ့ စွန်ရဲတစ်ကောင်ဟာ ဖွားသစ်စနီတာရဲ သားငယ်ကလေးကို အစာအသားတစ်လို့ ထင်မှတ်ပြီး တစ်ရှိန် ထိုးဆင်းကာ သုတ်ချီသွားပါတော့တယ်။ ပဋာစာရီလည်း အဲသည်မြင်ကွင်းကို မြင်ရတော့ စွန့်ကြီးလန့်ပြေးလို့ သားငယ် လေးကို ချထားရစ်အောင် လက်နှစ်ဖက်ကို မြှောက်ပြီး ဟစ်အော် ခြောက်လှန့်ပါတော့တယ်။

ပဋာစာရီ ဘယ်လိုပဲ ခြောက်ခြောက်၊ အော်အော်... စွန်ကြီး ကတော့ မမှုပါဘူး။ သားငယ်ကလေးကို ဝေးသထက်ဝေးရာ ကို ကောင်းကင်ခရီးကနေ သုတ်ချီလို့ သွားခဲ့ပါပြီ။ အဲသည် အခိုက်မှာ တစ်ဖက်ကမ်းမှာရှိတဲ့ သားကြီးဟာ မိခင်လက်တွေ မြှောက်မြှောက်ပြီး အော်ဟစ်နေတာ သူ့ကိုခေါ်တယ်ထင်မှတ် လို့ ရေထဲကို ဆင်းအလာမှာ ရေထဲမြုပ်သွားပြီး ရေစီးနဲ့အတူ မျောပါသွားခဲ့ပါပြီ။

ပဋာစာရီလည်း လင်ယောကျ်ားက မြွေခဲလို့သေ၊ သားငယ် က စွန်ချီတာ ခံရ၊ သားကြီးကလည်း ရေနစ်ပြီး ဆုံးမို့ သောကမီး တွေ တောက်လောင်ပြီး အရူးတစ်ယောက်လို ဖြစ်သွားပါတော့ တယ်။ အဲသည်လိုနဲ့ ခရီးရှေ့ဆက်လာခဲ့တာ မိဘများရှိတဲ့ သာဝတ္ထိကို ရောက်လာခဲ့ပါပြီ။ လမ်းခရီးအကြားမှာ ခရီးသွား ယောကျ်ားတစ်ယောက်နဲ့တွေ့လို့ မိဘတွေအကြောင်း မေးမြန်း ကြည့်တဲ့အခါ–

www.burmeseclassic.com

www.burmeseclassic.com



"အို... နှမငယ်၊ ညတုန်းက မိုးကြီးလေကြီးကျလို့ သင်တို့နေတဲ့ တိုက်အိမ်ဟာ ပြိုကျခဲ့ပါတယ်။ တိုက်ပြို လို့ သင့်မိဘနှစ်ပါးနဲ့တကွ သင့်ရဲ့မောင်ငယ်ပါ [illegible] ပြီး ဆုံးသွားခဲ့ပါပြီ။ သူတို့သုံးယောက်ရဲ့ အလောင်းတွေ ကို အနီးဝန်းကျင်ကပဲ စုပေါင်းမီးသင်္ဂြိုဟ်ပေးနေတာ မီးခိုး လုံးတွေ ရှိပါသေးတယ်။ လှမ်းကြည့်လိုက်ပါ နှမငယ်..." ရယ်လို့ အဖြစ်မှန်ကို ပြောပြခဲ့ပါတယ်။

သည်အကြောင်းကို ကြားသိလိုက်ရတဲ့ ပဋာစာရီခမျာ ဘယ် လိုမှ စိတ်ကို ထိန်းချုပ်မထားနိုင်တော့ပါဘူး။ သတိတွေလည်း လွတ်သွားခဲ့ပါပြီ။ ကိုယ်မှာ အဝတ်အစားမကပ်တော့ဘဲ အော်ဟစ် ငိုကြွေးရင်း ခြေဦးတည့်ရာ လှည့်လည်သွားလာပါတော့တယ်။ အချို့က ပဋာစာရီရောက်လာရင်... "အရူးမ" လို့ ပြောဆိုပြီး ခဲနဲ့ပေါက်ထုတ်ကြပါတယ်။

နောက်ဆုံးတော့ ပဋာစာရီဟာ ဂေါတမဘုရားရှင်ရဲ့ ကျောင်းဝင်းထဲကို ရောက်ရှိသွားပါတယ်။ အဲသည်အချိန်မှာ ဘုရားရှင်ဟာ ရှင်လူအပေါင်းကို တရားဒေသနာတော်တွေ ဟောကြားနေတဲ့အချိန်ပေါ့။ ပဋာစာရီရောက်လာတဲ့အခါမှာ တရားနာ ပရိသတ်အချို့က မောင်းထုတ်ဖို့ လုပ်ကြတယ်။ ဘုရားရှင်က ခွင့်ပြုတော်မမူဘဲ...

"ချစ်သမီး... ပဋာစာရီ၊ သတိထားလော့"

လို့ မိန့်တော်မူပြီး သတိပေးပါတယ်။ သည်ခဏမှာပဲ ပဋာစာရီဟာ အသိတရား၊ သတိတရားတွေ ဝင်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်မှာ အဝတ်အစားမရှိတာကို သတိထားမိပြီး အရှက်၊ အကြောက်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် နေရာမှာတင် ကျုံ့ကျုံ့လေး ထိုင်ချလိုက်ပါတယ်။ အဲသည်အခါ စာနာသနား စိတ်ရှိတဲ့ တရားနာပရိသတ်တစ်ဦးက အပေါ်ရုံပုဆိုးကို ပစ်ပေးလိုက်ပါတယ်။ ပဋာစာရီဟာ အဲသည်ပုဆိုးနဲ့ မိမိကိုယ်ကို လုံခြုံအောင် ဝတ်ရုံလိုက်ပါတယ်။ အဲသည်နောက် ဘုရားရှင်ရဲ့ ခြေတော်ကို ဦးခိုက်ပူဇော်ရင်း...

"အရှင်ဘုရား..."

အရှင်ဘုရားဟာ တပည့်တော်မရဲ့ ဆောက်တည်ရာ ဖြစ်တော်မူပါဘုရားလို့ လျှောက်ထားလိုက်ပါတယ်။

ဘုရားရှင်လည်း ပဋာစာရီရဲ့ သောကအပူမီးတွေ ကင်းငြိမ်းပါစေ... ဆိုပြီး တရားဒေသနာတော်တွေကို ဟောကြားဆုံးမတော်မူပါတယ်။ ဒေသနာတော်ဆုံးတဲ့အခါမှာတော့ ပဋာစာရီဟာ သောကတွေကင်းဝေးပြီး သောတာပတ္တိဖိုလ် ဆိုက်သွားပါတော့တယ်။

ပဋာစာရီဟာ သောတာပန်ဖြစ်ပြီးတဲ့နောက် ဘိက္ခုနီများထံ သွားရောက်ပြီး ရဟန်းမ ပြုပါတယ်။ သည့်နောက် ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမအတိုင်း တရားတော်တွေကို ကြိုးစားအားထုတ်တဲ့အခါ သောကပရိဒေဝ မီးတောက်တွေ ငြိမ်းသွားပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုလို့ အရဟတ္တဖိုလ် ဆိုက်သွားခဲ့ပါတယ်။

အရှင်မ ပဋာစာရီရဟန္တာဟာ ဘုရားရှင်ပညတ်တော်မူတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဝိနည်းသိက္ခာပုဒ်တွေကို ကျင့်ဆောင်ရာမှာ အထူးချွန်ဆုံး၊ အသာလွန်ဆုံးဖြစ်တဲ့အတွက်–

"ဝိနည်းဆောင် ဘိက္ခုနီရဟန်းမတွေအနက်၊ ချစ်သမီး ပဋာစာရီဟာ အသာဆုံး၊ အမြင့်မြတ်ဆုံး ဖြစ်ပေတယ်" ဆိုပြီး ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့ပါသတဲ့။

လောကမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဆိုတာဟာ မင်္ဂလာ တစ်ပါးပဲ မဟုတ်ပါကလား။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)
## အလိမ္မာကြင်ယာတော်

**ဖုဋ္ဌဿ လောက ဓမ္မေဟိ**
**စိတ္တံ ယဿ န ကမ္ပတိ၊**
**တေံ မင်္ဂလ' မုတ္တမံ။**

*လောကဓံတရား (၈) ပါးကို*
*ကြုံတွေ့သောအခါ*
*မတုန်လှုပ်ခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

ရှေးအခါကာလတစ်ခုတုန်းက ဗာရာဏသီပြည်မှာ မင်းသား တစ်ပါးရှိသလို မင်းသားရဲ့ ကြင်ယာတော်တစ်ပါးလည်း ရှိပါ သည်။

မင်းသားဟာ အခြံအရံပေါများလှသူ ဖြစ်တယ်။ သည့် အတွက် ခမည်းတော်မင်းကြီးဟာ သားအဖရင်းပင်ဖြစ်လင့်ကစား မိမိရဲ့ ထီးနန်းစည်းစိမ်ကို အထိခိုက်မခံနိုင်တာနဲ့–

"ငါ့ရဲ့သားတော်ဟာ... ငါ့ရဲ့ ထီးနန်းစည်းစိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မဟုတ် တစ်နေ့နေ့မှာ လုယူလာနိုင်တယ်”

လို့ အတွေးဝင်ပြီး သားတော်ကို ပြည်နှင်ဒဏ်ပေးလိုက်ပါသတဲ့။

သည်တော့ မင်းသားလည်း မင်းမိန့်၊ မင်းအာဏာဆိုတော့ ဗာရာဏသီပြည်က ထွက်ခွာရတော့တာပေါ့။ အဲသည်လို မင်းသားဟာ တိုင်းပြည်က ထွက်ခွာမယ်လည်းဆိုရော သူ့ကို ခင်မင်လေးစားပါတယ်ဆိုတဲ့ အပေါင်းအသင်း အခြွအရံတွေဟာ လိုက်ပါဖို့မဆိုထားနဲ့ ရောက်တောင်မှ ရောက်မလာကြပါဘူး။

အဲသည်အချိန်မှာ မင်းသားအပေါ် မေတ္တာမပျက် ဆိုးတူကောင်းဘက်ရှိနေတဲ့ ပါရမီဖြည့်ဘက်ကတော့ ကြင်ယာတော်မင်းသမီးကလေးပါပဲ။ ကြင်ယာတော် မင်းသမီးကလေးဟာ လာဘ်ရခြင်း၊ မရခြင်း၊ အခြွေအရံရှိခြင်း၊ မရှိခြင်း၊ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဆိုတဲ့ လောကဓံတရား (၈) ပါးကို ခံနိုင်စွမ်းသူ ဖြစ်ပါတယ်။ ဒါကြောင့် မင်းသားနဲ့ လိုက်ပါရင် အခက်အခဲမျိုးစုံတွေ့ကြုံရမှာ သေချာပေမဲ့ မတုန်လှုပ်ပါဘူး။ ဝမ်းမနည်းပါဘူး။ ပါရမီဖြည့်ဘက်ပီသစွာ စိတ်ကို ကြည်ကြည်လင်လင်ထားလို့ မင်းသားသွားတဲ့နောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားခဲ့ပါသတဲ့။

သူတို့မောင်နှံဟာ ဟိမဝန္တာတောထဲကို ရောက်တဲ့အခါ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဒေသမှာ သစ်ရွက်မိုးတဲကလေး ထိုးပြီး နေထိုင်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မောင်နှံနေတဲ့ တဲကလေးနဲ့ မနီးမဝေးနေရာတစ်နေရာမှာတော့ ရသေ့ကြီးတစ်ပါးရှိပါတယ်။ အဲသည်ရသေ့ကြီးဟာ တရားဓမ္မတွေကို ကောင်းစွာအားထုတ်နေတဲ့ ဈာန်အဘိညာဉ်ရ ရသေ့ကြီးလည်း ဖြစ်ပါတယ်။

မင်းသားတို့ဇနီးမောင်နှံလည်း သစ်ရွက်မိုးတဲကလေးမှာ နေထိုင်ကြရင်း တောတွင်းမှာရှိတဲ့ သစ်သီးဝလံတွေကို ခူးလို့ တစ်ဖုံ၊ အမဲသားငါးတို့ကို ရှာဖွေလို့ တစ်နည်း စားသောက်နေထိုင်ခဲ့ကြပါတယ်။

တစ်နေ့မှာတော့ မင်းသားတောထဲကို လှည့်နေတုန်း တစ်နေရာမှာ အင်မတန်မှ လှပကြော့ရှင်းတဲ့ ကိန္နရီမကိုတွေ့တော့ ကြင်ယာတော်မင်းသမီးကို မေ့သွားခဲ့ရှာယ်။ သူ့အာရုံထဲမှာ စွဲလမ်းတပ်မက်နေတာက ကြင်ယာတော်မင်းသမီးမဟုတ်ဘဲ ကိန္နရီမလေးပဲဖြစ်တယ်။ ဒါ့ကြောင့် ကိန္နရီမလေးကို မယားပြုပြီး သိမ်းပိုက်ဖို့ရာအတွက် ကိန္နရီမလေးသွားရာနောက်ကို တကောက်ကောက်ပါအောင် လိုက်သွားတော့တယ်။ သည်တော့ ကြင်ယာတော် မင်းသမီးကလေးခမျာ တစ်ယောက်တည်း အထီးကျန်နေခဲ့ရတာပေါ့။

ဒါပေမဲ့လည်း ကြင်ယာတော် မင်းသမီးကလေးဟာ လောကဓံတရားကို နားလည်ထားသူဖြစ်လေတော့ မင်းသားပစ်သွားခဲ့ပေမဲ့ မတုန်လှုပ်ပါဘူး။ ဝမ်းမနည်းပါဘူး၊ မျက်ရည်မကျပါဘူး၊ မပူဆွေးပါဘူး။ စိတ်ဓာတ်က ဘာခိုင်သလဲ မမေးနဲ့။ အဲသည်မှာတင် ကြင်ယာတော် မင်းသမီးကလေးဟာ စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ပိုင် ဆုံးဖြတ်ချက်ချပြီး သီလ၊ သိက္ခာ၊ သမာဓိနဲ့ ပြည့်စုံတဲ့ ရသေ့ကြီးရှိရာသွားပြီး ဆည်းကပ်ပါတယ်။ ရသေ့ကြီးထံက တရားအားထုတ်နည်းကို သင်ယူပြီးတဲ့နောက် ကြိုးစားပြီး တရားအားထုတ်ပါတော့တယ်။

စိတ်ရဲ့တည်ငြိမ်မှု၊ တရားတော်ကို စူးစမ်းမှု၊ သီလသမာဓိ ရင့်ကျက်မှုတွေကြောင့် တရားအားထုတ်နေစဉ်မှာပဲ ဈာန်တန်ခိုးကို ရရှိသွားပါတယ်။ ဒါ့ကြောင့် ဆရာအရှင် ရသေ့ကြီးကို ပူဇော်ဦးခိုက်ပြီး မိမိနေထိုင်ရာ တဲကလေးကို ပြန်လာခဲ့ပါတယ်။

အဲသည်အချိန်မှာ မ ဘက်လိုက်၊ မိုက်ဘက်ပါနေတဲ့ မင်းသားဟာ ကိန္နရီမကလေးနောက် တကောက်ကောက်လိုက်ရင်းက ဖမ်းမိမလိုလိုနဲ့ မအောင်မမြင်ဖြစ်ပြီး လွတ်ထွက်သွားပါတယ်။ နောက်ဆုံး ဘယ်မှာမှရှာမတွေ့အောင် မျက်ခြေပြတ်ပြီး ကွယ်ပျောက်သွားပါတယ်။ သည်တော့မှ အသိဝင်လာပြီး ကြင်ယာတော် မင်းသမီးကလေးရှိရာဆီ ပြန်လှည့်လာခဲ့ပါတယ်။ တဲကလေးနား ရောက်လာတော့ မင်းသားကို ကြင်ယာတော် မင်းသမီးကလေးဟာ တွေ့မြင်လိုက်တာနဲ့ ချက်ချင်းဆိုသလို ဈာန်တန်ခိုးနဲ့ ကောင်းကင်ပေါ် ပျံတက်ရင်း...

"အို... အရှင့်သား၊ အရှင့်သားကြောင့် အကျွန်မဟာ တရားအားထုတ်နိုင်ခဲ့ပြီး ဈာန်တန်ခိုးလည်း ရရှိခဲ့ပါပြီ။ အရှင့်သားကို အကျွန်မ အလိုမရှိတော့ပါ"

လို့ ပြတ်သားစွာ ပြောဆိုပြီးတဲ့နောက် ကောင်းကင်ခရီးကနေပဲ အရပ်တစ်ပါးကို ငြိမ်းအေးစွာ ပျံသန်းသွားခဲ့ပါတော့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းသားခမျာတော့ နောင်တတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကြေကွဲဝမ်းနည်းစွာ ကျန်ရစ်ခဲ့ပါလေရော။

တကယ်တော့ လောကဓံတရားနဲ့ တွေ့ကြုံရတဲ့အခါ စိတ်ဓာတ်တုန်လှုပ်မှုမရှိဘဲ အကောင်းတကာ့ အကောင်းဆုံးကို ရွေးချယ်လုပ်ဆောင်တာဟာ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးပဲ ဖြစ်ပါတော့တယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

## ခေါင်းဆောင်ကောင်း ငါးမင်း

**အသောကာ**

**တော် မင်္ဂလ’ မုတ္တမ်။**

*ပျက်စီးခြင်း*

*ဆင်းရဲဒုက္ခဖြစ်ခြင်းနှင့်*

*တွေ့ကြုံရသည့်အခါ*

*စိုးရိမ်ပူဆွေးမှု မရှိခြင်းသည်*

*မြတ်သော မင်္ဂလာမည်၏။*

ရှေးလွန်လေပြီးသော ကာလတုန်းဆီက ကောသလတိုင်း၊ သာဝတ္ထိပြည်က၊ ဇေတဝန်ကန်နေရာအရပ်မှာ ချုံနွယ်ပိတ်ပေါင်းတွေ ခြံရံနေတဲ့ ရေအိုင်ကြီးတစ်အိုင် ရှိပါတယ်။ အဲသည် ရေအိုင်ကြီးထဲမှာ ငါးမင်းဟာ ငါးအပေါင်းခြံရံပြီး နေပါသတဲ့။

အဲသည်ကာလမှာပဲ ကောသလတိုင်း တစ်ခွင်လုံးဟာ မိုးခေါင်မှုနဲ့ ရင်ဆိုင်ကြုံတွေ့ရပါတယ်။ မိုးမရွာတဲ့အတွက် ကန်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ဆည်တွေ၊ ချောင်းတွေ၊ အင်းတွေ၊ အိုင်တွေဆိုတာဟာ ရေခန်းခြောက်မှုဒဏ်ကို ခံရတာပေါ့။ ဒါ့အပြင် လူတွေစိုက်ပျိုးထားကြတဲ့ ကောက်နှံစပါးတွေဆိုတာဟာ ရေမရရှိတဲ့အတွက် ညှိုးလျော်နေကြရပါသတဲ့။ အိုင်တွေထဲမှာရှိကြတဲ့ ငါးတွေ၊ လိပ်တွေလည်း ရေခန်းခြောက်နေတဲ့အတွက် ရွှံ့တွေ၊ ညွှန်တွေကြားအတင်းတိုးဝင်ပြီး နေကြရတယ်။ အဲသည်အခါ ရေခန်းငါးတွေကို စားသောက်ဖို့ရာ ချောင်းမြောင်းနေကြတဲ့ ကျီးတွေ၊ လင်းတတွေ၊ ဗျိုင်းတွေ၊ စွန်ရဲတွေဆိုတာ အိုင်ဝန်းကျင်မှာ ဖွေးဖွေးကိုလှုပ်လို့ပေါ့။ အခွင့်သာတာနဲ့ ရွှံ့ညွှန့်တွေမှာ လူးလွန့်လှုပ်ရှားနေတဲ့ ငါးတွေ၊ လိပ်တွေကို သုတ်ချီဖမ်းဆီးပြီး စားသောက်ကြတဲ့အတွက် ရေသတ္တဝါအပေါင်းဟာ ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခရောက်ရခြင်းတို့နဲ့ တွေ့ကြုံရင်ဆိုင်နေကြရတာပဲပေါ့။

အဲသည်လိုဘေးဒုက္ခတွေ ကြုံတွေ့နေရတော့ ငါးမင်းဟာဆွေမျိုးအပေါင်း ပူဆွေးမှုမရှိရလေအောင် ကြံဆောင်ပါတော့တယ်။

> "ငါ့ရဲ့ ဆွေမျိုးအပေါင်းဟာ ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်နေကြရပြီ။ သေကြေပျက်စီးကြရတာလည်း မနည်းတော့ဘူး။ တကယ်လို့ ငါဟာ သစ္စာပြုပြီး မိုးကို ရွာသွန်းပေးလိုက်မယ်ဆိုရင် သည်လိုမျိုး ဆင်းရဲဒုက္ခအပေါင်းကနေလွတ်မြောက်ကြမှာ အမှန်ပဲ"

အဲသည်လိုအတွေး၊ အကြံနဲ့အတူ ကောင်းကင်ထက်ကို မော့ကြည့်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါးမင်းရဲ့ တစ်ကိုယ်လုံးဟာ မည်းနက်တောက်ပြောင်နေ ပါတယ်။ မျက်လုံးအစုံဆိုရင် ပတ္တမြားနဲ့မခြား နီရဲတောက်ပ လို့။ သည်အချိန်မှာပဲ ငါးမင်းဟာ ကောင်းကင်ထက်က မိုးပဇ္ဇုန် နတ်သားကို အသံပေးလိုက်ရင်း–

"အို... မိုးပဇ္ဇုန်နတ်မင်း

ငါဟာ ဆွေမျိုးအပေါင်းရဲ့ ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခ ရောက်ကြရခြင်းတို့ကို မြင်တွေ့ရတဲ့အခါမှာ စိတ်မချမ်းသာ ဖြစ်ရပေတယ်။ သူတို့တတွေ စိုးရိမ်ပူဆွေးခြင်းမရှိရအောင် ငါမှာ တာဝန်ရှိပေတယ်။

အို... မိုးပဇ္ဇုန်နတ်မင်း

ငါဟာ သီလကိုစောင့်ထိန်းတဲ့ ငါးမင်းဖြစ်ပါတယ်။ ခုလိုမျိုး ငါစိတ် မချမ်းမသာဖြစ်နေတာကို သိပါလျက်နဲ့ ဘာကြောင့်များ မိုးမရွာချတာပါလိမ့်။ ငါဟာ ဇာတ်တူ သားစား ငါးမျိုးဖြစ်ပေမဲ့ ငါ့တစ်သက်မှာ ဘယ်ငါးကိုမျှ မစားခဲ့ပါဘူး။ အခြားအခြားသော သတ္တဝါတွေကိုလည်း သတ်ဖြတ်ညှဉ်းပမ်းခဲ့တာ မရှိခဲ့ဘူး။

အဲသည်လို ငါ့ရဲ့ မှန်ကန်တဲ့ သစ္စာစကားကြောင့် ခုချက်ချင်း မိုးရွာသွန်းပါစေ... ငါနဲ့တကွသော ဆွေမျိုး အပေါင်းတို့ ဆင်းရဲဒုက္ခမှ ကင်းလွတ်ကြပါစေသား..."

အဲသည်လို သစ္စာဆိုလိုက်တာနဲ့ ပဇ္ဇုန်မိုးနတ်သားလည်း မနေသာတော့ဘဲ ကောသလတိုင်း တစ်တိုင်းလုံးကို ထစ်ချုန်းမိုး ရွာချလိုက်ပါတော့တယ်။ မိုးရေကြောင့် ကောက်ပဲသီးနှံတွေ

www.burmeseclassic.com

www.burmeseclassic.com



လန်းရွှင်သွားကြရသလိုပဲ ချောင်း၊ ကန်၊ ဆည်၊ မြောင်း၊ အင်း၊ အိုင်တွေလည်း ရေတွေပြည့်လာကြပြီး ငါးမင်းနဲ့တကွ ရေနေသတ္တဝါအပေါင်းဟာ ဆင်းရဲဒုက္ခကင်းလွတ်ကြရပါတော့တယ်။

တကယ်တော့ ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်းနဲ့ တွေ့ကြုံရတဲ့အခါ စိုးရိမ်ပူဆွေးမှုမရှိခြင်းဟာ မြတ်သောမင်္ဂလာတစ်ပါးပဲ မဟုတ်ပါကလား။

❐

www.burmeseclassic.com

www.burmeseclassic.com

(၃၇)

# အလိုနည်းပါး မြတ်တရားရှင်

**ဝိရဇံ၊**

**ဧတံ မင်္ဂလ’ မုတ္တမံ။**

*အလိုရမ္မက်ကင်းခြင်း*

*ရာဂစသော မြူမရှိခြင်းတို့သည်*

*မြတ်သော မင်္ဂလာ မည်၏။*

ရှေးလွန်လေပြီးသော ကာလတုန်းကပေါ့။

ကပိလတိုင်း၊ ဥတ္တရ ပဉ္စာလဆိုတဲ့မြို့မှာ ဥတ္တရပဉ္စာလမင်း စိုးစံတော်မူပါတယ်။ အဲသည်ကာလမှာ နိဂုံးရွာမှာရှိတဲ့ ပုဏ္ဏား လုလင်ဟာ အရွယ်ရောက်လာတော့ တက္ကသိုလ်ပြည်ကိုသွားပြီး အတတ်ပညာတွေကို သင်ယူခဲ့ပါတယ်။ ပညာစုံပြီးတဲ့နောက် ဌာနေကို ပြန်ရောက်လာတဲ့အခါ လောကလူ့ဘောင်ကို တဖြည်း ဖြည်း စက်ဆုပ်ငြီးငွေ့လာပြီး နောက်ဆုံးမှာတော့ ရသေ့ရဟန်း ပြုလို့ တောထွက်ပါတယ်။ ဟိမဝန္တာအရပ်မှာ သစ်သီးကြီးငယ် တို့ မျှတပြီး ကြာမြင့်စွာ သီတင်းသုံးနေတော်မူပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ရှင်ရသေ့ဟာ ချဉ်၊ ဆားမှီဝဲဖို့အတွက် လူတို့နေထိုင်ရာအရပ်ကို လှည့်လည်တော်မူပါတယ်။ သည်လိုနဲ့ ဥတ္တရပဥ္စာလမြို့ကို ရောက်လာခဲ့တယ်။ မင်းဥယျာဉ်မှာ သီတင်းသုံးပြီး နောက်တစ်ရက်ရောက်တဲ့အခါ မြို့တွင်းကို ဆွမ်းခံထွက်ခဲ့ပါတယ်။ ဆွမ်းခံကြွရင်းက မင်းကြီးရဲ့ အိမ်တံခါးကို ရောက်သွားပါတယ်။ မင်းကြီးလည်း ရှင်ရသေ့ရဲ့ ရင့်ကျက်တဲ့ ဣန္ဒြေကို ကြည်ညိုလွန်းတာမို့ ပြာသာဒ်အပြင်ကို ပင့်ဆောင်ပြီး ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်တို့ကို ကပ်လှူပါတယ်။ ရှိခိုးပူဇော်ပါတယ်။ မင်းဥယျာဉ်မှာ သီတင်းသုံးစေပါတယ်။ ဒါ့အပြင် မင်းကြီးရဲ့ ပင့်လျှောက်ချက်အရ ရှင်ရသေ့လည်း နေ့စဉ်နေ့တိုင်း မင်းကြီးထံ သွားရောက်လို့ ဆွမ်းဘုဉ်းပေးပါတယ်။

သည်လိုနဲ့ ရှင်ရသေ့လည်း မိုးကာလလွန်မြောက်လာတဲ့အခါ ဟိမဝန္တာအရပ်ကို ပြန်ကြွလိုတဲ့အတွက်–

"ငါဟာ အဲသည်ခရီးကို သွားဖို့အတွက် ငါ့အဖို့ သစ်ရွက်ထီးနဲ့ လျှာခြင်းဖိနပ်တစ်ရန် ရရင်ကောင်းလိမ့်မယ်။ မင်းကြီးထံတောင်းရင် ကောင်းလိမ့်မယ်"

လို့ ကြံစည်စိတ်ကူးမိပါတယ်။

တစ်နေ့မှာတော့ မင်းကြီးဟာ ရှင်ရသေ့သီတင်းသုံးနေတဲ့ ဥယျာဉ်တော်ကို ရောက်ရှိလာပါတယ်။ အဲသည်အခါ ရသေ့လည်း သူအလိုရှိတဲ့ သစ်ရွက်ထီးနဲ့ လျှာခြင်းဖိနပ်တစ်ရန် တောင်းခံဖို့ စိတ်ကူးလိုက်ပါတယ်။ ဒါပေမဲ့–

www.burmeseclassic.com

www.burmeseclassic.com



"တစ်ပါးသူထံမှာ 'သည်ဥစ္စာပစ္စည်းတို့ကို ပေးပါ' လို့ တောင်းခံသူဟာ ငိုတယ်လို့ ဆိုရမယ်။ သည်လိုပဲ ဥစ္စာရှင်ကလည်း 'မရှိပါ' လို့ ပြောဆိုလိုက်ရင် သူလည်းပဲ ငိုတယ်လို့ ဆိုရမယ်။ အဲသည်တော့ ငိုတဲ့ငါနဲ့ ငိုတဲ့ မင်းကြီး တို့ကို လူအပေါင်းတို့ မမြင်မတွေ့မယ့် ဆိတ်ကွယ်ရာ အရပ်ကျမှပဲ ငါတို့နှစ်ဦးစလုံး ငိုကြမယ်"

လို့ ကြံစည်ပြီး–

"အရှင်မင်းကြီး... သင်နှင့်ငါ ဆိတ်ကွယ်ရာ အရပ်မှာ နှစ်ဦးသား စကားပြောလိုတယ်"

လို့ မိန့်လိုက်တယ်။ မင်းကြီးလည်း အဲသည်စကားကြား တော့ မင်းချင်းအပေါင်းတို့ကို အနားကနေ ဖဲခွာစေပါတယ်။ မင်းချင်းတွေ တစ်ဦးတစ်လေမျှမရှိတဲ့အခါ ရှင်ရသေ့လည်း စဉ်းစားပြန်ပါလေရော။

"ငါဟာ လိုအပ်တဲ့ ပစ္စည်းကို တောင်းခံတယ် ဆိုပါ တော့။ မင်းကြီးအနေနဲ့ မပေးနိုင်ရင် အချစ်ပျက်သွားပေ လိမ့်မယ်။ ဒါကြောင့် ငါ့အနေနဲ့ မတောင်းတာပဲ ကောင်းပါ လိမ့်မယ်"

လို့ အတွေးဝင်လာမိပြီး တောင်းခံဖို့ရာ စကားမဟတော့ဘဲ–

"အရှင်မင်းကြီး... သွားပါဦးလော့။ နောက်နေ့များ ကျပါမှပဲ အကျိုးအကြောင်းကို ပြောပြပါ့မယ်"

လို့ မိန့်တဲ့အခါ မင်းကြီးလည်း ဥယျာဉ်တော်ကနေ ပြန် ထွက်သွားပါတော့တယ်။ နောက်တစ်နေ့ မင်းကြီး ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါမှာလည်းပဲ မနေ့ကအတိုင်း စကားဆိုပြန်တာပါပဲ။ ဒါပေမဲ့လည်း မတောင်းနိုင်ဘဲ ရှိပြန်ပါတယ်။ အဲသည်လို တောင်းမယ်ကြံတိုင်း၊ မတောင်းဖြစ်လိုက်နဲ့ သိုသိပ်နေခဲ့တာ ကာလအားဖြင့် ၁၂ နှစ်တိုင် ကြာခဲ့တယ်ဆိုပဲ။ အဲသည်အခါ မင်းကြီးလည်း–

"ငါရဲ့ဆရာ အရှင်ရသေ့ဟာ ဆိတ်ကွယ်ရာမှာ ငါနဲ့ စကားပြောလိုတယ်ဆိုပြီး တကယ့်တကယ် ဆိတ်ကွယ်ရာ ရောက်တဲ့အခါကျတော့ ဘယ်လိုမျိုးမှ စကားတစ်ခုံတစ်ရာ မဆိုဘဲ ပြန်ချည်းလွှတ်လိုက်တော့တာပဲ။ သည်လိုမျိုး ဖြစ်နေတာ ကာလအနည်းငယ်တောင် မဟုတ်ဘူး။ ၁၂– နှစ်ကာလတောင် ကြာမြင့်ခဲ့တယ်။

ရှင်ရသေ့ဟာ မြတ်သောအကျင့်ကို ကျင့်ရတာငြီးငွေ့ နေတဲ့အတွက် လူထွက်ပြီး စည်းစိမ်ခံစားချင်တဲ့အကြောင်း ပြောလိုတာများလားမသိ။ မင်းကြီးဖြစ်တဲ့ငါ့ကို ပြောဆိုရမှာ မဝံ့တဲ့အတွက် ဆိတ်ဆိတ်နေ နေတာပဲလား မပြောတတ် ဘူး။

အင်း… သည်ကနေ့တော့ဖြင့် ငါဟာ ရှင်ရသေ့ရဲ့ အလိုဆန္ဒပြည့်ဝအောင် လုပ်ဆောင်ပေးရမယ်"

လို့ ကြံစည်မိပါတော့တယ်။

ရှင်ရသေ့ထံကို ရောက်တော့ ရှင်ရသေ့ဟာ ထုံးစံအတိုင်း ဆိတ်ကွယ်ရာ ဖြစ်စေဖို့အတွက် မင်းချင်းတို့ကို ဖဲခွာစေပါတယ်။

www.burmeseclassic.com



ရှင်ရသေ့လည်း ဆိတ်ကွယ်ရာ အနေအထားရောက်တော့ ဘာမှ မပြောမဆိုဘဲ ငြိမ်ဆိတ်နေပါသတဲ့။ သည်တော့ မင်းကြီးလည်း–

"အရှင်ရသေ့... အရှင်ဟာ ၁၂ နှစ်တာ ကာလပတ်လုံး ဆိတ်ကွယ်ရာရရှိတဲ့တိုင်အောင် စကားတစ်စုံတစ်ရာမျှ မပြောမဆိုဘဲ နေခဲ့ပါတယ်။

အရှင်ရသေ့... အရှင်ရသေ့ဟာ မင်းအဖြစ်ကို အလိုရှိပါသလား။ ဒါမှမဟုတ်၊ ဘယ်အရာကို အလိုရှိပါသလဲ... အလိုရှိရာ ဝတ္ထုအစုစုကို စိတ်ထဲမှာ သိုဝှက်မထားဘဲ တောင်းဆိုတော်မူပါ၊ မိန့်ကြားတော်မူပါ"

လို့ တင်လျှောက်လိုက်ပါတယ်။ သည်အခါ ရသေ့လည်း...

"အရှင်မင်းကြီး... ငါတောင်းဆိုတဲ့အရာကို ပေးနိုင်ပါ့မလား"

လို့ အကဲစမ်းလိုက်ပါတယ်။ သည်တော့ မင်းကြီးလည်း ရှင်ရသေ့ တောင်းဆိုတဲ့အရာကို ပေးနိုင်ပါကြောင်း ဝန်ခံကတိပြု လိုက်ပါတယ်။ သည်တော့မှ ရှင်ရသေ့လည်း–

"အရှင်မင်းကြီး... ငါဟာ ဟိမဝန္တာကို ပြန်လည်ကြွမြန်းဖို့ရာအတွက် သစ်ရွက်ထီးနဲ့ လှာခြင်းဖိနပ်ကို အလိုရှိပါတယ်"

လို့ မိန့်ကြားလိုက်ပါတယ်။ မင်းကြီးလည်း လုံးဝထင်မှတ်မထားတဲ့ စကားကို ကြားလိုက်ရတဲ့အတွက် အံ့အားတသင့် ဖြစ်သွားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ရသေ့… ဤမျှလောက် အသေးအဖွဲ့ ပစ္စည်းကလေးအတွက် ၁၂ နှစ်တာ ကာလပတ်လုံး တောင်းဆိုဖို့ရာ အဘယ်ကြောင့် မဝံ့မရဲ ဖြစ်နေရပါသလဲ"

"အရှင်မင်းကြီး… မတောင်းဆိုဝံ့ပါ"

"အရှင်ရသေ့… ဘယ့်အတွက်ကြောင့် မတောင်းဆိုဝံ့သလဲဆိုတာကို သိလိုလှပါတယ်"

"အရှင်မင်းကြီး… တောင်းတဲ့သူအတွက် ရခြင်း၊ မရခြင်းဆိုတာ ရှိပါတယ်။ ပညာရှိတို့ဟာ တောင်းခြင်းကို ငိုခြင်းလို့ ပြောဆိုကြပါတယ်။ တောင်းတဲ့ဥစ္စာကို 'မပေးနိုင်' လို့ ပယ်မြစ်ခြင်းကိုလည်း အတုငိုခြြင်းလို့ ပြောကြဆိုကြပါတယ်။ ငိုတဲ့… ငါ့ကိုဖြစ်စေ၊ အတုငိုတဲ့ မင်းကြီးကိုဖြစ်စေ ပဉ္စာလတိုင်းမှာ ရှိကြတဲ့သူတွေအားလုံး မတွေ့မမြင်စေချင်ကြပါဘူး။ ဒါ့ကြောင့်မို့ ငါဟာ ဆိတ်ကွယ်ရာကို အလိုရှိခြင်း ဖြစ်ပါတယ်"

မင်းကြီးဟာ ရှင်ရသေ့ရဲ့ အလိုလောဘနည်းပါးမှုအတွက် လွန်စွာမှ ကြည်ညိုစိတ်တွေ ပွားများသွားမိပါတယ်။

"အရှင်… ရသေ့။ အရှင်ရသေ့ကို နွားလားဥသဘနဲ့ တကွ အမွေးနီနွားမတစ်ထောင်တို့ကို ပေးလှူပါ့မယ်။ အကယ်စင်စစ် အရှင်မြတ်ရဲ့ တရားနဲ့ယှဉ်တဲ့ စကားတွေကို ကြားနာလို့ မြတ်သောအကျင့်နဲ့ ပြည့်စုံတဲ့သူဟာ ဘယ်မှာ မလှူဘဲနေပါ့မလဲ"

ရှင်ရသေ့လည်း မင်းကြီးရဲ့စကားကို ကြားရတဲ့အခါ…

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး... ငါဟာ ကိလေသာကာမ၊ ဝတ္ထုကာမတို့ကို အလိုမရှိပါဘူး။ ငါတောင်းဆိုတဲ့ သစ်ရွက်မိုးထီးနဲ့ လွှာခြင်းဖိနပ်ကိုသာ ပေးလှူပါ။

အရှင်မင်းကြီး... ကုသိုလ်ကောင်းမှုတွေမှာ မမေ့မလျော့ပါနဲ့။ မပေါ့ဆပါနဲ့... အလှူဒါနကို ပေးလှူပါ။ ဥပုသ်သီလကို ဆောက်တည်ပါ"

လို့ ပြောဆိုဆုံးမပြီးတဲ့နောက် မင်းကြီးလှူဒါန်းတဲ့ သစ်ရွက်မိုးထီး၊ လွှာခြင်းဖိနပ်တို့ကို ဆောင်လို့ ဟိမဝန္တာတောင်ကို ပြန်ကြွသွားပါတော့တယ်။

လောကမှာ အလိုရမ္မက်နည်းပါးခြင်း၊ ရာဂမြူမရှိခြင်းဆိုတာတွေဟာ မြတ်သောမင်္ဂလာပါပဲကလား။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)
## ဥပါယ်တံမျဉ် ဘေးကင်းစင်

**ခေမံ၊**

**တော် မင်္ဂလ’ မုတ္တမံ။**

*ကိလေသာမှ ကင်းလွတ်၍*
*ငြိမ်းအေး ဘေးမရှိခြင်းသည်*
*မြတ်သော မင်္ဂလာမည်၏။*

တစ်ခါတုန်းမှာပေါ့။

မုဆိုးတစ်ယောက်ဟာ တောတကာကို လှည့်လည်ပြီး ငုံးလေးတွေကို လိုက်လံဖမ်းဆီးလို့ အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ဖမ်းဆီးရလာတဲ့ ငုံးတွေကို အိမ်ထဲမှာ လှောင်ချိုင့်ထဲ ထည့်လှောင်လို့ အစာရေစာကျွေးမွေးပြီး လာရောက်ဝယ်ယူသူတို့ကို ရောင်းချပါသတဲ့။

တစ်နေ့တော့ မုဆိုးဟာ တောအုပ်တစ်ခုအတွင်းကို ဝင်လို့ ငုံးတွေကို ထောင်ဖမ်းပါတယ်။ အဲသည်အခါမှာ ပညာရှိ ငုံးမင်းနဲ့အတူ ငုံးတွေတော်တော်များများကို ဖမ်းဆီးရမိလာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တဲ့အခါ လှောင်အိမ်ထဲထည့်ပြီး ငုံးတွေအသားတိုး အောင်လို့ အစာရေစာတွေကို ကျွေးမွေးပါတယ်။ သည်အခါမှာ တော့ ငုံးပညာရှိလည်း...

"ငါဟာ... မုဆိုးကျွေးတဲ့ အစာရေစာတွေကို လှောင်အိမ်အတွင်းမှာ စားလိုက်၊ သောက်လိုက်လုပ်နေခဲ့ရင် ဆူဝေဖြိုးလာလိမ့်မယ်။ အဲသည်အခါမှာ ငုံးဝယ်သူတွေ အကြိုက်တွေ့ပြီး ရောင်းစားတာကို ခံရလိမ့်မယ်။

တကယ်လို့ မစားမသောက်ဘဲ နေခဲ့ရင် ပိန်ချုံးနေမှာ ပဲ။ အဲသည်အခါ ငုံးဝယ်သူတွေ နှစ်သက်လိမ့်မှာ မဟုတ် ဘူး။ သည်လိုဆိုရင် ချမ်းသာရာ ရလိမ့်မယ်။ အသက်ဘေး ကလည်း လွတ်ကောင်းလွတ်လိမ့်မယ်"

ဆိုပြီး ဘေးမရှိနိုင်တဲ့အရေးကို တွေးတောကြံဆလို့ မုဆိုး ဘာကျွေးကျွေး မစားမသောက်ဘဲ နေပါတယ်။ အဲသည်အခါ ငုံးပညာရှိလည်း တဖြည်းဖြည်း ပိန်ချုံးလို့ လာတာပေါ့။ ငုံးဝယ်လို သူတွေ ရောက်လာကြတဲ့အခါ ဆူဝေဖြိုးတဲ့ ငုံးတွေကိုပဲ ရွေးချယ်ဝယ်သွားကြပြီး ပိန်ချုံးနေတဲ့ ငုံးပညာရှိကိုတော့ ချန်ထား ရစ်ခဲ့ကြတယ်။ အဲသည်အခါ မုဆိုးလည်း ငုံးပညာရှိကို ဘယ်လို များ ဖြစ်ပါလိမ့်ဆိုပြီး သိချင်တာနဲ့ လှောင်အိမ်ထဲကထုတ်ပြီး လက်ဖဝါးပေါ် တင်လိုက်သတဲ့။ သည်တော့ ငုံးပညာရှိလည်း အားအင်တွေရှိသမျှကို စုစည်းပြီး ပျံသန်းရင်း တောအုပ်အတွင်း ကို ဝင်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ ရှိနေကြသော ငုံးအပေါင်းဟာ ငုံးပညာရှိ ပြန်ရောက်လာတာကို တွေ့မြင်ရတော့ တအံ့တသြ ဖြစ်ကြတာပေါ့။ သည်တော့...

"အရှင်... ငုံး၊ အရှင့်ကို မတွေ့မမြင်ရတာ ကာလ ကြာပါပြီ။ အရှင်ငုံးဟာ ဘယ်ကိုများ ရောက်နေတာ ပါလိမ့်"

လို့ မေးမြန်းကြပါတယ်။ အဲသည်အခါ ငုံးပညာရှိက–

"အဆွေတို့... သင်တို့ ငါ့ကို မတွေ့မမြင်ရခြင်းဟာ ငါ့ကို ငှက်ခတ်မုဆိုး ဖမ်းသွားလို့ ဖြစ်ပါတယ်"

လို့ ဖြေပါတယ်။

"အရှင်ငုံး... ငှက်ခတ်သမား မုဆိုးလက်က ဘယ်ပုံ ဘယ်နည်း လွတ်မြောက်ခဲ့ပါသလဲ"

သည်အခါမှာ ငုံးပညာရှိလည်း သူလွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ဘေးဖြစ်စေမယ့် အစာရေစာတွေ မစားသောက်ခဲ့ပုံ၊ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် အမြဲကြံဆနေခဲ့ပုံ၊ အခွင့်သာအခါပေးတဲ့ အခါကျတော့ သက်စွန့်ဆံဖျား ပျံသန်းလွတ်မြောက်ခဲ့ပုံတို့ကို ပြောပြရင်း...

"အဆွေတို့... ကြံစည်တွေးတော ဆင်ခြင်မှုမရှိသူ အဖို့ အကျိုးထူးကို မခံစားရပါဘူး။ ငါ့ရဲ့လုပ်ရပ်ကိုပဲ ကြည့်ကြပါတော့။ ငါဟာ ဥပါယ်တံမျဉ်ကြောင့်ပဲ ဘေး အန္တရာယ်က လွတ်မြောက်ခဲ့ရတယ် မဟုတ်လား"

လို့ ဖြေကြားလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဘေးအန္တရာယ် လွတ်မြောက်ဖို့ရာ အတွေးအခေါ်၊ အကြံအစည်ရှိရသလို အခွင့်ကောင်းကို စောင့်မျှော်ရင်း အခွင့်ပေးလာတာနဲ့ နိုးကြားစွာ အားထုတ်မှုဟာ အရေးကြီးပါတယ်။

ဘယ်သူမဆို ဘေးမရှိခြင်းဟာ မင်္ဂလာတစ်ပါးပဲ မဟုတ်ပါလား။

❐

www.burmeseclassic.com

www.burmeseclassic.com

## ၃၈ -ဖြာ မင်္ဂလာနှင့် ပြည့်စုံသည့် မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ

သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်ကြီး။

သည်ကျောင်းတော်ကြီးကား အနာထပိဏ် သူဌေးကြီး ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းတော်ကြီးပင်ဖြစ်ပေ၏။

အဆိုပါကျောင်းတော်ကြီး၌ သုံးလောကထွက်ထား သဗ္ဗညု ဘုရားရှင် သီတင်းသုံးစံမှာယ်တော်မူစဉ်အခါက လူ့လောကတွင် ပြဿနာတစ်ရပ် ပေါ်ထွက်လာခဲ့ချေ၏။ ထိုပြဿနာကား...

"မင်္ဂလာဟူသည် အဘယ်နည်း"

ဟူ၍ ဖြစ်လေ၏။

သည်မေးခွန်းပြဿနာ၏ နောက်ဆက်တွဲ၌ မည်သည့် အချက်အလက်တို့သည် မင်္ဂလာဖြစ်ကြောင်းကို တိတိပပ မဆုံးဖြတ်ရသေးသည့် ကာလဖြစ်၏။ သို့ဖြစ်၍လည်း မိမိတို့ ထင်ရာ၊ မြင်ရာ၊ နှစ်သက်ရာ၊ အားသန်ရာကို အခြေပြုလျက် အယူအဆတွေ ပေါက်ဖွားပေါ်ထွန်းနေကြတော့သည်။ ဝါဒရှင်များကလည်း

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ဝါဒသည်သာ အမှန်ဟူ၍ တရားသေ၊ လှေနံဓားထစ် ကိုင်စွဲထားကြ၏။ အထူးသဖြင့် ဝါဒရေးရာ ပြင်းထန်လှသော အစုအဖွဲ့မှာ (၃) စု ဖြစ်ချေ၏။

ပထမအုပ်စုကား... ကြားနေရသော အသံကိုစွဲ၍ ရယ်မောသော အသံ၊ ကျက်သရေရှိသော စည်မောင်းသံ၊ ခရုသင်းသံ စသည့်... ဣဋ္ဌာရုံဖြစ်ဖွယ် အသံမျိုးကိုကြားပါက ထိုအသံ ကြားရခြင်းသည်ပင်လျှင် မင်္ဂလာဖြစ်သည်ဟု မှတ်ယူထားကြကုန်၏။

ဒုတိယအုပ်စုကား... အသံကြားရရုံမျှနှင့် မင်္ဂလာ မဖြစ် ထိုက်။ မဖြစ်စကောင်း။ မျက်စိနှင့် တပ်အပ်မြင်တွေ့ရမှသာလျှင် မင်္ဂလာဖြစ်ကြောင်း၊ လှပသော ပန်းချီရုပ်ပုံတို့ကိုမြင်ခြင်း၊ ရောင်စုံ အလှပန်းတို့ကိုမြင်ခြင်း၊ စိန်ရွှေငွေစသည့် အဖိုးတန်ရတနာတို့ ဝတ်ဆင်ထားသည့် ကြော့ရှင်းသော မိန်းမပျိုတို့ကို မြင်တွေ့ ရခြင်း၊ ရေပြည့်နေသောအိုး၊ အသွေးအရောင်လှပ၍ ဝဖြိုးနေသော နွားမ စသည်တို့ကို မြင်တွေ့ပါမှသာ မင်္ဂလာအစစ်ဖြစ်ပါကြောင်း ကို ခိုင်ခိုင်မာမာ အဆိုပြုနေကြလေ၏။

ကျန်တစ်စုမှာမူကား... နားဖြင့်ကြားရရုံ၊ မျက်စိဖြင့် တပ်အပ်သေချာမြင်ရရုံနှင့် မင်္ဂလာမမည်ပါသေး။ မိမိကိုယ်တိုင် ဒိဋ္ဌမြင်တွေ့ရမှ၊ ထိကိုင်ရမှသာ မင်္ဂလာဖြစ်ပါကြောင်း၊ ပန်းလှလှ ကို သူတစ်ပါးပြောသဖြင့် ကြားရရုံ၊ သူတစ်ပါးပြသဖြင့် မျက်စိ နှင့် တပ်အပ်သေချာ မြင်တွေ့ရရုံမဟုတ်ဘဲ၊ ကိုယ်တိုင် လက်နှင့် လည်းကိုင်၊ နှာခေါင်းနှင့်လည်း ရှိုက်နမ်းရမှသာလျှင် မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါကြောင်း၊ ရေပြည့်နေသောအိုး၊ မျက်စိဖြင့်မြင်တွေ့နေရခြင်း သက်သက်ထက် ကိုယ်တိုင် ရေကိုသောက်ရဖို့ လိုအပ်ကြောင်း၊ နွားမဝဝကို မြင်ရခြင်းထက် နွားနို့မလိုင်ခဲကို ကိုယ်တိုင်စားရမှသာ မင်္ဂလာနှင့် ပြည့်စုံပေလိမ့်မည်ဟု ဆိုကြပြန်လေ၏။

အဆိုပါ အုပ်စု (၃) စုသည် မိမိတို့ အယူအဆသည်သာလျှင် မှန်ကန်ကြောင်း၊ မိမိတို့အယူအဆမှလွဲ၍ ကျန်အယူအဆများသည် အမှားကြီးမှားနေကြကြောင်း တစ်ယူသန်စိတ်ဓာတ်တို့ဖြင့် ငြင်းဆန်ကြလေရာ... တစ်ဖက်နှင့်တစ်ဖက် စင်များဆောက်လုပ်ပြီး ရက်ရှည်လများ စကားရည်လုပွဲကြီးတွေ ဖြစ်လာရလေ၏။ ချိုးနှိမ်တိုက်ခိုက်သော ပွဲတွေ ဖြစ်လာရ၏။ ၎င်းတို့အုပ်စု (၃) အုပ်စုသာ မဟုတ်သေး။ ကျန်ရှိသော ပရိသတ်အပေါင်းကလည်း မိမိတို့ စိတ်အားထက်သန်ရာ အယူဝါဒသို့ တိမ်းညွှတ်မိကြရင်း အချင်းချင်းမသင့်မတင့်မှုများ ဖြစ်လာရလေ၏။ လူတို့ကို အစိုးရသော ကိုယ်စောင့်နတ်တို့သည်ပင်လျှင် အချင်းချင်းသဟဇာတ မဖြစ်ကြတော့။

ထိုသို့ ပြဿနာစခဲ့ခြင်းကြောင့် ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်တို့မှ အာလိန်ငါးဆင့်ကို ကျော်လွန်ကာ တာဝတိံသာနတ်များအထိ အုပ်စုဖွဲ့ ငြင်းခုံမှုများ ကူးစက်လာပါတော့၏။ မည်သူမှန်၍ မည်သူမှားသည်ကိုလည်း ဝေခွဲခြင်းငှာ မစွမ်းနိုင်ကြပေ။ သည့်အတွက် ဤသို့ ပြဿနာတစ်စ၊ တစ်စ ကြီးထွားလာနေမှုကြောင့် မည်သူမှန်၍ မည်သူမှားနေကြောင်း ဆုံးဖြတ်ပေးပါရန်

www.burmeseclassic.com

www.burmeseclassic.com



နတ်ဒေဝတာအပေါင်းတို့လည်း သိကြားမင်းထံသို့ ဝင်ရောက် လျှောက်ထားကြလေ၏။ ထိုအခါ သိကြားမင်းက...

"အို... နတ်ဒေဝတာအပေါင်းတို့

ဤ 'မင်္ဂလာ' ဟူသော ကိစ္စသည်ကား ကျယ်ဝန်း နက်နဲလှပါဘိ၏။ မှန်စွာဝန်ခံရလျှင် မင်္ဂလာ၏ အဓိပ္ပာယ် ကို ငါလည်း မသိပါချေ။ သို့ဖြစ်၍ လူ့ပြည်လောကဥ္စ ပွင့်ထွန်းပေါ်ပေါက်၍လာသော ဂေါတမမြတ်စွာဘုရားရှင် သာလျှင် သိရှိလိမ့်မည်ဟု ငါထင်မြင်ယူဆ၏။

အို... ဒေဝတာ နတ်အပေါင်းတို့

သည့်အတွက် သင်တို့အားလုံး အမှားအမှန်ကို ခွဲခြား သိမြင်နိုင်ကြစေရန် ခေတ္တခဏမျှ သည်းခံစောင့်စားကြပါ လော့။ ယခုပင် ငါသည် ဘုရားရှင်ရှိရာသို့ သွားရောက်စုံစမ်း မေးမြန်းရန်အတွက် နတ်သားတစ်ပါးကို စေလွှတ်လိုက်ပါ မည်။"

ဟူ၍ ပြောဆိုလိုက်လေ၏။

မကြာမီမှာပင် သိကြားမင်း စေလွှတ်လိုက်သော နတ်သား သည် ဘုရားရှင်ထံ သွားရောက်ကာ အကျိုးအကြောင်းကို လျှောက်ထား မေးမြန်းတော်မူလေ၏။ ဘုရားရှင်ကလည်း ဖြေကြားတော်မူလေ၏။ ထို့နောက် နတ်သားလည်း တာဝတိံသာ သို့ ပြန်လည်ရောက်ရှိလာပြီး သိကြားမင်းနှင့်တကွ နတ်ဒေဝတာ အပေါင်းတို့အား မြတ်စွာဘုရားရှင် ဟောကြားတော်မူလိုက် သည့် မင်္ဂလာတရား (၃၈) ပါးအပါအဝင် မင်္ဂလသုတ်တော်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည် ဟောကြားရာမှ ပရိတ်ကြီး (၁၁) သုတ်တွင် ပထမ ဦးဆုံးဖြစ်သော မင်္ဂလသုတ်တော် ဖြစ်ပေါ်လာရလေသတည်း။

❐

www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလသုတ် ပါဠိတော်

ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

ဒေသိတံ ဒေဝ ဒေဝေန၊
သဗ္ဗ ပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ၊
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ၊
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။

www.burmeseclassic.com

www.burmeseclassic.com



ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ၊
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ၊
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလ မုတ္တမံ။

အသေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ပတိရူပ ဒေသဝါသော စ၊
ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာ ပဏိဓိစ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊
ဧတံ မင်္ဂလ မုတ္တမံ။

www.burmeseclassic.com

www.burmeseclassic.com



မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဒါနဉ္စ ဓမ္မစရိယာ စ၊
ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလ မုတ္တမံ။

အာရတီ ဝိရတီ ပါပါ၊
မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊
ဧတံ မင်္ဂလ မုတ္တမံ။

ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ခန္တီ စ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလ မုတ္တမံ။

www.burmeseclassic.com

www.burmeseclassic.com



တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလ မုတ္တမံ။

**(မင်္ဂလာသုတ်ဂါထာ ပါဠိတော် ပြီး၏)**

www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလသုတ်ပါဠိ မြန်မာပြန်

(မင်္ဂလသုတ်အား ပါဠိလို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ကောင်းမွန်ပါ၏။ ဤသို့ အနက်အဓိပ္ပာယ်ကိုလည်း သိထားဖို့ လိုအပ်ပါလိမ့်မည်။ အနက်အဓိပ္ပာယ်ကိုကို သိမှသာလျှင် မင်္ဂလသုတ်ပါဠိတော်၏ အနှစ်သာရမှာ ပို၍ ပေါ်လွင်မှု ရှိစေပါလိမ့်မည်။)

နတ်နှင့်တကွသော လူတို့သည် (၁၂) နှစ်တိုင်အောင် ကြံစည်တွေးတောပါသော်လည်း မင်္ဂလာတရား၏ အဓိပ္ပာယ်ကို မသိနိုင်ကြကုန်။ မင်္ဂလာတရားသည် အရေအတွက်အားဖြင့် (၃၈) ပါးရှိ၏။ မင်္ဂလာတရားသည် ကြီးပွားခြင်း၏ အကြောင်းဖြစ်၏။

နတ်တကာတို့ ထက်မြက်သော ဝိသုဒ္ဓိနတ်ဘုရားမြတ်သည် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ မင်္ဂလာတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ အလုံးစုံသော မကောင်းမှုကို ပယ်ပျောက်တတ်သောကြောင့် မင်္ဂလာဟု ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အို… သူတော်ကောင်းတို့

ထိုမင်္ဂလာတရားတော်ကို ကျွန်ုပ်တို့ ရွတ်ဖတ်ကြပါကုန်စို့။

အကျွန်ုပ်အာနန္ဒာသည် မင်္ဂလာတရားတော်ကို မြတ်စွာဘုရားရှင်၏ မျက်မှောက်တော်မှ ဤသို့ဤပုံ ကိုယ်တိုင်နာကြားခဲ့ရပါသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ရှိ အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းထားသော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူပါသည်။ ထိုစဉ်အခါက မထင်မရှားသော နတ်သားတစ်ပါးသည် သန်းခေါင်ယံအခါ၌ မြတ်စွာဘုရားရှင်ရှိရာသို့ ချဉ်းကပ်လာပါသည်။ ဇေတဝန်ကျောင်းတော်တစ်ခုလုံး နတ်သား၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပနေပါသည်။ မြတ်စွာဘုရားရှင်ရှိရာသို့ ချဉ်းကပ်လာသော နတ်သားသည် သင့်လျော်ရာအရပ်၌ မတ်တတ်ရပ်လျက် မြတ်စွာဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီးလျှင် ဂါထာဖြင့် ဤသို့ မေးလျှောက်တော်မူပါ၏။

"အရှင်ဘုရား…

များစွာသော နတ်နှင့်လူတို့သည် စင်ကြယ်သော နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တကုန်၍ မင်္ဂလာတရားတော်တို့ကို တစ်ဆယ့်နှစ်နှစ်တိုင် ကာလပတ်လုံး ကြံစည်တွေးတောပါသော်လည်း မသိနိုင်ကြပါကုန်။ ထိုမင်္ဂလာတရားတော်ကို ရှင်းလင်း ဟောကြား ပေးသနားတော်မူပါ ဘုရား…။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြတ်စွာဘုရားရှင်လည်း နတ်သား၏မေးလျှောက်မှုကို ဖြေကြားတော်မူလေ၏။

"အို... အသင်နတ်သား"

(၁) လူဆိုးလူမိုက်ကို မမှီဝဲ၊ မပေါင်းသင်းခြင်း

(၂) ပညာရှိ လူလိမ္မာကို မှီဝဲပေါင်းသင်းခြင်း

(၃) ပူဇော်ထိုက်သူကို ပူဇော်ခြင်း

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

"အို... နတ်သား"

(၄) သင့်လျော်လျောက်ပတ်သော အရပ်၌နေခြင်း

(၅) ရှေး၌ ပြုဖူးသော ကောင်းမှုအထူးရှိခြင်း

(၆) မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းခြင်း

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

အို... နတ်သား

(၇) အကြားအမြင် ဗဟုသုတများခြင်း

(၈) စက်မှုလက်မှုအတတ်တို့ တတ်မြောက်ခြင်း

(၉) လူ့ကျင့်ဝတ်ကို ကောင်းစွာ သင်ကြားနားလည်ခြင်း

(၁၀) အပြောအဆို ချိုသာယဉ်ကျေးခြင်း

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

အို... နတ်သား

(၁၁) အမိအဖတို့ကို လုပ်ကျွေးပြုစုခြင်း

(၁၂) သားမယားတို့ကို ဝတ္တရားနှင့်အညီ လုပ်ကျွေးပြုစုခြင်း

(၁၃) အနှောင့်အယှက်ကင်းသော အမှုတို့ကိုပြုခြင်း

ဤသုံးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၄) စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း
(၁၅) ကောင်းသော အကျင့်တရားကို ကျင့်ခြင်း
(၁၆) ဆွေမျိုးတို့အား ထောက်ပံ့ကူညီခြင်း
(၁၇) အပြစ်ကင်းသော အလုပ်တို့ကို လုပ်ကိုင်ခြင်း
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။
(၁၈) မကောင်းမှု မဖြစ်အောင် စိတ်ဖြင့် ရှောင်ကြဉ်ခြင်း
(၁၉) မကောင်းမှုမဖြစ်အောင်ကိုယ်၊ နှုတ်နှစ်ပါးဖြင့်ရှောင်ကြဉ်ခြင်း
(၂၀) မူးယစ်သေစာတို့ကို မသောက်စားခြင်း
(၂၁) ကုသိုလ်တရားတို့နှင့် မမေ့လျော့ခြင်း
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။
(၂၂) ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်း
(၂၃) မိမိကိုယ်ကို နှိမ့်ချခြင်း

BURMESE CLASSIC

(၂၄) တင်းတိမ်ရောင့်ရဲခြင်း
(၂၅) သူတစ်ပါး ကျေးဇူးကို သိခြင်း
(၂၆) သင့်လျော်သောအခါ၌ တရားနာခြင်း
ဤငါးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။
(၂၇) သည်းခံခြင်း
(၂၈) ဆိုဆုံးမလွယ်သူ ဖြစ်ခြင်း
(၂၉) ရဟန်းသံဃာတို့ကို ဖူးမြော်ခြင်း
(၃၀) သင့်လျော်သောအခါ၌ တရားစကားဆွေးနွေးမေးမြန်းခြင်း
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။
(၃၁) မြိုးခြိုသောအကျင့်ကို ကျင့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၃၂) မြတ်သောအကျင့်ကို ကျင့်ခြင်း
(၃၃) သစ္စာလေးပါးတရားကို သိမြင်ခြင်း
(၃၄) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း
ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။
(၃၅) လောကဓံတရားနှင့် တွေ့ကြုံရသောအခါ စိတ်တုန်လှုပ်မှု မရှိခြင်း
(၃၆) ပျက်စီးခြင်း၊ ဆင်းရဲဒုက္ခဖြစ်ခြင်းနှင့် တွေ့ကြုံရသော အခါ စိုးရိမ်ပူဆွေးမှု မရှိခြင်း
(၃၇) လိုချင်တပ်မက်ခြင်း၊ရာဂစသောမြူအညစ်အကြေး မရှိခြင်း
(၃၈) စိတ်ကို ပူပန်စေသော ကိလေသာမှ လွတ်ကင်းရာ ဘေး မရှိခြင်း

BURMESE CLASSIC

ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာမည်၏။

ဤ (၃၈) ပါးသော မင်္ဂလာတရားတော်တို့ကို လိုက်နာ ပြုကျင့်သောကြောင့် ရန်သူမှန်သမျှ အနိုင်မခံရဘဲ မည်သည့် နေရာတွင်မဆို ချမ်းသာခြင်းသို့ ရောက်ရ၏။ (၃၈) ဖြာ မင်္ဂလာ တရားတော်သည် နတ်လူတို့အတွက် အမြတ်ဆုံးသော မင်္ဂလာ မည်ပေသတည်း။

**(မင်္ဂလာသုတ် ပါဠိမြန်မာပြန်ပြီး၏။)**

***မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ***

**နန္ဒာမိုးကြယ်**

www.burmeseclassic.com